
www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

# လမင်းမိုမို

## ချစ်မိခဲ့သော်လည်း

စာမူခွင့်ပြုချက်အမှတ် - ၅၀၀၄၃၂၀၄၁၀

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၀၄၉၂၀၅၁၀

၂၀၁၀ ခုနှစ်၊ နိုဝင်ဘာလ

ပထမအကြိမ်

တန်ဖိုး - ၁၀၀ိ/-

အုပ်ရေ - ၅၀၀အုပ်

ထုတ်ဝေသူ ... ဦးကျော်လှိုင်(၀၃၈၈၇)၊ စေတနာစာပေ အမှတ်(၅၉)၊ ၁၉-လမ်း၊ လသာမြို့နယ်၊ ရန်ကုန်။

ပုံနှိပ်သူ ... ဦးကျော်လှိုင်(၅၅၇၃)၊ စေတနာ-OFFSET အမှတ်(၅၉)၊ ၁၉-လမ်း၊ ရန်ကုန်။

၈၉၅.၈၃

လမင်းမိုမို

ချစ်မိခဲ့သော်လည်း/လမင်းမိုမို၊ ရန်ကုန်။

စေတနာစာပေ၊ ၂၀၁၀။

၂၈၈- စာ၊ ၁၂×၁၈ စင်တီ။

(၁) ချစ်မိခဲ့သော်လည်း

BURMESE CLASSIC .com



### ဒို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စု မပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | ဒို့အရေး |

### ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

### နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
- အမျိုးသား ပြန်လည် စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

### စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေး တစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး


### လူမှုရေး ဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး


www.burmeseclassic.com

www.burmeseclassic.com







# လမင်းမိုမို

## ချစ်မိခဲ့သော်လည်း




စီစဉ်သူ
မောင်ကျော်လှိုင်
စေတနာစာပေ

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com







# အခန်း ၁

BURMESE CLASSIC .com

ပိုးအိမ်က အပေါ်ထပ်က ဆင်းလာတာ မြတ်နိုး ထိုင်နေရာနှင့်ကပ်လျက် ဆက်တီမှာ ဝင်ထိုင်လိုက်ရင်း ...

“ဟဲ့ ... မြတ်နိုး၊ ရအောင်ပြောနော်၊ သွားမယ်ဆိုတာ”

“ငါလည်း ကြောက်တယ်ဟ၊ နင်လည်း ကူပြော”

“ဘာကြောက်တာလဲ နင်ကလည်း၊ နင်က ယောကျ်ားလေး မဟုတ်တာ ကျနေတာပဲ၊ ရအောင်ပြော”

ထုံးစံအတိုင်း ပိုးအိမ်က ခပ်ဟောက်ဟောက် ပြောလေလျှင် မြတ်နိုးသည် ရှုံ့မဲ့မဲ့နှင့် ...

“အေးပါဟာ”

“နင့်ပုံစံကြီးကဖြင့် ကျားကိုးစီး စားမကုန်ဘဲ ငါ့အဘွား ပိန်တာရိုး ပိစိကွေးလေးကို ဘာကြောက်နေ[illegible]”

www.burmeseclassic.com

www.burmeseclassic.com



"ဟာ ... နင်ကလည်း၊ ကြောက်တယ်ဆိုတာ ကြီးတာသေးတာနဲ့မှ မဆိုင်တာ၊ ဘွားဘွားကို ငါတို့က ငယ်ငယ်ကတည်းက ကြောက်ခဲ့ရတဲ့ဥစ္စာ"

"ကြောက်မနေနဲ့၊ နင် ငါနဲ့လျှောက်မသွားချင်ဘူးလားပြော"

"သွားချင်တာပေါ့ဟာ၊ ရည်းစားသက်တမ်း ခြောက်နှစ်ကျော်ကျော်အတွင်း တစ်နှစ်ကို နှစ်ခါလောက်ပဲ အပြင်ထွက်ရလျှောက်လည်ရတာလေးကြုံတာ၊ ဒါတောင်မှ နိုးထွက်ရတာ၊ အုပ်စုလိုက်သွားပြီး ပြီးမှ လမ်းပြန်ခွဲကြ၊ ညနေကျ ပြန်ဆုံကြ၊ နှင့်အိမ် အတူပြန်ဝင်ပို့ကြရနဲ့"

ဟုတ်ပါသည်။

စည်းကမ်းတင်းကျပ်လွန်းတဲ့ အဘွားနှင့် အဒေါ်အပျိုကြီးတွေ လက်အောက်မှာ စောင့်ရှောက်ခံရတဲ့ ပိုးအိမ်ရဲ့ ချစ်သူဖြစ်ရတာ မလွယ်ပါ။ ဘယ်ကိုမှ မသွားရ မလာရ မလည်ရ လူမြင်မခံရ။ အိမ်ကိုပဲလာလည်။ အိမ်မှာ ကြိုက်သလောက်ထိုင်စကားပြော။ လူကြီးမျက်စိရှေ့မှောက်မှာပဲ တွေ့ဆုံရမည်ဆိုတဲ့ စည်းကမ်း။ အဲဒီ စည်းကမ်းကြီးက ခုခေတ်မှာ တစ်ဆိတ်ကြီးလေးတင်းကျပ်လွန်းမနေဘူးလား။

ဒါတောင် မြတ်နိုးကို ပိုးအိမ်နှင့် တော်တော်သဘောတူထားလို့။ မြတ်နိုး ဆိုတဲ့ ကောင်လေးဟာ သူတို့မျက်စိအောက်မှာ ကြီးပြင်းလာတဲ့ သူမို့လို့။ မိဘဆွေမျိုးချင်းလည်း ရင်းနှီးချစ်





ခင်၊ လူငယ်ချင်းလည်း ငယ်သူငယ်ချင်းဘဝက လာတာမို့။ ဒီလောက် ရင်းနှီးမှုရင့်သန်ကာ အကြောင်းသိ အတွင်းသိ ဖြစ်လွန်းတာတောင် ဘာအခွင့်အရေးမှ ယုံစားစွာ မပေးပါ။

ပိုဆိုးတာက မြတ်နိုးဟာလည်း ငယ်ငယ်ကတည်းက ပိုးအိမ်ရဲ့ အဘွားတွေ ကြီးတော်တွေကိုပါ ရောကြောက်ရတာပင်။ ပိုးအိမ်ရဲ့ မိဘနှစ်ပါးက ပိုးအိမ်အဖေ တာဝန်ကျရာဆီ နေကြသည်။ ပိုးအိမ်က ဒီအဘွား ဒီကြီးတော်များနှင့်ပင် အချိန်များစွာ ကုန်ဆုံးကြီးပြင်းရပါသည်။

အိမ်မှာ လူငယ်၊ ကလေးဆိုလို့ ပိုးအိမ်တစ်ယောက်ပဲရှိ၍ ပိုးအိမ်ကိုပဲ မျက်စိဒေါက်ထောက်ကြည့်ကာ သူတို့ စည်းကမ်းကလနားအတွင်း တင်းတင်းကျပ်ကျပ် အုပ်ချုပ်နေထိုင်စေခဲ့တာ။

"နင်သွားချင် နင်ပြောပေါ့"

"ဟာ ... နင်လည်း သွားချင်တာပဲ မဟုတ်လား၊ တူတူပဲလေဟာ"

"နင်ယောကျ်ား နင်ဦးဆောင်လေ၊ တောက် ... ကဲ ... ကဲ ခေါက်ချင်လာပြီ၊ တစ်ခါတည်းမှ အားမကိုးရတဲ့ကောင်"

ငယ်သူငယ်ချင်းဘဝကလာ၍ အပြောအဆိုလေးတွေကလည်း ဤသို့ သာယာနာပျော်ဖွယ်။ ပိုးအိမ်က မြတ်နိုးရဲ့နဖူးကို လက်ညှိုး လက်ခလယ် နှစ်ဆစ်ပူးနှင့် ခပ်ဆတ်ဆတ်ခေါက်



www.burmeseclassic.com

www.burmeseclassic.com



ချလိုက်၍ မြတ်နိုးက ရှုံ့မဲ့သွားကာ သူ့နဖူးသူ လက်ချောင်းများနှင့် ဖိပွတ်ခြေရင်း ...

"နာလိုက်တာဟာ"

"နာပစေ၊ သူ့ကို အားကိုးရမလားမှတ်တယ်၊ သူက ငါ့ကို အားကိုးနေသေးတယ်၊ ဆုခံစရာရှိရင် နင်ရှေ့ကခံပေးပေါ့၊ အနစ်နာကို မခံဘူး"

"နစ်ယောက်အားနဲ့ပြောတော့ ပိုလိုက်လျောချင် လိုက်လျောမှာပေါ့ဟ၊ ငါက အဆုခံနိုင်ပါတယ်၊ တစ်ခါတလေကျ ဘွားဘွားက အပြင်သွားချင်တယ် ပြောမိရင် သူတို့ကွယ်ရာသွားပြီး ဘာပဲလုပ်တော့မလို့လဲဆိုတဲ့ မသင်္ကာတဲ့ မျက်နှာကြီးနဲ့ လူကို မသမာတဲ့လူလို ကြည့်တာခံရတာ ရှက်တာဟ"

"ရှက်မနေနဲ့၊ ဒါလောက်တော့ သည်းခံပေါ့"

သူတို့ကျိတ်ပြီး တွတ်ထိုးရန်ဖြစ်နေတုန်း လှေကားမှ ဘွားဘွား ဆင်းလာပါသည်။

"မြတ်နိုး ရောက်တာ ကြာပြီလား"

"ဟုတ် ... အဲ ... မကြာသေးဘူး ဘွားဘွား"

"ကိစ္စအထူးရှိလား"

ကိုယ့်ရည်းစားအိမ်လာတာ ကိစ္စအထူးရှိလားဆိုတော့ အတော်ပြေရကျပ်တာပင်။



"မရှိပါဘူး ဘွားဘွား"

ဘွားဘွားက ညှော်ခန်းထဲ လာဝင်ထိုင်လိုက်ကာ ...

"ဟိုကောင်မလေး ပိုးအိမ်၊ ဟိုဘက်သွားထိုင်"

ပိုးအိမ်က စူပုပ်ပုပ်နှင့် နေရာကထပြီး မြတ်နိုးနှင့် ကပ်လျက်ဆက်တီမှာ ထိုင်နေရာက ခပ်လှမ်းလှမ်း ထောင့်ချိုးခုံဆီ ရွှေ့ထိုင်လိုက်ရပါသည်။ ပါးစပ်ကလည်း မကျေမချမ်းနှင့် မပြောသာ ပြောသာ တီးတိုးပွစိ ရေရွတ်မိသည်။

"နှုတ်သီးကချွန်ပြီး ဘာတွေရွတ်နေတာလဲ၊ လူကြီးကို တိုးတိုးတိတ်တိတ် ပြန်ပက်နေတာလား"

"ဘွားဘွားကလည်း ပိုကိုပိုပါတယ်၊ မြတ်နိုးဆေးမှာ သမီးထိုင်နေပေမယ့် ပူးကပ်နေလို့လား၊ လူချင်းထိ ထိုင်တာလည်း မဟုတ်ဘဲနဲ့၊ တစ်ယောက်ထိုင်ခုံ နှစ်လုံးမှာ ထိုင်နေတာ ကြားမှာလက်တင်တန်းနှစ်ခုတောင် ခြားသေးတယ်၊ အဲလိုအသေးစိတ်ကအစ လိုက်ရွှေ့ထိုင်ခိုင်းတာမျိုးက စည်းကမ်းတင်းကျပ်တာ မကတော့ဘူး၊ မြတ်နိုးလို ဘွားဘွားတို့ ငယ်ကတည်းက ပြောခဲ့ဆိုခဲ့တဲ့သူမို့သာပဲ၊ တခြားယောကျ်ားလေးဆိုရင် အယုံအကြည်ပဲ ကင်းမဲ့သလိုလိုနဲ့ တင်းလောက်တယ်"

"အောင်မယ် ... မိပိုးအိမ်၊ ကက်ကက်ကို လန်နေပါလား၊ ငါတို့ကကော ညည်းကို တခြားယောကျ်ားလေးနဲ့ ပေးသော

www.burmeseclassic.com

www.burmeseclassic.com



တူထားတာမို့လို့လား၊ မြတ်နိုးနဲ့ပဲ သဘောတူထားတာ၊ ခုလို ပြောလို့ဆိုလို့ရ၊ ကိုယ့်လက် ကိုယ့်ခြေ ကိုယ့်စည်း ကိုယ့်ကမ်းနဲ့ သူမို့ပေါ့"

ပိုးအိမ်က စုပုပ်ပုပ်နှင့် လက်ပိုက်ထိုင်နေပါသည်။ မွေးကတည်းကနီးပါး သိကျွမ်းလာကြတာ။ ကျောင်းနေတော့လည်းတူတူ၊ ငယ်သူငယ်ချင်း။ ဆယ်တန်းအောင်ပြီး အသက်ဆယ့်ရှစ်မှာ ရည်းစားဖြစ်လာကြ၍ ခုဆို ရည်းစားသက်တောင် ခြောက်နှစ်ကျော် ခြောက်နှစ်ခွဲ။ ခုထိတောင် ခုံချင်းယှဉ်မထိုင်ရဆိုတော့ ဘွားဘွားတို့ တစ်ဆိတ်လွန်တယ်ဟု ပိုးအိမ် ထင်သည်။

ကိုယ့်ချစ်သူမို့ အမွှမ်းတင်တာမဟုတ်။ မြတ်နိုးလို ရိုးသားအေးချမ်းတဲ့ ကောင်ကလေး အစွယ်အဆိပ်မရှိတဲ့ ကောင်ကလေးမို့ပေါ့။ ဇော်ရဲယောကျ်ားလေးဆို ပိုးအိမ်ကို ထားခဲ့ပြီး အသစ်ရှာသွားပြီဖြစ်သလို ဘွားဘွားတို့ရဲ့ စည်းကမ်းတွေ အမိန့်တွေကိုလည်း ဇော်လှန်ဟားတိုက် ကျောကော့ထွက်သွားတာ ကြာပြီ။

"မိန်းမနဲ့ ယောကျ်ားဆိုတာ လူမြင်ကွင်းရော လူကွယ်ရာရော နီးနီးကပ်ကပ် ပူးပူးစပ်စပ် ယှဉ်တွဲမနေအပ်ဘူး။ လူမြင်ကွင်းနေရင် လူအထင်သေးခံရတတ်တယ်၊ လူဆိတ်ကွယ်ရာနေရင် မှောက်မှားဖောက်ပြားတတ်တယ်၊ ကြားလား မြတ်နိုး"





ဟော ... သူ့မြေးမက ဝူးဝါးလုပ်ပြီး စုပုပ်နေတော့ မြတ်နိုးဘက်လှည့်လာပြီ။ မြတ်နိုးမှာတော့ ပိုးအိမ်လို ဆန္ဒမပြရဲသည်မို့ ...

"ဟုတ်ကဲ့ ဘွားဘွား"

"အင်း ... မြတ်နိုးက နားမဝေးဘူး"

ဘွားဘွား ဒေါ်ရွှေခြည်က ပိုးအိမ်ကို မျက်စောင်းတစ်ချက်ထိုးရင်း ...

"ဟိုဟာမက အပြောရ လက်ပေါက်ကပ်တယ်၊ မိန်းကလေးဖြစ်ပြီး ယောကျ်ားလေးလောက်တောင် နကန်မရှိဘူး၊ ညည်းတို့ကို ငါတို့ ဒီလောက် ကြပ်ကြပ်မတ်မတ် စည်းနဲ့ကမ်းနဲ့ ခွင့်ပြုလို့ ညည်းတို့ ခုထိ ခြောက်နှစ်ခွဲလုံး မြဲနေပြီး တစ်ယောက်ကိုတစ်ယောက်လည်း ကြင်ကြင်နာနာ မြတ်မြတ်နိုးနိုး ရှိတာ၊ မှဲ့တစ်ပေါက်လည်း မစွန်းတာ ...

ခေတ်ကြီးက မထော်မနန်းတွေ ဖြစ်ချင်တိုင်း ဖြစ်နေတဲ့ခေတ်၊ ကောင်းတဲ့ခေတ် မဟုတ်ဘူး၊ ခုရည်းစားထား ခုလိုက်ပြေး၊ ဒန့်ကျွဲပင် ပုခက်ဆင်နေကြတာ၊ အမြင်တော် ခရာရှုယ်လို့ ခပ်ရှားရှား၊ ရည်းစားဆိုတာတွေကလည်း တို့ခေတ် လင်မယားရှုံးတယ်၊ တာကတဲ နေပုံထိုင်ပုံတွေက ပျက်စီးချင်တိုင်း ပျက်စီးနေတာ၊ မိဘတွေကလည်း အလုပ် တစ်ဖက် စီးပွားရေးတစ်ဖက် သေချာမကြည့်ရှု မနိုင်တော့ မဟုတ်တာရုတ် ဖြစ်ကုန်ကြတာ အများသား —



www.burmeseclassic.com

www.burmeseclassic.com



မြတ်နိုး … မဟုတ်ဘူးလား၊ ဟုတ်သလား ဘွား ပြောတာ”

“ဟုတ်ပါတယ် ဘွားဘွား”

“အေး … မင်းတို့ကို ဘွားတို့က မျက်စိဒေါက်ထောက်ကြည့် စည်းကမ်းတကျ ထားနိုင်လွန်းလို့ ဘာမှမကောင်းတာ ပြောစရာမရှိဘူး၊ ခိုင်ခိုင်မြဲမြဲ သစ္စာရှိရှိနဲ့ အစွန်းအထင်း လည်းကင်း၊ သိက္ခာလည်းရှိ၊ မဟုတ်ဘူးလား”

“ဟုတ်ကဲ့”

“ကဲ … ပိုးအိမ်၊ မြတ်နိုး ဆောကနဲ့ထိုင်တာနဲ့ အခု ဒီခုံ မှာထိုင်တော့ ညည်းမှာ ဘာများကွာသွားသလဲ၊ မြတ်နိုး ဆောကနဲ့ထိုင်တော့ ပိုအရသာရှိသလား … ကဲ”

မြတ်နိုးသည် ခွကျတဲ့ ပိုးအိမ်ရဲ့အဘွားကို ရယ်ချင် လှကာ နှုတ်ခမ်းကို တင်းတင်းစေ့ထားရပါသည်။

“ခုလိုဆိုတော့ လူကြီးသူမ အမြင်ပိုတင့်တယ်သွားတာပေါ့”

ပိုးအိမ်က မြတ်နိုးကို တစ်ချက်လှမ်းကြည့်လိုက် ပါသည်။ သူ့ကို လှမ်းကြည့်နေမိတဲ့ မြတ်နိုးက ပိုးအိမ်မသိမသာ မျက်ဆံလေးရွှေ့ပြီး “ပြောလိုက်တော့”ဆိုတဲ့ သင်္ကေတန်လုပ်ပြတဲ့ အခါ စိတ်တွေကျဉ်းကျပ် တွန့်လိမ်သွားရပါသည်။

ဘွားဘွားက ဒီလိုစကားမျိုးတွေ ပြောနေတုန်း ပိုးအိမ်ကို အပြင်ခေါ်သွားချင်ပါတယ်၊ ဒီနေ့ လျှောက်လည်ချင်ပါ





တယ်လို့ ဘယ်လိုလုပ် ပြောရပါ့မလဲ။ အနီးကခုံမှာတောင် မထိုင် ရဘူး ပြောနေတာ၊ အပြင်ခေါ်သွားမယ်ဆိုရင် ခွင့်မပြုမှာက သေ ချာနေတာပဲ ဥစ္စာ။

“ဘာလဲ … ဘာလဲ … ပိုးအိမ်၊ မျက်ရိပ် မျက်ခြည် မျက်စ မျက်နှ လုပ်နေတာက ဘာလဲ”

ပိုးအိမ်က ရှုပ်ပုပ်ပုပ်နှင့် …

“ဘွားဘွားကို မြတ်နိုးက ခွင့်တောင်းစရာရှိလို့တဲ့”

ဖွတ်ပြောချလိုက်တဲ့ ပိုးအိမ်ကြောင့် မြတ်နိုးမှာ နေ ရထိုင်ရခက်ကာ ကျောတွန့်သွားရပါသည်။

“ဘာတုံး”

မြတ်နိုးသည် ဟဲဟဲဟဲလို့ ရယ်နေရမလို ငါဘာ ပြောလို့လဲလို့ ပိုးအိမ်ကို ပြန်ပြဿနာရှာရမလို ဘွားဘွားကိုလည်း ကြောက်သည်ဖြစ်၍ လက်ဝါးနှစ်ဖက်ပွတ်ကာ အူတူတူ ငေါင် တတ ဖြစ်နေပါသည်။

“ဘာလဲ … မြတ်နိုး ပြောလေ”

“ဟို … ဟိုဟာပါ၊ ပိုးအိမ်က …”

“ဟဲ့ … မြတ်နိုး၊ နင့်တော့ ငါ အရမ်းလုပ်ချင်တာပဲနော်၊ ဘာပိုးအိမ်ကလဲ၊ ဘာပိုးအိမ်ကလဲ … ဟင် … ကဲ …”

ပိုးအိမ်သည် အသည်းတယားယားနှင့် မအောင့်နိုင် မအီးနိုင် လှွားခနဲ အပြေးထလာကာ မြတ်နိုးခေါင်းကို ထုံးစံအတိုင်း ... ပျက်



www.burmeseclassic.com

www.burmeseclassic.com

တစ်ချက် ခေါက်ပစ်လိုက်ပါသည်။ မြတ်နိုးကလည်း ပိုးအိမ်ခေါင်းခေါက်တာကို နာတာကလွဲလို့ ဘယ်လိုမှမနေ၊ ရှိုးနေပြီဖြစ်တဲ့ အားလျော့စွာ သူ့ကိုယ်သူလည်း ခေါင်းအခေါက်ခံထိုက်တဲ့လူလို စိတ်က အကျင့်ပါနေတော့ပြီ ဖြစ်လေရာ ခေါင်းကိုပွတ်ပြီး ရယ်ကျဲကျဲသာ လုပ်နေမိပါသည်။

"ဟဲ့"

ဘွားဘွားကသာ အော်ဟန့်လိုက်ပါသည်။

"မိပိုးအိမ် ပြောနေတဲ့ကြားက၊ မိန်းကလေးဖြစ်ပြီး ယောကျ်ားလေးကို ကိုယ်ကစ ကိုယ်ထိလက်ရောက် မလုပ်ရဘူးဆိုတာ ကြပ်ကြပ်သင်ထားတာ ဘယ်နှကြိမ် ဘယ်နှခါတောင် ရှိနေပြီလဲ ... ဟင် ...

ယောကျ်ားလေးက လာထိရင်တောင် ကိုယ်က ငြင်းဆန်ရ ကန့်ကွက်ရမှာ နောင် မထိဝံ့အောင် ပြောရမှာ ...

ခုတော့ သူကစ,ပြီး သွားသွားထိတယ်၊ တစ်ချိန်လုံး သူကပဲ မြတ်နိုးကို ကိုယ်ထိလက်ရောက် သွားသွားထိနေတာ ငါမြင်တယ်၊ ယောကျ်ားလေးက ဣန္ဒြေရပြီး မိန်းကလေးက ဣန္ဒြေမရ ဖြစ်နေတာ"

"ဘွားဘွားကလည်း မြတ်နိုးကို သမီးက သွားဖက်နေတာမှ မဟုတ်တာ၊ ခေါင်းခေါက်တာ ဘာဖြစ်လဲ"





"ဘုရား ... ဘုရား ... ဘုရား ... နှုတ်ကလည်း ကြမ်းသေးရဲသေး၊ ဒီကောင်မလေးနဲ့တော့ မလွယ်ပါဘူး၊ ငါတို့ထိန်းသိမ်းကြပ်မတ်နိုင်လွန်းပေလို့၊ နို့မို့ကတော့ လွှတ်ပေးသာထားရင် ညည်းထင်တိုင်းကြဲမယ့်ပုံနဲ့ မြတ်နိုးက စိတ်ပျက်ပြီး အထင်သေးပြီး ပစ်သွားတာ ကြာနေလောက်ပြီ"

"မြတ်နိုးလား သမီးကိုပစ်မှာ၊ ပြောလိုက်စမ်း မြတ်နိုး၊ ဟင် ... ပြောလေ၊ နင်က ငါ့ကို စိတ်ပျက်မှာ အထင်သေးမှာ ပစ်မှာလား"

"စိတ်မပျက်ပါဘူး၊ အထင်လည်း မသေးဘူး၊ ပစ်လည်း မပစ်ဘူး"

မြတ်နိုး အပြောကြောင့် ပိုးအိမ်က မေးစေ့ကိုပင့်မော့ကာ ဘွားဘွားကို မျက်လုံးမှေးစင်း၍ ကြည့်လိုက်ပါသည်။

"ဒါ ငါတို့စည်းကမ်းအောက် ညည်းနေရလို့လေ၊ တော်တော့ လူကြီးကို ကလန်ကဆန်တွေ ပြန်ပြောဖို့ စိတ်ကူးမနေနဲ့ အကျင့်ပါတယ်၊ ပိပိပြားပြားနေစမ်း၊ ကဲ ... မြတ်နိုး၊ သားကပြော၊ ဘာပြောစရာရှိတာလဲ"

ပိုးအိမ်က မြတ်နိုးကို မျက်စောင်းတစ်ချက် လှမ်းထိုးလိုက်ပါသည်။ ငါ့ကိုဆွဲထည့်လို့ကတော့ နင် နာပြီမှတ်လို့ အဓိပ္ပာယ်ကောက်ယူလို့ရတဲ့ မျက်စောင်း။ တကယ်တော့ ပိုးအိမ်က စ,တယ်လို့ ဆိုချင်လည်း ဆိုလို့ရပါသည်။ သူငယ်ချင်းတွေ



www.burmeseclassic.com

www.burmeseclassic.com

အလုပ်အားရက်တွေမှာ ကိုယ့်ချစ်သူ ကိုယ့်အတွဲနဲ့ ဟိုသွားဒီသွား စားသောက်လည်ပတ် ဈေးဝယ် ရုပ်ရှင်ကြည့် စသဖြင့် ပျော်ရွှင်မြူးထူးနေကြတာကို မြင်ဖန် တွေ့ဖန်များတော့ ကိုယ်လည်း ချစ်သူနှင့် သွားချင်တာပေါ့။

ပိုးအိမ်လည်း မြတ်နိုးကို ဒီတစ်သက် ဒီတစ်ယောက်ပဲ ချစ်မိထားတာပဲလေ။ ငယ်သံယောဇဉ်ကလည်း နက်ရှိုင်းလှသေးသည်။ ကိုယ်ချစ်တဲ့သူလက်ကို ချိတ်တွဲ၍ ဟိုဟိုဒီဒီ မသွားလာချင်ဘဲရှိမလား။

"မာလာနဲ့ ကိုသန့်နဲ့ ဒီနေ့ (......)ကို သွားကြမလို့တဲ့သိလား၊ အဲဒီမှာ ဈေးပွဲတော်လည်း ရှိသေးတယ်တဲ့ဟဲ့၊ စားသောက်ဆိုင်တွေရော အစုံပဲ၊ ကံစမ်းမဲဖောက်တာတွေရော၊ မော်ဒယ်လ်ရှိုးတောင် ရှိတယ်တဲ့၊ ငါတို့ကိုတောင် ခေါ်နေတယ်၊ ငါ သွားချင်လိုက်တာဟယ်၊ နင်ရော ငါနဲ့ မသွားချင်ဘူးလား"

မနက်မိုးလင်းတုန်းက ဖုန်းဆက်ပြောဖြစ်တော့ ...

"ဟာ ... နင်နဲ့သွားချင်တာပေါ့ဟ၊ ဘယ်လိုပြောဝါလိမ့်၊ ဘယ်တော့မှ သွားရတာမှမဟုတ်တာ၊ အရမ်းသွားချင်တာပေါ့ ပိုးအိမ်ရ"

"ဒါဖြင့် နင် အိမ်ကိုလာပြောဟာ"

"အာ ... နင့်လူကြီးတွေက ပြောလို့ရမှာမှ မဟုတ်တာ"





"ဟာ ... နင်ကလည်း စိတ်မရောက်ခင်မြားကုန်၊ လာပဲပြောကြည့်ပါဦး၊ တစ်ခါမှ ဒီလိုခွင့်မတောင်းဖူးတော့ အားနာပါးနာ လိုက်လိုက်လျောလျောနဲ့ ခွင့်ပြုချင်လည်းပြုလိုက်မှာပေါ့ဟ၊ စောစောထွက်လာခဲ့၊ ဘွားဘွားကို လာပြောဒါပဲ"

အဲသလို ပိုးအိမ်က စ,တယ်လို့ ပြောရင်ရတဲ့ ဇာတ်လမ်းဖြစ်ပေမယ့် ပိုးအိမ် ခေါင်းပေါ်ကို ပုံချလိုက်လို့တော့ မဖြစ်လေရာ မြတ်နိုးသည် အရဲစွန့်ပြီး ...

"ဟိုဟာပါ ဘွားဘွား၊ ကျွန် ... ကျွန်တော် ... ကျွန်တော်နဲ့ ပိုးအိမ် ဈေးပွဲသွားချင်လို့ပါ"

"ဘယ် ... !!"

"ဈေးပွဲပါ"

"ဘယ်ကဈေးပွဲလဲ"

"...... မှာလုပ်တာပါ၊ ဈေးဆိုင်ခန်းအစုံရယ်၊ အစားအသောက်တွေရော မဲဖောက်တာတွေရော"

"အမယ်လေး ... အမယ်လေး ... မင်းဟာက ငွေကုန်ပေါက်ပါလား"

"ငွေက ကိုယ်ဝယ်မှ ကုန်မှာပေါ့ ဘွားဘွားရဲ့၊ မဝယ်ရင် ဘယ်ကုန်မလဲ"

ပိုးအိမ်က မနေနိုင်တော့၍ တစ်ခွန်းဝင်အထွန့်တက်လိုက်ပါသည်။


www.burmeseclassic.com

www.burmeseclassic.com



"အောင်မယ်မယ် ... နှစ်ယောက်သား တိုင်ပင်ထားကြတယ် ပေါ့ ဟုတ်လား၊ ပုံစံကြည့်ရတာ မျက်နှာပုပ်နေတဲ့ မိပိုးအိမ် ခေါင်းဆောင်လုပ်ပြီး စ,တဲ့ဇာတ်လမ်းဖြစ်မှာပဲ၊ သူ့ပဲ မြတ်နိုး ကို အတို့အထောင်လုပ် ပူဆာမှာပဲ၊ ငါ သိနေတယ်နော် မိပိုးအိမ်"

"အဲ ... အဲဒါ ဘွားဘွား ကျွန်တော်တို့ အဲဒီကို ခဏသွား ပါရစေ"

"ဘာသွားလုပ်မှာလဲ"

"ဟို ... အပျော် သွားကြည့် ..."

"အပျော်အပါးတွေ မကြိုက်ပါဘူး၊ အလကားနေ အပျော် အပါးမက်နေတာမျိုးက ငွေလည်းကုန်တယ်၊ လူလည်း အကျင့်ပျက်တယ်၊ သူကို့ဟာသူတို့ ဈေးရောင်းနေတာ ကိုယ်လည်း ဘာပစ္စည်းမှ ဝယ်စရာ လိုနေတာ ရှိနေတာ လည်းမဟုတ်ဘဲနဲ့ ဘာသွားကြည့်မှာလဲ၊ အချိန်ပုပ် လူပင် ပန်း ပိုက်ဆံကုန်"

"ဘွား ..."

"ဘာတုံး"

"သမီးတို့ အမြဲ အဲဒီလို လျှောက်သွားနေတာမှ မဟုတ် တာ၊ တစ်ခါတလေ သွားချင်တာကို၊ ဘယ်ဆိုဘယ်မှလဲ မသွားရဘူး၊ သိပ်ပျင်းဖို့ ကောင်းတာပဲ၊ သမီးတို့က ဘွား





ဘွားလို အသက်ခုနစ်ဆယ်နား မကပ်သေးဘူး ဘွားဘွားရဲ့၊ ငယ်သေးတယ်၊ နည်းနည်းပါးပါးတော့ ဘဝမှာ ပျော်ရွှင်စရာ ရှိရဦးမှပေါ့"

"အလိုတော် ... ဘဝနဲ့ချီပြီးတော့ ပြောနေလိုက်တာ၊ အဲဒီ အပျော်အပါးမက်မှုတွေက အကျင့်ပါတတ်တယ်၊ သွားစ,ရှိရင် သွားချင်တယ်၊ ပျောက်မရဘူး၊ အပျော်မက် မနေနဲ့ မိပိုးအိမ်၊ အေး ... ဒါပေမဲ့ တစ်ခါတလေမို့ သွား ချင်တယ် ဆိုရင်တော့ ညည်း အဒေါ်တွေနဲ့သွား လိုက်ပို့ မယ်"

ပိုးအိမ် မျက်နှာက ရှုံ့တွသွားပါသည်။

"ဒီလောက် လူတွေအများကြီးလာမယ့်နေရာကို ရည်းစားနဲ့ လက်တွဲပြီး ဘာလို့ ရုပ်လုံးပြချင်ရတာလဲ၊ ကိုယ့်အိမ်ထဲပဲ ကိုယ် ပိပိပြားပြားနေပေါ့"

ရှေးဆန်တာချည်းပဲလည်း မဟုတ်၊ တစ်ယူသန်တာ က ပိုဆိုးတယ် ထင်သည်။ ခုခေတ်ကြီးထဲမှာ အင်းလျားကန် ကန်တော်ကြီးလိုနေရာမျိုးတွေမှာဆိုလျှင် အတွဲတွေ အတွဲတွေ ထီးကလေးတွေကွယ်ပြီး ချစ်ကြည်နူး ကလူကျီစယ်နေတာမျိုးကို အားမကျဘဲ မျက်စိတောင်ရှက်သေးတဲ့ ပိုးအိမ်တို့ မြတ်နိုးတို့ဟာ ကိုယ့်ချစ်သူနဲ့အတူ ဣနြေ္ဒမပျက်တဲ့ လမ်းမျိုးကိုတော့ တွဲသွားလာချင် မိသေးတာပေါ့။



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်က ဣန္ဒြေမဲ့ချင် ကဲချင် သည်းချင်တာ မဟုတ်။ ပိုးအိမ်တို့နှစ်ယောက်ဟာ ချစ်သူသာဆိုတယ် ငယ်သူငယ်ချင်းဘ၀ ကလာတာမို့ ကယုယယင် ကန္တဲ့ကယျု ချွဲပျစ်တီတာနေတာမျိုး လည်းမရှိပါ။ အများတကာ မျက်စိနောက်စရာ အမြင်ရိုင်းစရာ ဘာအကြောင်းမှမရှိတဲ့ အတူတွဲသွားချင်တာမျိုးလေးမျှသာ ဆန္ဒ ရှိတာပါ။

ဒီလောက်ထိ ပိတ်ပင်တော့လည်း ချုပ်ချယ်တယ်လို့ စိတ်ကထင်လာပါသည်။ လူကြီးသဘောမတူတဲ့သူလည်း မဟုတ်။ မြတ်နိုးဟာဆိုရင် ပိုးအိမ်ထက်တောင်မှ လူကြီးသူမကို ရိုသေပျပ်ဝပ်ကာ စကားနားထောင်တတ်သူ။ သူ့ဘက်မှာ လူကြီးသူမ မရှိ၍ ပိုးအိမ်ရဲ့လူကြီးသူမတွေ စကားကို သူကပါ မြေဝယ်မကျ နာယူရှာတာ။

သူကစ,မပူဆာရဲ့ မတောင်းဆိုရဲလောက်အောင် ရိုးသားအေးချမ်း သတ္တိနည်းသေးတာ။ ဘယ်လိုယောကျ်ားလေးက ရည်းစားသက် ဒီလောက်ကြာတဲ့ထိ ရည်းစားနှင့် ဘယ်မှမသွား မလာ မထွက်ရတဲ့အဖြစ်ကို ကျေနပ်နိုင်မှာတဲ့လဲ။ မကျေနပ်လည်း မျိုသိပ်ပြီး ဘာမှမပြောဆိုဘဲ ပိုးအိမ်ကိုပဲ သစ္စာရှိရှိ စွဲစွဲလမ်းလမ်း ချစ်ရှာတဲ့ မြတ်နိုးအပေါ် ဘာများမယုံကြည်လောက်စရာ ရှိလို့လဲ။

ဘွားဘွား သက်သက်ကတ်သတ်သည်လို့ ပိုးအိမ် စိတ်ကောက်မိသည်။





"အိမ်ထဲချည်း နေတာမျိုးက အဘွားကြီးတွေလောက်ပဲ နေတတ်မှာပေါ့။ အဘိုးကြီးတွေတောင် နေနိုင်မှာမဟုတ်ဘူး၊ ပိုးအိမ်တို့က လူငယ်တွေပဲ ရှိသေးတာ၊ အပြင်လေး ခဏ တဖြုတ်ထွက်ပြီး မုန့်လေး ဘာလေး သွားစားချင်တာလေး တောင် ခွင့်မပြုဘူး၊ ဘွားဘွားက အရမ်း ချုပ်နှောင်တာပဲ"

"ဟဲ့ _ ယောကျ်ားလေးဖြစ်တဲ့ မြတ်နိုးတောင် ဘာစောဒက မှ မတက်ဘူး၊ ညည်းပဲ ကက်ကက်၊ ကက်ကက်နဲ့ ဘယ် လိုဖြစ်နေတုန်း"

"သူက ဘွားဘွားနဲ့ အစိမ်းကိုး၊ မြေးရင်းမှ မဟုတ်တာ။ စောဒတက်ဖို့ ပြန်ပြောဖို့ အားနာနေသေးတာပေါ့ ဘွားရဲ့၊ ကျေနပ်လို့ ငြိမ်နေတာတော့ ဘယ်ဟုတ်ပါ့မလဲလို့"

"နေစမ်းပါဦး မိပိုးအိမ်၊ အခုကိစ္စက ညည်းတို့ အဲဒီကို သွားလောက်စရာ ဘယ်လောက်များ အကြောင်းရင်း ခိုင် လုံနေလို့လဲပြော၊ အကြောင်းမရှိ အကြောင်းရှာ သွားချင်နေ တာကြီးဟာကို၊ အရေးတကြီးလည်း မဟုတ်၊ မသွားမဖြစ် လည်းမဟုတ်၊ မသွားလည်း ဘာမှကိစ္စမရှိဘူး"

ဟင်း ... ခနဲ သက်ပြင်းကြီးသာ ဟင်းချသည်းလိုက် ချင်သည်။ သမီးရည်းစား အပြင်တွဲသွားတာပဲ အကြောင်းပြချက် ခိုင်လုံရဦးမတဲ့။ ဪ ... အဘွား ... အဘွား။

"ဘာမှမဟုတ်လဲပဲ အပြင်သွားပြီး စိတ်လက်ပေါ့ပေါ့ပါးပါး ကြည်ကြည်လင်လင်နဲ့ မုန့်လေးဘာလေးစား ..."



www.burmeseclassic.com

www.burmeseclassic.com

"ဘာမုန့်စားချင်တာလဲ ပြော၊ အိမ်မှာဝယ်ကျွေးမယ်၊ ကိုယ့်အိမ်ကိုယ် ထမင်းစားလည်း ရသားနဲ့၊ အပြင်ထွက်ပေါက်ကရ သရေစာစားချင်တာက ရှိသေးတယ်၊ ကဲ ... သားလေး မြတ်နိုး၊ ထမင်းစားသွား၊ အိမ်မှာပဲ အေးအေးဆေးဆေးနေ၊ လျှောက်မသွားနဲ့၊ လူကြားသူကြား၊ နေကလည်းပူသေး၊ ကြားလား"

"ဟုတ်ကဲ့"

"ဟဲ့ ... သီသီတို့ ထားထားတို့၊ မြတ်နိုးနဲ့ မိပိုးအိမ် ထမင်းစားမယ်ဟေ့၊ ဖွယ်ဖွယ်ရာရာလေး လုပ်ကြမယ်"

သီသီတို့ ထားထားတို့ ဆိုသည်မှာ ပိုးအိမ်အမေ ဒေါ်ယဉ်ယဉ်ရဲ့အစ်မ အပျိုကြီးနှင့် ညီမအပျိုကြီးနှစ်ယောက်တို့ ဖြစ်ကြပါသည်။

ပိုးအိမ်ရဲ့ မျက်နှာစူပုပ်ပုပ်လေးကို ကြည့်ရင်း မြတ်နိုးက ကရုဏာသက်နေမိပါသည်။ သူလည်း အများတကာလို လည်ချင်ပတ်ချင် သွားလာချင်ပေမပေါ့။ သူတို့နှစ်ယောက်ဟာ ကျောင်းပြီးကတည်းကလည်း အလုပ်ခွင် တန်းဝင်ကြကာ ခုတော့ တစ်ယောက်အလုပ်တစ်နေရာ။ ညနေဆိုရင် ငါးနာရီလောက်မှ ရုံးဆင်းကြရတဲ့ တောင်နှင့်မြောက် ကုမ္ပဏီနှစ်ခုတို့မှ ပိုးအိမ်နှင့် မြတ်နိုးဟာ ဘယ်လိုမှ တွေ့ခွင့်မသာပါ။





ရုံးပိတ်ရက် ခုလိုနေ့မျိုးမှာ တွေ့ချင်ရင် ပိုးအိမ်ရဲ့ အိမ်ကို မြတ်နိုးသွား။ ဒေါ်ရွှေခြည်၊ ဒေါ်သီသီ၊ ဒေါ်ထားထား အစရှိသော အုပ်ထိန်းသူ လူကြီးသူမတွေရဲ့ မျက်စိရှေ့မှောက်မှာ ငြိမ်ငြိမ်ထိုင်စကားပြော။ အချိန်တန်ရင်ပြန်။

လက်ချိုးရေတွက်လို့ရအောင် ထွက်ခဲ့ဖူးတာလေးတွေကလည်း သူငယ်ချင်း အစုအပြုံလိုက်က လာပြီးလိမ်ညာခေါ်ထုတ်သွားပေးကာ မြတ်နိုးလက်ထဲအပ်၊ ညနေကျ မြတ်နိုးထံမှ ပိုးအိမ်ကိုခေါ်ကာ အိမ်ကို တစ်ပြုံတောင်ကြီး ပြန်လိုက်ပို့ကြ။ လမ်းမှာ စကားမလွဲအောင် ဇာတ်တိုက်ကြရတာက ရှိသေးသည်။ နို့မို့ရင် အိမ်ကျ ရှောင်တခင် စစ်ဆေးတဲ့ မေးခွန်းများကြားထဲ အိုးနင်းခွက်နင်း အလိမ်ပေါ်ရမှာမို့ပင်။

ထမင်းတူတူစားရင်း စူပုပ်နေတဲ့ ပိုးအိမ်ကို မြတ်နိုးက ချော့ရသည်။

"ပိုးအိမ် စိတ်ကောက်မနေပါနဲ့တော့ဟာ၊ ငါက နင့်မျက်နှာကို တွေ့နေရရင် ပျော်နေတာပါပဲ၊ တွေ့ခွင့်ရနေတာ ကျေနပ်စရာပေါ့ဟာ၊ ဟုတ်ဘူးလား။ တချို့ရည်းစားတွေ လူကြီးမိဘ သဘောမတူလို့ မတွေ့ကြရတာတောင် ရှိတယ် မဟုတ်လား။ ငါဆိုရင် နင့်အိမ်မှာ တံခါးမရှိ ဓားမရှိပဲ ကြိုက်သလို လာလို့ရတယ်"

"ငါ အကြံထုတ်နေတာ မြတ်နိုး"

www.burmeseclassic.com

www.burmeseclassic.com



"ဘာလဲ"

"ငါလည်း သူများတကာ ချစ်သူတွေလို နင့်ကို မကြာမကြာ တွေ့ချင် တွဲသွားလာချင်တာပေါ့ဟာ၊ ငါ တစ်ခု အကြံရထားတယ် သိလား"

"ဘာအကြံလဲ"

"ထမင်းစားပြီးမှ နင့်ကို တစ်နေ့က မြန်မာတိုင်းမ်ဂျာနယ် ပြမယ်၊ အဲဒီမှာ ကုမ္ပဏီတစ်ခုက လစ်လပ်ရာထူးတွေ ခေါ်ထားတာမှ အများကြီးပဲ၊ နင်နဲ့ငါ တစ်နေရာတည်းမှာ အလုပ်လုပ်မှ နေ့တိုင်းလည်း တွေ့ရမယ်၊ ပြီးတော့ နေ့လယ်နေ့ခင်း ထမင်းစားချိန် Break လေး ဘာလေးမှာ ဟိုနား ဒီနားလေး လစ်ထွက်လို့ရမယ်၊ မဟုတ်ဘူးလား၊ နင့်အခုအလုပ်ကနေ နင်ပြောင်းရွှေ့နိုင်လား"

မြတ်နိုးက အားရပါးရ ပြုံးရင်း ...

"ဘာလို့ မပြောင်းရွှေ့နိုင်ရမှာလဲ၊ ပိုးအိမ် ... နင်က သိပ်တော်တာပဲ သိလား၊ တော်တော်ဥာဏ်ကောင်းတဲ့ ငါ့ချစ်သူ"

"အဟိဟိ"





## ၂

နိုးစက်သံကိုပိတ်ပြီး အိပ်ရာမှ ထ,လိုက်သည်မှစ၍ ဇလပ်ဝါသည် မျက်စိရှေ့မှောက်မှ အရာရာ ဘယ်ဟာကိုမှ စိတ်တိုင်းမကျချေ။ ကိုယ်ရေချိုးခန်းဝင်ချိန်မှာ ဘဲလ်နှိပ်လိုက်ပြီး အခန်းလာရှင်းထားနှင့်ဖို့ လှမ်းခေါ်လိုက်ပြီးနောက် ရေချိုးခန်းက ထွက်လာချိန်မှာ အခန်းရှင်း အိပ်ရာသိမ်း မပြီးသေးဘဲ အခန်းထဲ တစ်ယောက်ယောက် ရှိနေလျှင်လည်း သဘောမကျပေ။

ထို့ကြောင့် ဇလပ်ဝါစိတ်ကိုသိတဲ့ ကောင်မလေးများက နှစ်ယောက်လောက် အတွဲတစ်ပြိုင်နက် တက်လာပြီး ကမန်းကတန်းတော့ ရှင်းကြရှာပါသည်။ သို့သော် ဇလပ်ဝါသည် သူ့အခန်းထဲ လူများများဝင်တာလည်း မကြိုက်ပြန်။ လူစော်နံသည် ဟု ဆိုတတ်သည်။

ကြီးကျယ်လွန်းလှတာတော့ မဟုတ်ပေမယ့် လူတို့ရဲ့ ကိုယ်နံ့ကို ဇလပ်ဝါ မကြိုက်။ များရာစုသော လူတို့ရဲ့ ကိုယ်နံ့တွေ



www.burmeseclassic.com

www.burmeseclassic.com



ကို သည်းမခံနိုင်ပေ။ ချမ်းသာလို့ ဆင်းရဲလို့မဟုတ်။ ယုတ်စွအဆုံး ကိုကို့ ကိုယ်နံ့ကိုတောင် အခု ဧလပ်ဝါ မခံနိုင်တော့ပေ။

ဒါကို ရင်ဖွင့်ပြောပြတော့ သူ့သူငယ်ချင်း ပွင့်က အလိုက်သည်းလှိုက် ရယ်မောကာ ...

"နင့်ပြစ်ချက်ကလည်းဟယ်၊ ကိုအုပ်စိုးက ဒီလောက် သန့်ပြန့်တာပါဟယ်၊ ဘာနံ့များ ထွက်နေလို့လဲ"

"ယောက်ျားနံ့"

"ဘုရားရေ"

ပွင့်က ရင်ဖိပြီး သီးမတတ် ရယ်နေပါတော့သည်။

"နင် မသိဘူးလား ပွင့်၊ နင် ပိုသိရမှာပေါ့၊ နင်က အိမ်ထောင်သည်ပဲ၊ နင့်ယောက်ျား ကိုဝဏ္ဏမှာလည်း ယောက်ျားကိုယ်နံ့ ရှိမှာပဲ၊ ငါလို အပျိုတောင် ရံဖန်ရံခါမှ တွဲသွားတွဲလာတဲ့ ကိုအုပ်စိုးရဲ့ယောက်ျားနံ့ကို ရနေရသေးရင် နင်လည်း နင့်ယောက်ျား ကိုဝဏ္ဏရဲ့ယောက်ျားနံ့ကို ရမှာပဲ"

ပွင့်က ဧဝေဧဝါ ဖြစ်သွားရရှင်း ...

"ယောက်ျားနံ့၊ အင်း ... ယောက်ျားရယ် မိန်းမရယ်မဟုတ်ဘဲ လူတွေမှာ ကိုယ့်ကိုယ်နံ့တစ်မျိုးစီတော့ ရှိကြတာပေါ့ဟယ်၊ နင်ကလည်း"

ဧလပ်ဝါက ခေါင်းယမ်းလိုက်ရင်း ...

"ယောက်ျားနံ့က ပိုပြင်းတယ်"

"ဟား ဟား ဟား ... ဧလပ်ရယ်၊ နင့်နှယ်ဟယ်"





"ငါ တကယ်ပြောနေတာ ပွင့်၊ နင်ရယ်မနေနဲ့"

"ဘာဖြစ်လို့လဲ ဧလပ်၊ အရမ်းနံနေတဲ့ အနံ့မျိုးရှိလို့လား"

"နံတယ်လို့ ငါ မပြောပါဘူးဟာ၊ မွှေးတာလည်းမဟုတ်ဘူး၊ နံတာလည်းမဟုတ်ဘူး၊ နည်းနည်းပြင်းတဲ့ ကိုယ်နံ့ပေါ့၊ ကိုကိုကလည်း Perfume တွေ သုံးတာပဲလေ၊ အမျိုးသားသုံးတွေ သုံးတာပဲ၊ အဲဒီ အမွှေးနံ့တောင် နည်းနည်းစွက်နေသေးတော့ နံတဲ့ဘက် မရောက်ဘူး၊ ဒါပေမဲ့ ပြောမပြတတ်ဘူး၊ အဲဒီ အနံ့ကို ငါ မခံနိုင်ဘူး"

"အရင်ကကော အဲဒီအနံ့မရှိလို့လား"

"ရှိတယ်"

"ဒါဖြင့် ခုမှ ထ,ပြီးအနံ့မခံနိုင် ဖြစ်တာက ဘယ်လိုလဲ"

"မပြောတတ်ဘူး ပွင့်၊ တစ်ခါ တစ်ခါ စိတ်အနှောင့်အယှက်ဖြစ်တာပဲ၊ သူနဲ့တူတူ ဓာတ်လှေကားစီးမိရင် ပိုဆိုးတယ်"

ပွင့်က ဧလပ်ဝါရဲ့မျက်နှာတည်တည်လေးကို သေချာအကဲခတ်ရင်း ...

"ဧလပ် ... ငါ ထင်တော့ နင် ကိုအုပ်စိုးကို အပြစ်ရှာချင်လာတာလား"

"မပြောတတ်ဘူး"

"ခုတလော ကိုအုပ်စိုးကို မကျေနပ်တဲ့ ကွန်ပလိန့်စကားတွေ နင့်ဆီက အရမ်းကြားရတာပဲ၊ နင် စိတ်ပျက်လာတာလား၊ စိတ်ကုန်လာတာလား"



www.burmeseclassic.com

www.burmeseclassic.com



ပွင့်လင်းလွန်းလှတတ်တဲ့ ဇလပ်ဝါသည် မဆိုင်း မတွပင် ...

"စိတ်ကုန်တာ ထင်တယ်"

"အဲဒါ နင်တို့ နှစ်ကြောရှည်ကြီး တွဲနေကြလို့၊ ခုဆို တွဲလာတာလေးနှစ်ရှိပြီ၊ အသက်တွေကလည်း နင် သုံးဆယ့်သုံး၊ သူ သုံးဆယ့်ငါးဆိုတာ အိမ်ထောင်ရှင်ဖြစ်ထိုက်တဲ့ အရွယ်တွေ၊ စောစောစီးစီးယူထား ပြီးရော၊ အကြာကြီးတွဲတော့ အပြစ်တွေလည်း တွေ့လာ၊ ငြီးလည်းငြီးငွေ့လာပြီး အလကားနေရင်း ပြတ်တတ်တယ်"

"ခုလို မယူသေးပေလို့ ငြီးငွေ့ပြီးပြတ်ရင် ဒုက္ခမရောက်နိုင်တာပေါ့။ မနှစ်တစ်နှစ်လောက်က ယူထားမိပြီးနေပြီဆိုရင် ငါခုလို ငြီးငွေ့စိတ်ကုန်လာရင် ဘယ်လိုလုပ်မလဲ ပွင့်၊ အဲဒီကျ လမ်းခွဲရရင် ပိုဆိုးတာပေါ့၊ အဲဒါကြောင့်ကို ငါ မယူတာ၊ လက်မထပ်သေးတာ၊ ယောကျ်ားတစ်ယောက်ကို သေချာမှ ပေါင်းသင့်ပါတယ်၊ မရှိမဖြစ် လိုအပ်မှ လက်တွဲသင့်ပါတယ်"

"ကိုအုပ်စိုးက နင့်ကို ချစ်ပါတယ် ဇလပ်ရယ်"

"ချစ် ... ချစ်လေ"

အေးတိအေးစက်ပြောသော ဇလပ်ဝါကို ပွင့်က သက်ပြင်းရှည်ချပြီးတော့သာ ငေးကြည့်နေတော့သည်။





အင်း ... အစကို ပြန်ကောက်ရရင်တော့ ဇလပ်ဝါသည် အရာအားလုံးကို စိတ်တိုင်းမကျ ဖြစ်နေသည်မှာ ကြာလေပြီ။ ပစိပစပ်များကာ ဇီဇာလည်းကြောင်လာ၍ အဘွားကြီးဆန်လာပြီလို့တောင် ကိုယ့်ကိုယ်ကိုယ် ထင်မိသည်။

အိမ်က အလုပ်သမားတွေကို ...

"ငါ့အခန်းထဲ ဝင်မယ်ဆိုရင် နင်တို့ ရေချိုးပြီးမှဝင်ကြ၊ သန့်သန့်ရှင်းရှင်း မွှေးမွှေးကြိုင်ကြိုင်ရှိမှ ဝင်ကြ။ ရေမချိုးမိုးမချိုး နံနံစော်စော် ဝင်မလာကြနဲ့"

သူ့အခန်း ဝင်ရှင်းသွားတာကိုပင် တစ်ခါတစ်ရံကျ သူတို့ကိုယ်နံ့ ကျန်ခဲ့တယ်ဆိုပြီး ဇလပ်ဝါက မကြည်လင်။ နံနက်တိုင်း လုပ်ရိုးလုပ်စဉ် ရေမိုးချိုး ပြင်ဆင်ဝတ်စားပြီးလျှင် ဇလပ်ဝါ အောက်သို့ဆင်းလာပြီး Breakfast စားမည်။ များသောအားဖြင့်ရက်တို့မှာ Breakfast ကို ဇလပ်ဝါ ခံတွင်းမတွေ့။ တစ်ခါတစ်ရံတော့ စားပွဲပေါ်ရှိမနေတဲ့အရာကို ချဉ်ချင်းတပ်မိပြီး ...

"အုန်းနို့ခေါက်ဆွဲလေး ဘာလေး ဝယ်မထားဘူးလား"

"စားချင်စရာလည်း မရှိဘူး၊ ငါက ကောက်ညှင်းငချိတ်ပေါင်းလေးနဲ့ ငါးရံ့ခြောက်ဖုတ်လေး စားချင်တာ"

စားပွဲပေါ်မှာ မုန့်ဟင်းခါးတွေ့လျှင် အုန်းနို့ခေါက်ဆွဲစားချင်ပြီး အုန်းနို့ခေါက်ဆွဲတွေ့လျှင် ကောက်ညှင်းငချိတ်ပေါင်းစားချင်ကာ ကောက်ညှင်းပေါင်းရှိနေလျှင် ပေါင်မုန့်နဲ့ကြက်ဥ၊



www.burmeseclassic.com

www.burmeseclassic.com



ပေါင်မုန့်ရှိရင် မုန့်ဟင်းခါး စားချင်ပြန်တဲ့စိတ်ဟာ သူ့အလိုလို အရာရာကို ဘာတစ်ခုမှ အလိုမကျ ဖြစ်နေတော့တာ သက်သက် ပင်။

ဒါကိုသိ၍ အိမ်ကကောင်မလေးတွေကိုလည်း မဆူမှု မကြိမ်းမောင်းပါ။ သူကိုကအားလုံးကို စိတ်ပျက်နေတာပဲ မဟုတ်လား။ မျက်နှာဟာ အေးစက်စက် ထုံပေပေ ဖြစ်နေတတ် သည်။ သူ့ဘဝဟာ ပျော်စရာ မရှိဘူးလို့ ဖေလပ်ဝါက ထင်နေမိ ပါသည်။ အလုပ်သွား အိမ်ပြန်။ ဒါက ဘဝလား။

ဟိုဒီသွားချင်ရင် တစ်ဦးတည်းသော (သူ့အနှံတာခံ နိုင်တဲ့) သူငယ်ချင်းပွင့်ကိုချိန်း။ ပွင့်နဲ့သွားရလာရတာမှ ပျော်သေး သည်။ ကိုအုပ်စိုးနှင့် သွားရလာရတာ မပျော်တော့ပေ။ သို့ပေမယ့် ပွင့်က အမြဲတမ်း မအားနိုင်။ တစ်ခါတစ်ရံမှ အားသည်။

သူ့မှာ ယောက်ျားရှိသည်။ သူငယ်တန်းတက်နေတဲ့ ငါးနှစ်အရွယ် သားရှိသည်။ လူလွတ်မဟုတ်၍ နောက်ဆံတင်း စရာတွေ ရှိလေရာ ဖေလပ်ဝါကို အခါခပ်သိမ်း အဖော်မပြုနိုင်ပါ။ ကိုကို့ကိုလည်း အဖော်မပြုချင်တော့ဘူးဆိုတော့ ဖျင်းခြောက်ငြီးငွေ့ ဖို့ ကောင်းပြီပေါ့။ လူဆိုတာ အဖော်အပေါင်း မိတ်ဆွေသူငယ် ချင်းနဲ့မှ နေပျော်တာလေ။

တကယ်တော့ ကိုကိုဟာလည်း ဖေလပ်ဝါနှင့် စီးပွား ရေးကိစ္စ ဆက်စပ်ပတ်သက်ရာမှ တဖြည်းဖြည်း တွဲဖြစ်သွားတဲ့





အဖြစ်မျိုးနှင့် ချစ်သူတွေ ဖြစ်ကြတာပါ။ ချစ်သူတွေ။ ချစ်သူတွေ ဟုတ်ရဲ့လား။ အင်းပေါ့လေ ... ဒီလိုပဲ ထားရမှာပေါ့။ “ချစ်တယ်” ဆိုတဲ့ အဓိပ္ပာယ်မျိုးတွေ ပြောဆိုဖြစ်ခဲ့ကြဖူးတာပဲ။

အဖော်တော် အတီးကျုန်တဲ့ ဖေလပ်ဝါက ကိုအုပ်စိုးကို အားကိုးလိုက်မိတာမျိုး ဖြစ်ပါသည်။ ကုမ္ပဏီပိုင်ရှင်၊ လူချောလူ ဖြောင့်၊ လူလွတ်၊ ငွေကြေးဉစ္စာတောင့်တင်းသူ၊ စိတ်သဘောကောင်း မွန်သူ၊ ဒီလိုလူတစ်ယောက်ကို ဘာကြောင့် မငြိတွယ်မိပဲရှိပါမလဲ။ ရင်းနှီးမှု ရင့်သန်လာတာနှင့်အမျှ နှောင်မိတွယ်မိသည်။ သူက လည်း ကိုယ့်ကို၊ ကိုယ်ကလည်း သူ့ကို။

ကိုအုပ်စိုးကို လက်ထပ်ဖြစ်လိမ့်မည်လို့ ဖေလပ်ဝါ ထင်ထားခဲ့ပါသည်။ ဒါပေမဲ့ အချိန်တွေ ကြာလာတော့ တဖြည်း ဖြည်း တစစနဲ့ မနှစ်မြို့တဲ့ အချက်တွေ အများကြီး ထွက်လာတာ။ သေးသေးကလေးတွေဖြစ်ကာ အကျင့်စာရိတ္တတို့ သိက္ခာဂုဏ်ဒြပ် တို့နှင့် ဘာမှမဆိုင်တဲ့ ပြစ်ချက်လေးတွေကိုပင် ကြာတော့ သည်း ညည်းမခံချင် ဖြစ်လာသည်မှာ ဖေလပ်ဝါဘက်က အမှားသာပဲဖြစ် ပါလိမ့်မည် ဆိုကြပါစို့ရဲ့။

သူ့အနားနေရတာ သူ့ကိုယ်နဲ့ကိုပင် မနှစ်မြို့နိုင် တော့ဘူး ဆိုမှတော့ ဘယ်လိုဆက်ပြီး လက်တွဲကြမလဲ။ ခုတလော ဖေလပ်ဝါ ရှောင်ဖယ်ဖယ် ပြုတာကိုလည်း ကိုအုပ်စိုးက ရိပ်မိနေ ပါပြီ။



www.burmeseclassic.com

www.burmeseclassic.com



"မမ"

ထမင်းစား စားပွဲမှာထိုင်ပြီး ပြင်ပေးထားတဲ့ Break fast ကို မတို့ထိပဲ ကော်ဖီကို တစ်ငုံချင်း ငိုင်တွေတွေသောက်နေတဲ့ ဧလပ်ဝါကို မိဖြူက ခေါ်လိုက်၍ ဧလပ်ဝါက မိဖြူကို မျက်လွှာသာပင့်ကြည့်လိုက်သည်။

"မမချိုက စကားပြောချင်လို့တဲ့ မမ"

မမချို ဆို၍ ဧလပ်ဝါက နောက်ဘက်လှည့်ကြည့်လိုက်ပါသည်။ အိမ်မှာခေါ်ထားတာကြာ၍ အမျိုးနီးပါးတောင်ရင်းနှီးနေပြီဖြစ်သော နာ့စ် ဒေါ်ချိုချိုက စားပွဲနားကပ်လာကာ ...

"ညီမလေး ... အန်ကယ့်ဖို့ ဒီဆေးတွေ လိုတယ်၊ ကုန်ခါနီးတာတွေ"

ဆေးအမည်တွေ ရေးထားတဲ့ စာရင်းစာရွက်လေးကို ဧလပ်ဝါက လှမ်းယူကြည့်လိုက်ရင်း ...

"ဘယ်နှရက်စာလောက်ကျန်လဲ မမချို"

"နှစ်ရက်စာလောက်တော့ ရှိတယ်၊ မနေ့ကတည်းက ပေးမလို့ပဲ၊ အစ်မ မရောက်ခင် မနေ့က ဧလပ် အစောကြီး ထွက်သွားလို့ မပေးလိုက်ရဘူး၊ ဒီတစ်ခုက ဆရာကြီးရပ်မလား ဆက် On မလားဆိုတာ ဆရာကြီးကို ပြန်မေးရမယ်၊ တစ်လပြည့်သွားပြီလေ၊ ဧလပ် ဖုန်းဆက်မလား၊ အစ်မပဲ ဆက်လိုက်ရမလား"





"ကျွန်မ ဆက်လိုက်မယ် မမချို"

"အင်း ... အင်း၊ ဒါဆို ဒီဆေးတွေပဲ"

"ဒီနေ့ ဝယ်ခဲ့မယ် မမချို"

ဒေါ်ချိုချိုက ခေါင်းညိတ်ပြီး လှည့်အထွက်တွင် ...

"မမချို Breakfast စားလိုက်ပါဦး"

"အစ်မ စားခဲ့ပြီ ညီမလေး"

"လာပါ မမ၊ ထပ်စားလိုက်ပါဦး၊ အကြော်လေးတွေ နံ့နေတာပဲ၊ မိဖြူတို့က ဖွယ်ဖွယ်ရာရာလေးတွေ စီစဉ်ပေးထားတာ ကျွန်မက မစားဖြစ်ဘူး၊ မမချို အားပေးပါဦးလာပါ"

ဒေါ်ချိုချိုကို အတင်းဆွဲခေါ် ထိုင်ခိုင်းကာ ဧလပ်က ထိုင်ရာမှ ထ,လိုက်ပါသည်။ ပြင်ဆင်ပေးထားတဲ့ သူတွေကို ကိုယ်မစားဖြစ်တိုင်း အားနာတော့နာမိပါသည်။ ဒါကြောင့် တစ်ယောက်ယောက်ကတော့ Appreciate လုပ်စေချင်မိတာပါ။ ဧလပ်ဝါက ဖေဖေ့ကို နှုတ်ဆက်ဖို့ အပေါ်ပြန်တက်လာခဲ့သည်။

ဖေဖေ့ အိပ်ခန်းတံခါးက ဖွင့်ဟထားမြဲ။ ညဘက် ဖေဖေ့ကို စောင့်အိပ်တဲ့ မွေးစားထားတဲ့ "ဝဲ"ကလေးဟာ သူ့အိပ်ရာသိမ်း၊ ဖေဖေ့စောင်ခေါက်၊ သူ့ကိုယ်သူ ရေမိုးချိုး၊ အဝတ်လဲပြီး ကျောင်းသွားဖို့ အသင့်ဖြစ်နေပါပြီ။ ဧလပ် ဝင်အလာကို စောင့်မြဲဖြစ်တဲ့ ကောင်လေးကို ...



www.burmeseclassic.com

www.burmeseclassic.com



"ဆန်းလီ အောက်မှာ မနက်စာ သွားစားတော့ ... ဈေး ကျောင်းကောင်းကောင်း သွားနော်"

"ဟုတ်ကဲ့"

မုန့်ဖိုး နှစ်ရာတန်တစ်ရွက်ပေးပြီး အောက်ကိုလွှတ်လိုက်ပါသည်။ အိမ်နှင့်မဝေးတဲ့ကျောင်းမှာ အပ်ထားပေးတာမို့ သူ့ဟာသူ လမ်းလျှောက်ပြီး ကျောင်းသွားပါလိမ့်မည်။ ဇလပ်ဝါက ဖေဖေ့အနား ကပ်လာသည်။

"ဖေဖေ"

ခုတင်စွန်းမှာထိုင်ပြီး ဖေဖေ့လက်ဖဝါးတစ်ဖက်ကို ဆုပ်ကိုင်၍ ခဏငြိမ်သက်နေမိပါသည်။ တစ်ဦးတည်းသောသမီး ဇလပ်ဝါကို မေမေက လွန်ခဲ့တဲ့ဆယ့်သုံးနှစ်၊ ဇလပ် အသက်နှစ်ဆယ်ကတည်းက ခွဲသွားရက်ခဲ့ပါသည်။ မေမေဆုံးပေမယ့် နောက်အိမ်ထောင်တွေ ဘာတွေ လုံးဝမစဉ်းစားခဲ့တဲ့ ဖေဖေ။ ခုတော့ ဇလပ်ကို ထူးဖော်တောင်မရ။ ကြည့်ဖော်လည်းမရ။

ကိုမာရနေတဲ့ အခြေအနေနှင့် ဘာမှသတိမရှိဘဲ အိပ်ပျော်နေသလို ဖေဖေ ရှိနေခဲ့တာ တစ်နှစ်တောင်ရှိပြီ။ ဖေဖေက ဇလပ်အတွက် ရှိတော့ရှိနေပေးသေးပေမယ့် စကားလည်းတစ်လုံးမှမပြော၊ ပြုံးလည်းမပြုံး၊ မျက်လုံးလည်း ဖွင့်မကြည့်။ ပစ်ပယ်ထားသလိုပါပဲ ဖေဖေရယ်။

"ဖေဖေ ... ဇလပ် ရုံးသွားတော့မယ်"





ဖေဖေ့နဖူးကို ငုံ့၍မွှေးသည်။ ဖေဖေ သိနိုင်ပါစေ။ ထို့နောက်တော့ ဇလပ်က အပေါ်ထပ်မှ ယူစရာရှိတာတွေယူပြီး ပြန်ဆင်းလာပါသည်။

"ဦးဘို ... ကားထုတ်ထားပြီလား"

"ထုတ်ထားပါပြီ မမ"

"ခြံတံခါး ဖွင့်တော့လို့၊ ငါ သွားတော့မယ်"

"ဟုတ်ကဲ့"

ဦးဘိုဟာ ဖေဖေ့ဒရိုင်ဘာဖြစ်ပြီး သူလည်း အသက်ကြီးရင့်ပြီ။ ခြောက်ဆယ်ကျော်လာပြီ။ တစ်ကိုယ်ရည် တစ်ကာယဖြစ်၍ ခုထိ ဂိုဒေါင်အပေါ်ထပ် အိမ်လေးမှာပဲထားကာ ကားရေဆေး ကားသုတ်၊ ခြံတံခါးဖွင့်၊ ကားပြင်စရာရှိရင် သွားစောင့်၊ မနက် ဇလပ်ကို ကားထုတ်ပေး။ ဒါလောက်ပဲ တာဝန်ပေးထားပါတော့သည်။

"သမီး ဒီနေ့ မှာခ်တူး ဆီထည့်ရက်"

ပေါ်တီကိုအောက်ရောက်လျှင် ဦးဘိုက ဆီးကြိုပြောသည်။ ဇလပ်ဝါက ဆီဖိုးထုတ်ပေးလိုက်ပါသည်။

"သမီး ... လလယ်ပဲ ရှိသေးပေမယ့် ဦးဘို လစာတစ်ဝက်လောက် ထုတ်လို့ရမလား"

"ရပါတယ်၊ ဦးဘို ဘာလုပ်စရာရှိလို့လဲ"

"နယ်က ညီမဆီ ပို့ပေးချင်လို့ပါ၊ ညီမက ငွေနည်းနည်းမှာလို့"



www.burmeseclassic.com

www.burmeseclassic.com



နေစရိတ် စားစရိတ် မရှိ၍ ဦးဘို လခဟာ အသား တင်ဖြစ်နေသမျှ ဒီညီမမိသားစုကိုပဲ ထောက်ပံ့ရပါသည်။

"ရပါတယ်၊ ဦးဘို ဒီနေ့ ဘဏ်ကသွားလွှဲမလား"

"သမီး ပိုက်ဆံပေးရင်တော့ ဒီနေ့ ဆီသွားထည့်ရင်း ..."

"အင်း ... အင်း ... ယူထားလိုက်လေ"

ဇလပ်ဝါတွင် ဘာမှ စီမံခန့်ခွဲမပြုနိုင်တော့သော ဖေဖေက အစပြု၍ ဒရိုင်ဘာ၊ မာလီ၊ မွေးစား "ဝ" လေး၊ အိမ်ဖော်က အလုပ်သမားသုံးယောက်၊ ဖေဖေ့ရဲ့ နေ့စဉ် Day nurse ၊ ကိုယ့်ထံကရမည့် လစာငွေကို မှီနေကြတဲ့သူတွေ အခြားသော ဝန်ထမ်းတွေလည်း အများကြီး စသည်တို့၏ တာဝန်တွေက ခေါင်းပေါ်မှာ ပိနေသလိုပင်။

တစ်ရက် တစ်ရက်က မသိသာသော်လည်း တစ်လ နှစ်လ တစ်နှစ် စသဖြင့် အချိန်တွေ လွန်မြောက်လာတဲ့အခါ ဇလပ်ဝါရဲ့မျက်နှာသည် အပြုံးအရယ် နည်းပါးအေးစက်ပြီး ဘာ ကိုမှ သိပ်စိတ်တိုင်းမကျ ဘဝင်မကျ သည်းညည်းမခံနိုင်အောင် ကိုယ့်စိတ်နဲ့ ကိုယ့်ကိုယ်ဆိုတဲ့ မိန်းမမျိုး ဖြစ်လာပါသည်။

အဲဒီထက်အပြင် "အချစ်"ဆိုတဲ့ အရာတစ်ခုကို နှလုံးသားက ပြင်းပြင်းထန်ထန် လိုလိုလားလား မှတ်သိပ်တောင့်တာ လာမိချိန်၌ မိမိနဲ့ဘေးက ချစ်သူနဲ့ မိမိအကြားမှာ "အချစ်"ဆိုတာ ကို ဘယ်လိုရှာရှာ မတွေ့နိုင်အောင်ဖြစ်ပြီး ငြီးငွေ့စိတ်ကုန်လာ





ခြင်းတည်း။ စိတ်ကုန်ပြီ ဆိုတဲ့အခါမှာ သူ့စကားတွေလည်း နား ဝင်မချို၊ သူကျွေးတာလည်း ခံတွင်းမတွေ့၊ သူရှိနေရင် အနှောင့် အယှက်ဖြစ်ရကာ သူ ပြုံးနေတာကိုပင် သွားဖြဲနေတယ်လို့ပဲ စိတ်ထဲ ထင်မှတ်နေမိတော့တာဖြစ်သည်။

"တူ ... တူတူ ... တူတူ"

ကားမောင်းလာရင်း ဖုန်းမြည်လာ၍ ဇလပ်ဝါက ဝတ်ကျောဝတ်ကုန်ပုံစံနှင့် ဖုန်းကို Slide လျှောကာ ဖွင့်လိုက်ရင်း ...

"ဟယ်လို"

"ဇလပ်"

"ဟုတ်"

"ရုံးသွားနေလား၊ လမ်းမှာလား"

"ဟုတ်"

"နေ့လယ်ကျ တစ်ခုခု အပြင်ထွက်စားရအောင်လေ"

"မအားဘူး ကိုကို"

နှုတ်က မဆိုင်းမတွ ငြင်းစကား ထွက်သွားပါသည်။

"ဘာတွေ ရှုပ်နေလို့လဲ"

စိတ်တွေ။ စိတ်ထဲက တုံးတိဖြေမိသည်။

"အလုပ်များတဲ့ရက်လား"

"အင်းပေါ့၊ ဝန်ထမ်းသစ်တွေ ခန့်ဖို့ရှိတယ်"

"ခန့်ပြီးမှ အလုပ်စများမှာ မဟုတ်ဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



"ဒီနေ့ အပြင်ထွက်လို့ မရဘူး"

"ကြည့်လိုက်ပါဦး၊ နေ့လယ်ကျတော့ အချိန်ထွက်ရင် ထွက်လာမှာပေါ့၊ တစ်နာရီရရင် ဖြစ်ပြီပဲဟာ"

"အားမှာမဟုတ်ဘူး"

"ဆိုင်သစ်တစ်ဆိုင် ဖွင့်လို့ကွ။ သွားမြည်းကြည့်ရအောင် လေ"

"ဆိုင်သစ်ကပဲ ကိုယ့်ကို လာမြည်းစမ်းပါဦး၊ မအားပါဘူး၊ နောက်မှပဲ"

"ညနေရော"

"ညနေလည်း မအားဘူး"

"အလုပ်တွေ လာကူလုပ်ပေးဦးမယ်"

"မလာပါနဲ့၊ ကူလုပ်လို့မှ မရတာ"

"ရပါတယ်၊ ကူလုပ်ပေးမယ်၊ ဘယ်မှမသွားရရင်လည်း ဇလပ်ရဲ့ရုံးခန်းထဲပဲ လာထိုင်နေမယ်"

ကျွတ် ...။ အရေးထဲ ရှိမဲ့နဲ့တစ်နေပြန်ပြီနော်။

"မတွေ့ကြတာ တစ်ပတ်ရှိပြီ ဇလပ်၊ ရေကြည်မိရဲ့လား ရက်တွေ၊ ဇလပ်က နေနိုင်ပေမယ့် ကိုကိုက ဇလပ်ကို တွေ့ချင်နေတယ်၊ ခဏပဲဖြစ်ဖြစ် ဝင်လာဦးမယ်"

"........."

"ဇလပ်"





"ဟင်"

"နေကောင်းရဲ့လား"

"အင်း ... ကောင်းပါတယ်"

"ဇလပ် ဘာဖြစ်နေလဲ"

"ကိုကို"

"အင်း ... ပြောလေ"

"ကိုကို့ကို ဇလပ် စကားပြောစရာရှိတယ်"

"ပြောလေ"

"အခုမဟုတ်ဘူး"

"အင်း ...၊ အဲဒါကြောင့် ဇလပ် စကားပြောတာ တစ်မျိုးကြီးဖြစ်နေပါတယ် ထင်တာ၊ တခုခု ဖြစ်နေတာကိုး၊ ကိုကို အခုလာခဲ့ပေးရမလား ဇလပ်"

"ဟင့်အင်း ...၊ နေ့လယ်မှပဲ လာခဲ့လေ"

"အင်း ...၊ ဒါဖြင့် နေ့လယ်လာခဲ့မယ်၊ ထွက်မစားချင်ဘူးဆိုရင် ကိုကို တစ်ခုခု ဝယ်လာခဲ့မယ်လေ၊ ဇလပ် ဘာစားချင်လဲ"

"ဘာမှ ထူးထူးခြားခြား မစားချင်ပါဘူး ကိုကိုရယ်၊ ပြောစရာရှိတာပဲ ပြောချင်တယ်၊ ဘာမှမဝယ်ခဲ့နဲ့"

"ဇလပ် ! အန်ကယ်များ တစ်ခုခု"

"ဘာမှမဖြစ်ပါဘူး ပုံမှန်ပါပဲ၊ ဖေဖေနဲ့ မဆိုင်ပါဘူး"



www.burmeseclassic.com

www.burmeseclassic.com

ဧလပ်က သက်ပြင်းတစ်ချက် မှုတ်ထုတ်ရင်း ...

"ဒါပဲနော်၊ နေ့လယ်မှတွေ့မယ်"

ဖုန်းကို တွန်းပိတ်လိုက်ပြီး ဘေးခုံပေါ် လှမ်းပစ်တင်လိုက်မိပါသည်။ တကယ်ပြောတော့မယ်ဆိုတော့ ရင်ထဲက ရှိန်းခနဲ ဖြာခနဲ တဒိတ်ဒိတ် တုန်သားပင်။ မျက်နှာလည်း ပူသလိုလိုရှိသည်။ ဒါပေမဲ့ ဧလပ်က ပြောဖို့ဆုံးဖြတ်ထားတာကို အချိန်ဆွဲမနေတော့ဘဲ ပြောကိုပြောတော့မှာပင်။ ကိုယ့်စိတ်ကို မချော့ရှင်စေပဲ ဖိစီးလေးလံရုံသာ ရှိစေတဲ့ ယောကျ်ားတစ်ယောက်ကို ဘာကြောင့် ချစ်သူအဖြစ် ဆက်လက်ပတ်သက်နေရမှာလဲ။ သူ့ကို ချစ်မှမချစ်တော့တာ။





## ၃

အုပ်စိုးက ဧလပ်ကြိုက်တဲ့ ရှမ်းဆိုင်ကိုဝင်ပြီး မြီးရှည်ဝယ်လာပါသည်။ ဧလပ်ရဲ့ရုံးခန်းထဲရောက်လျှင် ရုံးစာတပ်ဖ် မမစန်းကို အထုပ်တွေပေးပြီး ...

"မမစန်း ... ပလိစ်နော်၊ မုန့်လေးတွေ ပြင်ထည့်ခဲ့ပေးပါလား"

"ဟုတ်ကဲ့ ကိုအုပ်စိုး"

အုပ်စိုးက မုန့်အနောက်နှင့် ကာရံထားသော ဧလပ်ဝါရဲ့ရုံးခန်းဆီ လျှောက်လာကာ တံခါးနှစ်ချက်ခေါက်သည်။

"အင်း"

ထူးတာကိုက။ အုပ်စိုး ပြုံးမိသည်။ လာပါတို့၊ ဝင်ခဲ့ပါတို့ မပြော။ အင်း ... တဲ့။ နဂိုတည်းကပင် ဧလပ်ဝါပုံစံဟာ Independent ဖြစ်သည်။ ဒီပုံစံကိုပဲ အုပ်စိုးက သဘောကျ



www.burmeseclassic.com

www.burmeseclassic.com

စွဲမက်ခဲ့ခြင်း ဖြစ်ပါသည်။ ကြာလာလေ ဇလပ်ဝါရဲ့ပုံစံက ဆရာမကြီးစတိုင် ပေါက်လာလေ။

ခုတော့ မနိုင်တော့ပြီ။ တကယ့် ဆရာမကြီးပါ။ အုပ်စိုးက ချစ်ရတဲ့သူဖြစ်၍ ဇလပ် ဘယ်လိုပဲနေနေ အပြစ်မမြင်ပါ။ နဂိုနေအခြေခံ အေးချမ်းသူလည်းဖြစ်၍ ဒေါသလည်းထွက်မလွယ်တဲ့ အုပ်စိုးဟာ ဇလပ်ဝါကို အမြဲသည်းခံနိုင်ခဲ့တာပါ။

ဇလပ်ဝါကို သူ သိတဲ့ အချိန်မှာ ဇလပ်ရဲ့အဖေ ဦးဆက်ရှိန် အလုပ်ခွင်ထဲမှာ ရှိပါသေးသည်။ ဇလပ်က သူ့ဖခင်ရဲ့ကုမ္ပဏီမှာပဲ ဖခင်ကို ကူညီလုပ်ကိုင်နေတဲ့ အားကိုးရတဲ့သမီး။ ပြတ်ပြတ်သားသား ရဲရဲရင့်ရင့် တည်တည်မှန်မှန်နှင့် ဣန္ဒြေလည်းကြီးတဲ့ ဇလပ်ဝါကို သူ ကျိတ်ကာမြတ်နိုးခဲ့ရသည်။

အန်ကယ်နှင့်လည်း သူနှင့် ခင်မင်တာမို့ ရုံးနှင့်ရုံခါ အန်ကယ်လ်နှင့် အုပ်စိုး ဂေါ့ဖ်ရိုက် အတူသွားတာမျိုး ရှိခဲ့သည်။ ဇလပ်ရဲ့အဖေဟာ သူ့အပေါ် နှစ်သက်လိုလားမှုရှိတယ်ဆိုတာလည်း သေချာလာတဲ့ တစ်နေ့မှာ ဇလပ်ကို သူ ချစ်ရေးဆိုခဲ့ပါသည်။ ဇလပ်က အုပ်စိုးကို လက်ခံဖို့ အချိန် ခြောက်လပဲ ယူခဲ့ပါသည်။ သူ့ကို ဇလပ်ခေါင်းညိတ်တဲ့နေ့ဟာ အန်ကယ်ဦးဆက်ရှိန် ပထမအကြိမ် လေဖြတ်တဲ့နေ့။ ဇလပ်ဝါရဲ့ရင်ထဲ စိတ်ထဲအကြီးအကျယ် အားငယ်သွားပြီး သူ့ကို အားကိုးအားထား မှီခိုစိတ် ခုံးခုံးချကာ ခေါင်းညိတ်လိုက်တယ်လို့ အုပ်စိုး နားလည်ပါသည်။





အဲဒီအကြိမ်က နှစ်လကျော်အကြာမှာ အန်ကယ် နေပြန်ကောင်းလာပါသည်။ သို့ပေမယ့် အလုပ်ထဲ ပြန်မဝင်တော့ပါ။ ဆရာဝန်က အန်ကယ့်ကို အပြီးအနားယူခိုင်းပါသည်။ ဒီတော့ ဇလပ်က သူတို့ရဲ့ Shein Family ဆိုတဲ့ ကုမ္ပဏီကို အုပ်ချုပ်သူ ဖြစ်လာပါသည်။

အဲဒီအချိန်ကစပြီး ဘဝကို အရင်ကထက် မာန်တစ်ထစ်မိုတင်းကာ ရင်ဆိုင်ဖို့ အားမွေးလိုက်ဟန်တူတဲ့ ဇလပ်ဝါပုံစံက ပို၍ထက် ပို၍ခက်လာပါသည်။ ဇလပ်ဝါက ထက်လည်းထက် ခက်လည်းခက်ပါသည်။ ခက်သည်မှာ သူ့အကြိုက်ကို တသမတ်တည်း မှတ်မရတတ်၊ သူ့စိတ်ကို တသမတ်တည်း မှန်းဆမရတတ်၍ အလိုက်အထိုက် အခြေအနေ အချိန်အခါကိုကြည့် စခန်းသွားရခြင်း၌ ပိုမိုခက်ခဲလာတာကို ဆိုလိုသည်။

ဇလပ်ရဲ့စိတ်ဟာ မှန်းရခက်သားပင်။

တစ်ခါတစ်ရံမှာ သူ့ကို အလွန်ပင် မြတ်နိုးအားကိုးနေတတ်ပြီး တစ်ခါတစ်ရံတွင် သူ့အပေါ် အေးစက်စက် စိမ်းသက်သက် ချောင်တိချောင်ဖယ် ဖြစ်နေတတ်ပြန်သည်။ နဂိုကပင် အပြုံးအရယ်နည်းတဲ့ ဇလပ်ဟာ မျက်နှာကြောပိုတင်းလာပြီး မနှစ်က အန်ကယ် ‘ကိုမာ’ ရသွားချိန်မှာတော့ အပြုံးမရှိတော့ သလောက်ဖြစ်လာသည်။


www.burmeseclassic.com

www.burmeseclassic.com

ဇလပ်ရဲ့မျက်နှာပြင်ပေါ်မှာ တင်းထားတောင့်ထား ဆည်ထား မတ်ထားတဲ့ မာန်တွေသာ တရိပ်ရိပ် တလျှမ်းလျှမ်း။ အသက်သုံးဆယ်ကျော်လေးမှာ ဘာမှ မသိတော့တဲ့ ဖခင်နှင့် တစ်ကောင်ကြွက်လေး ဖြစ်သွားရရှာတဲ့ ဇလပ်ရဲ့ စိတ်တွင်း ပဋိပက္ခတို့ကို အုပ်စိုး မှန်းဆကြည့်နိုင်ပါသည်။

ထို့ကြောင့် ဇလပ်ကို သနားသည်။ နဂိုကပင် သူကသာ မြတ်မြတ်နိုးနိုး လေးလေးနက်နက်နက် ပိုချစ်ရတဲ့သူမို့ အမြဲပဲသည်းခံခွင့်လွှတ် အရိပ်အကဲကြည့်ပြီး အလိုလိုက် အကြိုက်ဆောင်ကာ နေခဲ့တာပါ။

"ဇလပ်"

တံခါးဖွင့်ဝင်လိုက်သော အုပ်စိုးကို ဇလပ်ဝါက မျက်လွှာပင့်မကြည့်ပါ။ ကြည့်လက်စ စာရွက်ပေါ်မှာသာ အာရုံစိုက်နေသယောင် အကြည့်ကို စိုက်ထားသည်။ မျက်ဆန်ကလေးက ရွေ့နေ၍ စာဖတ်နေတယ်ပေါ့။ မျက်နှာရိပ်မျက်နှာကဲ အနေအထားကတော့ မှုန်တေနေပါသည်။

စာရွက်ကိုပဲ စိတ်ဝင်စားသယောင် ဖတ်နေ၍ အုပ်စိုးက ဆိုဖာရှည်တစ်ခုမှာ အသာအယာပဲ ဝင်ထိုင်လိုက်ကာ ရှေ့က မှန်ညိုစားပွဲပေါ် အသင့်ရှိတဲ့ အားကစားစာစောင်တစ်ခုကို ကောက်ဖတ်နေလိုက်ပါသည်။ မိန်းမသားရယ်လို့ အနုပညာရေးရာတွေပါတဲ့ သတင်းသစ်တွေပါတဲ့ ဂျာနယ်မျိုးမဖတ်။ ဖတ်တာက အားကစားဂျာနယ်။





အုပ်စိုးက အနှောင့်အယှက် ပြုမိရင် အပြစ်ဖြစ်မှာ သိတာမို့ နှုတ်ဆိတ်ပြီး ဂျာနယ်ပဲ မဲဖတ်နေလိုက်သည်။ ခဏအကြာမှာ တံခါးခေါက်သံကြား၍ အုပ်စိုး မော့ကြည့်လိုက်တော့ မှန်နောက်နောက်ရဲ့ နောက်ကွယ်မှာ လူတစ်ယောက် ဗန်းတစ်ချပ်ကို ကိုင်ထားတဲ့အရိပ်က ဝိုးတဝါး သိသာနေတာမို့ ...

"ဝင်ခဲ့ပါ၊ မမစန်းလား"

ဇလပ်ဝါက မထူးဘူးလေ။

ဒီတော့ သူပဲ ထူးပေါ့။

"မှမစန်း ဒီကိုလာ"

မမစန်းက ဗန်းကိုသယ်လာကာ အုပ်စိုးရှေ့ မှန်ညိုစားပွဲပေါ် အသာလာချပါသည်။

"ဖျော်ဘူးထဲက ဒီတိုင်းပဲ ထည့်လိုက်တယ်၊ မနယ်ခဲ့ဘူး ကိုအုပ်စိုး"

"ဟုတ်ကဲ့ ကောင်းတယ်၊ မနယ်တာ ကောင်းတယ်၊ မစားအားသေးဘူး ထင်တယ်"

မမစန်းက ခါးညွတ်ပြီး ပြန်ထွက်ဖို့လှည့်သည်။

"မမစန်း"

"ရှင်"

"ဒီမှာ ဖြုတ်လိုက်တဲ့ လူတွေဆီက ကွန်ပလိန့်လုပ်တဲ့ စာနှစ်စောင် ဝင်လာတယ်၊ စာလက်ခံတာ ဘယ်သူလဲ"

"စာလက်ခံတာဆိုတော့ မျိုးထွန်းပဲ ဖြစ်ပါလိမ့်မယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဒါ ဇလပ်ဆီ ရောက်လာရမယ့်စာတွေ မဟုတ်ဘူး။ သူတို့စာတွေကိုလည်း ဘာမှ လက်ခံဖတ်နေစရာ အကြောင်း မဟုတ်ဘူး၊ ကိုယ့်ဝန်ထမ်းလည်း မဟုတ်တော့ဘဲနဲ့ သူတို့ စာတွေက ကျွန်မစားပွဲပေါ်အထိ ဘာကြောင့် ရောက်လာ ရတာလဲ ...

ဒီလိုပဲ ဟိုက ဒီက လာသမျှစာ ကျွန်မဆီ ပို့နေကြမှာလား"

"ဟို ... ဒါကတော့ ကိုယ့်ဆီက ဝန်ထမ်း ..."

"ဝန်ထမ်း မဟုတ်တော့ဘူးလေ၊ ထုတ်လိုက်ပြီ၊ အပြင်လူပဲလေ"

"အဲသလို မတွေးလိုက်မိတာပါ မဇလပ်၊ ဖြုတ်လိုက်တာလည်း သိပ်မကြာသေးတော့ သူတို့ဘက်က ဖြေရှင်းတဲ့ ..."

"ဒီအချိန်မှာ သူတို့ ဘာမှဖြေရှင်းနေစရာ မရှိတော့ဘူး၊ အစည်းအဝေးခေါ်ပြီး သူတို့ တာဝန်ယူတဲ့ကိစ္စမှာ ပေါ့လျော့မှုရှိမရှိဆုံးဖြတ်ပြီး ပေါ့လျော့တယ်လို့ ဆုံးဖြတ်လို့ ကုမ္ပဏီရဲ့ နစ်နာဆုံးရှုံးမှုတွေအတွက် အပြစ်ပေးတဲ့အနေနဲ့ အလုပ်ဖြုတ်လိုက်ပြီးပြီလေ၊ ဘာစာမှ ထပ်ဝင် ထပ်တင်နေစရာ အကြောင်းမရှိတော့ဘူး၊ မျိုးထွန်းက လက်ခံတာထားတော့ မမစန်းတို့ ဦးငြိမ်းအောင်တို့ ရှိတာပဲ၊ ကျွန်မစားပွဲအထိ ဒီကွန်ပလိန့်တွေ ရောက်လာစရာ အကြောင်းကိုမရှိတာ"

"ဟုတ်ကဲ့"





"ကျွန်မက ဖြုတ်လိုက်တာကို မကျေနပ်လို့ ကွန်ပလိန့်လုပ်ကြတာကို လက်ခံယူလာပေးတယ်ဆိုတဲ့ သဘောက မမစန်းတို့ကပါ ဒီကိစ္စကို ပြန်စဉ်းစားသင့်တယ် ထင်ကြလို့လား၊ ဟုတ်လား မမစန်း"

"အို ... အဲဒါမျိုးတွေအထိကို မတွေးမိပါဘူး မဇလပ်ရယ်၊ အဲဒီလို မဟုတ်ပါဘူး၊ ဘာရယ်မဟုတ်ဘူး၊ တခြားစာတွေနဲ့ရောပို့လိုက်မိတာပါ၊ တခြား ဘာသဘောထားမှ မပါပါဘူး"

"နောက်တစ်ခါ ဒီလိုအမှားအယွင်း မဖြစ်ပါစေနဲ့ မမစန်း"

"ဟုတ်ကဲ့ပါ မဇလပ်"

မမစန်းက မျက်နှာပျက်ပျက်နှင့် ...

"ကျွန်မ အခု ပြန်ယူသွားရမလား မဇလပ်"

"နေပါစေတော့၊ ကျွန်မပဲ လွှင့်ပစ်တော့မယ်"

"ဟုတ်ကဲ့"

မမစန်းက အခန်းထဲက ပြန်ထွက်သွားကာ ဇလပ်ဝါက သူ ခုနဖတ်နေတဲ့ စာရွက်တစ်ရှုံ့ကို စာအိတ်တွေနှင့် ပူးထပ်ကာ အလယ်မှ ထက်ပိုင်းဆုတ်ဖြဲလိုက်ပါသည်။ အဲဒီနောက် နောက်တစ်ပိုင်း နောက်တစ်ပိုင်း အထပ်ထပ် ပိုင်းဆုတ်ကာ စက္ကူစအသေးတွေဖြစ်ကုန်မှ သူ့စားပွဲဘေးမှ အမှိုက်ပုံးထဲ ပစ်ထည့်လိုက်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဇလပ်"

"……… … …"

"မြီးရှည်စားလိုက်ရအောင်လေ"

"မဆာဘူး"

"ဒါ ဆာရမယ့်အချိန်လေ၊ ဇလပ် စိတ်ထဲမှာ အလုပ်ပဲ ဖိစီးနေလို့ပါ၊ လာပါ ဇလပ်ရယ်၊ ခေါင်းထဲက အလုပ်ကိစ္စတွေ ခဏထုတ်လိုက်ပါ၊ ဟင်းရည်လေးလည်း ပူနွေးနေသေးတယ်၊ ဒါဇလပ်ကြိုက်တဲ့ "……"ဆိုင်ကလေ၊ လာပါ စားကြစို့"

ဇလပ်သည် စိတ်ကိုတင်းထားသော်လည်း ကိုကို့ကို အားတော့နာလာသည်။ ကိုယ့်စိတ်ကသာ ပြောင်းလဲအေးစက်ခြောက်ကပ်လာခဲ့ပေမယ့် တကယ်တော့ ကိုကို့မှာ ဘာအမှားမှ ရှိတာမှ မဟုတ်တာ။ အမှားမရှိတဲ့သူအပေါ် အမှားရှိတဲ့သူက တင်းမာနေဖို့မသင့်။ လုံးဝမသင့်တော်။

တကယ်တော့ ဇလပ်ဝါဟာ နှလုံးသားအတွင်းပိုင်းမှာ တစ်ကိုယ်ကောင်းစိတ် အတ္တစိတ်တွေရှိတဲ့သူ မဟုတ်ရပါ။ မှုတမှုကိုလည်း မြတ်နိုးပါသည်။ မတရားသဖြင့်တွေကိုလည်း မုန်းတတ်တဲ့သူ ဖြစ်ပါသည်။ ကိုယ်က တစ်ဖက်သတ် နိုင်ချင်သူလည်း မဟုတ်ရ။ ဒါပေမဲ့ အခြေအနေတွေက ဇလပ်ဝါကို ဤပုံစံသို့ တွန်းပို့နေခဲ့တာဖြစ်သည်။





"နော် … ဇလပ်၊ လိမ္မာတယ်၊ လာ"

"ကိုကို ဆာပြီလား"

"ဆာပြီပေါ့ ဇလပ်ရဲ့၊ ကိုကို ဘာမှမစားခဲ့ရသေးဘူး၊ ဇလပ်နဲ့မှ စားမလို့လေ"

ဇလပ်ဝါက စားပွဲနောက်မှ ထ,ထွက်လာကာ အုပ်စိုးထိုင်နေတဲ့ သုံးယောက်ထိုင် ဆိုဖာပေါ် လာဝင်ထိုင်လိုက်ပါသည်။ နေ့ဝက်မကျိုးသေးတဲ့အတွက် ကိုကို့ထံမှာ ချွေးတောင်ထွက်ပုံမရသေးပါ။ ဒါပေမဲ့ ကိုကို့နံဘေး ဝင်ထိုင်လိုက်ရတာကိုပဲ စိတ်ထဲငြိုးစိစိ ဖြစ်သွားရသည်။

တကယ်ဆို ကိုကို့ထံက ကိုကိုသုံးတဲ့ ပိုလိုရေမွှေးနံ့ကလေးတောင် သင်းသင်းရနေပါသေးသည်။ နည်းနည်းကလေးမှ မနံပေမယ့် အမွှေးနံ့ထဲမှာ ရောပါနေတဲ့ ယောက်ျားနံ့ကိုပဲ စိတ်ထဲ အလားဂျစ် ဖြစ်နေတာ။

"နေကောင်းလား ဇလပ်"

"ကောင်းပါတယ်"

"မြီးရှည်အရင်စားလိုက်နော်၊ ပြီးမှ ပြောချင်တာပြောတော့၊ အစားကို အရင်စားလိုက်ပါဦး"

"ဟုတ်ကဲ့"

ဒါကိုပဲ ဇလပ်လည်း ကြိုက်ပါသည်။ တကယ်တမ်းပြောခါနီးမှာ ပါးစပ်က မေးခိုင်နေသလို လှုပ်မရ ဖွင့်မရ လေးလံ



www.burmeseclassic.com

www.burmeseclassic.com



နေတော့တာ။ ကိုကို့ကို အားနာသည်။ သနားလည်း သနားပါသည်။ သူ့ဇလပ်ကို ချစ်ရှာတာ ဇလပ် ကောင်းစွာသိသည်။ ဇလပ် ရင်ထဲရှိတာထက် သူ့ရင်ထဲမှာ အဆမျှားစွာပိုတာ အရင်ကတည်းက နားလည်ခဲ့သားပင်။

ခုတော့ ဇလပ်ရင်ထဲမှာ ဗလာမို့ သူ့ရင်ထဲမှာရှိတဲ့ အတိုင်းအဆနှင့်ယှဉ်နေစရာ မရှိ။ အုပ်စိုး ကိုယ်တိုင် ဖွန်းနှင့်နယ်ပေး ပြင်ပေးတဲ့ မြီးရှည်ပန်းကန်ကို တစ်ဖွန်းချင်းခပ်ကာ စားနေရင်းက စကားလုံး ရွေးချယ်နေမိရာ အုပ်စိုးထံမှာ ဇလပ်ရဲ့အာရုံက လုံးလုံးမရှိပါ။

အုပ်စိုးက စိတ်နှင့် လူနှင့် မကပ်တာ သေချာနေသော ဇလပ်ဝါကို မြီးရှည်စားရင်းက တိတ်တဆိတ်ခိုး၍ အကဲခတ်နေမိပါသည်။ ခါတိုင်းဆိုရင် ဇလပ်ဝါဟာ တော်ရုံတန်ရုံ စိတ်အခန့်မသင့်၊ စိတ်တို ဖြစ်နေတာလောက်ဆိုလျှင် သူ ကြိုက်တတ်တဲ့ ရှမ်းစာလေး ဝယ်သွားပြီး ဂရုတစိုက် ကျွေးလိုက်လျှင် နည်းနည်းပါးပါး ကြည်လင်သွားတတ်မြဲပါ။

ခုတော့ စိတ်မပါ လက်မပါ အရသာတောင် မခံသယောင် လူတခြား စိတ်တခြားနှင့် မြီးရှည်ကို တစ်လုတ်ပြီး တစ်လုပ်စားလို့ ကုန်သွားတဲ့တိုင်အောင် ဘာစကားမှလဲ မပြောပါ။ ဇလပ်က ခပ်မြန်မြန် စားလို့ပြီးသွားသဖြင့် အုပ်စိုးကလည်း မပြီးသေးပေမယ့် သူစားလက်စကို ရပ်လိုက်ပါသည်။





"ကိုကို"

တစ်ရှူးနှင့် သူ့နှုတ်ခမ်းသူ သုတ်ကာ သုတ်ကာ အရှိန်ယူနေရာမှ ဇလပ်ဝါက ရုတ်တရက် ခေါ်လိုက်ပါသည်။

"ဇလပ်"

"ကိုကိုရယ် ဇလပ်ရယ် အခုကစပြီး ချစ်သူအဖြစ်က ပြတ်စဲကြရအောင်"

အုပ်စိုးသည် ရုတ်တရက် အငိုက်မိကာ ဘာစကားမှ မပြန်နိုင်။ အံ့အားတသင့်နှင့် ဇလပ်ကို ငေးစိုက်ကြည့်နေမိသည်။ ဇလပ်သည်လည်း အတော်အားယူ ပြောလိုက်ရပုံနှင့် ပြောအပြီး၌ ခေါင်းကြီးငုံ့ မျက်လွှာကြီး စိုက်ချထားပါသည်။ ဤအတိုင်း တိတ်ဆိတ်ငြိမ်သက်နေရာမှ အုပ်စိုးက စတင်ကာ ...

"ပြတ်စဲကြရအောင်၊ ဟုတ်လား ဇလပ်"

"ဟုတ်ကဲ့"

"ဘာဖြစ်လို့လဲ ဇလပ်"

"ဘာမှမဖြစ်ပါဘူး"

"ဟင် ... ဘာမှမဖြစ်ဘဲနဲ့ ကိုကိုက ပြတ်စဲရမယ် !! "

"ဟုတ်ကဲ့၊ ဇလပ် ... ဇလပ်က ပြတ်ချင်လို့ပါ"

"ဘာဖြစ်လို့လဲ ဇလပ်၊ ကိုကို့မှာ ဇလပ် စိတ်ပျက်သွားတဲ့ အပြုအမူ အဖြစ်အပျက် ရှိလာလို့လား၊ ကိုကို ဘာလုပ်လိုက်မိလို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



ဧလပ်သည် ကိုအုပ်စိုးကို အားနာပြီး မျက်ရည်တောင် လည်လာပါသည်။

"ကိုကို ဘာမှမလုပ်ဘူး"

"ဒါဖြင့် ဘာကြောင့်လဲ"

"………"

"ဧလပ်မှာ ဘာအခက်အခဲတစ်ခု ရှိနေလဲဟင်၊ ကိုကို့ကို ပြောစမ်း၊ ပွင့်ပွင့်လင်းလင်းပြော။ ကိုကို ဖြေရှင်းပေးနိုင်ပါတယ် ဧလပ်ရယ်၊ ကိုယ်တို့က အပျော်အပါး ရည်းစားထားခဲ့ကြတာမှ မဟုတ်တာ၊ လက်ထပ်ဖို့ ရည်ရွယ်ပြီးချစ်ခဲ့တာလေ၊ အခု ဒီနောက်ပိုင်း တစ်နှစ်အတွင်းမှာ အန်ကယ့်ကျန်းမာရေး အခြေအနေ ရှိလိုက်လို့သာ ခုချိန်ထိ မင်္ဂလာပွဲမကျင်းပဖြစ်ဘဲ ဒီတိုင်း ချစ်သူဘဝ ရှိနေတာ …

ပုံမှန်ဆိုရင် ကိုကိုရော ဧလပ်ရော အသက်အရွယ်တွေက လက်ထပ်သင့်တဲ့ အရွယ်ကို ရောက်ပြီးလို့ ကျော်တောင်ကျော်နေကြပါပြီ၊ အန်ကယ်က ဒီလိုအခြေအနေရှိနေပေမယ့် ဧလပ်က ခွင့်ပြုရင် ကိုကိုက တစ်လအတွင်းလည်း ညှိခံပွဲကျင်းပဖို့ အသင့်ပဲ၊ အာလုံးစီစဉ်နိုင်တယ်"

"………"

ဧလပ်က နှုတ်ခမ်းလေးကို တင်းတင်းစေ့ကာ ဝမ်းနည်းစွာ ငြိမ်သက်နေမိသည်။ ကိုအုပ်စိုးအတွက် ဝမ်းနည်းမိတာပါ။ ကမ္ဘာ့ရှူးထိုး ရှင်းလင်းချက် ထုတ်နေသော ကိုအုပ်စိုးရဲ့





စကားသံကိုနားထောင်နေရင်းက ကိုယ့်ကိုယ်ကိုယ် ပြန်ပြီးရိုက်နှက်ချင်လာတာပင်။

"ကိုကို ထင်တယ်၊ ဧလပ်မှာ စိတ်ဓာတ်ကျစရာ၊ စိတ်ရှုပ်ထွေးစရာ၊ ပြဿနာတစ်ခုခု ရှိနေလိမ့်မယ် ထင်တယ်၊ ဟုတ်လား"

"ဟင့်အင်း"

"ဧလပ်က Depression နည်းနည်းရရင် စိတ်ထွေပြားပြီး တုန်လှုပ်တတ်တယ်၊ Excited ဖြစ်ရင် စိတ်ယောက်ယက်ခတ်တယ်၊ တစ်ယောက်တည်း ဒေါသထွက် ပဋိပက္ခတွေ ဖြစ်တတ်တယ်ဆိုတာ ကိုကို သိတယ်။ အခု ဧလပ် စိတ်ညစ်စရာ ဘာရှိလဲ၊ ကိုယ့်ကိုပြော၊ ဘာပြဿနာရှိလဲ၊ ကိုယ်အားလုံး ဖြေရှင်းပေးမယ်"

အုပ်စိုးက ဘေးမှာထိုင်နေသော ဧလပ်ရဲ့လက်ဖျားလေးကိုလှမ်း၍ ဆုပ်ညှစ်ကိုင်ထားလိုက်ပါသည်။ ဧလပ်ရဲ့လက်ဖျားတွေက အေးစက်နေသည်။

"ဧလပ် နေကောင်းရဲ့လား"

"ကောင်းပါတယ် ကိုကိုရယ်"

ဧလပ်ဝါက စိတ်ရှုပ်ထွေးလာသည်။ ပြတ်စဲချင်တဲ့ သူ့ကို ကြင်နာနေ၍ သိပ်နေရခက်တာပင်။ လက်ဖျားကို အုပ်စိုးရဲ့လက်တွင်းက ရုန်းယူလိုက်သည်။

"ကိုကို့ကို ဧလပ် မချစ်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဟင်"

အုပ်စိုး အသံက တကယ့်ကို တအံ့တသြ။

"မချစ်တော့ဘူး"

ဇလပ်က စကားလုံး ပြင်လိုက်ပါသည်။ အုပ်စိုးသည် ကလေးဆန်လှတဲ့ ဇလပ်ဝါကို ကြည့်နေရင်းက နှုတ်ခမ်းက အလိုလို ပြုံးမိလာပြီ။

"ဖြစ်မှ ဖြစ်ရတယ် ဇလပ်ရယ်"

"ကိုကို့ကို ဇလပ် မချစ်နိုင်တော့လို့ ဖြတ်ချင်တာပါ"

"အချစ်ဆိုတာ အဲလိုကြီး ဘွာခတ်ပြီး ပြန်ကောက်သိမ်းလို့ရလား ဇလပ်ရဲ့"

"ရရ မရရပါ ကိုကို၊ ဇလပ် နောက်နေတာ မဟုတ်ပါဘူး၊ စိတ်ရှုပ်စရာရှိလို့ စိတ်ရှုးပေါက်ပြီး လျှောက်ပြောနေတာလည်း မဟုတ်ပါဘူး၊ ဇလပ် ကိုကို့ကို မချစ်တော့ဘူး၊ ချစ်တဲ့စိတ် ကုန်သွားပြီ၊ အဲဒါဟာ နောက်ထပ်တစ်ယောက် ထပ်ပေါ်လာလို့လည်း မဟုတ်ဘူး၊ မသိဘူး၊ အလိုလိုမချစ်တော့တာ"

"ဪ ... ဇလပ်ရယ်၊ ဇလပ်က ခုချိန်ထိ ကလေးစိတ် မပျောက်နိုင်သေးပဲကိုး"

"မဟုတ်ပါဘူး၊ တကယ် ပြောနေတာပါ၊ ရိုးရိုးလေးပါ၊ အစကတော့ ကိုကို့ကို ချစ်သလိုပဲ၊ ချစ်ပါတယ်၊ အခု





မချစ်တော့ဘူး၊ သူစိမ်းနှစ်ယောက်ဟာ ချစ်နေကြတုန်းတော့ ချစ်သူတွေပေါ့၊ အချစ်မရှိတော့ရင် အရင်အတိုင်း သူစိမ်းပြင်ပြင်ပေါ့၊ ဒါပါပဲ"

"ဇလပ်"

"........."

"ဘာတွေဖြစ်နေတာလဲ"

"ဘာမှမဖြစ်ပါဘူး ဆိုနေမှ၊ စကားပြောလို့ လက်ဝင်လိုက်တာ ကိုကိုရာ၊ ဘာမှမဖြစ်ရပါဘူး၊ ယုံပါ"

"ဟိုတလောက ဇလပ် ဒီက ပို့ကုန်တချို့ သင်္ဘောတင်တဲ့ ကိစ္စမှာ ဝန်ထမ်းတချို့ရဲ့ ပေါ့လျော့မှုနဲ့ စာရွက်စာတမ်း လိုအပ်ချက် မှားယွင်းချက်ဖြစ်ပြီး ဆုံးရှုံးမှုတစ်ခု ဖြစ်လိုက်တယ်၊ ဝန်ထမ်းခပ်များများကို အလုပ်ရပ်စဲပစ်လိုက်တယ်၊ အဲဒီကိစ္စရဲ့ ရိုက်ခတ်မှုက မသေးဘူးဆိုတာ ကိုယ်သိတယ် ...

ငွေရေးကြေးရေး ဆုံးရှုံးမှုကလည်း များတယ်၊ ဇလပ်ရဲ့စိတ်ကိုလည်း ထိခိုက်မှုရှိတယ်၊ ဒီအတွက် ဇလပ် ရင်ထဲမှာ ဒေါသတစ်မျိုး တောက်လောင်နေလိမ့်မယ်၊ အဲဒါ ဟုတ်တယ် မဟုတ်လား"

"ဟုတ်ကဲ့"

"အဲဒီ မကျေချမ်းမှု၊ ခံစားမှု၊ ဆုံးရှုံးမှုတွေအတွက် ဇလပ် အပြည့်အဝ အနားယူတဲ့ ခရီးတစ်ခုထွက်လိုက်ရင် ကောင်း



www.burmeseclassic.com

www.burmeseclassic.com



မယ်ထင်တယ်၊ တစ်လတန်သည်လောက် နားလိုက်ပါလား ဧလပ်၊ အန်ကယ့်အတွက် သောက,ကလည်း ဧလပ်ရင်ထဲမှာ နစ်ချိုကြာနေပြီလေ၊ တစ်ကိုယ်ရည် မိန်းမသားတစ်ယောက်အနေနဲ့ စိတ်ဖိစီးမှုတွေ မှုဝေစရာလူလည်း မရှိသလို ဖြစ်နေတယ်၊ ဧလပ် နားသင့်တယ် ...

ဒီကအလုပ်တွေ ရပ်မသွားအောင် ကိုယ် ကူညီပြီး မေးလုပ်ပေးထားမယ်၊ လိုတာလောက်ပဲ ဖုန်းဆက်ပေးမယ်လေ၊ Beach တစ်ခုခုဖြစ်ဖြစ် စင်ကာပူလောက်ဖြစ်ဖြစ် ခရီးလေး ထွက်လိုက်ပါလားဟင် ... ဧလပ်"

ခက်လိုက်တာ။

သောက,က သောက။ ဖိစီးမှုက ဖိစီးမှု။ ခံစားချက်က ခံစားချက်။ ကိုကို့ကို မချစ်တော့တာက မချစ်တော့တာ။ အားလုံးဟာ သူ့ဟာနဲ့သူ တစ်ခုစီ။ သတ်သတ်စီ။

"ဧလပ် ဘယ်သွားချင်လဲ။ ကိုယ် အဲဒီ Trip ကို စီစဉ်ပေးလိုက်မယ်လေ"

"ဟင့်အင်း"

"တစ်နေရာသွားပြီး ခေါင်းရှင်း အနားယူပါ"

"မလိုပါဘူး ကိုကို၊ လုံးဝမလိုဘူး၊ ဧလပ် လိုချင်တာက ခရီးထွက်ဖို့ မဟုတ်ဘူး၊ ကိုကိုနဲ့ပြတ်ဖို့၊ ကိုကိုနဲ့ပြတ်ရရင်တော်ပြီ"





စိတ်ရှည်သည်းခံနိုင်လှတဲ့ အုပ်စိုးပင် နည်းနည်းတော့ အောင့်သက်သက် ဖြစ်လာပါသည်။ သက်ပြင်းရှည်တစ်ချက်ချပြီး ဧလပ်ကို ငေးကြည့်နေမိသည်။

"တောင်းပန်ပါတယ် ကိုကို၊ ခုလိုစကားမျိုး မပြောချင်ပါဘူး၊ အားလည်းနာပါတယ်၊ တကယ်ကို ဖွင့်ပြောမှဖြစ်မှာမို့ပါ၊ ကိုကို့ကို မချစ်တော့တဲ့ အချိန်မှာ ကိုကိုက ဧလပ်ရဲ့ချစ်သူတစ်ယောက်အဖြစ် အနီးအဝန်းမှာ ရှိနေတာကိုက စိတ်အနှောင့်အယှက် ဖြစ်စရာ ဖြစ်နေတာပါ၊ ကိုကိုနဲ့ဘာမှ မပတ်သက်ဘူးလို့ သဘောထားနိုင်မှ ရင်ထဲက အစိုင်အခဲတွေ ပေါ့သွားမှာ"

"ကဲ ... အဲဒါဆိုလည်း မပတ်သက်ဘူးလို့ သဘောထားလိုက်လေ"

"ဒါ ပြတ်ပြီဆိုတဲ့ သဘောလား"

"ဘာသဘောလဲတော့ ဧလပ် သတ်မှတ်ချင်သလို သတ်မှတ်၊ လောလောဆယ် ဧလပ် စိတ်ပေါ့သွားရင် ပြီးတာပဲမဟုတ်လား"

"တကယ်ပြတ်မှ တကယ်ပေါ့မှာ"

ခေါင်းမာသော မိန်းမဆိုးပါလား။ အုပ်စိုးသည် ခေါင်းတောင်ကိုက်ချင်လာသည်။

"အဲဒါဆိုလည်း တကယ်ပြတ်တယ် ထားလိုက်"



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆိုရင် ကိုကို ဇလပ်ဆီ နောက်ဘယ်တော့မှ မလာနဲ့တော့"

"ဟား"

"ဟုတ်တယ်လေ၊ ဘာအတွက် လာနေမှာလဲ၊ ဖုန်းလည်း မဆက်နဲ့"

"ကိုယ်တို့က ချစ်သူမဖြစ်ခင်ကတည်းက မိတ်ဆွေဖြစ်ထားတယ်လေ၊ မိတ်ဆွေဆိုတဲ့ ပတ်သက်မှုကလည်း ဖုန်းဆက်လို့ ဝင်ထွက်လို့ ရတယ်"

"ဒါပေမဲ့ ချစ်သူအဖြစ်ကပြတ်ပြီး နောက်ဆုတ်ပါတယ်ဆိုမှ မိတ်ဆွေလို ဆက်ဝင်ထွက်နေရင် အမျှင်တန်းပြီး ဖယားရှုပ်တာပေါ့၊ ကိုကို့စိတ်ကလည်း မပြတ်ပဲ နေလိမ့်မယ်၊ လုံးဝမတွေ့ကြတော့ပဲ အပြီးဖြတ်တာ ကောင်းတယ်"

အုပ်စိုးက နည်းနည်းတင်းချင်လာကာ ...

"ဘာအကြောင်းပြချက်မှ မရှိပဲ မိတ်ဆွေလိုတောင် မဆက်ဆံရတော့ဘူး ဆိုတာက လွန်လွန်းအား မကြီးဘူးလား ဇလပ်၊ ဇလပ် စိတ်ရှုပ်နေတယ်ဆိုပြီး ဇလပ်အလိုကိုလိုက်လျောတာ သက်သက်ပါ။ ကိုကိုက ဇလပ်ကိုချစ်တယ်၊ ဇလပ်ချစ်ချစ် မချစ်ချစ် ကိုကိုက ချစ်နေတဲ့သူလေ၊ သံယောဇဉ်အမျှဉ်တန်းရုံမကဘူး၊ အဲဒီအမျှင်တွေက ဇလပ်ကို တစ်သက်လုံး ရစ်ပတ်ပြီး တုပ်နှောင်ထားမှာ"





"ဟင့်အင်း ... မရဘူး၊ ဇလပ် မလိုချင်ဘူး"

"ဇလပ် လိုချင်ချင် မလိုချင်ချင် ကိုယ် ဇလပ်ကိုချစ်တယ်၊ ဘာကမှ လာဖျက်လို့ မရဘူး ဇလပ်၊ အခု ဇလပ် စိတ်တွေအရမ်းရှုပ်ထွေးနေပုံရတယ်၊ တစ်ခုခုကို ပေါက်ကွဲချင်နေတဲ့ အချိန်မှာ ကိုယ်က လောင်စာတစ်ခု မဖြစ်ချင်ပါဘူး၊ စိတ်အေးအေးထားပါ ဇလပ်၊ အချိန်တွေ အများကြီး ရှိပါတယ်၊ မနက်ဖြန်မှာ ကမ္ဘာကြီးပျက်တော့မှာလည်း မဟုတ်ပါဘူး ...

အရမ်းသွေးမဆူပါနဲ့၊ ဇလပ်မှာ Stress တွေများနေပုံရတယ်၊ အဲဒီအချိန်မျိုးမှာ ကိုယ်ကလည်းတစ်မှောင့် ဖြစ်မနေစေချင်လို့ လောလောဆယ် ဇလပ် သဘောအတိုင်းပဲထား၊ ကိုယ်ယာယီလက်ခံထားလိုက်မယ်၊ အဲဒါအပြင် ကိုယ့်ကို ဒီထက်တင်းကျပ်ဖို့ ချောင်ထဲတွန်းပို့ဖို့ မကြိုးစားပါနဲ့"

ပြောရင်းက အုပ်စိုးက ခေါင်းကို အသာအယာယမ်းခါမိသည်။ မှုန်နေတဲ့ ဇလပ်ဝါရဲ့ မျက်နှာလေးကို တစ်ချက်ငေးကြည့်ပြီး နေရာမှ ထ,ရပ်ကာ ...

"ကိုကို ပြန်မယ် ဇလပ်"

ဘာတုံ့ပြန်သံမှ ထွက်မလာတဲ့ ဇလပ်ရှေ့မှ အုပ်စိုးထွက်လာခဲ့သည်၊ ရုံးခန်းရှိရာ ကွန်ဒိုရဲ့ အောက်ဆုံးထပ် ကားပါကင်ထဲရောက်လျှင် ကားပေါ်ခပ်ကြမ်းကြမ်းတက်၊ ကားကိုခပ်ကြမ်းကြမ်း ကွေ့ထွက်လိုက်တဲ့ အုပ်စိုးသည် သူ့ကားရပ်ထားရာ



www.burmeseclassic.com

www.burmeseclassic.com



လေးထောင့်အုတ်တိုင်လုံးကြီးရဲ့ အကွယ်တစ်နေရာကနေ ရှေ့ကို လျှောက်ထွက်လာတဲ့ လူရိပ်တစ်ခုကိုအမြင် ကားကို တုံ့ခနဲဘရိတ် အုပ်ပစ်လိုက်ရပါသည်။

"အမယ်လေး"

သူ့ကားကိုလည်း တုံ့ရစ်၊ ထွက်လာသူကလည်း အရှိန်သတ်။ သို့ပေမယ့် ထိုသူဟာ ဟန်ချက်ပျက်ကာ ကားနှင့် တိုက်မိတာ မဟုတ်ဘဲ သူ့ကားနံဘေးမှာ ခွေခနဲလေး လဲကျသွားပါသည်။ လူကနှစ်ယောက်။ ခွေကျသွားတာက မိန်းကလေး ဖြစ်ပြီး ဘေးကပါသော ယောကျ်ားလေးက မိန်းကလေးကို ထုန်း၍ ဖေးမတွဲထူလိုက်ပါသည်။ အုပ်စိုးက ကားတံခါးဖွင့်ဆင်း လိုက်ပြီး ကားညာဘက်ဦးထိပ်နားက သူတို့ဆီ သွက်သွက်လျှောက် လာကာ ...

"ဘာများဖြစ်သွားလဲ ခင်ဗျာ"

ယောကျ်ားလေးက မော့ကြည့်လာကာ ...

"ဘာမှမဖြစ်ပါဘူး အစ်ကို၊ သူ ရှောင်ရင်း ခြေခွင်လဲတာ ပါ၊ ကိစ္စမရှိပါဘူး"

"ဘာလို့မဖြစ်ရမှာလဲ၊ နာတယ်ဟဲ့"

ကောင်မလေးက ကောင်လေးကို ရန်စွာလိုက်သလို သူ့ကို ဘာမှမဖြစ်ဘူးပြောတဲ့ ကောင်လေးရဲ့ငယ်ထိပ်ကို လက် ဆစ်နှင့် ဆတ်ခနဲ ခေါက်ချလိုက်လေရာ ကောင်လေးက ရယ်ကျဲ ကျဲလေးနှင့် ...





"ကားနဲ့ မတိုးမိဘူးလို့ ငါကပြောတာပါဟ"

"မတိုးမိပေမယ့်လည်း ထိခိုက်သွားသေးလား၊ ထ,နိုင်ရဲ့ လားခင်ဗျ၊ ဆေးခန်းပို့ပေးရမလား ညီမလေး"

"ဆေးခန်းသွားမလား၊ သိပ်နာလား ပိုးအိမ်"

"မသွားဘူး၊ နာတော့ နာပေမယ့် ဆေးခန်းတော့မသွား လောက်ပါဘူး၊ ကဲ ... ငါ့ကိုထူ"

ကောင်လေးက အရင်ထကာ ကောင်မလေးကို ဆွဲ ထူလျှင် ကောင်မလေး အားပြုရပ်ကာ ခြေနှစ်လှမ်းလောက် လှမ်း ကြည့်ရင်း ...

"ရပါတယ်၊ သိပ်မနာဘူး"

"အစ်ကို ရတယ်၊ သွားစရာရှိတာ သွားပါ၊ ကိစ္စမရှိပါဘူး ခင်ဗျ"

"ဟုတ်ကဲ့ ... ဒါဖြင့် ခွင့်ပြုဦးနော်"

အုပ်စိုးက ကောင်လေးရော ကောင်မလေးရောကို ပြုံး၍ နှုတ်ဆက်လိုက်ပါသည်။

❖ ❢ ❖



www.burmeseclassic.com

www.burmeseclassic.com



## အခန်း ၄

"လူစုံပါပြီ မမ၊ အင်တာဗျူးစလို့ ရပါပြီ"

ဇလပ်ဝါရဲ့ရုံးခန်းက ကွန်ဒိုနှစ်ခန်းတွဲ။ ဝန်ထမ်းတွေက လုပ်ငန်းခွဲခေါင်းစဉ်တွေအလိုက် သီးသန့်စီဖြစ်ကာ ဟိုဘက်ခန်းနှင့် ဒီဘက်ခန်း မျှ၍နေရာချထားတာပါ။ တစ်ဖက်မှာ ဇလပ်ရဲ့ရုံးခန်းရှိပြီး အဲဒီရုံးခန်းထဲကနေ ဟိုဘက်တစ်ဖက် ကွန်ဒိုခန်းဆီ ကူးနိုင်တဲ့ အတွင်းတံခါးတစ်ပေါက် ဖောက်ထားသည်။ ဇလပ် တစ်ဦးတည်းသုံးတဲ့ တံခါးပါ။

ထိုတံခါးကိုဖွင့်၍ ကူးဝင်လိုက်လျှင် ဟိုဘက်မှာရှိတဲ့ အစည်းအဝေးခန်းထဲ ရောက်ပါသည်။

"လူဘယ်နှယောက်လောက်ရှိလဲ"

"နှစ်ဆယ့်တစ်ယောက်ပါ"

"အများကြီးပါလား"



"ဟုတ်ကဲ့"

"ဒါတောင် ဦးစိုး တစ်ကြိမ် အင်တာဗျူးလုပ်ပြီး လူဖြတ်ချ ရွေးထားပြီးသားနော်"

"ဟုတ်ကဲ့၊ လူတစ်ရာသုံးဆယ်ထဲက နှစ်ဆယ့်တစ်ယောက်ပဲ အန်ကယ် ရွေးလိုက်တာပါ၊ အခုခန့်မယ့်နေရာက ကိုးနေရာပါ"

ဝန်ထမ်းလေးက ဖိုင်လ်တစ်ခုကို အသင့်လှန်ကာ ဇလပ် ကြည့်ရန် ချပေးရင်း ...

"ဌာနခွဲတာဝန်ခံ သုံးယောက်၊ လက်ထောက်ဌာနခွဲတာဝန်ခံ သုံးယောက်၊ လက်ထောက်စာရင်းကိုင် သုံးယောက်ပါ"

"အင်း ... အားလုံး တစ်ပြိုင်နက်တည်း အခန်းထဲထည့်ထားလိုက်ပါ"

"ဟုတ်ကဲ့"

ဝန်ထမ်းမိန်းကလေးက ဇလပ် ထ,ရပ်လိုက်၍ ခေါင်းညွတ်ကာ ပြန်လှည့်ထွက်သွားပါသည်။ ဇလပ်က ချိတ်ထားတဲ့ ဖက်ဖူးစိမ်းရောင်တောက်တောက် ကုတ်အင်္ကျီလေးကို ကောက်ယူဝတ်လိုက်ပါသည်။ အနက်ရောင်အပျော့စ ဝမ်းဆက်ဝတ်စုံနှင့် အပေါ်က ကုတ်ဖက်ဖူးစိမ်းလေး ဝတ်ထားတဲ့ ဇလပ်ဝါရဲ့အသွင်သဏ္ဌာန်က ထင်းရှင်းလင်းလက်နေပါသည်။

www.burmeseclassic.com

www.burmeseclassic.com



မတိုမရှည် ဆံပင်ခွေတွေကို နောက်ဘက် အပြောင် သိမ်းစုယူကာ စည်းနှောင်ထား၍ မျက်နှာလေးက ရှင်းထွက်နေသည်။ ဖုန်းကို အသံဆိုင်းလဲန့်ထားလိုက်ပြီး လိုအပ်တဲ့စာရွက်ထပ်နှင့်အတူ လက်ထဲကိုင်ကာ တစ်ဖက်ခန်းကူးတဲ့ တံခါးကိုဆွဲဖွင့်လှမ်းဝင်လိုက်ပါသည်။

ဟိုဘက် ကွန်ဒိုခန်းရဲ့ အစည်းအဝေးခန်းထဲမှာ လူစုံနေပါသည်။ ဦးစိုးနှင့် ဒေါ်မြင့်မြင့်ခင် အကြား စားပွဲထိပ်ထိုင်ခုံမှာ ဝင်ထိုင်လိုက်တဲ့ ဇလပ်ဝါကို အခန်းထဲ နေရာယူထားတဲ့ အလုပ်လျှောက်သူများက တိတ်ဆိတ်ငြိမ်သက်စွာ အကဲခတ်နေကြပါသည်။

သူတို့ကလည်း ကိုယ့်ကို အကဲခတ်သလို ကိုယ်ကလည်း သူတို့အားလုံးကို မျက်စိတစ်ချက်နှင့် ခပ်လျှမ်းလျှမ်း ဝဲအကြည့်။ ထောင့်နားက ယှဉ်ထိုင်နေတဲ့ ကောင်မလေးတစ်ယောက်နှင့် ကောင်လေးတစ်ယောက်ထံ အာရုံက စိုက်ကျသွားရသည်မှာ ကောင်မလေးက ကောင်ကလေးရဲ့ငယ်ထိပ်ကို ခေါက်ခနဲ ခေါက်လိုက်၍ပင်။

ဇလပ်ဝါက မျက်မှောင်ကုတ်သွားရပါသည်။

အတော် အနေအထိုင် ကျခြေမရတဲ့ ကောင်မလေးပါလား။ လင်မယားအထိ တော်စပ်တယ်ထားဦးတော့၊ သူတို့အင်တာဗျူးဖြေဖို့ ရောက်နေတဲ့ ရုံးခန်းထဲက လူကြီးရဲ့ရှေ့ အပိုး





ကျိုးကျိုး မနေနိုင်ပဲ ထိပ်ခေါက်လား၊ ပြုလား လုပ်နေရတယ်လို့။ တော်တော် စိတ်ပျက်ဖို့ကောင်းတဲ့ အပြုအမူပဲ။

ဇလပ်ဝါရဲ့မျက်လုံးက အဲဒီနှစ်ယောက်ထံ စိုက်နေစဉ်။

"ငြိမ်ငြိမ်နေစမ်း ပိုးအိမ်ရာ၊ နင်က နေရာကိုမရွေးဘူး"

"နင်ဘာလို့ သူ့ခေါင်းမှုကို ငမ်းလဲ"

"ဘယ်မှာငမ်းလို့လဲ"

"မျက်လုံးက ပြူတ်ကျတော့မယ်၊ ဂျာလယ် ဂျာလယ်ဖြစ်နေပြီ။ ငါ ထိပ်ခေါက်လိုက်မှ နေရာတကျ ပြန်ငြိမ်သွားတာ"

"စကားမများနဲ့"

မြတ်နိုးနှင့် ပိုးအိမ်သည် သွားကြားကထွက်သော လေသံဖျဖျနှင့် ရန်ဖြစ်လျက်ရှိလေသည်။ သူတို့ထိုင်နေရာက လူကြီးတွေရဲ့စားပွဲနှင့် ရှေ့တည့်တည့် မဟုတ်ဘဲ ဟိုဘက်အစွန်ကျကျမို့ ရှေ့ကလူကိုကွယ်ကာ ခိုးပြီးစကားများနေတာပင်။

"နင် ဆရာ မလုပ်နဲ့"

"ဟိုမှာကြည့်နေပြီ"

"ကြည့် ... ကြည့်"

"ဟာ ... ပိုးအိမ်နော်၊ နင်တော့ အလုပ်မရဖို့က များနေပြီ"

"ဂရုမစိုက်ပါဘူး"

"ရွတ်"



www.burmeseclassic.com

www.burmeseclassic.com



မြတ်နိုးသည် သူတို့နှစ်ယောက်ထံ တကယ်လှမ်းစိုက်ကြည့်နေသော ကုမ္ပဏီပိုင်ရှင် သူဌေးမကို သတိပြုမိကာ ပိုးအိမ်ကို ရှုတ်ခနဲ တားလိုက်ရပါသည်။ အရှိန်မသတ်နိုင်သေးတဲ့ ပိုးအိမ်ကတော့ သူနဲ့ကပ်လျက်ဘက်က မြတ်နိုးရဲ့လက်မောင်းတစ်ဖက်ကို ထပ်ဆိတ်လိုက်ပါသေးသည်။

ပိုးအိမ်က ပျော်ကိုပျော်နေတာ။ စိတ်ကိုရွှင်နေတာ။ ဘာကြောင့်လဲဆိုတော့ မြတ်နိုးနှင့် နှစ်ယောက်အတူတူ တတွဲတွဲ သွားလာနေရ၍ပင်။ အကြံပိုင်လှတဲ့ ပိုးအိမ်ဟာ လက်ရှိသူ့အလုပ်ရှင်ထဲက (တကယ်မရှိသော) စိတ်ပျက်ဖွယ်ရာ နိုင်လိုမင်းထက်ဗိုလ်ကျမှုတွေ၊ ပစ်ပယ်ချောင်ထိုးမှုတွေ၊ အထက်ဖားအောက်ဖိမှုတွေ သူ့ကို မနာလိုကုန်းတိုက်မှုတွေ ခပ်များများ လုပ်ကြံဖန်တီးပြောဆိုပြီးသကာလ ...

"မြတ်နိုးတောင် အခု အလုပ်ပြောင်းမလို့၊ ကုမ္ပဏီတစ်ခုမှာလျှောက်ဖို့လုပ်နေတယ်။ အဲဒီက လူလည်းခပ်များများခေါ်နေတာ၊ လစာလည်း ကောင်းတယ်တဲ့၊ ရာထူးတွေလည်းကောင်းတယ်၊ ပိုးအိမ်ပါ အဲဒီမှာ လိုက်လျှောက်ချင်တယ်ဘွားဘွား၊ မြတ်နိုးနဲ့ တစ်ရုံးတည်းဆိုရင် ဘယ်သူမှလဲ အနိုင်ကျင့် ဗိုလ်ကျမရဘူး၊ ကိုယ့်လူကိုယ့်အဖွဲ့ရှိတော့ အလုပ်လုပ်ရတာ အားရှိတယ်"

"ညည်း အလုပ်မလုပ်ချင်လည်း ထွက်လို့ရတယ်နော်၊ ဘယ်သူကမှ ညည်းကို ရိုက်နှက်ပြီး အလုပ်မလုပ်ခိုင်းဘူး"





"ဒါပေမဲ့ လူမှန်ရင် အလုပ်တစ်ခုခုတော့ လုပ်ရမှာပေါ့ဘွားဘွား၊ ဘွားဘွားတို့ကရော ဘယ်လောက်ချမ်းသာနေလို့လဲ၊ ဘာစီးပွားရေးလုပ်ငန်းမှ ရှိတာမဟုတ်ဘူး၊ ရွှေအပေါင်ခံ ငွေတိုးချေးစားတဲ့ အလုပ်လေး ရှိတာ"

"ဟဲ့ ... ဒီအလုပ်ကို ညည်း အထင်မသေးနဲ့၊ ဒီဝင်ငွေနဲ့ပဲ အိမ်စရိတ်လည်း ကာမိ၊ စုတောင်ထပ်စုဆောင်းနိုင်သေးတာ၊ နှစ်ပေါင်းများစွာ ငါတို့ အိုသေတော့မယ်"

"ဘာပဲဖြစ်ဖြစ် ပိုးအိမ်တို့က သူဌေးမျိုးရိုးကြီးတွေ အရမ်းချမ်းသာကြွယ်ဝတာကြီးတွေမှ မဟုတ်တာ ဘွားဘွား၊ ပိုးအိမ် လက်ထပ်မယ့် ချစ်သူကလည်း သာမန်လူတန်းစားတစ်ယောက်ပဲလေ၊ အလုပ်တစ်ခု လုပ်ကိုလုပ်ရမှာ၊ လုပ်ရင်းနဲ့လည်း ကိုယ့်ဘဝတိုးတက်မယ့် လမ်းစကို ဒီလိုပဲရှာဖွေလမ်းဖောက်သွားရမှာပဲ"

ညာတာပါတေး ပြောဆိုကာ ခွင့်ပြုချက် ရယူပြီးဟိုဘက်အလုပ်ကခွင့်ယူ၊ ဒီဘက်အလုပ်လျှောက်တဲ့ ကိစ္စတွေလုပ်။ အိမ်ကနေ အလုပ်ကိစ္စနှင့် ကိုယ့်ဘာသာထွက်လာကာ လမ်းမှာ မြတ်နိုးနှင့်ဆုံ၊ အတူလာ။ ဟား ဟား ... အဆင်ကိုပြေလို့။ ဒီရုံးကို လာစုံစမ်းရင်း လျှောက်လွှာလာယူတာတစ်ခါ။ အလုပ်လျှောက်လွှာလာတင်တဲ့နေ့ကတစ်ခါ၊ ဒီနေ့ လူခေါ်တွေ့လို့ အင်တာဗျူးဖြေဖို့ လာရတာတစ်ခါ၊ သုံးခါတောင်လာခဲ့ရပြီးပြီ။



www.burmeseclassic.com

www.burmeseclassic.com



ချစ်သူနှင့်တွဲကာ သွားလာနေရတာကို မပျော်ပဲ ဘယ်သူ ရှိပါ့မလဲ။ ဒါကြောင့် ပိုးအိမ်တစ်ယောက် ရှင်သွက်တက်ကြွနေတော့တာပင်။ မျက်နှာပိုးမသေဘဲ ပြုံးစပ်စပ်နှင့် မရိုးမရွဥ်ဖြစ်နေတဲ့ ပိုးအိမ်နှင့် ဒီနေရာမျိုးမှာ လူကြီးဆန်ဆန် ဣန္ဒြေရရနေရမည်ဆိုတာ နားလည်ပြီး ပိုးအိမ်အပြုအမူကို နည်းနည်းစိတ်အနှောင့်အယှက် ဖြစ်နေတဲ့ရုပ်နှင့် မြတ်နိုးတို့ကို ဇလပ်ဝါ မျက်တောင်မခတ် ကြည့်နေဆဲပင်။

မြတ်နိုးက မျက်လွှာချလိုက်ရင်း နှုတ်ခမ်းမလှုပ်ဘဲ ...

"ကြည့်နေတယ်နော်၊ ငြိမ်ငြိမ်နေစမ်း"

"နင်က သွားငမ်းတော့ နင့်ကိုလည်း သူက ပြန်ရိုတ်နေတာပေါ့ ... အဟိ"

ဇလပ်ဝါသည် မျက်နှာထားတည်တည်နှင့် သူတို့နှစ်ယောက်ကို စိုက်ကြည့်နေရင်းက စိတ်ထဲမှာ အလိုလိုပင် ရှောင်မလေးကို အရှဉ်ပေါက်မိ၍ကောင်ကလေးကိုတော့ နှစ်လိုစိတ်တစ်မျိုး ဆန်းကြယ်စွာ ဖြစ်ပေါ်သည်။

"ဦးစိုး"

"ဟုတ်ကဲ့ ... မဇလပ်"

"ကျွန်မက သူတို့စိတ်နေသဘောထားလေးတွေပဲ နည်းနည်းပါးပါးလောက်ပဲ မေးကြည့်ပါမယ်၊ ကျန်တာ အလုပ်ပိုင်းဆိုင်ရာတော့ ဦးစိုးပဲ မေးပါ"





"ဟုတ်ကဲ့"

"မမ ဒေါ်မြင့်မြင့်ခင်လည်း လိုတာဝင်မေးပေးပါ"

"ဟုတ်ကဲ့"

"ဒါဖြင့် ကျွန်မ သူတို့ကို နည်းနည်းစ,စကားပြောကြည့်မယ်"

"ဟုတ်ကဲ့ ... စီရိယယ်လ်အတိုင်း ခေါ်လိုက်မယ်လေ"

"ဟင့်အင်း ... မခေါ်နဲ့ မမ၊ စိတ်ကူးပေါက်သလို ပျောက်သောက်ပဲ ဖောက်မေးကြည့်မယ်၊ နည်းနည်းအလုပ်သဘောမဆန်ဘဲ Relex ဆန်ရင် စိတ်ထဲကဟာတွေ ပိုသိရမလားလို့"

ဇလပ်ဝါက ခုနက နှစ်ယောက်ထံ လှမ်းကြည့်ရင်း ...

"ဟိုးထောင့်ကတစ်ယောက်၊ အကျီအဖြူနဲ့ ကောင်မလေး"

လက်ညှိုးညွှန်ကာ လှမ်းပြောလိုက်လျှင် ဒေါ်မြင့်မြင့်ခင်က လူနှင့် အလုပ်လျှောက်လွှာက လိုင်စင်ဓာတ်ပုံကို တိုက်ကြည့်ရင်း ...

"ခင်ပိုးအိမ်"

နာမည်တပ်ခေါ်လိုက်ပါသည်။

ပိုးအိမ်က သူ့ရင်ဘတ်လေး သူဖိပြ၍ သူ့ကိုခေါ်တာလားဆိုတဲ့ ပုံသဏ္ဌာန်လေးလုပ်ရင်း အားလုံးကိုကျော်ကာ သူ့ကိုစ,ခေါ်လိုက်တာအတွက် အံ့အားတသင့် အူတိအူကြောင်



www.burmeseclassic.com

www.burmeseclassic.com



လေး ဖြစ်နေရာက မြတ်နိုး ပခုံးကို လှမ်းတို့ပြီး အတူထ,လိုက်လာဖို့ ခေါ်လိုက်ပါသည်။

သူတို့အားလုံးက ဟိုးနောက်ဘက်နံရံနား ထိုင်နေကြရတာဖြစ်ပြီး ရှေ့ကလူကြီးသုံးယောက်နဲ့ မျက်နှာချင်းဆိုင် စားပွဲရှည်ခြားထားတဲ့ ကုလားထိုင်ဆီ သွားထိုင်ရမှာပါ။ ကုလားထိုင်ကလည်း နှစ်လုံးချထားသည်။ အတော်ပဲပေါ့။ တစ်လုံးတည်းဆိုရင်တောင် တစ်ယောက်က မတ်တတ်ရပ်နေရဦးမည်ဖြစ်နေသည်။

ပိုးအိမ်က ထိုင်နေရာမှ ထ,ထွက်ရင်း ပါမလာတဲ့ မြတ်နိုးကိုလှည့်ကာ ...

"ဟဲ့ ... လာလေ"

အားလုံးဟာ မျက်စိနောက်စဖွယ် တစ်ယောက်တည်း ရှုပ်ယှက်ခတ်နေတဲ့ ပိုးအိမ်ကို ကြည့်နေကြပါသည်။ ထပ်ခေါ်လိုက်ချိန်မှာ ထ,ထွက်လိုက်လာတဲ့ မြတ်နိုးကိုမြင်လျှင် ဧလပ်ဝါက မျက်မှောင်ကုတ်သွားရရင်း ...

"ခင်ပိုးအိမ်တစ်ယောက်ကိုပဲ ခေါ်တယ်နော်"

ပိုးအိမ်ရပ်က "သိပါတယ်၊ အသာနေပါ" ဆိုတဲ့ရုပ်။ မြတ်နိုးကတော့ ခပ်ရှိန်ရှိန်နှင့်သာ ဧလပ်တို့စားပွဲရှေ့ ရောက်လာသည်။ ဧလပ်သည် အသားဖြူဖြူ မျက်ခုံးနက်နက် ရုပ်ကလေး ဝင်းဖန့်သန့်ပြန့်လှတဲ့ မြတ်နိုးကို စူးစူးရဲရဲကြည့်ကာ ...





"မင်းကို မခေါ်ဘဲ မင်းက ဘာကိစ္စလိုက်လာတာလဲ"

ဦးစိုးကလည်း ဧလပ်ဝါ စိတ်တိုသွားမှာ စိုးရိမ်ကာ...

"ကိုယ့်နေရာကိုယ် ပြန်ထိုင်ပါ၊ သွား ... သွား"

;ပိုးအိမ်က အပြုံးမပျက် မျက်နှာလေးနှင့်ပင် ယှဉ်ရပ်နေသော မြတ်နိုးကို တံတောင်နှင့်တစ်ချက် တွက်လိုက်ရင်း ...

"ပြောလိုက်လေ"

ပိုးအိမ်ရဲ့ပိုင်နိုင်လှတဲ့ပုံစံကို အမြင်ကတ်နေတဲ့ကြားကပင် ဧလပ်ဝါပင် စိတ်ဝင်စားလာရသည်။ အကြင်ကောင်ကလေး မည်သို့တုံ့ပြန်မှာပါလိမ့်။

မြတ်နိုးက ခေါင်းငုံ့ရှိုးတိုးရှန့်တန့် ရှိရာမှ ဧလပ်ဝါကို တစ်ချက် ဦးညွှတ်ပြုံးပြလိုက်ပုံလေးက တရိုတသေလေးပါ။ ပိုးအိမ်ဘက်လည်း အပြုံးနှင့်ပင် တစ်ချက်ငဲ့ကြည့်ရင်း ...

"ဟို ... ကျွန်တော်တို့နှစ်ယောက်က နှစ်ယောက်လုံးအလုပ်ရမှ ဝင်ဖြစ်မှာမို့လို့ပါခင်ဗျာ၊ အဲဒါကြောင့် အဲဒါလေးပြောပြဖို့ ကျွန်တော်ပါ အတူလာလိုက်တာပါ"

ဧလပ်ဝါက ဘောလ်ပင် ဖင်ထိပ်များကို နှုတ်ခမ်းမှာထောက်ရင်း ကောင်လေးကို အသည်းတယားယား ကြည့်နေမိသည်။

"ဟ ... ဒါ အလုပ်ခွင်လေ၊ ကလေးကစားကွင်း မဟုတ်ဘူး၊ မင်းတို့က သူပါရင် ငါပါမယ်၊ နင်မပါရင် ငါမပါ



www.burmeseclassic.com

www.burmeseclassic.com



ဘူး လာလုပ်လို့ မရဘူး၊ ရွေးချယ်တာက ဦးတို့စိတ်သဘော ဆန္ဒအလျှောက် အလုပ်နဲ့သင့်တော်ခြင်း မတော်ခြင်းနဲ့ပဲ စဉ်းစားဆုံးဖြတ်မှာ”

“ဟုတ်ကဲ့ပါ ခင်ဗျ၊ ဆုံးဖြတ်လိုက်လို့ တစ်ယောက်မပါဘူးဆိုရင်တော့ ကျွန်တော်တို့ နှစ်ယောက်လုံးကို ဖြုတ်ပေးပါလို့”

ပိုးအိမ်က မြတ်နိုး ပြောစကားကို နှစ်သက်သဘောတူလှတဲ့ရုပ်နှင့် …

“ဟုတ်ပါတယ် အန်ကယ်၊ အဲဒီလိုပါ”

“အဲဒီလို မရဘူး၊ မင်းတို့က အလုပ်တောင် မခန့်ရသေးဘူး၊ ရုံးရဲ့စည်းကမ်းကို မင်းတို့က လိုက်နာတာ မဟုတ်ဘဲ မင်းတို့ရဲ့စည်းကမ်းကို ငါတို့က လိုက်နာရမှာလို ဖြစ်နေပါလား”

“ဟို … ကျွန်တော်”

“ဦးစိုး နေပါစေ၊ သူတို့နှစ်ယောက်ကို မေးကြည့်ရအောင်”

ဖေလပ်က ဦးစိုးကို လှည့်ပြောလိုက်ပါသည်။ တစ်ဆက်တည်း …

“ကဲ … ထိုင်၊ နှစ်ယောက်လုံး”

“ဟုတ်ကဲ့”

“ဟုတ်ကဲ့”





မြတ်နိုးရော ပိုးအိမ်ပါ မျက်နှာချင်းဆိုင် ကုလားထိုင်နှစ်လုံးမှာ ဝင်ထိုင်လိုက်ပါသည်။

“မင်းနာမည်က ဘယ်သူလဲ”

“မြတ်နိုးပါခင်ဗျာ”

“နှစ်ယောက်အတူတူမှ အလုပ်ဝင်မယ်ဆိုတာ ဘာသဘောလဲ၊ ရှင်းပြပါဦး”

“ဟို … နှစ်ယောက်တူတူဆိုတော့ …”

“ပိုးအိမ်ကို သူ စောင့်ရှောက်နိုင်အောင်လို့ပါ မမ”

ဝင်ဖြေလိုက်သော ပိုးအိမ်ကို ဖေလပ်ဝါက လှမ်းကြည့်လိုက်ပါသည်။

“ရုံးသွား ရုံးပြန်လည်း တူတူသွားလို့ ပြန်လို့ ရလို့ပါ”

“ဘာဖြစ်လို့လဲ၊ မင်းတို့က တူတူနေတာလို့လား၊ ဒီမှာ စီဗီမှာ ဆင်ဂယ်လ်တွေပဲ ရေးထားပါလား”

“အဟီး”

ပိုးအိမ်က တစ်ချက် ကုပ်ပုရယ်ရင်း …

“သတ်သတ်စီပါ မမ၊ တူတူမနေပါဘူး၊ ဆင်ဂယ်လ်တွေပါ”

“ဒါဖြင့် ဘာလဲ၊ အမျိုးတော်လား၊ မောင်နှမလား”

“မဟုတ်ပါဘူး”

“ဒါဖြင့်”



www.burmeseclassic.com

www.burmeseclassic.com



ပိုးအိမ်က ထိုင်နေရင်းကပင် ဒီတစ်ခွန်းကိုတော့ သူက ဣန္ဒြေရှိတဲ့မိန်းမ ပီသစွာ မဖြေအပ်လို့ ယူဆတဲ့ရုပ်နှင့် မြတ်နိုးကို တံတောင်နှင့်တွက်ရင်း ...

"နင် ဖြေလိုက်လေ"

"ဟို ... ဟိုလိုပါ ခင်ဗျ၊ ချစ်သူတွေပါ"

ဖြေပြီး မျက်နှာတစ်ပြင်လုံး နီနီမြန်းသွားတဲ့ ကောင်လေးကို ဇလပ်ဝါက အံ့အားတသင့် စိုက်ကြည့်နေမိသည်။ ဘောလ်ပင်ကို နှုတ်ခမ်းမှာ ထောက်လျက်သားနှင့် ငိုင်စိုက်ကာ ခပ်ကြာကြာ ငိုင်လျက်ငြိမ်နေမိလေသည်။

ချစ်သူတွေတဲ့ ...။

အဲဒီအဖြေကလေးပေါ်၌ ကိုယ်နှင့် ဘာဆိုင်လို့ ရင်ခုန်ရတာလဲ။ ခန္ဓာကိုယ်ထဲ သွေးကြောထဲမှာ ဘယ်အရာက ပူလောင်စွာ ပွတ်ဖြတ်တိုးတိုက် စီးဝင်သွားတယ်မသိရဘဲ၊ တစ်ကိုယ်လုံး ရှိန်းခနဲ နွေးမြကျင်ထုံသွားသည်မှာ ရုတ်တရက်မလှုပ်လိုက်နိုင်အောင်ပင်။ ဤ တိမ်းမူးဖွယ် အာရုံလေးကို ငြိမ်သက်ခံယူနေလိုက်မိသော ဇလပ်ဝါထံမှ ဘာသံမှ ထွက်မလာနိုင်သေးတဲ့အတွက် ဦးစိုးက ...

"မင်းတို့ဟာမင်းတို့ ချစ်သူတွေဖြစ်ဖြစ် ဘာဖြစ်ဖြစ်ပေါ့လေ၊ မင်းတို့ဘက်က ဘာမှတောင်းဆိုပိုင်ခွင့် မရှိဘူး၊ အတူတူ ခန့်ပါလို့လည်း ပြောပိုင်ခွင့်မရှိဘူးကွ"





"ကဲ ... အခု ကိုယ်တို့က မင်းတစ်ယောက်ကိုပဲ အလုပ်ခန့်လိုက်မယ်၊ ခင်ပိုးအိမ်ကို မခန့်ဘူး ဆိုပါတော့"

ခင်ပိုးအိမ်က ခပ်ပြုံးပြုံးနှင့်ပင် ခေါင်းလေးငုံ့စောင်းပြီး မြတ်နိုးကို လှည့်ကြည့်၍ တံတောင်နှင့် တစ်ချက်တွက်လိုက်ပြန်သောအခါ ...

"သူ့ကိုလည်း မခန့်ဘူး ဆိုရင်တော့ ကျွန်တော်လည်း မလုပ်ဖြစ်နိုင်ပါဘူး ခင်ဗျ၊ ဘာကြောင့်မှ မဟုတ်ပါဘူး ခင်ဗျာ၊ ကျွန်တော်တို့ စည်းကမ်းရယ်လို့လည်း မဟုတ်ပါဘူး၊ ကျွန်တော်တို့က အတူတူတစ်နေရာတည်းမှာ အလုပ်ဝင်ဖို့ စီစဉ်ထားတာမို့လို့၊ နှစ်ယောက်လုံး အလုပ်ရတဲ့နေရာမှပဲ လုပ်ဖြစ်မှာပါ။ သူတစ်ယောက်ပဲ အလုပ်ရပြီး ကျွန်တော်မရရင်လည်း သူ လုပ်မှာမဟုတ်ပါဘူး"

"ဟုတ်ပါတယ် မမ၊ ပိုးအိမ်ပဲ အလုပ်ရပြီး သူ မရလည်း ပိုးအိမ် မလုပ်ဘူး"

ဇလပ်ဝါသည် လူကငြိမ်လျက်သား၊ မျက်ဆံကလေးသာ မြတ်နိုးထံပြေးလိုက်၊ ခင်ပိုးအိမ်ထံပြေးလိုက် အံ့အားတသင့် အငိုက်မိနေသည်။ ဘုရားရေ ... သင်းတို့နှစ်ယောက်က ဘာကြောင့် ဒီလောက်ချစ်နေကြတာလဲ။ တစ်ယောက်မရှိတဲ့ နေရာမှာ နောက်တစ်ယောက်က မနေနိုင်တဲ့သဘော။ အကျိုးနည်း။ တစ်ယောက်နဲ့ တစ်ယောက် ဒီလောက်ချစ်ဖို့လိုသလား။ ဝူး ... မူးလိုက်တာ။



www.burmeseclassic.com

www.burmeseclassic.com



ဇလပ်သည် ခေါင်းတောင်မူးချင်လာအောင် ရှေ့က နှစ်ယောက်ရဲ့ အချစ်ကြီးနေမှုကို အမြင်တောင် ကတ်ချင်လာပါသည်။ တကတဲမှပဲ။ ဒီကောင်မလေးက ဘာရုပ်ဘာရည်များရှိလို့ မင်းက ဒီလောက်တောင် ချစ်နေတာလဲ ကောင်ကလေးရဲ့။ အမှ အရာကလည်း ပျာကလပ် ဆန်သေး။ ကလေးလိုလို အပေါလိုလို ဣန္ဒြေကလည်းမရ။ အယေါင်ယံ ကြည့်လိုက်တာနှင့် ကောင်မလေးက ဖိနိုင်ထားမယ့်ပုံကလည်း ပေါက်နေသေး။

ဘာများသဘောကျစရာရှိလဲ။

ဇလပ်က သက်ပြင်းတစ်ချက်ရှိုက်ကာ ရှေ့ကကောင်မလေးကို အမြင်ခပ်ကတ်ကတ်နှင့် ကြည့်လိုက်ရင်း ...

"မင်းက မင်းကိုယ်မင်း အလုပ်ရသင့်တယ်လို့ ထင်လား"

"ဟုတ်ကဲ့ မမ၊ ထင်ပါတယ်"

"မင်း အလုပ်ရသင့်တဲ့အကြောင်းကို လက်ခံနိုင်လောက်အောင် သေချာရှင်းပြစမ်း"

"ကျွန်မက အလုပ်မပျင်းဘူး၊ ရေသာမခိုဘူး၊ အလုပ်ခွင်မှာ အဖော်တွေနဲ့လည်း တည့်တဲ့သူဖြစ်တယ်၊ ကိုယ့်တာဝန်ကို ကြိုးကြိုးစားစား ကျေကျေပွန်ပွန် လုပ်မှာပါ"

"အင်း ... ဒါကတော့ လူတိုင်း ဒီတိုင်း ပြောတတ်ကြတာပဲလေ၊ ပါးစပ်ကပြောတာက အရေးမပါပါဘူး၊ တကယ်လက်တွေ့ ဘယ်လိုလုပ်လဲကသာ အရေးကြီးတာ"



"လက်တွေ့လည်း သက်သေပြမှာပါ"

"ဒီကုမ္ပဏီမှာရော ဘာကြောင့် ဝင်ချင်တာလဲ"

"ဒီကုမ္ပဏီက ထင်ရှားတယ်၊ နာမည်ကြီးတယ်၊ ဂုဏ်သိက္ခာလည်းရှိတယ်၊ ဒီလို ကုမ္ပဏီတစ်ခုမှာ ကိုယ့်ရဲ့အစွမ်းအစကို ဖော်ထုတ်ပြသခွင့် ရချင်တာပါ"

အာလူးမ ...။

နင် အပိုတွေ လျှောက်ပြောနေတာ ငါ သိပါတယ်ဟဲ့။ ပြောနေပုံများ ကိုရီးယားရုပ်ရှင်ထဲက စကားလုံးတွေအလားဟန်နဲ့ ပန်နဲ့ ဌာန်ကရိုဏ်းကိုကျလို့။ ဟွန်း ...။ အပိုတွေ။

"မြတ်နိုး"

"ခင်ဗျာ"

"မင်းကကော ဒီကုမ္ပဏီမှာ ဘာကြောင့် လာလျှောက်တာလဲ"

"ဟို ... ကျွန်တော်က တစ်ကြိမ်တည်းနဲ့ခေါ်တဲ့ Post လည်းများတော့ နှစ်ယောက်အတူ အလုပ်ရဖို့ ပိုလွယ်သလားလို့ပါ၊ ဘယ်ကုမ္ပဏီကိုဖြစ်ဖြစ် ကျွန်တော်ရောက်ရင် အလုပ်ကို သစ္စာရှိရှိ တက်တက်ကြွကြွနဲ့ ကြိုးစားလုပ်ဖို့ကတော့ ခံယူချက်ရှိပြီးသားပါ"

အင်း ...။ ဒါမှ လူရိုးသားလေး။

စိတ်ထဲရှိတဲ့အတိုင်း ဖြေတယ်ဆိုတာ ဒါမျိုးမှအစစ်ပေါ့။ ကုမ္ပဏီရဲ့ဂုဏ်တွေ ဒြပ်တွေ ကြားလို့ကောင်းတဲ့ဟာတွေ

www.burmeseclassic.com

www.burmeseclassic.com



အလကားနေရင်း လျှောက်မပြော။ ရိုးရိုးသားသားလေး အရှိအတိုင်း ပြောတာ။

မင်းနဲ့ မင်းချစ်သူရဲ့ ပုံစံချင်းက တခြားစီပဲ မောင်မြတ်နိုးရေ။ ဘာကြောင့်များ ဒီလို စကားများများ ဗိုလ်ကျကျ အနိုင်ကျင့်ကျင့် လျှပ်ပျာပျာ ဣန္ဒြေမရ မလှမပ ကောင်မလေး တစ်ယောက်ကို သဲသဲမဲမဲ ချစ်နေရတာလဲ။ ချစ်မနေနဲ့၊ ဘာမှချစ်စရာ မကောင်းဘူး။

ဇလပ်က ခေါင်းတစ်ချက်ဆတ်ရင်း ...

"ကဲ ... ဒါဖြင့် မင်းတို့ကို နှစ်ယောက်လုံးပူးတွဲပြီး အလုပ်ခန့်တယ်ဆိုရင်တော့ ခန့်လိုက်မယ်၊ တစ်ယောက်ကိုပဲ အသုံးတည့်မယ်ထင်ရင် နောက်တစ်ယောက်ကို မခန့်နိုင်တဲ့အတွက် အသုံးတည့်တဲ့တစ်ယောက်ကိုပါ ဖယ်လိုက်မယ်၊ ဟုတ်ပြီနော်"

"ဟုတ်ကဲ့"

"ဟုတ်ကဲ့"

ဟွန်း။ မုန်းစရာ။ ပြိုင်တူတောင် ဖြေလိုက်ကြသေး။

"ဦးစိုး မေးစရာရှိတာလေးတွေ ထပ်မေးကြည့်ပါဦး၊ ကျွန်မ မေးချင်တာတော့ ကုန်ပါပြီ"





# ၁

ခရီးပိုပြီးဝေးတဲ့ မြတ်နိုးက သူနေတဲ့အိမ်ကနေ ဘတ်စ်ကားတစ်ဆင့်စီးပြီး ပိုးအိမ်တို့လမ်းထိပ်အထိ ရောက်လာ။ ပိုးအိမ်တို့လမ်းထိပ်အလွန်က ကုမ္ပဏီသို့ စီးသွားရမည့်ကားလိုင်း မှတ်တိုင်ဆီ ပြောင်းရွှေ့ရမ်။ ပိုးအိမ် ထွက်လာတဲ့အထိစောင့်။ လမ်းထဲက ပိုးအိမ်ထွက်လာလျှင် မြတ်နိုး ရောက်ပြီလားရှာ။

မြတ်နိုး မရောက်သေးရင် ကားမှတ်တိုင်ကစောင့်။ မြတ်နိုး ရောက်နှင့်လျှင် နှစ်ယောက်အတူ ကုမ္ပဏီဘက်ရောက်သည့် ဘတ်စ်ကားပေါ်တက်၊ ထွက်လာကြ။ ကားပေါ်ကဆင်းတာနှင့် နှစ်ယောက်သား လက်ချင်းပူးချိတ်ကာ ရယ်ကာမောကာတွတ်တီး ကာ ကုမ္ပဏီရှိတဲ့ ကွန်ဒိုကြီးဆီ လမ်းလျှောက်။

ကွန်ဒိုရဲ့ ကားပါကင်ထဲဝင်လည်း လက်တွဲမဖြုတ်။ ဓာတ်လှေကားထဲဝင်လည်း လက်တွဲမဖြုတ်။ ဓာတ်လှေကားထဲက ထွက်လည်း လက်တွဲမဖြုတ်။ ရုံးခန်းထဲဝင်ကြတော့မည် ဆိုမှသာ။



www.burmeseclassic.com

www.burmeseclassic.com

ဒါတောင် မဖြုတ်မဖြစ်လို့ပင်။ သူတို့နှစ်ယောက် အလုပ်ရထားတဲ့ ခေါင်းစဉ်ဌာနခွဲချင်း မဟုတ်ပါ။ မြတ်နိုးက ဌာနခွဲ တာဝန်ခံရာထူးနှင့် သတ်သတ်။ ပိုးအိမ်က အခြားဌာနခွဲတစ်ခုရဲ့ လက်ထောက်ဌာနခွဲတာဝန်ခံရာထူးကို ရထားတာပါ။ မြတ်နိုးနှင့် ရာထူးအဆင့် မတူ။ တာဝန်ကျတဲ့ ရုံးခန်းချင်းက ဟိုဘက် ဒီဘက်။

ကိုယ်နည်းနည်းအားလပ်ချိန်နှင့် သူနည်းနည်းအားလပ်ချိန် သိပ်မတူတတ်၍ ထမင်းစားတော့လည်း အရိပ်အခြည် ကြည့်ပြီး ကိုယ့်ဘက်အားတဲ့သူနှင့် စားလိုက်ရတတ်ကာ အတူတူ မစားဖြစ်ပါ။ ပြန်ချိန်ကျမှ ပြန်ဆုံသည်။

အလုပ်ခန့်အပ်ကြောင်း စာရောက်လာတော့ မြတ်နိုးက ပိုးအိမ်ကို မေးပါသေးသည်။

"နင်လုပ်ချင်ရဲ့လား ပိုးအိမ်၊ နင် မလုပ်ချင်ရင် ခန့်စာရ ပေမယ့် မလုပ်ဖြစ်ကြောင်း အကြောင်းကြားလိုက်မယ်လေ၊ တခြားအလုပ်တစ်ခု ထပ်ရှာမယ်"

"ဘာလို့ မလုပ်ချင်ရမှာလဲ"

"သိဘူးလေ၊ နင်ရတဲ့ရာထူးက ..."

"သြော် ... ငါ့ရာထူးက လက်ထောက် ဖြစ်နေလို့လား၊ လက်ထောက်တာဝန်ခံဖြစ်လည်း ဘာမှကိစ္စမရှိဘူး၊ လက် ထောက်ဆိုတော့ တာဝန်လည်း နည်းတာပေါ့၊ မဖိစီးဘူး





ပေါ့၊ ကိုယ့်အထက်ကလူက ကိုယ်မှားရင် ပြင်လိမ့်မယ်၊ လခကလည်း ငါက အဓိက သိပ်မထားပါဘူးဟာ၊ ငါက နင်နဲ့တူတူလုပ်ရဖို့ အဓိကပဲ သိရဲ့လား ...

ရတယ် ... လုပ်မယ်၊ ဒါပေမဲ့ တစ်ခုတော့ မတင် မကျဖြစ်တယ်၊ သူတို့ လူကြီးတွေက ငါ့ကို နင့်လောက် မတော်ဘူးလို့ သတ်မှတ်တာကို ဘာကိုကြည့် သတ်မှတ် တာလဲလို့ မေးကြည့်ချင်တာ ... ဟွန်း၊ နင့်လို မပြောရဲ မဆိုရဲ အူတူတူ ပိတ်တိတ်တိတ် လူကိုကျတော့ တာဝန်ခံ ငါလို ထက်မြက်တဲ့ ကောင်မလေးကျတော့ လက်ထောက် တာဝန်ခံတဲ့ ... ဟားဟား ...

ဒီကုမ္ပဏီက လူကြီးတွေ ရူးနေလား ဂေါက်နေလား တစ်ခုခုပဲ"

ပိုးအိမ်က ခပ်ပေါ့ပေါ့ပဲရှိ၍ မြတ်နိုးက ဘဝင်ကျ သွားရပါသည်။ ပိုးအိမ်ကများ မလုပ်ချင်လျှင် မြတ်နိုးကလည်း ပြီးသားအလုပ်တစ်ခုက ထွက်ဖို့ဝန်မလေးပေ။ သူတို့ အဓိက အလုပ်ပြောင်းကြတာကိုက အတူတူတစ်ကုမ္ပဏီတည်းလုပ်ရဖို့။ ဒါမှ ချစ်သူချင်း တူတူတန်တန်လေး တွဲလို့သွားလို့ တွေ့လို့ရမည် သေး။

ခုတော့ နှစ်ယောက်သားဟာ ဒီကမ္ဘာမှာ ကျွန်တော် ကျွန်မ အပျော်ဆုံးလို့ ဟစ်ကြွေးမနေရုံတမယ်၊ အသွားအပြန်



www.burmeseclassic.com

www.burmeseclassic.com

တွေမှာ လက်ချင်းပူးယှက် ချိတ်တွဲလို့။ မျက်နှာတွေကလည်း ကြည်နူးပီတိနှင့် တစ်ချိန်လုံး ပြုံးမြွှင်ကြည်လို့နေသည်။ ခေါ ချင်းတိုက်ပြီး တွတ်တွတ်ထိုးလို့လည်းမဆုံး။

ဒါကို တစေ့တစောင်း နေ့စဉ်ရက်ဆက် အကဲခ နေသူက ဇလပ်ဝါ။ ဇလပ်သည် ရုပ်ပျာပျာလိုလို လှုပ်ဇော်းလှု ခတ်ဖြစ်နေတဲ့ ကောင်မလေး ခင်ပိုးအိမ် ဆိုတာကို ဘယ်လိ မေတ္တာသက်မဝင်ပေ။ ကြည့်လို့လည်းမရ။ ပိုဆိုးတာက သူ့ကော ကလေး မြတ်နိုးကို ဇလပ်ဝါတစ်ယောက် အလိုလို ချစ်မွေးပေါ နေတာပင်။

သူ ကြည့်မဝ ရှုမဝ ရင်သိမ့်သိမ့်တုန်လှုပ်ခတ်အော နှစ်လိုနေမိတဲ့ ဒီကောင်ကလေးရဲ့ရည်းစားအဖြစ် ခင်ပိုးအိမ် ပိုလို့တောင် မျက်မုန်းကျိုးနေမိပါသည်။

ဟိုတစ်နေ့လည်း ကြည့်လေ။

ကားပါကင်ထဲ မောင်းဝင်လာတဲ့ ဇလပ်ဝါရဲ့ကာ ရှေ့တည့်တည့် မောင်းလမ်းပေါ်မှာ သူတို့စုံတွဲ။ ဖြစ်နေပုံက မြတ်နိုးက ပိုးအိမ်ရဲ့ထမင်းဘူးပါတဲ့ ခြင်းတောင်းလေးကိုရှေ သူ့ရဲ့နှစ်ဆင့်စတီးချိုင့်လေးကိုရော တစ်ဖက်တစ်ချက်ဆွဲကာ ဘက်ကို ကျောပေးရပ်နေရသည်။

အကြောင်းက သူ့ကျောကွယ်မှာ ခင်ပိုးအိမ်က လုံချည်ပြင်ဝတ်နေ၍ပင်။ "ဧါ လုံချည်ဝတ်မလို့၊ ရော … ကိုင်





ထား၊ နင် ဟိုဘက်လှည့်" လို့ ပြောထားမှာပေါ့။ ကောင်လေးက ဟိုဘက်လှည့်နေ၍ စက်သံညက်ညောလှတဲ့ ဇလပ်ဝါရဲ့ကား လာနေတာကို လုံးလုံးသိပုံမရ။

ဆိုးတာက ကားလာနေမှန်းသိသိနှင့် သူ့လုံချည်ဝတ် တဲ့ကိစ္စကို လွှတ်ကင်းတဲ့နေရာ ဆင်းချပြီး မလုပ်ဘဲ မောင်းလမ်း ပေါ်၌ စိမ်ပြေနပြေ ကျင်းပနေတဲ့ ခင်ပိုးအိမ်ပင်။ ဇလပ်ဝါကား အတော်ကြီးနီးကပ်လာမှ ရယ်ကျဲကျဲနှင့် မော့်ကြည့်ကာ သူက လုံချည်ဝတ်ရင်းတန်းလန်း မောင်းလမ်းဘေး ဆင်းပြေးရှောင်ဖယ် ကာ …

"ဟဲ့ … မြတ်နိုး"

မြတ်နိုး နောက်ကျကျန်နေခဲ့တာကို ခွက်ထိုးခွက် လန် ရယ်မောနေသေးသည်။ ဘာများ ရယ်စရာအကြောင်းရှိလို့ လဲ။ သူတို့စိတ်တွေက ဒီလောက်တောင်ပဲ ပေါ့ပါးရွှင်မြူးနေကြ သလား။ အကြောင်းမဲ့ မပျော်ရွှင်နိုင်တဲ့ ဇလပ်ဝါမှာတော့ အလကား နေရင်း ရယ်မောပျော်ရွှင်နေသူတွေကို (စိတ်ပုပ်တယ်ပြောပြော) မရှုစိမ့်နိုင်သလို ကြည့်လို့လည်းမရ၊ အမြင်လည်းကတ်၊ နားလည်း မလည်ပေ။

အလကားနေ ရယ်မောနေတာကို ပေါ့သွမ်းတယ်ပဲ စိတ်ကထင်သည်။ သိပ်ဟာသမြောက်မှ ရယ်ပေါ့။ နေရင်းထိုင် ရင်း ရယ်နေစရာ ဘာအကြောင်းရှိလို့လဲ။



www.burmeseclassic.com

www.burmeseclassic.com



မြတ်နိုးကလည်း နောက်လှည့်ကြည့်ကာ ကားကြီးကို နီးနီးကပ်ကပ်မြင်လျှင် ကမန်းကတန်း ဆားကိုပြေးဆင်းရှောင်သည်။ သူ့ကို ရယ်မောနေတဲ့ ပိုးအိမ်ကိုလည်း တုံ့ပြန်ရယ်လို့။ ဘာတွေ အလကားနေ ရယ်မောချင်နေကြပါလိမ့်။

ရုံးအသွားအပြန်တွေမှာ ပါကင်ထဲ သူတို့နှင့်သေချာမဆုံ၍ ဒီကားဟာ ဇလပ်ဝါရဲ့ကားမှန်း သူတို့သိပုံမရ။ ဇလပ်ဝါရဲ့ကားကလည်း မည်းမည်းမှောင်မှောင်မို့ ရုတ်တရက် အတွင်းကို မမြင်သာ။ သူတို့ပျော်နေကြတာကို ဤသို့ အမှတ်မထင်မြင်တိုင်း ဇလပ်ဝါသည် စိတ်ထဲမှာ တစ်စုံတစ်ရာကို ဆုံးရှုံးသလို စနိုးစနောင့်ဖြစ်လျက် နေလို့မရ စားလို့မရ အတွေးတွေ ဟိုရောက်ဒီရောက်။

အလုပ်စခန့်ကတည်းက သူတို့နှစ်ယောက်ကို အဆင့်ချင်းလည်းခွာကာ ရုံးထိုင်ရမည့် ရုံးခန်းချင်းပါ ခွဲခြားထားလိုက်သည်။ သို့ပေမယ့် အတူသွား အတူပြန် အတူတူ တတွဲတွဲရှိတာကိုတော့ ဘယ်လိုခွဲခြားလို့ရမှာလဲ။

ရုံးအပြန်ကျ ကောင်မလေးရဲ့ခြင်းတော၊ သူ့ရဲ့ထမင်းချိုင့်လေးရော တစ်ယောက်တည်း စုကိုင်ကာ လက်ချင်းတွဲလျက် သူတို့နှစ်ယောက် ကြည်ကြည်နူးနူး လမ်းလျှောက်သွားကြတာကို မြင်တိုင်း ဇလပ်ဝါသည် ဆုံးရှုံးသလို နှမြောသလို မောကျပ်သော ခံစားချက်တစ်ခုနှင့် ဘာကိုမကျေနပ်တယ် မသိ။





"အချစ်"ဆိုတဲ့ အရာတစ်ခုကို သူတို့နှစ်ယောက် မြိန်ရှက်စွာ စားသုံးကြည်နူးနေကြတဲ့ အခိုက်မှာ ကိုယ်ကတော့ အထီးကျန်ဆန်လွန်းသည်။ ချစ်သူတော်စပ်ထားခဲ့တဲ့သူကို ဆက်မချစ်နိုင်တော့တာ အသေအချာ သိမြင်နိုင်ပြီးစအချိန်။ ပြီးတော့ ဇလပ်ဝါရဲ့နှလုံးခုန်သံတို့သည် အဲဒီ မြတ်နိုးဆိုတဲ့ ကောင်ကလေးကိုမြင်တိုင်း ဘာကြောင့် ရိုင်းစိုင်းမြူးတူးစွာ အခုန်မြန်ချင်ရသနည်း။

ဇလပ်ဝါသည် သူ့ကိုယ်သူပင် ရှက်လည်းရှက်၊ လန့်လည်းလန့်လာမိကာ ဘယ်သူ့ကို ရင်ဖွင့်ရကောင်းနိုးရယ်လို့ စဉ်းစားမရပေ။ တစ်ယောက်တည်းသော သူငယ်ချင်းသာရှိတာဖြစ်ရာ ပွင့်ကိုပဲ တစ်ညနေစောင်းမှာ ဖုန်းဆက်ချိန်းရလေသည်။

"နေဦးဟဲ့ ... ဒီညနေ ငါ အပြင်ထွက်လို့ မရဘူး၊ ငါ့ယောက်ျားကို မေးကြည့်ဦးမယ်၊ သူ အိမ်မှာရှိမှ ငါထွက်လို့ရမှာလေ"

"နေ ... နေ ... ငါ ဖုန်းဆက်ခွင့်တောင်းလိုက်မယ်"

ပွင့်ကပြောလျှင် သူ့ယောက်ျား ကိုကျော်က ကိုယ့်မိန်းမဆိုတော့ အားနာစရာ မလိုလေရာ ငြင်းကောင်းငြင်းနိုင်သည်။ ဇလပ်ဝါက ပြောလျှင်တော့ ကိုကျော်က သူစိမ်းဖြစ်တဲ့ ဇလပ်ကို အားနာသမှုနှင့် "ရပါတယ်"လို့သာ ပြောမှာ သေချာနေလို့ပင်။ ဇလပ်ဝါက ပွင့်ရဲ့အမျိုးသားထံ ဖုန်းဆက်လိုက်ပြီး ...



www.burmeseclassic.com

www.burmeseclassic.com



"ကိုကျော်ကျော်နိုင်ရေ ... ကျွန်မ ဇလပ်ဝါပါ၊ ဒီညနေ ကျွန်မ ကိစ္စလေးတစ်ခုရှိလို့ ပွင့်ကို ခဏအဖော်ခေါ်ထားချင်လို့၊ ကိုကျော်ကျော်နိုင်ကို ခွင့်တောင်းတာပါ"

"ဟာ ... ရပါတယ်၊ ခေါ်ပါ မဇလပ်၊ ကျွန်တော့်ကို ခွင့်တောင်းဖို့ မလိုပါဘူး၊ ဟား ဟား ... သူလည်းအားမှာပါ"

"သူက ကိုကျော်ကျော်နိုင် အိမ်မှာရှိမှ ထွက်နိုင်မှာလို့ ပြောနေလို့ပါ"

"ရပါတယ်၊ ကျွန်တော် ဒီညနေ ရုံးကပြန်ပြီးတဲ့နောက် သွားစရာမရှိပါဘူး"

"ကျေးဇူးတင်ပါတယ် ကိုကျော်ကျော်နိုင်"

ဒါကို ပွင့်ထံ ဖုန်းပြန်ဆက်ပြောလျှင် ပွင့်က ရယ်မောရင်း ...

"အင်း ... နင်ကတော့ အပိုင်ကို ထုတာပဲနော်၊ နင်ကတော့ နင်ဖြစ်ချင်တာ ဖြစ်ကိုဖြစ်ရမှ ဆိုတဲ့အထဲက၊ နင်လိုလူမျိုးက ကိုအုပ်စိုးလို စိတ်ရှည်သည်းခံ သဘောကောင်းတဲ့သူနဲ့မှ ဖြစ်မှာဟဲ့၊ ဒါပဲလေ ညနေမှ တွေ့မယ်"

ဇလပ်ဝါမှာ နင်ပြီး ကျန်ခဲ့ပါသည်။ သူက မြတ်နိုးနဲ့ ပတ်သက်တဲ့အကြောင်း ရင်ဖွင့်မလို့ဥစ္စာကို၊ ပွင့်က ကိုအုပ်စိုးနဲ့မှလို့ မှတ်ချက်ချသွားတော့ ပြောရမယ့်စကားတောင် လည်ချောင်းဝမှာ နင်သွားသလိုပင်။





ထိုညနေတွင် ဇလပ်ဝါလည်း တခြားဝန်ထမ်းများ ...ည်းတူ ရုံးစောစောဆင်းကာ ပါ့ကင်က ကားဆီလာပြီး ကား ...င်းမထွက်ရသေးခင် မြတ်နိုးနှင့် ခင်ပိုးအိမ် သူ့ကားရှေ့မှ ...က်ချင်းချိတ်တွဲ ဖြတ်လျှောက်သွားတာကို လှမ်းမြင်လိုက်ရပြန် ...သည်။ သော့ကို သော့ပေါက်ထဲ ထိုးတပ်ပြီးမှ လှည့်၍စက်မနိုး ...သေးပဲ သူတို့နှစ်ယောက်ကို ခပ်စိမ်းစိမ်း လိုက်ကြည့်နေမိရာမှ ...လပ်ဝါ စိတ်ထဲကို ဘယ်လိုအတွေးအာရုံ ဝင်လာတယ် ကိုယ့် ...ကိုယ် သတိမပြုမိနိုင်ခင် သူ့ရဲ့လက်တို့က သူ့ကားဟွန်းကို ...ပ်တီးလိုက်မိပါသည်။

"ပွမ်"

အသံလုံသော underground parking မို့ ဟွန်းသံ ...ကြီးက အုတ်နံရံထုတွေမှာ ပဲ့တင်ရိုက်ကာ အကျယ်ကြီးဖြစ်သွား ...ာ ကားရှေ့မှ ဖြတ်ကျော်စ မြတ်နိုးနှင့် ပိုးအိမ်တို့သည် အလန့် ...ကြား တုန်သွားကြပါသည်။ ပိုးအိမ်က ကားဘက်ကို ရန်စွယ် ...ငေါ်ငေါ်လေး လှည့်ကြည့်လိုက်ပြီး ...

"ဘယ်လိုဖြစ်ရို့ ကားဟွန်းကို ဒီလောက်တောင် ..."

တီးတိုးပွစိ လုပ်လိုက်တဲ့ နှုတ်ခမ်းလေးဟာ လျှော ...နဲ့ကျသွားတဲ့ ကားမှန်အရောင်ရင့်ရဲ့ နောက်ကွယ်မှ ပေါ်လာတဲ့ ...လပ်ဝါကိုမြင်လျှင် အသံဆွဲ့အ, ဝိုင်းစက်ဟာကာ ...

"ဟင် ... ဟို ... ဟို ... အဲ့ဟ်း"



www.burmeseclassic.com

www.burmeseclassic.com



အလုပ်ရှင်ဖြစ်နေတော့ ကမန်းကတန်းပဲ မျက်နှာ
သွေးလိုက်ရပါသည်။

ဇလပ်ဝါက ခင်ပိုးအိမ်ကို တစ်ချက်ကြည့်
ခေါင်းဆတ် နှုတ်ဆက်သယောင် ပြုလိုက်ပြီးလျှင် မြတ်နိုး
လှမ်းကြည့်၍ ...

"မြတ်နိုး ... ဒီတစ်ခေါက် သဘော်တင်ရမယ့် စာရင်း
မှာ ဆီးသီးချောက်နဲ့ ဆီးစေ့အဆံ ပါတယ်နော်၊ ဒါ
သွင်းမယ့် ပွဲရုံက နမူနာကြည့်ပြီးပြီလား"

"ဟုတ်ကဲ့ ... နမူနာ ကြည့်ပြီးပြီ မမ၊ နှစ်ဆယ့်လေးရက်
နေ့ ဂိုဒေါင်အရောက် ချပါမယ်၊ ဟိုဘက်ကမှာတဲ့ နမူနာ
ကွာလတီအတိုင်းပါပဲ"

"အဲဒီပွဲရုံကနေ ဒီတစ်လအတွင်း ဆီးဆံကို ဘယ်လောက်
များများ သွင်းပေးနိုင်မလဲ၊ တို့ တစ်ချက် စကားပြောချင်
တယ်"

"ဟုတ်ကဲ့၊ နက်ဖြန် ကျွန်တော် ချိန်းပြီးတွေ့မေးကြည့်
လိုက်ပါ့မယ်"

"မဟုတ်ဘူး၊ တို့နဲ့ တွေ့စကားပြောချင်တာ"

တစ်ချက်မပြုံးသော လှပသည့် ဇလပ်ဝါရဲ့မျက်နှာ
ကိုတစ်လှည့်၊ မြတ်နိုးဘက်တစ်လှည့် ကြည့်ရင်း ပိုးအိမ်က သူ
နားမလည်တဲ့ ကဏ္ဍရပ်မို့ နှုတ်ဆိတ်နားထောင်ရုံ။





"ဒါဖြင့် နက်ဖြန် ချိန်းပေးရမလား ခင်ဗျ၊ လာတွေ့ဖို့
ကျွန်တော် ..."

"မဟုတ်ဘူး၊ အခုတွေ့ချင်တာ"

"ခင်ဗျာ"

"အဲဒီပွဲရုံကို အခုပဲ မင်းလိုက်ခဲ့လိုက်ပါ၊ တို့က နေရာလည်း
မသိတာရယ်၊ ပြီးတော့ စကားပြောတုန်း မင်းလည်းအနား
မှာရှိဖို့ လိုတာရယ်"

မြတ်နိုးက ဇလပ်ဝါကို တအံ့တဩ ကြည့်နေမိကာ
ကန့်ကွက်ဆန့်ကျင်စကားလည်း မဆိုသင့်၍ နှုတ်ဆွံ့ငေးကြောင်
နေမိသည်။

ဒီကိစ္စလောက်နှင့် ပွဲရုံကို ဇလပ်ဝါကိုယ်တိုင် ဘာမှ
လိုက်တွေ့စရာ စကားပြောစရာ မလိုအပ်။ မေးမြန်းမှာကြားတာ
ကုန်ကို စစ်ဆေးတာ၊ သဘော်ပေါ်တင်တာတွေ အားလုံး မြတ်နိုး
ရဲ့ဌာနခွဲနှင့် သက်ဆိုင်သည်။ မြတ်နိုးလုပ်ရတဲ့ အလုပ်တွေပင်။
သူနဲ့ပဲ ပြီးသည်။ ဇလပ်ဝါအနေနှင့် ဒီအလုပ် ဆင်းလုပ်ဖို့မလို။

မလိုအပ်ဘဲနှင့် သွားတွေ့မည်ဆိုတော့ သူလုပ်ခဲ့ပြီး
သလောက်၌ တစ်ခုခုတော့ အငြိအစွန်း အမှားအယွင်း ရှိသွားပြီ
ထင်သည်။ သူ ဘာမှားပါလိမ့်။ သို့မဟုတ် ဇလပ်ဝါ၌ ပွဲရုံဖက်
နှင့် ဘာများ ဒီထက်လေးနက် အရေးကြီးတဲ့ ကိစ္စတစ်ခုခု ရှိပါ
လိမ့်။ အခု ပြောသလောက်ပဲတော့ လုံးဝမဖြစ်နိုင်ပဲ တခြားတစ်ခုခု
တော့ ရှိလိမ့်ဦးမည်လို့ တွေးနေမိတာပင်။



www.burmeseclassic.com

www.burmeseclassic.com



"ဘာကြောင့်ကြည့် စဉ်းစားနေတာလဲ မြတ်နိုး"

"ဗျာ ...၊ ဟို ..."

"ခင်ပိုးအိမ် တစ်ယောက်တည်း ပြန်ဖို့မဖြစ်လို့လား၊ ခင်ပိုးအိမ်ရဲ့အိမ်ကို အရင်ကားနဲ့ပြန်လိုက်ပို့ပေးရမလား"

အေးစက်စက် အသံတွင် ပိုးအိမ်က ကျောစောင်စိမ့်သလို ရှိသွားမိရင်း ...

"မဟုတ်ဘူး မမ၊ ပိုးအိမ် ပြန်တတ်ပါတယ်၊ ဟဲ့ ... နင်ဘာစဉ်းစားနေတာလဲ၊ မမကို ဘာမှပြန်မပြောဘဲ အူတူတူနဲ့"

ထုံးစံအတိုင်း ကောင်မလေးထံက ငေါက်သံထွက်လာသည်။ မြတ်နိုးက ပိုးအိမ်ကို တစ်ချက်လှည့်ကြည့်ရင်း ...

"မဟုတ်ပါဘူးဟာ"

မြတ်နိုးက နည်းနည်းငယ်သွားတဲ့ မျက်နှာနှင့် ဇလပ်ဝါကို တစ်ချက်ကြည့်ကာ ...

"မမ ... ကျွန်တော် တစ်ခုခုများ မှားသွားတာရှိလား၊ တစ်ခုခုဖြစ်ပြီထင်တယ်"

"တို့ပြောတာ ရှင်းရှင်းလေးပါ၊ ပွဲရုံကလူနဲ့ သွားတွေ့မယ်၊ မင်းလည်း လိုက်ခဲ့ဖို့ လိုတယ်၊ အိုဗာတိုင်မ်လို့ သဘောထားလိုက်ပါ"

"ဟုတ် ... ဟုတ်ကဲ့၊ ကျွန်တော် အခု လိုက်ခဲ့ရမှာလား"

"အခုပေါ့"





မြတ်နိုးက သူ့လက်ထဲက ပိုးအိမ်ရဲ့ထမင်းဘူးခြင်းကို ပိုးအိမ်ကို ပြန်ပေးလိုက်ရင်း ...

"ဒါဖြင့် နင်ပြန်တော့ ပိုးအိမ်"

"အေး ... အေး"

ပိုးအိမ်သည်လည်း မြတ်နိုးတော့ ပြဿနာတစ်ခုခုရှာမိပြီလို့သာ တွေးလိုက်မိပါသည်။ အပြစ်တစ်ခုခုများ ရတော့မလားလို့ စိတ်ပူသွားကာ စိတ်မကောင်းသလိုလေးသာ ချစ်သူကို နှစ်သိမ့်ကြည့် ကြည့်နိုင်သည်။

ဇလပ်ဝါက ကားပြတင်းပေါင်ပေါ် တံတောင်ကွေးတင်၍ မေးစေ့မှာ လက်ပြန်ထောက်ကာ သူတို့နှစ်ယောက်ကို စိမ်ပြေနပြေ ကြည့်နေမိပါသည်။

"ကျွန်တော် မမကားနဲ့ လိုက်ရမှာလား"

"ဒါပေါ့"

မြတ်နိုးက ဟိုတစ်ဖက်ကို ကွေ့လျှောက်ကာ နောက်ခန်းတံခါးနား သွားနေ၍ ဇလပ်ဝါက တစ်ဖက်တံခါးကို အတွင်းမှ လှမ်းဖွင့်ရင်း ...

"ရှေ့မှာလာထိုင်"

"ဟုတ်ကဲ့"

မြတ်နိုး တက်ထိုင် တံခါးပိတ်လိုက်လျှင် ဇလပ်ဝါက ကားကိုစက်နှိုးကာ မောင်းကွေ့ထွက်လိုက်ပါသည်။ ပိုးအိမ်က



www.burmeseclassic.com

www.burmeseclassic.com



ကားကိုလွတ်အောင် ရှောင်ပေးရင်း ကားထွက်သွားရာဆီ ငေးမောကာ ကျန်ရစ်ခဲ့ပါသည်။

ဇလပ်ဝါသည် နံဘေးမှာ ငြိမ်ငြိမ်ကလေး ပါလာသည့် မြတ်နိုးကို တစ်ချက်ငဲ့ကြည့်ရင်း တစ်ယောက်တည်းကျိတ်ပြီး ပြုံးလိုက်မိပါသည်။ မျက်နှာသေလေးနှင့်။ ဒီနေ့မှ မြတ်နိုးက စပို့ရှပ်ဖြူဖြူဖွေးဖွေးလေးနှင့် ကျောင်းသားကလေးတစ်ယောက်နှင့် တူနေပါသည်။

မှန်အလုံပိတ်ကာ အဲကွန်းဖွင့်ထားသည့် ကားထဲမှာ ခဏကြာလျှင် ဇလပ်ဝါသည် ရနံ့ဆန်းတစ်ခုကို ရှူရှိုက်မိလေသည်။ သူမရဲ့ကားထဲ ဘယ်တုန်းကမှ မရဘူးတဲ့ရနံ့။ မွှေးတဲ့ရနံ့ မဟုတ်သလို၊ နံတဲ့ရနံ့လည်းမဟုတ်။ အမည်ဖော်ရခက်တဲ့ ပျံ့သင်းသော ရှိန်းမြသော ရနံ့တစ်ခု။ ဖျော့တော့သည်။ ဖျဖျကလေး ယစ်မူးဖွယ် ကောင်းလေသည်။

ဇလပ်သည် နွေးရှိန်းရင်ဖိုလာကာ တစ်ချက်တစ်ချက်ကလေးမှ မသိမသာရသည့် မြတ်နိုးရဲ့ကိုယ်သင်းနံ့ကို ဆန်းကြယ်နှစ်သက်နေမိသည်။ ယောကျ်ားတစ်ယောက်မှာ နှစ်လိုဖွယ်ကောင်းသော ကိုယ်သင်းနံ့မျိုး ရှိတတ်သတဲ့လား။

“မြတ်နိုး”

“ခင်ဗျာ”

“ခင်မိုးအိမ်နဲ့ ချစ်သူဖြစ်တာ ကြာပြီလား”



“ဗျာ”

“မေးတာကို မကြားလို့လား”

ဘာတွေမေးပါလိမ့် အံ့အားသင့်မိသော်လည်း ခပ်တည်တည် ထပ်မေးလိုက်တဲ့အခါ မှာတော့ မကြားနိုးနားလုပ်မနေဝံ့ပဲ …

“ခြောက်နှစ်ခွဲပါ”

“ဪ … ငယ်ငယ်တည်းက ကြိုက်ခဲ့တာပေါ့”

“ဟုတ်ကဲ့”

“လူကြီးတွေ သဘောတူလား”

“ဟုတ်ကဲ့”

“မင်းမှာ မိဘအုပ်ထိန်းသူ မရှိဘူးနော်”

“ဟုတ်ကဲ့ … အစ်ကိုလင်မယားပဲ ရှိပါတယ်၊ အဖေက ကျွန်တော်တို့ ငယ်ငယ်ကတည်းက ဆုံးသွားတာပါ၊ အမေက လွန်ခဲ့တဲ့ လေးနှစ်လောက်က ဆုံးတာပါ”

“ဪ”

ဇလပ်ဝါက ခေါင်းညိတ်လိုက်ရင်း …

“မင်းဘဝအတွက် ဆုံးဖြတ်ချက်တွေကို မင်းဘာသာချနိုင့် ရှိတယ် မဟုတ်လား”

“ဗျာ”

www.burmeseclassic.com

www.burmeseclassic.com


"ဪ ... အိမ်ထောင်ရေး၊ စီးပွားရေး၊ အလုပ်အကိုင် စသဖြင့်ပေါ့၊ မင်းအစ်ကိုရဲ့ ဆုံးဖြတ်ချက်ကို လက်ခံရလား"

"အစ်ကိုက ဘာမှမပြောပါဘူး၊ ကျွန်တော့်တာသာ ဆုံးဖြတ်လို့ ရပါတယ်"

"အင်း ... ကောင်းတယ်"

မြတ်နိုးက သူ့ကို အလာပသလ္လာပတွေ လျှောက်မေးနေတဲ့ ဇလပ်ဝါကို အံ့သြနေပါသည်။ အလုပ်ရှင်သူဌေးမဟာ မျက်နှာထား တည်လှ၍ သူတို့လို ဝန်ထမ်းသစ်တွေမပြောနှင့် မှူလက ဝန်ထမ်းဟောင်းတွေတောင်မှ ကြောက်ကြတာပါ။ ဝန်ထမ်းဟောင်းတချို့ရဲ့ တီးတိုးညည်းညူမှုတွေကို နားစွန်နားဖျား ကြားဖူးပါသည်။

တစ်ယူသန် ခေါင်းမာပြီး အများမခံတဲ့အပြင် အတွေးအမြင်တွေက သာမန်မဆန်ဘဲ ထူးထူးခြားခြား ဖြစ်တတ်၍ဘာမှ ကြိုတင်ခန့်မှန်းမရသူလို့ သိထားရတဲ့ ဒေါ်ဇလပ်ဝါကို သူရော ပိုးအိမ်ပါ လန့်သည်။

"သူ့မျက်လုံးက အရမ်းသွေးအေးတာပဲဟာ၊ ကြောက်စရာကြီး"

ပိုးအိမ်က ဤသို့ဝေဖန်ပေမယ့် မြတ်နိုးကတော့ ဒေါ်ဇလပ်ဝါရဲ့မျက်လုံးများဟာ ကူကယ်ရာမဲ့တဲ့ သူ့ဘက်မှာ



လူမရှိတဲ့ အထီးကျန်ဆန်တဲ့ မျက်ဝန်းများဟု ယူဆပါသည်။ အေးစက်တယ် ဆိုပေမယ့် ဆွေးမြည့်ရိပ်သမ်းတယ်ထင်သည်။

"တို့လည်း တို့ဘဝနဲ့ပတ်သက်တဲ့ ဆုံးဖြတ်ချက်မှန်သမျှ ကိုယ့်ဟာကိုယ် ချရ[illegible]ယ်"

"ဗျာ ... ဟုတ်ကဲ့"

"တို့မှာလည်း ငယ်ငယ်ကတည်းက အမေမရှိဘူး၊ အဖေက လွန်ခဲ့တဲ့ တစ်နှစ်ကစ,ပြီး အိပ်ရာထဲမှာ Coma ရနေတယ်၊ ဘာမှမလုပ်နိုင်တဲ့ မလှုပ်မယှက် အနေအထားနဲ့ပေါ့"

"ဪ ... စိတ်မကောင်းပါဘူး မမ"

မြတ်နိုးက တကယ်ပင် စိတ်မကောင်းမိပေ။ "ကိုမာ" ရနေတဲ့ လူနာဆိုတာ ခုတင်ပေါ်မှာ လူအကောင်အထည်အဖြစ် ရှိနေတာကလွဲပြီး အဆုံးလက်လွှတ်ထားရသလိုနီးပါး ဖြစ်နေတာပဲ မဟုတ်လား။

ကားပေါ်မှာ ပြန်လည်တိတ်ဆိတ်သွားပြီး ခဏအကြာ မြတ်နိုးက ရောက်နေတဲ့အရပ်ဒေသကို သတိပြုရင်း ...

"မမ ... ပွဲရုံဘက် မသွားဘူးလား ခင်ဗျ"

"ကိစ္စတစ်ခု ရှိသေးတယ်"

"ဪ ... ဟုတ်ကဲ့"

မြတ်နိုး ဘာမှဆက်မမေးဝံ့အောင် ဇလပ်ဝါမျက်နှာထားက တည်သည်။ တကယ်တော့ ဘာအရေးကိစ္စတစ်ခုမှမရှိဘဲ


www.burmeseclassic.com

www.burmeseclassic.com

မြတ်နိုးကို သူ့ကောင်မလေး နံဘေးနားက တမင်သက်သက် ဆွဲကောက်ခေါ်တင်ယူခဲ့မိတဲ့အထိ စိတ်ပုပ်မိနေတဲ့ ကိုယ့်အကြောင်း ကိုယ် ဝန်ခံပြောရဲစရာမှ မရှိတာ။

❖ ❣ ❖

"ပွင့်လား ...၊ အား ... ငါ အခု နင့်ဆီလာနေပြီ၊ သိလား"

"........."

"အေး ... အဆင်သင့်ပြင်ထား၊ အောက်ရောက်ရင် ဟွန်း တီးမယ်၊ ဝရန်တာ ထွက်ကြည့်"

မြတ်နိုးသည် ဘယ်က "ပွင့်" ဆိုတာ ပါလာပါလိမ့် ဟု ဦးနှောက်ခြောက်စွာ စဉ်းစားနေမိပါသည်။ သူ နေရထိုင်ရ ကျဉ်းကျပ်နေတာပါ။ သူ့ငွေးမနှင့် ဘေးချင်းယှဉ်ထိုင်ပြီး သူမောင်းတဲ့ကား စီးနင်းလိုက်ပါလာရတာ လူက အလိုလို သေးကျုံ့နေသည်။

"ကိစ္စရှိသေးလို့ ခဏနော်"

"ဟုတ် ... ရပါတယ်"

သူက အလုပ်ရှင်၊ ကိုယ်က ဝန်ထမ်းပဲ၊ မရလို့ရော ရမလား။ သိပ်လည်းရင်းရင်းနှီးနှီး မပြောဆိုဖူးသေး၍ ဘာမှအမေး အမြန်းလည်း မထူရဲပါ။ ဒီလိုပဲ ငြိမ်ကာလိုက်ပါသွားရပြီးတဲ့နောက်





ဧလပ်ဂါက ကားကို ခပ်သန့်သန့်ရပ်ကွက်တစ်ခုမှာ အထပ်မြင့် တိုက်တစ်ခုရှေ့ ရပ်တန့်လိုက်ပါသည်။

"တီ ... တီ"

ဟွန်းတီးပြီးနောက် ဧလပ်ဝါက ကားရှေ့မှန်ချပ်နား ကုန်းကာ ဘေးနားက တိုက်တစ်တိုက်ရဲ့ အမြင့်ထပ်ဆီ လှမ်းမြင် ရအောင်ကြည့်သည်။ ကန့်ထဲရိုက်တိုက်ပေမယ့် အခန်းကျယ်တွေ ဆောက်ထားတဲ့ အဲဒီတိုက်ကို မြတ်နိုးကလည်း ရောရောယောင် ယောင် လိုက်ကြည့်နေမိပါသည်။

"ခဏနေဦးနော်"

ရုတ်တရက် ဧလပ်ဝါက လှည့်ပြောလိုက်၍ ...

"ဗျာ ... ဟုတ်ကဲ့ မမ"

ဧလပ်ဝါက ကားတံခါးဖွင့်ကာ ပလက်ဖောင်းလို တိုက်ရှေ့အခင်းပြင်နေရာကို ဆင်းလိုက်ပါသည်။ မြတ်နိုးသည် ကားထဲ တစ်ယောက်တည်းကျန်ကာ ကားရှေ့ဦးနားက ဧလပ်ဝါ ကို လှမ်းကြည့်နေမိသည်။ သူက တိုက်ဘက်လှည့်ကာ အာရုံစိုက် နေ၍သာ ကိုယ်က ရဲရဲကြည့်ရဲတာပါ။

ခုထိ တစ်ခါမှ ရဲရဲတင်းတင်း ကြာကြာမြင့်မြင့်စိုက်ပြီး မကြည့်ဖူးသေးတဲ့ သူ့အလုပ်ရှင် သူ့ငွေးမကို သေချာစိုက်ကြည့်ခွင့် ရတော့မှ ကိုယ်တွေ ဖွားခနဲ ဖျတ်ခနဲ တွေ့ထားရ သိထားရတာထက် အများကြီး ပိုပြီးလှပါလားရယ်လို့ အသိအမှတ် ပြုရသည်။


www.burmeseclassic.com

www.burmeseclassic.com



အသားအရေကစပြီး ဝင်းဝါနုဖပ်ကာ လှပနေတာ။ မျက်ခုံးက ကော့ပျံကာ သူ့မျက်နှာပေါ်ကမာန်ကို ပိုပြီးထင်စေသည်။ မျက်လုံးကတော့ နက်မှောင်ရွှန်းလဲ့ကာ နားလည်ရခက် မှန်းရခက်သော တောအုပ်တစ်ခုနှယ် နက်ရှိုင်းအုံ့မှောင်လှသည်။ နှာတံကလေးက ဆွဲယူပုံသွင်းတင်ထားသလို၊ နှုတ်ခမ်းကလေးက အင်း ... လှလိုက်တာ။

တော်တော်လှတဲ့ မိန်းမပဲ။ သူ့အလှမှာ ကျက်သရေတစ်မျိုးလည်းပါကာ အရှိန်အဝါတစ်မျိုးလည်း အုပ်မိုးနေသည်။

မြတ်နိုး ကြည့်ငေးနေမိတုန်း တိုက်အောက်ခြေဝင်ပေါက်တစ်ခုမှ အမျိုးသမီးတစ်ဦး ထွက်လာပါသည်။ သူ့သူငယ်ချင်းဖြစ်ဟန်တူတဲ့ ထိုအမျိုးသမီးကို ဇလပ်ဝါက ဆီးကြို၍ လက်နှစ်ဖက်ဆွဲကိုင်ကာ စကားရပ်ပြောနေပါသည်။

"ပွင့် ... နင့်ကိုလေ ငါ ပြစရာတစ်ခုရှိတယ် သိလား"

"ဘာလဲ ... ရပ်ကလည်း မချိုမချဉ်နဲ့၊ ပြစရာရှိရင်ပြပေါ့၊ ကားပေါ်တက်မယ်လေ"

"နေဦး"

"ဘာလဲ ... နင့်ပြစရာက ဒီနားမှာ ရှိလို့လား"

"ပွင့် ... ငါလေ၊ ငါ့မှာတအားရင်ခုန်နေတဲ့ ကောင်လေးတစ်ယောက်ရှိတယ် သိလား"

ပွင့်က ပါးစပ်လေး ပွင့်ဟသွားပြီးမှ ...





"သြော် ... နင် ငါ့ကို အဲဒီကိစ္စပြောဖို့ပဲ အခုခေါ်တာမဟုတ်လား"

"ဟုတ်တယ်"

"စားသောက်ဆိုင်ရောက်မှ အေးအေးဆေးဆေး ပြောကြတာပေါ့"

"အခု နင် အံ့ဩမသွားနဲ့ဦး"

"ဘာကိုလဲ"

"ကားပေါ်မှာ ပါတယ်"

"ဘာ"

"အဟင်း"

ကလေးသဖွယ် အပြစ်ရှိတဲ့ရုပ်နှင့် ပြုံးစပ်စပ် လုပ်နေသော ဇလပ်ဝါရဲ့အမူအရာက ထူးခြားလှပါသည်။ ဒီလိုအမူအရာမျိုး ဇလပ်ဝါထံမှာ ရှားရှားပါးပါး တွေ့ရခဲလှလေရာ ပွင့်က အလွန်တရာ အံ့အားသင့်နေမိတော့တာပါ။ ကားဆီကိုလည်း ဖျတ်ခနဲ တစ်ချက် လှမ်းအကဲခတ်မိပါသည်။ သဲသဲကွဲကွဲ မတွေ့ရပေမယ့် ရှေ့ခန်းမှာ လူရိပ် ခပ်ရိပ်ရိပ် တွေ့ရသည်။

"ဘယ်သူ ပါတာလဲ"

"အခု ငါပြောတဲ့ ကောင်လေး"

"ဇလပ်"

"နင် ငါ့ကို အပြစ်မပြောပါနဲ့ ပွင့်"



www.burmeseclassic.com

www.burmeseclassic.com



"ဘာလို့ မပြောရမှာလဲ၊ နင် ဘာတွေလုပ်နေတာလဲ၊ အခု ဒါ ဘယ်ကကောင်လေးလဲ၊ နင် ဘယ်ကနေ ကောက်တင်လာတာလဲ"

"နင်ပြောပုံတလည်း ငါကပဲ လမ်းဘေးက ကောက်တင်လာတာ ကျနေတာပဲ"

"ဘယ်ကလဲ"

"ရုံးက ကောင်လေးပါ"

"ဘာ"

"ရုံးက"

"နှင့်ဝန်ထမ်း !! "

"………"

"ဇလပ် … ကျွတ် …၊ နင်နော် … နင်၊ ဘာလဲ ငါတို့က ဒီကောင်နဲ့တူတူ စားကြ သောက်ကြရမှာလား ဟုတ်လား"

"အဲဒီလိုတော့ မဟုတ်ပါဘူး၊ ငါလည်း ဘာရယ်မဟုတ်၊ အင်း … ဘာကြောင့် ခေါ်တင်လာမိမှန်း မသိပါဘူး၊ စိတ် ပေါက်ပေါက်နဲ့၊ ဟို … ရုံးကနေ ဝါလာတာပါဟယ်"

အမြဲ ဆရာမကြီး မျက်နှာထားနှင့်ရှိတဲ့ ဇလပ်ဝါဟာ ခုတော့ ပွင့်ရှေ့မှာတောင် မျက်နှာက ခပ်ငယ်ငယ် ဖြစ်နေတာ အံ့သြစရာ။ သူ့ဟာနဲ့ သူလည်း သူ လုပ်ပုံမဟုတ်သေးဘူးလို့ နားလည်နေတဲ့ရုပ်ပင်။ အပြစ်ရှိသလို နေရခက်တဲ့ပုံ ဖြစ်နေသည်။





"ကျွတ် … နင်တော့ ရူးနေပြီလား မသိဘူး၊ ကဲ … သွား မယ်လာ"

"ပွင့် … နင် နောက်ကတက်"

ပွင့်က ဇလပ်ကို မျက်စောင်းတစ်ချက်ထောက်ပြီး အထဲမှာ ကောင်လေးရှိနေတဲ့ဘက်ရဲ့နောက်က မတက်ဘဲ ဇလပ်ရဲ့ နောက်ဘက်ခြမ်းကို ကွေ့တက်လိုက်ပါသည်။ ဒါမှ ဒီကောင်လေး ကို နောက်ကနေ တစောင်းလေး နည်းနည်းပါးပါး မြင်လို့ရ အကဲခတ်လို့ရမှာ။

ကားပေါ်ရောက်လျှင် ပွင့်က ကောင်လေးကို နောက် ဘက်မှ အကဲခတ်သည်။ ပုံစံလေးက တစ်ချက်ကြည့်ရုံနှင့် ရုပ် လေး လှလေး သန့်ပြန့်နေ၍ နည်းနည်းဘဝင်ကျရသော်လည်း ကိုယ့်ရုံးက ဝန်ထမ်းကောင်လေး အငယ်လေးကို ရင်ခုန်တယ်ဆို တဲ့ ဇလပ်ကိုတော့ အံ့သြတာနှင့်အမျှ စိတ်ပျက်နေမိပါသည်။

တင်းပြန့်လည်း သူ့အပြင် နှစ်ယောက်မရှိ။ ခုလည်း ဒီကောင်လေးကို သူ ဘယ်လိုဆက်ဆံမှာပါလိမ့်လို့ ပွင့်အကဲခတ် နေစဉ် …

"ပွင့် … ဒါ ငါ့ရုံးက သင်္ဘောတင်ဌာနခွဲရဲ့ တာဝန်ခံလေ၊ မြတ်နိုးတဲ့၊ ဟိုတလောကမှ အလုပ်ဝင်တာ၊ မကြာသေးဘူး"

"ဪ … အင်း"

"မြတ်နိုး … ဒါ တို့သူငယ်ချင်း ပွင့်"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ အစ်မ၊ တွေ့ရတာ ဝမ်းသာပါတယ်၊ အစ်မ ရှေ့လာပါလားခင်ဗျာ၊ ကျွန်တော် နောက်မှာထိုင်ပါ့မယ်"

ဇလပ်ဝါက ကားကို မောင်းထွက်လိုက်ရင်း ...

"နေပစေ မလဲနဲ့တော့၊ ခဏပဲဟာ၊ တို့က "......"ဆိုင်သွားမှာ၊ သိပ်လည်းမဝေးတော့ဘူး"

မြတ်နိုးက ဇလမ်ဝါကို လှည့်ကြည့်ရင်း ...

"ပွဲရုံကော မမ !!"

မြတ်နိုး တအံ့တသြမေးလိုက်မှ တွေ့ကရာအကြောင်း ပြထားမိတဲ့ ကိုယ့်စကားကိုယ် ဇလပ် ပြန်သတိရကာ ...

"ဪ ... အေး၊ အဲဒါ မသွားဖြစ်တော့ဘူး မြတ်နိုး၊ နောက်နေ့မှ ဒီကိစ္စ ဆောင်ရွက်မယ်၊ အခု သူ့မှာကိစ္စတစ်ခု ရှိတယ်၊ တို့ မအားတော့ဘူး"

ပွင့်ကို ခေါင်းစဉ်တပ်လိုက်၍ ပွင့်က မျက်စောင်းကျိတ်ထိုးသလို မြတ်နိုးကလည်း ခုနပဲ စားသောက်ဆိုင်သွားမယ် ပြောပြီး ခုတော့ သူငယ်ချင်းရဲ့ကိစ္စရှိလို့ မအားဘူးလည်း ဆိုသေးတာမို့ နားမလည်နိုင်အောင် ဖြစ်နေရပါသည်။

"မင်းလည်း '......'ဆိုင်ကို လိုက်ခဲ့လိုက်တော့၊ တူတူစားပြီးမှ သွားတော့"

"ကျွန် ... ကျွန်တော် မစားတော့ဘူး မမ၊ မမ အလုပ်မရှိတော့ရင် ကျွန်တော် အိမ်ပဲပြန်လိုက်တော့မယ်"





"အလုပ်တော့ မရှိတော့ဘူး၊ ခုနတော့ ချက်ချင်းသွားမလို့ပဲ၊ အခုတော့ ကိစ္စလေးတစ်ခု ရှိလာလို့ နောက်နေ့ပဲ ရွှေ့လိုက်တော့မယ်၊ လိုက်ခဲ့လေ ဘာဖြစ်လို့လဲ၊ ရပါတယ်၊ တို့က ခေါ်လာမိပြီးတော့ မင်း ဒီတိုင်းပြန်ရမယ် ဆိုတော့"

"ဘာမှမဖြစ်ပါဘူး မမ၊ ကျွန်တော့်ကို လွှယ်တဲ့နေရာပဲ ရပ်ပေးပါ မမ၊ ကျွန်တော့်ဘာသာ ကားဂိတ်ဆီကို ဘယ်ကဖြစ်ဖြစ် လျှောက်သွားလို့ ရပါတယ်"

မြတ်နိုးပုံစံက ကိုယ်ကို ပြင်ထိုင်ကာ လှုပ်ရှားကာ စုပင် တံခါးဖွင့်ဆင်းတော့မလို ဖြစ်နေ၍ ဇလပ်ဝါက ကားကို လမ်းဘေးချလို့ရတဲ့ တစ်နေရာ၌ ကပ်ရပ်ပေးလိုက်ရပါသည်။

"သွားလိုက်ပါဦးမယ် အစ်မ"

မြတ်နိုးက ပွင့်ကိုလည်း လှည့်နှုတ်ဆက်ပြီး ...

"မမ ကျွန်တော် သွားပါပြီ"

ဇလပ်ကိုလည်း တရိုတသေ ခေါင်းညွှတ်နှုတ်ဆက်ကာ ကားတံခါးဖွင့်၍ ခပ်သွက်သွက်လေး ဆင်းသွားပါတော့သည်။

"ရှေ့လာမလား"

"လာမယ်"

ပွင့်က ကားထဲကထွက်ကာ ကားရှေ့ပြောင်းထိုင်ပြီး မြူးစိစိ ကားမောင်းထွက်လာတဲ့ ဇလပ်ကို ခပ်တည်တည် ငုံ့ကြည့်လိုက်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com

"ဇလပ် ... နင့်အရွယ်က ကလေးကစားတာတွေ လျှောက်လုပ်နေရမယ့်အရွယ် မဟုတ်ဘူးနော်"

"ငါသိပါတယ် ပွင့်ရယ်၊ ကောင်လေးက အေးအေးလေးပါ၊ မြင်တယ်မဟုတ်လား"

"ဟုတ်တယ်၊ ရိုးရိုးအေးအေးလေးပဲ၊ နင် တစ်ခုခု မဟုတ်တရုတ်လုပ်ရင် နင့်ကို အထင်သေးမယ့် ကောင်လေးမျိုးနော်၊ လူကောင်းလေးပုံပါ ဇလပ်ရယ်၊ ဆော့ကစားလို့ရမယ့်ပုံလည်း မပေါက်ပါဘူး"

"နင် ဘာတွေလျှောက်ပြောနေတာလဲ၊ ငါက ဘာဖြစ်လို့ ဆော့ကစားရမှာလဲ၊ ငါ သူ့ကို မြင်မြင်ချင်းပဲ ရင်ခုန်တယ်၊ သဘောကျတယ်၊ ဒါကို နင့်ကို ပွင့်ပွင့်လင်းလင်း ပြောပြတာပါ၊ ဒါပဲရှိပါတယ်၊ ငါ့စိတ်ကူးထဲမှာ ဆော့ဖို့ ကစားဖို့ ယောင်လို့တောင် မပါဘူး၊ ချစ်လို့၊ ဒါပဲ"

"ချစ်ရအောင် ကိုအုပ်စိုးကို ဘယ်သွားထားမလဲ၊ နင်"

"ကိုအုပ်စိုးကို ဖြတ်လိုက်ပြီ"

"ဘာ ...၊ နင် ဘာတွေအရူးထနေတာလဲ၊ ဘာအပြစ်မှလဲ မရှိဘဲနဲ့၊ အပြစ်မရှိ အပြစ်ရှာ လျှောက်ပြောနေပြီး သူ့ဟာသူ စိတ်ပျက်ပြီး လျှောက်ဖြတ်နေတယ်"

"ဘာကြောင့်ပဲဖြတ်ဖြတ်၊ ဘယ်လိုပဲဖြတ်ဖြတ်ပါဟာ၊ တိုယ်ဆက်မတွဲချင်တဲ့ ယောကျ်ားတစ်ယောက်ကို ငါက ဘာကြောင့် ဖြတ်ခွင့်မရှိရမှာလဲ၊ ပြောပါဦး၊ လောကကြီးမှာ





အပြစ်မရှိတဲ့လူမိုးသာ ချစ်ရမယ်၊ လက်ထပ်ရမယ်ဆိုရင် သေရောပေါ့ဟဲ့"

"ဒါတော့ ဒါပေါ့ ဇလပ်ရဲ့၊ နင် စကားကတ်သတ်ပြောတာကိုး၊ ကိုအုပ်စိုးနဲ့ ဒီချာတိတ်လေး ယှဉ်လည်းကြည့်စမ်းပါဦး၊ ဂုဏ်သရေချင်း အရှိန်အဝါချင်း"

"ကျွတ်"

ဇလပ်က စုတ်သတ်ရင်း ခေါင်းကို ဘယ်ပြန်ညာပြန် ယမ်းလိုက်မိပါသည်။ ဒါတွေ လွဲနေကြတာ။ လူတွေ လူတွေချင်း အတွေးတွေ အမြင်တွေဟာ အကြိုက်တစ်မျိုးစီနှင့် လွဲနေကျပါပဲ။ အထီးကျန်လှပြီး အချစ် ဆိုတာကြီးလည်း ဆိတ်သုဉ်းလျက် Depression တောင် ရချင်နေတဲ့ မိန်းမတစ်ယောက်အတွက် ခုချိန်မှာ ဂုဏ်သရေ အရှိန်အဝါဆိုတာတွေကို နမ်းစေလောက်တောင် မလိုအပ်ပါ။

ကိုယ်သိပ်ချစ်မိတဲ့ ချစ်သူတစ်ယောက်သာ အရူးအမူး လိုအပ်နေတာ။

ကိုယ်သိပ်ချစ်မိတဲ့ ချစ်သူနော်။ သူလည်းချစ်ရမယ် ရယ်လို့တောင် ခုထိတွေးမထားမိသေးပါဘူး။

"ကိုအုပ်စိုးက နင့်ကို သိပ်လည်းချစ်၊ လူတော်လူကောင်းလည်းဖြစ်၊ ဂုဏ်ရှိန်လည်းမြင့်၊ အဘက်ဘက်က ပြည့်စုံနေတဲ့ဟာ။ အဲသလို ပြည့်စုံလွန်းတာကို ရထားလို့လည်း နင် ခုလို အရူးထနေတာ ဖြစ်ရမယ်"


www.burmeseclassic.com

www.burmeseclassic.com



"ရိုးရိုးကလေးပါ ပွင့်၊ ငါ သူ့ကို ချစ်သွားမိတာ၊ လျှပ်တစ်ပြက်ပဲ၊ ချစ်သွားတာ၊ အဲဒါကို ဘာလုပ်ရမလဲ"

"ဘာမှမလုပ်နဲ့ မချစ်နဲ့"

"ဟား ... နင်ကလည်း ဖွတ်ပဲ"

"နင်လည်း ဖွတ်ဖဲလေ၊ နင်က ပိုဆိုးတယ်၊ နည်းနည်းပါးပါးများ နင့်အသက်အရွယ် နင့်ဂုဏ်သိက္ခာကို ထောက်စမ်းပါဦး ဧလပ်ရယ်"

"ဟယ် ... ငါ မဟုတ်တရုတ် ကလေကချေကိုလည်း လမ်းဘေးက ဆွဲရှာထားတာ မဟုတ်ဘူး၊ ဒီလိုပဲ ရိုးရိုးလေး၊ ငါ့ဆီ အလုပ်ဝင်လာတဲ့ ရိုးရိုးအေးအေး စိတ်သဘောကောင်းကောင်း ကောင်လေးတစ်ယောက်ကို မြင်မြင်ချင်း ချစ်မိသွားတယ်၊ ဒါပါပဲ၊ ဒီလောက်ပါပဲ။ နင် သိထားဖို့က ကိုယ်မချစ်တော့တာ သေချာနေတဲ့ လူတစ်ယောက်ကို ငါ ဘာအကြောင်းကြောင့်မှ မျက်စိစုံမှိတ် လက်ထပ်စရာအကြောင်းမရှိဘူး ...

သူ့ကို အားနာပြီးတော့ ယူရမယ်လို့ နင် ပြောထွက်မလား၊ အားနာစရာကြီးဟယ်၊ မထူးပါဘူး၊ ယူလိုက်ပါလို့ နင် ပြောသလား ... ပြော"

ပွင့်က သက်ပြင်းချရင်း ...





"နင် သူ့ကို စိတ်အခန့်မသင့်တာ စိတ်ခုတာမျိုး စိတ်အနှောင့်အယှက်ဖြစ်စရာ တစ်မျိုးမျိုးရှိလို့ မချစ်ဘူး ဘာဘူးလုပ်နေတာ မဟုတ်လား"

"ကဲ ... ပြောရသိပ်ခက်ပါလား၊ သိပ်ကို ခက်ပါလား။ ဘာပြောရမှန်းတောင် မသိဘူး၊ ဘာပြဿနာမှ မရှိဘူး၊ အကြောင်းမဲ့ အခြောက်တိုက်သက်သက် ကိုအုပ်စိုးကိုချစ်လို့ကို မရတော့ဘူး၊ ဒါကိုယုံအောင် ငါ ဘာစကားလုံးနဲ့ ပြောရမလဲ၊ ဒါမှမဟုတ် အမှန်ဖြစ်ကြောင်း ဘယ်လိုသက်သေပြရမလဲ"

ဧလပ်ဝါသည် စိတ်လိုက်မာန်ပါ ပြောရင်း ပြောရင်း အသံတုန် မျက်ရည်လည်လာသည်။ ပွင့်က တအံ့တသြ အလန့်တကြား ဧလပ်ကို ငေးကြည့်နေမိပါသည်။

"နင် ခုနေ ကိုကျော့်ကို လုံးဝမချစ်တော့ဘူးဆိုရင် ဘာလုပ်မလဲ"

"မချစ်တော့ဘူးကို မဖြစ်နိုင်တာ၊ ဖြစ်လာလည်း ဆက်ပဲပေါင်းရမှာပဲ"

ပွင့်က ပိုင်အောင်ပိတ်ပြောလိုက်သော်လည်း ...

"အေး ... ယူပြီးမှဆိုရင် မပြတ်စဲရဲတော့ဘဲ မှိတ်ကြိတ်ဆက်ပေါင်းနေရတော့မှာ သိလို့ကို ခုကတည်းက မချစ်တာသေချာတာနဲ့ ဖြတ်ပစ်တာ"



www.burmeseclassic.com

www.burmeseclassic.com



ဇလပ်က ငါးရှဉ့်လို လျှောခနဲလွတ်အောင် ထွက်သွားသည်။

“လူတစ်ယောက်ကို ဒီလိုပဲ ချစ်လိုက် မချစ်လိုက် ရလား၊ နင့်စိတ်က အဲသလိုပဲလား”

“လူ့စိတ်ပဲလေ အမြဲပြောင်းနေတာ၊ ချစ်ပြီးရင် တစ်ချိန်မှာ မချစ်တော့တာ အချိန်မရွေး ဖြစ်လာနိုင်တာပဲ၊ လူ့စိတ်မို့လို့ကို ဟိုလိုတစ်မျိုး ဒီလိုတစ်မျိုး ပြောင်းလဲနေတာပေါ့”

“ကျွတ်”

စားသောက်ဆိုင် ခြံဝင်းထဲ ဇလပ်ဝါက ကားကိုထိုးဆိုက်လိုက်ပါသည်။

ပွင့်က ဇလပ်နှင့်ယှဉ်ရင်း ဆိုင်ထဲလျှောက်ဝင်လာရင်းက စိတ်လည်းမကောင်း။ အံ့အားလည်း သင့်မိသည်။ ဇလပ်ကို ငယ်ငယ်ကတည်းက ကိုးတန်း ဆယ်တန်းကစပြီး ခင်မင်ပေါင်းသင်းလာခဲ့တာပါ။ ဇလပ်ဟာ ယောကျ်ားသနားစိတ်ဓမျိုးနှင့် ပတ်သက်ပြီး စိတ်လှုပ်ရှားလွယ်တဲ့ ပေါ့တီးပေါ့ဆ ရင်ခုန်လွယ်တဲ့ မိန်းကလေးမျိုးမဟုတ်။

ယောကျ်ားလေးတွေကို ဂုဏ်ခြွေတင်းတင်းသာ ဆက်ဆံတတ်ပြီး စိတ်လည်းမဝင်စား အထင်လည်း မကြီးလှတဲ့ မာနကြီးကြီး မိန်းကလေးပါ။





တက္ကသိုလ်သက်တမ်းအတွင်းလည်း ဇလပ်ဝါကို ကြိုက်ကြလိုက်ကြ တွယ်ကပ်နေကြတာတွေ ဒုဒုဒေးဒေးကို အသည်းနှလုံးမပါသလို အေးတိအေးစက်နှင့် တစ်စက်လေးတောင် စိတ်မဝင်စားပဲ ပေါ့ပေါ့ပါးပါး ခေါင်းခါငြင်းထုတ်ပစ်တာချည်းပါ။

ပွင့် ချစ်သူရတဲ့အခါ ဇလပ်က သူ့ကိုယ်သူ ...

“ငါက မချစ်တတ်ဘူး ထင်တယ်၊ ငါ့အသည်းနှလုံးက ခံရော ခံစားတတ်ရဲ့လား မသိဘူး၊ နင် ကိုကျော်ကျော်နိုင်ကို ချစ်သလိုမျိုး ငါ လူတစ်ယောက်ကို ချစ်နိုင်ပါ့မလားပဲ၊ အံ့ဩစရာပဲနော်၊ ငါ ဘာဖြစ်လို့ မချစ်တတ်ပါလိမ့်”

အဲသလိုပြောတဲ့အခါ ပွင့်ကပင် ...

“နင် တကယ်ချစ်တဲ့သူ၊ နင့်နှလုံးသားကို လှုပ်ရှားစေတဲ့သူ ပေါ်မလာသေးတာပေါ့ဟာ၊ တစ်နေ့တော့ ပေါ်လာမှာပဲလေ”

လွန်ခဲ့တဲ့သုံးနှစ်လောက်က ဇလပ်ဝါနှင့် ကိုအုပ်စိုး ချစ်သူတွေ ဖြစ်သွားကြပြီ ဆိုတာ သိရတော့ ပွင့်က ဝမ်းသာအားရပင် ...

“နင့်နှလုံးသားက လှုပ်ရှားလာပြီပေါ့နော် ဇလပ်”

အဲသလို ပြောတဲ့အခါ ဇလပ်ဝါက ဇဝေဇဝါလေး ပြုံးနေခဲ့ပါသည်။ သုံးနှစ် လက်တွဲခဲ့တဲ့ ချစ်သူကို ဆိုးဆိုးဝါးဝါး ပြစ်ချက်လည်းမရှိ၊ မကျေနပ်ချက်လည်းမရှိ၊ စိတ်သဘောမတိုက်ဆိုင်တာလည်းမရှိပဲ ရုတ်တရက် မချစ်နိုင်တော့ပါဘူး ဆိုတာကိုလည်း ပွင့်ကတော့ ဘယ်လိုမှ နားမလည်တတ်ပေ။



www.burmeseclassic.com

www.burmeseclassic.com



သီးသန့်ခန်းလေးထဲက ဆိုဖာဆက်တီတွေမှာ သက်သောင့်သက်သာထိုင်ကာ မီနူးကြည့်၍ စားစရာတချို့ မှာလိုက်ပြီးတဲ့အခါ ပွင့်က ...

"ဇလပ် ... နင် ဒီကောင်လေးကိုတွေ့လို့ ကိုအုပ်စိုးကို မချစ်တော့ဘူးဆိုပြီး ဖြစ်သွားတာပေါ့၊ ဟုတ်လား"

"မဟုတ်ဘူး"

ဇလပ်က ခေါင်းယမ်းသည်။

"အဲလို ငါပြောရင် နင် ယုံချင်မှ ယုံမှာပဲနော်၊ ငါ လိမ်ပြောတယ်တောင် ထင်ချင်ထင်နေမယ်၊ မြတ်နိုးကိုတွေ့တာ နောက်မှပါ၊ ကိုကို့ကို လမ်းခွဲဖို့ပြောပြီး နောက်တစ်ပတ်ဆယ်ရက်နေမှ မြတ်နိုးက အလုပ်အင်တာဗျူး လာဖြေတာ၊ သူ့ကို မြင်မြင်ချင်း ငါ့စိတ်တွေ လှုပ်ရှားခဲ့တာ"

ဇလပ်သည် အဲဒီကောင်ကလေးမှာ ချစ်သူကောင်မလေးတစ်ယောက်ပါ အဖော်ပါလာခဲ့တယ် ဆိုတာတော့ ဒီအချိန်မှာ ပွင့်ကို မပြောရဲသေးပါ။ ဒါကိုသာ ပြောလိုက်ရင်တော့ ပွင့်တစ်ယောက် ကမ္ဘာပျက်မတတ် ကြွက်ကြွက်ဆူသွားမည်။ ခုတောင် မကျေမနပ် ဖြစ်နေတာ။

"ပွင့်"

"........"

"ကိုကို့ကိုဖြတ်ဖို့ စကားပြောတော့လည်း ငါ့ကိုယ်ငါ ငါဆိုးတယ်လို့ ခံစားရပါတယ် ပွင့်ရယ်၊ လူတစ်ယောက်ကို





သူ့မှာ အပြစ်မရှိဘဲ လမ်းခွဲစကားပြောရတာ ကိုယ့်ကိုယ်ကိုယ် Guilty ဖြစ်တာပေါ့၊ နောက်တစ်ခါ အခု ဒီမြတ်နိုး ဆိုတဲ့ ကောင်ကလေးဟာ ခုမှအသက် နှစ်ဆယ့်လေး နှစ်ဆယ့်ငါး၊ ငါနဲ့ ရှစ်နှစ်လောက်တောင် ကွာတယ်၊ ဒီကောင်ကလေးကို မြင်မြင်ချင်း ငါ့ရဲ့စိတ်တွေ လှုပ်ရှားရတယ်ဆိုတာကို ငါ ရှက်လည်းရှက်တယ်၊ ငါ အကောင်း ငါ အမှန်လို့ မဆိုလိုဘူး ပွင့်၊ ငါ မကောင်းဘူးလို့ ဝန်ခံပါတယ်"

ပွင့်က သက်ပြင်းမှုတ်ထုတ်ရင်း ...

"ကိုအုပ်စိုးကိုကျတော့ယောကျ်ားနဲ့ ရသလေး ဘာလေးဆိုပြီး"

"ပွင့် ... မြတ်နိုးရဲ့ ကိုယ်နံ့က သင်းသင်းလေး လတ်ဆတ်နေတာဟ"

ပွင့်က ပါးစပ်အဟောင်းသားဟပြီး ဇလပ်ဝါကို ငိုင်ကြည့်နေမိသည်။

❖ ❣ ❖



www.burmeseclassic.com

## ၇

နောက်တစ်ရက်က စနေ။ တနင်္ဂနွေနေ့ကျမှ မြတ်နိုး က ပိုးအိမ်တို့အိမ်ကို ရောက်လာပါသည်။ ထုံးစံအတိုင်း ပိုးအိမ်တို့အိမ်မှာ ထမင်းစားဖြစ်ပါသည်။

"ဟဲ့ … မြတ်နိုး၊ နင် ဒေါ်စလေပ်ဝါနဲ့ စကားပြောရင် ကြည့်ပြောနော်၊ နင်က ရိုးရိုးသားသား အဖြောင့်တိုက် သိပ်ပြောတတ်တာ၊ စကားလည်း တန်ဆာဆင် မပြောတတ် ဘူးလေ၊ တော်ကြာ ပြဿနာတက်နေဦးမယ်"

"အင်းပါ"

"အင်းပါ လုပ်မနေနဲ့၊ ကဲ … ပြောပါဦး၊ အဲဒီနေ့က ပွဲရုံ မှာ သူ ဘာသွားပြောတာလဲ၊ နင် ဘာမှားထားတာလဲ"

"ပွဲရုံတောင် မရောက်ဘူး၊ အမျိုးသမီးတစ်ယောက်ဆီ အရင်သွားတယ်၊ အဲဒီအမျိုးသမီး ကားပေါ်ပါလာပြီးတော့ အဲဒီအမျိုးသမီးရဲ့ကိစ္စနဲ့ စားသောက်ဆိုင် သွားကြမယ်ဆို





တာပဲ၊ အဲဒါနဲ့ ငါက ပွဲရုံမသွားတော့ဘူးလား ဆိုတော့ မသွားတော့ဘူးတဲ့၊ နောက်နေ့မှ သွားမယ်တဲ့၊ နောက်နေ့ က စနေနေ့ဆိုတာလည်း သူ့ကြည့်ရတာ သတိမရဘူး ထင်ပါတယ်"

"ဒါနဲ့ နင်က ဘယ်ထိပါသွားလဲ"

"သူက အားနာလို့ထင်တယ်၊ မသွားဖြစ်တော့လည်း စား သောက်ဆိုင်ကို လိုက်ခဲ့လိုက်ပါလို့ ခေါ်ပါတယ်၊ ဘယ် လိုက်လို့ဖြစ်မလဲ၊ သူ့နားမှာ ထိုင်ရတာ စိတ်ကျဉ်းကျပ် တယ်ဟာ၊ သူ့ဆီက တစ်စုံတစ်ရာက ဘေးကိုထွက်လာပြီး လူကိုရှိုထား လွှမ်းထားသလို ခံစားရတယ်၊ ငါက မလိုက် တော့ဘူးလို့ ပြောလိုက်တာပေါ့"

"အေးလေ၊ သူက ကြောက်စရာကြီး၊ မျက်နှာသေကြီးနဲ့၊ သူနဲ့တူတူ သွားစားရ သောက်ရရင် ဘယ်လောက်ကောင်း တဲ့ စားကောင်းသောက်ဖွယ်တွေ စားရ စားရ မျိုကျမှာ မဟုတ်ဘူး၊ သူ့ကို ဂရုစိုက်နေရတာနဲ့"

"အဲဒါနဲ့ ငါက လမ်းတစ်နေရာမှာ ကားရပ်ခိုင်းပြီး ပြန် ဆင်းလျှောက်လာရတာပေါ့၊ ဘတ်စ်ကားမစီးတဲ့ လူတန်းစား ဆိုတော့ဟာ ကားမှတ်တိုင်နား ရပ်ပေးရင် အဆင်ပြေ ကောင်းမှန်းလည်း သိပုံမရပါဘူး၊ ငါ့မှာ မှတ်တိုင်တောင် မနည်းရှာလျှောက်ရတယ်၊ အိမ်အပြန် မိုးချုပ်တာပေါ့

www.burmeseclassic.com



"တနလ်ာနေ့ကျ အဲဒီပွဲရုံကိစ္စ ထပ်သွားရမလား မသိဘူးနော်"

"မသိပါဘူးဟာ"

"နင် ဘာမှမှားမထားတာ သေချာလား မြတ်နိုးရယ်၊ ဘာအလွဲလုပ်ထားသေးလဲ"

"မလုပ်မိပါဘူးဟ၊ အကုန် အဆင်ပြေနေသားပဲဟာ"

"သူက အရင်ဝန်ထမ်းဟောင်းတွေကို တစ်ပြိုင်နက် ဆယ်ယောက်လောက် ရုတ်တရက် ဖြုတ်ပစ်လိုက်တာတဲ့"

"ငါလည်း သိပါတယ်ဟာ"

"အမှားမခံဘူးနော်၊ နင့်နေရာမှာ လုပ်သွားတဲ့လူက ဘာလဲ မသိဘူး တလွဲလုပ်တာ၊ သဘော်နဲ့ပါသွားတဲ့ စရိတ်တွေရော ကုန်ဖိုးတွေရော ရှုံးပြီး၊ ဟိုဘက်ကမှာတဲ့ နိုင်ငံက ကုမ္ပဏီက ကွာလတီမမီလို့ မှာတဲ့အတိုင်း မဟုတ်လို့ မယူတော့တာဆိုလား မသိဘူး၊ ငါ ဟိုအန်တီကို မေးကြည့်ထားတာ"

"အေးပေါ့ဟာ၊ ဒီလောက် အများကြီး ဆုံးရှုံးသွားတာဆိုတော့ သူလည်း ဖြုတ်ပစ်မှာပေါ့၊ သူ မမှားပါဘူး"

"သူမှားတာ မမှားတာ ထားလေ၊ ဖြုတ်ဖို့ ဝန်မလေးဘူး၊ အဖြုတ်ကြမ်းတယ်ဆိုတာ ပြောပြတာ၊ နင့်နေရာက အရေးကြီးတယ်နော် မြတ်နိုး၊ သတိထားလုပ်၊ ငါက အရေးမ





ကြီးဘူး လက်ထောက်၊ ငါ့အပေါ်မှာ တာဝန်ပိုကြီးတဲ့သူ တစ်ယောက် ရှိသေးတာ၊ နင်က ဂရုစိုက် လုပ်ရမယ်"

"အင်းပါဟာ"

"သူ့ဒွေးမကို ဖားသင့်လည်း ဖါးပေါ့ဟာ"

"အာ ... မဖားတတ်ပါဘူးဟာ"

"သူက အရင်ကတည်းက ဆက်ဆံရခက်ခက် ခွကျကျတဲ့၊ ခုနောက်ပိုင်းတော့ သူ့အဖေ ကျန်းမာရေးမကောင်းတာနဲ့ လူက Stress တွေ ပိုများပြီး ပိုပြီး အေးတိအေးစက် ခက်ခက်ထန်ထန် ဖြစ်လာတာတဲ့"

"နင်လည်း တော်တော် လျှောက်မေးထားတာပဲနော်"

"ဒါပေါ့ဟာ၊ ကိုယ့်အလုပ်ရှင်အကြောင်း ကိုယ်သိထားတော့ အကျိုးရှိတာပေါ့"

"ကွယ်ရာမှာ သူ့အကြောင်းတွေ မေးကြ ပြောကြ စပ်စုကြ လုပ်တာကြားပြီး ဒေါကန်နေဦးမယ်"

"သူ ပြန်ကြားစရာ အကြောင်းလည်း မရှိပါဘူး ကြားလည်း မကောင်းပြောတာမှ မဟုတ်တာ၊ အတင်းအဖျင်းပြောတာလည်း မဟုတ်ဘူး၊ သူ့အကြောင်းလေးတွေပဲ ပြောတာပါဟာ၊ ငါတို့က ဒီဘက်ခန်းဆိုတော့ တိုးတိုးတိတ်တိတ် ပြောလို့ဆိုလို့ ရပါတယ်၊ နင်တို့သာ သူ့ဘက်ခန်းမှာနေရတော့ အမြီးကုပ်နေရတာပေါ့ ... အဟိ"



www.burmeseclassic.com

www.burmeseclassic.com



"အံမာ ... ဟိုဘက်ခန်းဆိုပြီး ရဲတင်းမနေနဲ့ ဒေါ်ပိုးအိမ် သူ့အခန်းထဲက စားပွဲပေါ်မှာ မော်နီတာတစ်လုံး တင်ထားပြီး ဟိုဘက်ခန်း ဒီဘက်ခန်းရော ရုံးခန်းတွေရဲ့အပြင်ဘက် စင်္ကြံရော စီစီတီဗီကင်မရာတွေ တပ်ထားတာ၊ နေရာတိုင်းကို သူကအချိန်ပြည့် ကြည့်နေတာ"

"ဟင် ... တကယ်"

"တကယ်ပေါ့"

"ဟယ် ... သိပါဘူး၊ အဲဒါဆိုရင်တော့ အပိုးကျိုးကျိုးလေးနေမှ"

ပိုးအိမ်က ကုတ်လေးပုပြီး လန့်သွားပုံလည်း ပေါ်ပါသည်။ ပါးစပ်ထဲ ထမင်းဝင်တာကနည်းနည်း၊ လေဝင်တာကများများဖြစ်နေရာ ထမင်းတောင် သိပ်မစားနိုင်။ ပိုးအိမ်က မြတ်နိုးပန်းကန်ထဲကို မြတ်နိုးကြိုက်တဲ့ ကြက်အသည်းလေး ခပ်ထည့်ပေးလိုက်ရင်းက ...

"နင့်အကြောင်း မေးမြန်းစုံစမ်းပြီးတော့ ငါ့အကြောင်းလည်း ပြောရဦးမယ်"

"နင့်အကြောင်းက ဘာလဲ"

"ဟိုလေဟာ အဲ့ဒီညနေက ငါတို့ သူ့ကားရှေ့က ဖြတ်မလျှောက်ခင် ဟိုဘက်တိုင်လုံးအကွေ့က ပတ်ထွက်တုန်းမှာ ကားတစ်စီး ဝင်လာပြီး ပါ့ကင်ထိုးလိုက်တာ မှတ်မိလား၊





ကားကြီးက ဒေါင်းမြီးစိမ်းရောင်ကြီးလေ၊ နင်တောင်မှ ကားအရောင်က မိုက်တယ်လို့ ပြောသေးတာ"

"အင်း ... မှတ်မိတယ်၊ နင်ကလည်း စီးလိုက်ရရင် ဖိမ်ပဲဆိုတဲ့ ကားလေ"

"အေး ... နင်နဲ့ ဒေါ်စေလပ်ဝါ ကားလည်း ထွက်သွားရော ငါက အဲဒီနား ရပ်ကြည့်ကျန်ခဲ့တုန်း ငါ့နားကို အဲဒီကားက ထွက်လာပြီး လျှောခနဲ ရပ်တယ်"

မြတ်နိုးက အံ့အားတသင့် ...

"ဘာလာလုပ်တာလဲ"

"ငါလည်း လန့်သွားပြီး ကြည့်နေတာပေါ့၊ ကားမှန်က လျှောခနဲကျသွားတော့ အထဲမှာ ဘယ်သူမှတ်လဲ"

"ဘယ်သိမလဲဟာ၊ ဘယ်သူလဲ"

"ဟိုလူကြီး"

"ဘယ်လူကြီးလဲ"

"ဟိုတစ်နေ့က ငါ့ကို ကားနဲ့တိုးမိမလို ဖြစ်တာလေ၊ ငါက မတိုးမိဘဲ ချောလဲကျနေတာ၊ ငါတို့ ပထမတစ်ခါ လျှောက်လွှာလာတင်တဲ့နေ့ကလေဟာ၊ သူကတောင် ရလားဘာဖြစ်သွားလဲ ဘာညာ ဆင်းမေးသေးတာရော"

"အေး ... သိပြီ၊ အဲဒါ ဒီကားမှ မဟုတ်တာ"

"ဒီကား မဟုတ်ပေမယ့် ဒီလူပဲ၊ နောက်တစ်စီးပေါ့ဟ"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီတော့ အဲဒီလူက !! "

"သူက ငါ့ကို လာမေးတယ်၊ မင်းတို့က ဒီကွန်ဒိုမှာ အလုပ်လုပ်တာလားတဲ့"

"ဟား ဟား … နှင့်ပုံကိုကြည့်ပြီး ဒီမှာနေတာလားတောင် မမေးဘူး"

"အောင်မာ … ငါ့ပုံစံက ပြန်မယ့်ပုံပဲဟား၊ နေတဲ့လူက ထမင်းချိုင့်ခြင်းဆွဲပြီး ဒီအချိန်ပြန်ဖို့ ပြင်နေပါ့မလား"

"ထားပါတော့၊ ဒီတော့ ! "

"ဟုတ်တယ်လို့ ငါက ဖြေလိုက်တာပေါ့၊ အဲဒီတော့ သူက မင်းဘော်ဒါ ကောင်လေးက ဇလပ်ဝါနဲ့ ဘာဖြစ်လို့ ပါသွားတာလဲတဲ့"

"ဟင် … ဒေါ်ဇလပ်ဝါကို သိနေတာပေါ့"

"အေးဟဲ့၊ အလုပ်ကိစ္စရှိလို့ပါလို့ ငါက ပြန်ဖြေတော့ ဘာ အလုပ်ကိစ္စလဲတဲ့၊ ငါကလည်း သေချာမသိဘူးပေါ့၊ အဲဒါနဲ့ သူက ငါတို့ ဒီမှာအလုပ်ဝင်တာ ကြာပြီလားတို့ ဘာရာထူး တွေလဲတို့၊ ဘာဘာညာညာတွေ လျှောက်မေးနေတာ အကြာ ကြီးပဲ"

"သူလည်း ဒေါ်ဇလပ်ဝါဆီ လာတာထင်တယ်"

"ဟုတ်လိမ့်မယ်၊ အခုတော့ ဘော့စ်က ထွက်သွားတော့ သူလည်း အပေါ်မတက်တော့ဘူးပေါ့၊ ငါ့ကို ဘယ်ပြန်မှာလဲ တဲ့၊ လိုက်ပို့ပေးမယ်လို့ ပြောတယ်"





"နင် လိုက်သွားတာပေါ့"

"ဘာလို့ လိုက်သွားရမှာလဲ၊ လိုက်စရာလား၊ ခုမှ တွေ့ဖူး မြင်ဖူးတဲ့သူကို၊ သူက ဘော့စ်ရဲ့အသိမိတ်ဆွေလို့ ထင်ရပေ မယ့် လူကောင်းလား လူဆိုးလားလည်း သိတာမဟုတ်ဘူး လေ၊ သူ့ပုံစံကတော့ အရမ်းသဘောကောင်းတဲ့ Gentle man ပုံပဲဟဲ့ … နော်၊ ဒါပေမဲ့ ငါက မိန်းကလေးဆိုတော့ လိုက်သွားလို့ မကောင်းဘူးပေါ့ဟာ၊ မလိုက်ပါဘူး၊ ရပါ တယ်လို့ ဘတ်စ်ကားနဲ့ ပြန်နေကျပါလို့ပဲ ပြောလိုက်တယ်"

"အဲဒီတော့ သူက သွားရောလား"

"အေး"

"ဩော် … ပိုးအိမ်ခများ စီးလိုက်ရရင် ဇိမ်ပဲဆိုတဲ့ ကားကြီး ကို စီးခွင့်ကြုံတာတောင် မစီးလိုက်ရရှာဘူး"

"အေးဟ … အထဲမှာလေ ရှမ်ပိုင်းကူရှင်တွေက ဒေါ်နစိမ်း ရောင် ဖျော့ဖျော့လေးတွေဟာ၊ သန့်နေတာပဲ၊ ကားလေးက အထဲမှာ မွှေးကြိုင်အေးစက်နေပုံပဲ၊ သူ မှန်ချလိုက်တော့ ကားထဲက လေအေးအေးမွှေးမွှေးလေးတွေ ထွက်လာတယ်"

ကလေးလိုပြောနေတဲ့ ပိုးအိမ်ကို သနားပြီး မြတ်နိုး က ပိုးအိမ်ရဲ့ခေါင်းလေးကို တစ်ချက်ကိုင်လှုပ်လိုက်မိပါသည်။ သူ့ချစ်သူလေးဟာ သူနဲ့ချစ်နေရတဲ့အတွက် ကားကောင်းကြီးစီး ရကံ မကြုံဘူးပေါ့၊ သူ့မှာ ကားမှမရှိတာ။ သူနဲ့ချစ်မိတော့ သူ့ လိုပဲ ဘတ်စ်ကားပဲ တိုးစီးနေရတာပေါ့။



www.burmeseclassic.com

www.burmeseclassic.com



မြတ်နိုးတို့ ညီအစ်ကိုမှာ မိဘတွေထားခဲ့တဲ့ တစ်ယောက်တိုက်ခန်းတစ်ခန်းစီ ပိုင်ဆိုင်ရုံကလွဲရင် တခြားဘာမှမရှိ။ အစ်ကိုဖြစ်သူက သူနှင့်အတူလာနေစေကာ မြတ်နိုးပိုင်တဲ့တိုက်ခန်းကိုတော့ မြတ်နိုးပဲ အငှားချပြီး ငှားရမ်းခငွေကိုသုံးစေသည်။ မရီးကလည်း အစ်မကဲ့သို့ ကောင်းသောသူဖြစ်၍ မြတ်နိုး ထမင်းလခပေးတာကိုပင် မယူပါ။

ဒီတော့ မြတ်နိုးက တူကလေးကိုသာ ဟိုဟာဒီဟာ ဝယ်ပေးတာမျိုး လုပ်ရသည်။ မရီးမိဘများက ဝယ်ပေးထားတဲ့ တက္ကစီကားကို ကိုကိုက ကိုယ်တိုင်ဆွဲ၍ ကိုကို့ဝင်ငွေက ကောင်းပါသည်။

မြတ်နိုးဟာ ရတဲ့အိမ်လခ၊ ရုံးကလခတို့ကို အပိုမသုံးဘဲစုပြီး တစ်နေ့ ပိုးအိမ်နဲ့ လက်ထပ်တဲ့အခါ မင်္ဂလာဆောင်ဖို့ အတူနေတဲ့အခါ ဝယ်ခြမ်းသုံးစွဲ ကုန်ကျဖို့ ဆိုတာကိုပဲ ရည်ရွယ်ချက် ထားထားတာပါ။

ပိုးအိမ်တို့ဘက်မှာလည်း မတောင့်မတ မကြောင့်မကြ နေရပေမယ့် အရမ်းချမ်းသာ ကြွယ်ဝတာတော့ မဟုတ်။ ရပ်ကွက်ထဲမှာ နှစ်ထပ်တိုက်ကလေး ကိုယ်ပိုင် ပိုင်ဆိုင်နေထိုင်နိုင်သော်လည်း သာမန်လူတန်းစားမျိုးသာ ဖြစ်တာပါ။ ချစ်သူကိုကိုယ့်ကားလေးပေါ်တင်ပြီး လိုရာပို့ပေးချင်ပေမယ့် ကိုယ့်မှာ ဒီအခြေအနေမျိုးမှ မရှိဘဲ။





မြတ်နိုးက အတွေးတွေနှင့်အတူ ...

"ပိုးအိမ် ... နင့်ကို ငါ သိပ်ချစ်တယ် သိလား"

"ဟင် ... ရုတ်တရက်"

"ရုတ်တရက်ပဲပေါ့၊ အချိန်ပြည့် ဘယ်အချိန် ကောက်စဉ်းစား စဉ်းစား ချစ်နေတာပဲဟာ"

"ငါလည်း အဲလိုပဲပေါ့ ... အဟိ"

"အဟမ်း အဟမ်း ... အဟမ်း"

ရုတ်တရက် ချောင်းဟန့်သံနှင့် ဝင်လာတဲ့ ဘွားဘွားကြောင့် နှစ်ယောက်သား မျက်နှာပိုးလေးတွေသတ်ပြီး နှုတ်ဆိတ်နေလိုက်ရပါသည်။

"ညည်းတို့ဟာက ထမင်းကို ဝါးနေတာလား၊ လေကိုဝါးနေတာလား"

"ရောဝါးနေတာ ဘွားဘွား"

"ဟွန်း ... တစ်ရုံးတည်း လုပ်နေကြတာများ အရင်လိုမတွေ့ရ မမြင်ရတာ ကျနေတာပဲ၊ ပိတ်ရက်ပါ လာတွေ့လိုက်သေးတယ်"

အရင်က ပိတ်ရက် အိမ်လာရင် ဘာမှမပြောပေမယ့်ခုတော့ ဘွားဘွားက နေ့တိုင်းတွေ့နေကြတာ ပိုလွန်းတယ်ဟုဆိုချင်သည်။

"အွန် ... ဘွားဘွားကလည်း၊ တစ်ရုံးတည်းဆိုတာ နာမည်ပဲရှိတာ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာဖြစ်လို့လဲ"

"ရုံးခန်းကနစ်ခန်း သတ်သတ်စီ၊ သူက ဟိုဘက်ရုံး၊ သမီးက ဒီဘက်ရုံး"

ပိုးအိမ်က ကပ်နေတဲ့ ကွန်ဒိုနှစ်ခန်းကို အတော်လှမ်းသယောင်ပဲ ထင်ရလေအောင် ခပ်ဝါးဝါး ရောပြောသည်။ မိုမိုသာသာလေးနှင့် ...

"လုံးဝမတွေ့ရဘူး"

"ဟုတ်လား"

"ဩော် ... ဟုတ်တာပေါ့၊ ညာမပြောပါဘူး ဘွားဘွားရယ်။ တစ်နေ့လုံးနေလို့ တစ်ကြိမ်လောက် ဖျိုးခနဲ ဖျတ်ခနဲ တွေ့ရရင် ကံကောင်းတဲ့နေ့ပဲ"

"အောင်မယ်လေး ... မတွေ့ရလည်း ဘာအရေးတုန်း၊ ပိတ်ရက်တွေ့ရတာပဲဟာ၊ ဒါဖြင့် ညည်းဟာက အားကိုးအားထားရှိအောင် ရုံးလိုက်ပြောင်းတယ်ဆိုပြီး လက်တွေ့ကျတော့ အလကားပဲပေါ့၊ မထူးဘူးပေါ့ ဟုတ်လား"

"ထူးတော့ ထူးတယ်လေ၊ ဒီကုမ္ပဏီက လခလည်းပိုတယ်၊ ဘာပဲဖြစ်ဖြစ်ရုံးမှာလည်း သမီးတို့နှစ်ယောက်ကို ပတ်သက်တယ်ဆိုတာ သိကြပါတယ်"

"ဘာပတ်သက်တာလဲ"

"ရည်းစားဖြစ်ကြောင်းလေ"





"အလိုလေးလေး ... ညည်းတို့က ခုမှတွေ့ဖူးတဲ့ လူတကာကို ကြေညာမောင်းခတ်ထားတာပေါ့၊ ဟုတ်လား၊ မောင်နှမတို့ ဘာတို့ ပြောရောပေါ့အေ"

"အာ ... ဘွားဘွားကလည်း၊ ဘာလို့ ညာပြောထားရမှာလဲ၊ ရစ်တယ် ... တကယ်ပဲ"

"ကိုယ့်ရည်းစားရှိကြောင်း တော်ရုံတန်ရုံ လူသိခံရတာမဟုတ်ဘူးအေ့၊ မပြောကောင်း မဆိုကောင်း မတော်တဆကွဲရရင် မိန်းကလေးက နာမည်ပျက်ပြီးကျန်တာ၊ သူများနဲ့ပြတ်ပြီးသားကြီး ဆိုပြီးတော့"

"ဟာ ... တော်ပြီကွာ၊ ဘွားတို့က တကယ်ပဲ ခေတ်နောက်ပြန်ဆွဲကြီးတွေ"

ပိုးအိမ်က စိတ်တွေကောက်ကာ အော်ဟစ်ညည်းညူနေပါတော့သည်။

❖ ❢ ❖

လေပ်ဝါက ရေကော်ဖီခွက်လေးထဲက မပျော်သေးတဲ့ ချေခဲမုန့်တုံးကို ဇွန်းနှင့်တို့ထိုးပွဲမွှေနေရင်း ...

"ကိုကို ... ပြောစရာရှိတာ ပြောလေ"

အင်း ...။ နှုတ်ကျိုးနေတာကို ပျောက်မရ။



www.burmeseclassic.com

www.burmeseclassic.com



"ဇလပ် ပြောစရာကို အရင်ပြောပါ"

ဖုန်းလှမ်းဆက်ကာ နေကောင်းလား အဆင်ပြေလား လှမ်းမေးတဲ့ ကိုအုပ်စိုး အသံကိုကြားလျှင် ကိုယ်နှင့် အရင်းနှီးဆုံး သူစိမ်းယောကျ်ား ဖြစ်တာကတစ်ကြောင်း၊ ကိုယ့်အပေါ် ကောင်းသောစိတ်ထား ထားရှိသူလို့ ယုံကြည်စိတ်ချတာကတစ်ကြောင်း တို့ကြောင့် "ကိုကို့ကိုတောင် ပြောစရာလေးတစ်ခု ရှိသေးတယ်" လို့ မတင်မကျ ပြောလိုက်မိတဲ့အခါ ...

"ကိုယ်လည်း ဇလပ်ကို ပြောစရာရှိပါတယ်၊ ကိုယ်တို့ မတွေ့တာလည်း တော်တော်ကြာပြီ၊ ညနေတွေ့ကြရအောင် လေ"

"အင်း ... တွေ့တာပေါ့"

"ထမင်းစားမလား၊ ဘယ်မှာစားချင်လဲ ဇလပ်"

"ဟင့်အင်း ... ကော်ဖီလောက်ပဲ ကိုကို"

ဒီလိုနှင့် သူတို့ ဒီကော်ဖီဆိုင်လေးကို ရောက်နေကြတာပါ။

"ဟင့်အင်း ... ဇလပ် ပြောမယ့်စကားက အရှိန်ယူရမှာ၊ လိပ်ပတ်လည်ဖို့ ကြာမယ်၊ ကိုကို အရင်ပြောပါ"

အုပ်စိုးက ခေါင်းညိတ်လိုက်ပါသည်။ လုံးဝထပ်မတွေ့ကြတော့ဘူးပြောပြီး ခုလို ပြန်တွေ့ခွင့် အတူထွက်ခွင့် ရတာပဲ တိုးတက်လှပြီမို့ ကျန်တာတွေတော့ ဇလပ် ဆန္ဒကိုပဲ လိုက်လျောပေးလိုက်ရတော့မှာပင်။





"ကိုကို ဇလပ်ရုံးဘက် မကြာ မကြာ ရောက်ပါတယ်"

"........."

"ကွန်ဒိုအောက်က ပါကင်ထဲအထိ ရောက်ရောက်လာတယ်၊ ဒါပေမဲ့ ခွင့်ပြုချက်မရဘဲ တက်လာရင် ဇလပ်အနှောင့် အယှက်ဖြစ်မှာစိုးလို့ တက်မလာတာပါ"

"ဟုတ်တယ်၊ ပထမတော့ လုံးဝအပြီးအပြတ်ဖြစ်အောင် ကိုကိုနဲ့ လုံးဝမတွေ့တော့ဘူးလို့ စိတ်ကူးထားတာပဲ၊ ဒါပေမဲ့ ခုတလော ပြန်စဉ်းစားကြည့်တော့ ဇလပ်မှာ ခင်မင်ရင်းနှီးတဲ့ မိတ်ဆွေအပေါင်းအသင်း နည်းရတဲ့အထဲ ယောကျ်ားဆိုလို့တော့ ကိုကို တစ်ယောက်တည်းပဲ ရှိတာ၊ သတိပြန်ပြုမိတယ် ...

အနည်းဆုံး ဖေဖေနဲ့ စကားပြောဆို တိုင်ပင်လို့ရရင်တောင် မဆိုးဘူး၊ ခုတော့ ဖေဖေနဲ့ကလည်း ဘာမှစကားချင်း စိတ်ချင်း ဆက်သွယ်လို့ မရတော့ တစ်ခါတစ်ခါကျ ကိုယ့်ထက် အသိဉာဏ်ကြီးမားတဲ့သူ တစ်ယောက်ယောက်နဲ့ စကားပြောလိုက်ချင်တာမျိုး စိတ်ထဲမှာ ပြင်းပြလာတဲ့အခါ ကိုကိုပဲရှိတာ တွေးမိတယ်"

"ကိုယ့်ကို ဒီလိုနေရာမှာ ထည့်တွေးပေးထားတဲ့ အတွက် ကျေးဇူးတင်ပါတယ် ဇလပ်"



www.burmeseclassic.com

www.burmeseclassic.com



"ကိုကို့ကို ချစ်သူလို မချစ်တော့ဘူး ဆိုပေမယ့် အားကိုးရတဲ့ ယုံကြည်လေးစားရတဲ့ အကူညီတွေတောင်းလို့ရတဲ့ အစ်ကိုလို မိတ်ဆွေရင်းချာလိုတော့ ပြန်သဘောထားရလိမ့်မယ်ထင်တယ်"

အုပ်စိုးက အသံမထွက်ဘဲ ကျိတ်ပြုံးမိသည်။ ဪ ဧလပ် ... ဧလပ်။ သူ့စကားထဲမှာပင် သူ့ရဲ့အတ္တတွေကို အထင်းသား မြင်နေနိုင်ပါကလား။ တကယ်တော့ သူ့ကိုယ်သူ သူသတိမပြုမိတဲ့ သံယောဇဉ်ဆိုတဲ့ အရာတစ်ခုကလည်း သူတို့နှစ်ယောက်အကြားမှာ ရင့်နိုင်နေပါသေးသည်။ သံယောဇဉ်ဆိုတာ လွယ်လွယ်လေး ပြတ်သွားတာမျိုးမှ မဟုတ်တာ။

"ဒီစကား ကြားရတာလည်း ကိုယ်ဝမ်းသာပါတယ်"

"နောက်ကို ကားပါကင်ထိရောက်နေမှတော့ တက်ခဲ့လိုက်ပါ ကိုကို"

ဧလပ်က ကိုအုပ်စိုးကို တကယ့်ကို အားနာစိတ်အရင်းခံနှင့် ပြောမိတာ ဖြစ်ပါသည်။

"ကိုကို ပြောစရာက ဒါပဲလား"

"မဟုတ်ဘူး ရှိသေးတယ်"

"........."

"ဟိုတစ်နေ့ကလည်း ရုံးဆင်းချိန် ရောက်လာတယ်၊ သောကြာနေ့"

"ဧလပ် မရှိတော့ဘူးလား"

"ဧလပ်ကားက ကိုယ့်ရှေ့မှာပဲ ထွက်သွားတာပါ"

"ဟုတ်လား"

"ကောင်လေးတစ်ယောက်ကို ဧလပ်ကားပေါ် ခေါ်တင်သွားတာ တွေ့လိုက်တယ်"

အုပ်စိုးက ပြောပြီး ဧလပ်ဝါ မျက်နှာကို အဆက်မပြတ် စိုက်ကြည့် အကဲခတ်နေလိုက်ပါသည်။ သိသိသာသာတစ်မျိုးဖြစ်သွားတဲ့ မျက်နှာရဲ့အရိပ်အကဲကို အုပ်စိုးက ဆက်လက်စိုက်ကြည့်နေလိုက်ပါသည်။ အတန်ကြာလျှင် ဧလပ်က ...

"သူက ... ရုံးက ..."

"ဪ ... ကိုယ်မမြင်ဖူးဘူးဆိုတော့ အသစ်ခန့်လိုက်တာထင်တယ်"

"ဟုတ်တယ်"

"ဘာရာထူးလဲ"

"ကိုကို ဘာအတွက် မေးနေတာလဲ"

"သဘောတင်ဌာနခွဲရဲ့တာဝန်ခံလို့ ပြောတယ်"

ဧလပ်က ဆတ်ခနဲ ဖြစ်သွားရင်း မျက်နှာလည်း ယောင်ယောင်တင်းရင်းသွားကာ ...

"ဘယ်သူက ပြောတာလဲ"



www.burmeseclassic.com

www.burmeseclassic.com

"ဒီလိုပဲ ကိုယ်မေးကြည့်တဲ့ သူဆီက သိတာပါ၊ ကိုယ် စဉ်းစားမိတာပါ၊ နားလည်သလောက် ရှေ့ရှေ့ကလည်း ရုံးကလုပ်ငန်းဆောင်တာတွေရဲ့ အနေအထားတွေကို နားလည်နေခဲ့တာပဲဆိုတော့ သူနဲ့ ဇလပ် အလုပ်တူတူလုပ်စရာ အတူသွား ဆောင်ရွက်စရာ ဘာကိစ္စမှ မရှိလောက်ဘူးလို့ပဲ နားလည်တယ်"

"..........."

ဇလပ်က အေးစက်စက် ငြိမ်နေပါသည်။

"တစ်ယောက်ယောက်နဲ့ တွဲချိတ်လုပ်ဖို့ လိုအပ်ရင်လည်း ဒီလိုလူမျိုးဟာ ဘယ်လိုလူမျိုးတွေနဲ့ တွဲချိတ်ပြီး ဆောင်ရွက်ရတာတွေ ရှိတတ်လဲ ကိုယ်သိတယ်၊ ဒီတော့ ဒိဝန်ထမ်းကောင်လေးကို ဇလပ် ကားပေါ်တင်ပြီး ခေါ်သွားတဲ့ကိစ္စအပေါ် ကိုယ် စိတ်ဝင်စားနေတာ၊ မမေးဘဲ ကိုယ့်ဟာကိုယ် ဒီရက်တွေထဲ အဖြေရှာကြည့်နေတာ မရဘူး ...

ဘာကိစ္စကြောင့် ဒီကောင်လေးနဲ့ ဇလပ် အတူထွက်သွားကြတာလဲ ဆိုတာ ဇလပ်ကိုမှ မမေးရင် ဒီကောင်လေးကိုမေးမှပဲ သိစရာ အကြောင်းရှိတော့တာလေ၊ ဒါကြောင့် ဇလပ်ကို မေးကြည့်မယ်လို့ စိတ်ကူးပြီး ကိုယ်ဖုန်းဆက်လိုက်တာ၊ ကိုယ်ပြောမယ့်ကိစ္စက အဲဒီကိစ္စပါ"





ဇလပ်က ဘာမှမပြောပဲ ခဏ ငြိမ်သက်နေသည်။ ဖန်ခွက်ထဲကပိုက်ကိုပဲ လှည့်ပတ်မွှေနှောက်ရင်း လှုပ်ရှားနေတဲ့စိတ်ရဲ့သရုပ်ကို မသိမသာဖော်ပြနေသလိုပင်။ တော်တော်ကြာမှ ဇလပ်က ပိုက်ကိုလွှတ်ချကာ စားပွဲပေါ် လက်ပိုက်တင်၍ ခေါင်းလေးကိုပါ ရှေ့တိုးကာ အုပ်စိုးကို နီးနီးကပ်ကပ် မျက်နှာချင်းဆိုင်လိုက်ရင်းက ...

"မြတ်နိုးကို တင်ခေါ်သွားတာတွေ့တယ် ဆိုတော့ ခင်ပိုးအိမ်ဆိုတဲ့ ကောင်မလေး ကျန်ရစ်ခဲ့တာလည်း ကိုကိုတွေ့မှာပဲ၊ ကိုကို မေးကြည့်တဲ့သူကလည်း ခင်ပိုးအိမ်ပဲ ဖြစ်မှာပါ၊ ဇလပ်မှာ ပြောစရာရှိတာလည်း အဲဒီကိစ္စပါပဲ ကိုကို၊ ဇလပ် ကိုကို့ကို ပွင့်ပွင့်လင်းလင်း တိုင်ပင်အကြံတောင်းချင်တာပါ"

အုပ်စိုးက အာရုံစူးစိုက် နားထောင်နေပါသည်။

"အဲဒီကောင်လေးက မြတ်နိုးတဲ့၊ ကောင်မလေးနာမည်က ခင်ပိုးအိမ်၊ သူတို့နှစ်ယောက်က ချစ်သူတွေလို့ သိရတယ်"

ဒါကို ဇလပ်ဝါ သိသည်ဆို၍ အုပ်စိုးက ကျေနပ်သွားပါသည်။ ဇလပ်ဝါ မသိသေးဘူးဆိုရင် သူက ထောက်ပေးမလို့ပင်။ သူ့ကို ခင်ပိုးအိမ် ဆိုတဲ့ ကောင်မလေးက ဒီအတိုင်းကြီးတော့ ပွင့်ပွင့်လင်းလင်း ပြောမသွားပေမယ့် သူတို့ရဲ့ပတ်သက်မှုက ကြည့်တာနှင့် သိသာလှ၍ပင်။

"အင်း ... အဲဒီတော့ ..."



www.burmeseclassic.com

www.burmeseclassic.com


"ကိုကို ... ဒီစကားကိုပြောရတာ ချက်နှာတော့ ပူပါတယ်၊ ဒါပေမဲ့ ကိုကို့ကို ဝန်ခံချင်တာရော ဖွင့်ပြောချင်တာရော သိစေချင်တာရော အားလုံးက ပြောပြဖို့ကိုပဲ တွန်းအားပေးနေတာမို့ပါ၊ ကိုကို ဇလပ်ကို အထင်သေးချင်ရင်လည်း သေးနိုင်တယ်၊ ဇလပ်လည်း ကိုယ့်ကိုယ်ကိုယ် ဘာဖြစ်မှန်း မသိအောင် အံ့အားသင့်မိတယ် ...

ဇလပ် အဲဒီမြတ်နိုးဆိုတဲ့ ကောင်လေးကို ချစ်မိသွားတယ်"

"ဘာ"

ဒီလောကကြီး တဲ့တိုးကျကျ လုံးဝဘာယ်လိုမှ မျှော်လင့်မထားရှ၍ အုပ်စိုးရဲ့ အံ့အားလည်းသင့် မချိမဆန့်လည်း ဖြစ်သွားသော အသံကြီးက ဟိန်းကနဲ ထွက်လာပါသည်။ ဇလပ်ဝါက အုပ်စိုးကို ရင်မဆိုင်ဘဲ မျက်လွှာချထားလိုက်ပါသည်။ ပွင့်ကို ဖွင့်ပြောလိုက်ရတုန်းကလည်း ရင်ထဲ တစ်စိတ်တစ်ပိုင်းပေါ်ပြီး ကျေနပ်သွားသည်။ အခု ကိုအုပ်စိုးကို ဖွင့်ပြောလိုက်ရတော့လည်း ရင်ထဲ နေသာထိုင်သာ ရှိသွားသလိုပင်။

"ဘာပြောတယ် ဇလပ်"

"သူ အင်တာဗျူး လာဖြေတဲ့နေ့ စစချင်းတွေ့ကတည်းက ရင်ထဲမှာတစ်မျိုးပဲ ကိုကို၊ ဇလပ် ရင်တွေခုန်လာတယ်၊ အချိန်တိုတိုအတွင်းမှာပဲ ဇလပ် သေချာပါတယ်၊ သူ့ကို ချစ်တယ်"

"ဇလပ် ... မင်း ... မင်း ရူးနေလား၊ ရူးများ ရူးသွားတာလားကွာ"

သဘောကောင်း စိတ်ရှည် အောက်သက်ကျေလှတဲ့ သူပင် မချိမဆန့် အောင့်သီးအောင့်သက်နှင့် ဘယ်လိုမှ သည်းခံလက်သင့်ခံမရအောင် ဖြစ်နေရပါတော့သည်။

"ရူးတာမဟုတ်ရင် မင်း ဒီစကားကို ဒီအခြေအနေတွေထဲမှာ ပြောထွက်တာ မရှက်ဘူးလား ဇလပ်"

ဇလပ်က ခေါင်းလေးတစ်ချက်ညိတ်ရင်း ...

"ဇလပ် ရှက်တော့ ရှက်ပါတယ်"

"ကျွတ် ... ဒီနားရွက်တောင် ကိုယ့်နားရွက်မှ ဟုတ်ရဲ့လားလို့ ထင်မိတယ်"

"........"

"ကျွတ် ... ကျေးဇူးပြုပြီးတော့ကွာ ကဗျာဆန်မယ်ထင်တဲ့ ရူးသွပ်မှုမျိုးတွေ လွှင့်ပစ်လိုက်စမ်းပါ ဇလပ်၊ အန်ကယ့်လ်ကျန်းမာရေး ဆိုးပြီးတဲ့နောက်ပိုင်း ဇလပ် အရမ်းပြောင်းလဲလာတာ ကိုယ်ရိပ်မိတယ်၊ ဒီပရက်ရှင်ဝင်တယ်၊ ကယောင်ချောက်ချားနဲ့ ပတ်ဝန်းကျင်ကို ယုံကြည်မှုတွေ ကင်းမဲ့တယ်၊ အမြင်တွေ ပြောင်းလာတယ်။ အဲ့သလို အမြင်တွေ ခံစားချက်တွေပြောင်းတဲ့ စာရင်းထဲ ကိုယ်လည်းပါတယ်၊ မင်း ကိုယ့်အပေါ်လည်း စိမ်းစိမ်းကားကား ဖြစ်ဖြစ်လာတယ် ဆိုတာ ကိုယ် ခံစားရတယ် သိတယ် ...



www.burmeseclassic.com

www.burmeseclassic.com



အန်ကယ့် အခြေအနေကို မင်း မသိစိတ်က လက်သင့်မခံချင်လွန်းလို့ ကိုယ့်ကိုယ်ကိုယ် မလုံမခြုံ ခံစားပြီး ဒါမျိုးတွေ ဖြစ်လာတာကို ကိုယ် အပြစ်မမြင်ဘူး၊ မွေးမယူဘူး၊ နားလည်ပေးနိုင်တယ် ဇလပ်၊ ပိုသနားတယ်၊ ပိုကရုဏာသက်တယ်၊ ပိုလည်းမြတ်နိုးတယ်၊ ကိုယ့်ဘက်က အဆုံးစွန်အလျှော့ပေး အလိုလိုက်ပြီး စိတ်လည်းရှည်ခဲ့တယ်၊ မင်းအတွက် ကိုယ် ဘာလုပ်ပေးရပေးရမို့လို့ ဖြတ်ချင်ပါတယ် ဆိုတော့လည်း အင်းကွာ ဆိုပြီး မင်းမြင်ကွင်းကနေ ခဏရှောင်နေပေးခဲ့သေးတယ် ...

မင်းစိတ်တွေ အေးချမ်းသက်သာပြီး ပုံမှန်မူမှန်ဖြစ်အောင် ဘယ်လောက်အချိန်ကြာကြာ ကိုယ်စောင့်ပြီး မေးမ,နေမှာပဲ၊ မင်း စိတ်သက်သာရာရရင်ပြီးရော ထားခဲ့တယ်"

"ကျေးဇူးတင်ပါတယ် ကိုကို"

"ကျေးဇူးတင်စရာ မလိုပါဘူး၊ ဒါ မင်း တောင်းဆိုတာလည်း မဟုတ်ဘူး၊ ကိုယ့်ရင်ထဲက ဖြစ်နေတာ၊ ကိုယ့်ရင်ထဲက ထွက်လာတာတွေ၊ ဒါပေမဲ့ အတိုင်းအတာတစ်ခုဆိုတာလေးတော့ နေရာတိုင်းမှာ ရှိသေးတာပေါ့ ဇလပ်၊ ခုဟာက စိတ်ကူးယဉ်ဆန်နေတာလား၊ မင်း ကဗျာဆန်နေတာလား၊ ရူးသွပ်နေတာလား၊ ဘာပဲဖြစ်နေနေ ကိုယ့်ကို စေ့စေ့ကြည့်ပြီး ဟိုကောင်လေးကို ချစ်နေမိပါတယ်လို့





ပြောတဲ့အထိကတော့ မင်း လွန်လွန်းအား ကြီးမသွားဘူးလား ဇလပ်ရယ်"

ဇလပ်သည် ဝမ်းပန်းတနည်း ခေါင်းလေးကို ဖြည်းညင်းစွာ ခါယမ်းနေမိပါသည်။ တောင်းပန်ပါတယ် ကိုကိုရယ်။ ဒါပေမဲ့ ကိုကို့အထင်အမြင်တွေက မှားနေပါတယ်။ စိတ်ကူးယဉ်ဆန်နေတာ၊ ကဗျာဆန်နေတာ၊ ရူးသွပ်နေတာ လုံးဝမဟုတ်ရပါဘူး။ ဘာဖြစ်မှန်းလဲ မသိပါဘူး၊ ချစ်တာကတော့ တကယ်ချစ်နေမိတာပါ။

"မင်း ကိုယ့်ကို ဒီလောက်ထိတော့ မနှိပ်စက်သင့်ဘူးပေါ့"

"တောင်းပန်ပါတယ်"

"တောင်းပန်စရာ မလိုဘူး၊ ဒီအတွေးတွေ ခုရပ်၊ တော်တော့၊ လုံးဝအဓိပ္ပာယ်မရှိဘူး၊ မင်းစိတ်တွေ ကယောက်ကယက်ဖြစ်နေတာ"

"ကိုကို ထင်သလို မဟုတ်ဘူး"

"ဘာမဟုတ်ရမှာလဲ"

အုပ်စိုးက ဝုန်းကနဲ ထရပ်လိုက်သည်။ သီးသန့်ခန်းလေးမို့ ရုပ်ပျက်ဆင်းပျက် မဖြစ်ပါ။ အုပ်စိုးက အခန်းလေးထဲ ခါးထောက်ကာ ရှူးရှူးရှဲရှဲ ဟိုမှသည် လျှောက်နေမိသည်။ ဇလပ် သူ့အချစ်ကို စော်ကားလွန်းတယ်လို့ ထင်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



"မင်း အနားယူရမယ် ဇလပ်၊ မင်းအတွေးတွေ စိတ်ကူးစိတ်သန်းတွေ ကြောင်နေပြီ၊ မင်း လူရောစိတ်ပါ ပင်ပန်းနေတယ်"

"မဟုတ်ဘူး ကိုကို"

"ဟုတ်တယ်၊ မင်း အတွေးတွေ ကြောင်နေပြီ ဇလပ်"

ဇလပ်က ခေါင်းလေးယမ်းကာ တစ်ဖက်ကို လှည့်နေလိုက်မိသည်။ ကြောင်ပြီး လျှောက်ပြောနေတယ် ထင်နေမှတော့ စကားကို ဘယ်လိုဆက်ပြောတော့မလဲ။ ဇလပ်က ဝမ်းနည်းလာမိပါသည်။ မေမေ"ကိုမာ"ရပြီးကတည်းက သူ့စိတ်တွေ တင်းကျပ်မွန်းပိတ်နေခဲ့ရတာတော့ ဖြစ်နိုင်သည်။ အဲဒီရဲ့နောက်မှာ ပတ်ဝန်းကျင်မှာ ရုံးမှာ ဝန်ထမ်းတွေပေါ်မှာ ပိုပြီးအေးစက်မာကျော ခက်ထန်ခဲ့မိတာလည်း မှန်သည်။

သူ့ဝန်ထမ်းတွေဟာ သူ့အပေါ် ချစ်ကြောက်ရိုသေမဟုတ်၊ ရွံကြောက်ရိုသေဆိုတာလည်း သူ ရိပ်မိသည်။ လူတွေအပေါ် အစစအရာရာအပေါ်လည်း စိတ်ပျက်လွယ်လာသည်။ ဒီကြားထဲ ခပ်ကြီးကြီး စီးပွားရေး ဆုံးရှုံးမှုတစ်ခုကိုလည်း ကြုံလိုက်ရသည်။ တင်းတင်းမာမာပဲ ဆုံးဖြတ်ကာ ဝန်ထမ်းတွေ တစ်ပုံကြီးထုတ်ပစ်လိုက်ဖို့ပြီးတဲ့နောက် လူက ပိုပြီးတစ်ယောက်တည်းဖြစ်သလို ခံစားလာရသည်။





ကိုအုပ်စိုး ရှိတယ်လို့လည်း အားမဖြစ်။ ကိုအုပ်စိုးကိုက ကိုယ့်နံဘေးမှာ ကိုယ့်အတွက် အနှောင့်အယှက်တစ်ခုလိုဖြစ်လာသည်။ အားကိုးမှုတော့ စိတ်ထဲမှာ ရှိပေမယ့် ကိုယ့်ချစ်သူကိုယ့်ရည်းစားအဖြစ် ဘယ်လိုမှ ရင်မှုခုန်နိုင်တော့ဘဲ အဲသေးစိတ်တစ်ချက်ချင်းအပေါ် စိတ်ပျက်ကာ ခင်ပွန်းလောင်းအဖြစ် ဘယ်လိုမှ သတ်မှတ်လို့ မရတော့ပဲ ဖြစ်ခဲ့သည်။

ဒါတွေအားလုံးဟာ အရှိထဲက ဖြစ်လာတဲ့ အနုတ်လက္ခဏာတွေပင်။ ဇလပ် ဘဝထဲက နဂ္ဂတစ်ဖ်အဖြစ်အပျက်တွေပင်။ သို့ပေမဲ့ မြတ်နိုးကိစ္စကတော့ မတူဘူးထင်သည်။ ဒါက ပေါ့စတစ်ဖ် အဖြစ်အပျက် မဟုတ်လား။

ဘဝမှာ တစ်ခါမှ မကြုံရသေးဖူးတဲ့ ရင်ခုန်ခြင်း၊ တုန်လှုပ်ခြင်း၊ အရူးအမူးဖြစ်ခြင်းတို့နှင့် လူတစ်ယောက်ကို တကယ့်ကို တမြတ်တနိုး ချစ်မိတယ်ဆိုတဲ့ အဖြစ်အပျက်ဟာ ပေါ့စတစ်ဖ် အဖြစ်အပျက် မဟုတ်လား။ အပေါင်းလက္ခဏာဆောင်တယ် မဟုတ်ဘူးမဟုတ်ဘူးလား။ အကောင်းကို ဦးတည်ညွှန်ပြတယ် မဟုတ်ဘူးလား။

"ငွေဆောင် သွားမလား ဇလပ်"

"အဟင်း ဟင်း"

တကယ် စိတ်ပါလက်ပါ ရယ်လိုက်၍ ရွှန်းလက်ဝင်းပသွားသော ဇလပ် မျက်နှာလေးကို အုပ်စိုးက ကြည့်ရှု



www.burmeseclassic.com

www.burmeseclassic.com



ငေးကြည့်နေခဲ့သည်။ ကရဏာဒေါ်သောနှင့်မို့ နှာကျင်အောင်တောင် အပြစ်ဒဏ်တစ်ခုခု ပေးလိုက်ချင်တာ။ သို့ပေမယ့် ချစ်စိတ်ဟုန်က ကြီးမားလှတယ်ဖြစ်၍ ကရဏာဒေါ်သောတွင် "ဒေါ်သ"က ခဏနှင့် ကွယ်ပျောက်ပြီး "ကရဏာ"က ကျန်ရစ်သည်။

"နောက်နေတာ မဟုတ်ဘူး ဇလပ်ရဲ့၊ တကယ် ပြောတာပါ၊ နားပါ ဇလပ်ရယ်၊ နိုင်ငံခြားလောက် မသွားချင်ရင် ငွေဆောင်တော့ တစ်ပတ်လောက် သွားလိုက်"

"ရေတွေမကြည့်ချင်ပါဘူး၊ ရေတွေကိုကြည့်ရတာ တစ်ကိုယ်တည်း အထီးကျန်သလို ခံစားရတယ်"

အုပ်စိုး တစ်ချက်တည်း ပါးစပ်ပိတ်သွားပါသည်။ တော်ကြာ အဲဒီရေတွေထဲ ရူးကြောင်ပြီး ဆင်းပြေးသွားလို့ သူ့ပဲ ရင်ကွဲပက်လက် အရူးမီးဝိုင်း ဖြစ်ရလိမ့်မည်။

"ပြင်ဦးလွင်ရော"

"ဟင့်အင်း"

"ဘယ်သွားချင်လဲ ဒါဆို"

"ကိုကို"

"အင်း"

"အဲဒီ မြတ်နိုးကို ကိုကို နည်းနည်းလောက် အကဲခတ်ကြည့်စမ်းပါ၊ သူက လူကောင်းလူတော်လေးပါ၊ ဒါပေမဲ့ ယောကျ်ားချင်း အမြင်ပေါ့"





အုပ်စိုးက ဇလပ်ကို ရူးရူးရဲရဲ စိုက်ကြည့်နေပါသည်။

အဟင်း ...။ ကိုကို ဇလပ် ရူးနေသလားများ တွေးနေသလား။ ဇလပ် တကယ်ကို ဘာမှမဖြစ်တာပါ။ စိတ်ထဲရှိတာကို ဘာတွေကိုမှ ဂရုမစိုက် အပွင့်လင်းဆုံး ထုတ်ပြောတာပဲရှိပါသည်။

"သူ့ကို ဇလပ် ချစ်ထယ်"

"ဇလပ်"

"........."

"ဇလပ်"

အုပ်စိုးက မထူးပဲ သူ့ကို ပြန်ကြည့်နေတဲ့ ဇလပ်ရဲ့ မျက်ဝန်းများကို တည့်တည့်ကြည့်ကာ ...

"သူ့မှာ သူ့ချစ်သူ ကောင်မလေးရှိတာ မင်းလည်းသိရက်သားနဲ့ မဟုတ်လား"

"ချစ်သူဆိုတာ စိတ်ကုန်ကြတဲ့တစ်နေ့ ပြတ်သွားရင် သူစိမ်းပဲပေါ့၊ အလွန်ဆုံးတော့ မိတ်ဆွေသူငယ်ချင်းပေါ့။ ကိုကိုနဲ့ ဇလပ်လိုပဲလေ၊ ဘယ်သူမှ ဘာအပြစ်မှ မလုပ်ဘဲနဲ့တောင် တစ်ယောက်နဲ့တစ်ယောက် စိတ်ကုန် အချစ်ကုန်သွားနိုင်တာပဲမို့လား"

"တစ်ယောက်နဲ့တစ်ယောက် မဟုတ်ဘူး၊ ကိုကို့ဘက်က မပါဘူး၊ မင်းတစ်ယောက်တည်းဘက်က စိတ်ကုန်တယ်၊ အချစ်ကုန်တယ် ဖြစ်နေတာ၊ ဒါပေမဲ့ အဲဒါကို ခုချိန်ထိ ကိုကို အသိအမှတ်မပြုဘူး၊ ရှင်းတယ်နော်"



www.burmeseclassic.com

www.burmeseclassic.com



"ရှင်းတာတော့ ရှင်းပါတယ်၊ ဒါပေမဲ့ ကိုကို အသိအမှတ်ပြုခြင်း မပြုခြင်းက ဇလပ်နဲ့ ဘာမှမဆိုင်တော့ဘူးလေ၊ ဇလပ်တို့က ချစ်သူတွေမှ မဟုတ်ကြတော့ပဲ"

အုပ်စိုးက သက်ပြင်းတစ်ချက် ရှိုက်ရင်း ...

"ကဲ ... ထားပါတော့၊ မြတ်နိုးက မင်းလို အလွယ်တကူနဲ့ သူ့ချစ်သူကို စိတ်မကုန်ဘူး၊ ဟိုကောင်မလေးကိုပဲ သစ္စာရှိရှိ ချစ်မယ်ဆိုရင်ကော"

"ဒါတွေက သူ့ဟာနဲ့သူ အစဉ်လိုက် ဖြစ်လာပါလိမ့်မယ်၊ ဇလပ် ကိုကို့ကို တိုင်ပင်တာလည်း ဒီကိစ္စပဲလေ၊ ရည်းစားရှိတဲ့ ကောင်လေးတစ်ယောက်ကို ဇလပ် ချစ်မိတယ်ဆိုတာ ကိုကို့ဆီမှာ တိုင်ပင်တာပါ"

"ဒါတိုင်ပင်တာမှ မဟုတ်တာ၊ မင်း ပြောချင်တာတွေ လျှောက်ပြောနေတာပဲ၊ တိုင်ပင်တယ် ဆိုတာက တစ်ဖက်က ပေးတဲ့ အကြံဉာဏ်ကို လက်ခံစဉ်းစားရတယ်၊ အပြန်အလှန် ဆွေးနွေးပြီး အမှားအမှန် အဖြေဝိုင်းထုတ်ပြီး တိုင်ပင်ဆုံးဖြတ်ရတာ၊ အခု ဇလပ်ဟာက သူများအကြံဉာဏ် မယူဘူး၊ အမှားအမှန် အဆွေးနွေး မခံဘူး၊ ဇလပ်က ကိုယ်ပြောချင်တာတွေချည်း တစ်ယူသန် လျှောက်ပြောနေတာ၊ ဒီစကားတွေကို ကိုယ်ကလွဲပြီး နောက်ထပ်တခြားဘယ်သူ့ကိုမှ ထပ်မပြောပါနဲ့တော့ ဇလပ်၊ ကိုယ်တောင်းပန်ပါတယ်၊ ဇလပ်ရဲ့ဂုဏ်သိက္ခာကို ထိခိုက်မှာမို့လို့ပါ"





"ပွင့်ကို ပြောပြီးပြီ"

"ကျွတ်"

"မပူပါနဲ့ ကိုကို၊ ပွင့်ကလည်း ဇလပ်ကို ရှုံးနေတယ်တဲ့"

ဇလပ်က သက်ပြင်းမောလေး ချလိုက်ပါသည်။

အင်း ... ဒါပေမဲ့ ကိုယ် မရှုံးတာ ကိုယ်ပဲအသိဆုံးပေါ့ ကိုကိုရယ်။ ဇလပ် မရှုံးပါဘူး။ မြတ်နိုးကို တကယ်ပဲ ချစ်မိသွားခြင်းအပေါ် အံ့အားတသင့် အငိုက်မိနေတုန်းပါ။

❖ ❢ ❖



www.burmeseclassic.com

www.burmeseclassic.com

"ညနေကျ ကြေးအိုး သွားစားမယ်ကွာ"

"အေး ... စားမယ်လေ၊ လခထုတ်ရက်ပဲ ဟား ဟား၊ ဒါပေမဲ့ နင် ဘွားဘွားတို့ကို ကြိုပြီးပြောခဲ့လို့လား ပိုးအိမ်"

"မပြောခဲ့ပါဘူး၊ ပြောရင် မသွားနဲ့ လူမြင်တယ်၊ ပိုက်ဆံ အပိုကုန်တယ်၊ မြတ်နိုးကို အိမ်ခေါ်ခဲ့၊ ထမင်း အိမ်မှာစားကြလို့ပြောမှာ အလွတ်တောင် ရနေပြီ"

"မပြောခဲ့ဘဲနဲ့ နောက်ကျနေရင် ရပ့ါမလား"

"ရတယ်"

"အနည်းဆုံး တစ်နာရီ နောက်ကျမှာနော်"

"ဖြစ်တယ်"

"အိုကေ ... ဒါဆို သွားစားမယ်"

"ဟေး ... ဟား ဟား ဟား"



ပိုးအိမ်က ဆုပ်တွဲထားတဲ့ မြတ်နိုးရဲ့လက်ကို လှုပ်ယမ်းကာ ဝမ်းသာအားရ အော်ဟစ်လိုက်ပြီးလျှင် ...

"ဟဲ့ ... မြတ်နိုး၊ ငါလေ ငါတို့မှာ ဟဲန်းဒ်ဖုန်းတွေ ဘာတွေ မပိုင်ကြတာကို အရမ်းဝမ်းသာတာပဲ သိလား၊ ဟီး ဟီး ... ဟဲန်းဒ်ဖုန်းသာ နင့်မှာဖြစ်ဖြစ် ငါ့မှာဖြစ်ဖြစ်ရှိရင် ဘွားဘွားတို့က ခုပြန်လာခဲ့ဆိုပြီး ဖုန်းဆက်ခေါ်တာမျိုး ကြုံနေရဦးမယ်နော်၊ ခုတော့ ဖုန်းဆက်ခေါ်လို့လည်း မရ"

"အေး ... အိမ်ကျမှ နင့်ကို နားတွေကျိန်းအောင် ဝိုင်းပြောကြမှာ ဆူကြမှာကျတော့ မပြောဘူး"

"ကျိန်းပစေ ... ရိုးနေပြီ၊ ဟီ ဟိ ... ဟဲ့ ... လာ ... လာ၊ မြန်မြန်ပြေး၊ ဟိုမှာ ဓာတ်လှေကားတံခါး ပိတ်သွားပြီ"

ဓာတ်လှေကားထဲ လူနှစ်ယောက်လောက် ဝင်လိုက်တာတော့ လှမ်းမြင်လျက် သူတို့ သုတ်သုတ်လျှောက်လာတုန်း ဓာတ်လှေကားတံခါးက တအိအိ စေ့ပိတ်လေရာ ပိုးအိမ်က မြတ်နိုးလက်ကိုဆွဲ၍ အသားကုန်ပြေးပြီး မပိတ်တပိတ်ဓာတ်လှေကားအပြင်က တက်မည့်ခလုတ်ကို အတင်းပြန်ဖိလိုက်လေသည်။ ဓာတ်လှေကားတံခါးက ပြန်လည်ပွင့်ဟလာလျှင် နှစ်ယောက်သား လက်တွဲရင်း ဝုန်းခနဲ ကမန်းကတန်း ဝင်လိုက်ကြပါသည်။

"ဟီး ဟီး ... အယ်"

www.burmeseclassic.com

www.burmeseclassic.com



ပြေးဟယ် လွှားဟယ် ဗရုတ်သုတ်ခ ဖြစ်ရတာကိုပဲ အူမြူးနေတဲ့ ပိုးအိမ်သည် ဓာတ်လှေ ကားထဲရှိနေတဲ့ သူနှစ်ယောက်ကို အမှတ်တမဲ့ကြည့်ရင်းက "အယ်"ခနဲ တွန့်သွားရပါသည်။

ခရမ်းရင့်ရင့်ဝတ်စုံနှင့် အသားဖြူဖြူကြောင့် လင်းလက်နေသည့် ဧလပ်ဝါကို မျက်နှာခပ်တင်းတင်းနှင့် တွေ့လိုက်ရ၍ မြတ်နိုးပါ မျက်နှာပိုးသတ်သွားရပါသည်။

"အပေါ်း ... ဂွဒ်မောနင်း မမ"

ပိုးအိမ်ကတော့ ခပ်သွက်သွက်ပင် နှုတ်ဆက်ပစ်လိုက်ပါသေးသည်။

ဧလပ်ဝါ မျက်လုံးများက အတင်းပူးလိမ် ချိတ်တွဲထားသည့် သူတို့နှစ်ယောက်ရဲ့ လက်ချောင်းများဆီမှာ။ မြတ်နိုးက နေရခက်ပြီး ပိုးအိမ်နှင့် သူရဲ့လက်တို့ကို ဖြေထုတ်ပစ်လိုက်ပါသည်။ ပြန်ဆုပ်ထားဦးဖို့ ဂျစ်ကန်ကန် စဉ်းစားသေးတဲ့ ပိုးအိမ်က ဧလပ်ဝါ ခပ်တည်တည် စိုက်ကြည့်နေတာကြောင့် မကျေမနပ်လေးနှင့်ပင် လက်ကိုလွှတ်ဖြုတ်ပစ်လိုက်ရပါသည်။

ဟိုဘက်ကို အမှတ်တမဲ့ မျက်လုံးရွေ့ကြည့်မိရင်း ...

"အဲ ..."

လက်ညှိုးလေးညွှန်၍ ...

"ဟိုအစ်ကိုကြီး၊ ဟဲ့ ... မြတ်နိုး၊ ဟိုအစ်ကိုကြီး"





ပိုးအိမ်ရဲ့ ကလေးတစ်ယောက်လို တလွှတ်တလပ် ဟန်ဆောင်မှု ကင်းမဲ့လှတဲ့ ဟန်ပန်တို့ကိုကြည့်ရင်း အုပ်စိုးက နှုတ်ခမ်းတစ်ချက် စေ့ပြုံး၍ ခေါင်းဆတ်ပြလိုက်ပါသည်။

"အစ်ကိုကြီး ဘယ်ကိုလာတာလဲ"

ပိုးအိမ်က နှုတ်သွက်သွက်နှင့် ဆက်ကွန့်လိုက်ပြန်တဲ့အတွက် ...

"ဒီလိုပါပဲ၊ မင်းတို့ရုံးကို"

အုပ်စိုးက ခပ်ပြုံးပြုံး ဖြေလိုက်လျှင် ပိုးအိမ်က မျက်ခုံးပင့်ကာ အံ့သြတဲ့ရုပ်လေးနှင့် ဧလပ်ဝါကိုတစ်လှည့် အုပ်စိုးကိုတစ်လှည့် ကြည့်မိသည်။ ဪ ... သူတို့က အသိတွေပေါ့လို့ ကောက်ချက်ချလိုက်တဲ့ ရုပ်လေးနှင့် ဧလပ်ဝါကို ပြန်ကြည့်မိသည်။ ကိုယ့်အသိမိတ်ဆွေ တစ်နည်းနည်း ပတ်သက်သူ(အလုပ်သဘောပဲဖြစ်စေ)နှင့် ဓာတ်လှေကားထဲ အတူရှိနေတဲ့ မျက်နှာရဲ့မာကျောနိုင်ပုံကို အံ့အားသင့်နေမိပါသည်။

ဘေးမှာ အသိရှိရက်နှင့် မျက်နှာတင်းတင်းကြီးနဲ့ နေပဲနေနိုင်သည်။ စိတ်ပဲဆိုးနေတာလား။ ဒီလိုလည်း မဟုတ်။ အဲဒီ ဒေါ်ဧလပ်ဝါဟာ အမြဲတစေ တစ်ယောက်ယောက်ကို သို့မဟုတ် တစ်လောကလုံးကို စိတ်ဆိုးနေတယ်လို့ ထင်ရသူပင်။

သူ့ကို ဂွဒ်မောနင်း နှုတ်ဆက်တာတောင်မှ ပြန်နှုတ်မဆက်ရုံတင်မက အသိအမှတ်ပြုတဲ့ ခေါင်းအညိတ်ကိုတောင်



www.burmeseclassic.com

www.burmeseclassic.com

မပြတာကြည့်ပါလား။ ခါတိုင်း ဓာတ်လှေကားထဲမှာပဲ အဆက်မပြတ် စကားတွတ်ထိုးလာတတ်တဲ့ ပိုးအိမ်နှင့် မြတ်နိုး ဒီနေ့ အဖို့တော့ တိတ်ဆိတ်နေသည်။

ဓာတ်လှေကားတံခါး ပွင့်သွားလျှင် ဓေါ်ဇလပ်ဝါက အရင်ဆုံး ရှေ့ကထွက်သွားသည်။ အုပ်စိုးက တံခါးဆက်ဖွင့်ထားတဲ့ခလုတ်ကို ဖိရင်း ...

"ထွက် ... ထွက်"

လူကြီးဆန်ဆန် ဦးစားပေးသလိုဆိုတာမို့ ပိုးအိမ်ရော မြတ်နိုးပါ အုပ်စိုးရှေ့မှ ခေါင်းလေးတွေညွှတ်ပြီး တရိုတသေ ပုံစံနှင့် ထွက်လာခဲ့ကြပါသည်။

"ရာသီဥတု မကောင်းဘူး ထင်တယ်"

မြတ်နိုးက တိုးတိုးပြောလျှင် ...

"နင့်ရာသီဥတုက ကောင်းတဲ့နေ့ ရှိလို့လား ... ဟွန်း"

"ရှူး"

မြတ်နိုးက သိပ်မတိုးတဲ့ ပိုးအိမ်အသံကြောင့် နောက်ကပါလာတဲ့ အုပ်စိုးကို အားနာစွာ သတိပေးလိုက်ရပါသည်။ ပိုးအိမ်က အရင်ရောက်တဲ့ ကွန်ဒိုရုံးခန်းထဲ လှမ်းဝင်ရင်း ...

"သတိထားဦး"

ရှေ့တစ်ခန်းကို ဆက်သွားတဲ့ မြတ်နိုးကို လှမ်းသတိပေးသံကြားလိုက်ရ၍ အုပ်စိုးက ပြုံးမိသည်။ ဒီကောင်မလေး





သတိပေးတာကတစ်မျိုး။ တကယ်သတိထားရမှာက နောက်တစ်မျိုးဆိုတာ သူတို့ခမျာ မသိရှာဘူးလို့ တွေးမိ၍ပင်။

မြတ်နိုးနှင့် အုပ်စိုးက ဇလပ်ဝါရဲ့ ရုံးခန်းနှင့် တစ်တွဲတည်း အခန်းဘက်ဝင်လာပြီး မြတ်နိုးက သူ့စားပွဲသူကျန်ရစ်ကာ အုပ်စိုးက သူ့ကိုမစောင့်ဘဲ သွားနှင့်တဲ့ ဇလပ်ဝါရဲ့ ရုံးခန်းဆီ လိုက်ဝင်လာခဲ့ပါသည်။

တံခါးခေါက်ပြီး ဇလပ်ဝါရဲ့ ရုံးခန်းထဲ ဝင်လိုက်လျှင် ရုံးခန်းထဲမှာ လက်ဖဝါးချင်းပွတ်လိုက် လက်နောက်ပစ်လိုက်နှင့် ဟိုဘက်ဒီဘက် ဂနာမငြိမ် လမ်းလျှောက်နေတဲ့ ဇလပ်ဝါက ရုတ်တရက် ရပ်လိုက်ကာ သူ့ကို လှည့်ကြည့်ရင်း ...

"ကိုကို"

"......"

"ကိုကို တွေ့တယ် မဟုတ်လား အခု"

"ဘာကိုပြောတာလဲ ဇလပ်"

"မြတ်နိုးလေ၊ ဒီလောက် အနီးကပ်တွေ့လိုက်ရတာ"

အုပ်စိုးက မျက်မှောင်ကုတ်၍ ဇလပ်ဝါကို ကြည့်နေပါသည်။

"သူ ဘယ်လိုနေလဲ၊ ကိုကို ဘယ်လိုသဘောရလဲဟင်၊ ရုပ်လေးက ဗဲရီးအင်တဲလီဂျင့်ပေမယ့် အရမ်းရိုးအေး ပျပ်ဝပ်တယ် မဟုတ်လား"


www.burmeseclassic.com

www.burmeseclassic.com



"ဇလပ်"

"ရှင်"

"မင်း ဘယ်လိုဖြစ်နေတာလဲ"

"ရှင်"

"မင်း နည်းနည်းကလေးတောင် ငါ့ကို အားမနာတော့ဘူးလား၊ ဒါမှမဟုတ် ဂရုစိုက်စရာမဟုတ်ဘူးဆိုတဲ့ သဘောလားဟင်"

အုပ်စိုး အသံက ဒေါသကို ထိန်းထားရ၍ တုန်ခါနေသည်။

"ကိုကို့ကို ဇလပ် ဂရုစိုက်ပါတယ်၊ ဂရုစိုက်တဲ့သူမို့ ဒီလိုတိုင်ပင်နေတာ၊ အရေးထားလို့ ဒီကိစ္စတွေကိုပြောပြနေတာ။ နို့မဟုတ်ရင် ဘာပြောနေစရာအကြောင်းရှိလို့လဲ"

"ငါက မင်းရဲ့ချစ်သူဆိုတာ ခေါင်းထဲ သတိပြုသေးရဲ့လား။ မင်းနဲ့ သုံးနှစ်သုံးမိုးချစ်ခဲ့တဲ့ ချစ်သူ"

"ဒါပေမဲ့ ဇလပ်နဲ့ကိုကို ချစ်သူအဖြစ်က လမ်းခွဲလိုက်ပါပြီ။ အခု မိတ်ဆွေတွေပဲ၊ ဒါတောင် ကိုကိုက မိတ်ဆွေအဖြစ်တောင် မဆက်ဆံရတော့ဘူးလားဆိုလို့ ကိုကို့ကို အားနာလို့ ဆက်ဆံနေတာပါ၊ နို့မဟုတ်ရင် ကိုကို့ကို မျက်နှာပူအားနာလို့ လုံးဝမဆက်ဆံဘဲ နေတော့မလို့ပဲ စိတ်ကူးထားတာ"

အုပ်စိုးက သူ လက်တစ်ဖက်ထောက်ထားတဲ့ မယော်ဂနီစားပွဲကြီးကို လက်သီးဆုပ်နှင့် ဝုန်းခနဲ တစ်ချက်ထုမိရင်း ...





"မင်း သိပ်လွန်လွန်းအားကြီးလာပြီ ဇလပ်၊ ကိုယ့်ကို တော်တော်ကို စော်ကားနေပြီဆိုတာ ကိုယ့်ကိုယ်ကိုယ် သတိပြုမိစမ်းပါ"

ဇလပ်ဝါက အုပ်စိုး၏မှ မမြင်ဖူးတဲ့ ဒေါသကို ငေးကြည့်နေမိသည်။ ဓာတ်လှေကားထဲ မြတ်နိုးနှင့် ခင်ပိုးအိမ်ကို လက်ချင်းဆုပ်တွဲရင်း ရင်ဆိုင်လိုက်ရ၍ ယောက်ယက်ခတ်ပူလောင်နေသောစိတ်များက နည်းနည်းအရှိန်သေသွားရပါသည်။

"ကော်ဖီသောက်မလား ကိုကို"

"ကျွတ် ... မင်း ရူးများသွားပြီလား ဇလပ် ... ဟင်!"

"ကိုကို ဇလပ်ကို နားမလည်နိုင်တာကိုတော့ သိပ်စိတ်ပင်ပန်းတာပဲ၊ ဇလပ်မှာ ကိုကို့ကို မလေးစားတဲ့ စော်ကားလိုတဲ့ ဂရုမစိုက်တဲ့စိတ် တစ်စက်ကလေးမှမရှိဘူး၊ ခုချိန်မှာ အစ်ကိုတစ်ယောက်လို အားကိုးတဲ့စိတ်တောင် ပိုနေသေးတယ်၊ ဒါကြောင့် ဒီစကားမျိုးတွေ မရှက်မကြောက် တိုင်ပင်နေတာပါ၊ ကိုကို လုံးဝမကြိုက်ရင် နားမထောင်နိုင်ဘူးဆိုရင် နောင် ဘယ်တော့မှ ထပ်မပြောတော့ပါဘူး"

အုပ်စိုးက သက်ပြင်းတစ်ချက်ချကာ ဆိုဖာရှည်မှာ ဝင်ထိုင်လိုက်သည်။ ဇလပ်ကလည်း မယော်ဂနီစားပွဲနောက်က သူမရဲ့ ဆုံလည်ဆက်တီဆီ ပြန်ဝင်ထိုင်လိုက်ပါသည်။ အုပ်စိုးသည် ခေါင်းတွေပင် ကိုက်လာသည်။ ဇလပ် ရူးသွားတာလားတောင်



www.burmeseclassic.com

www.burmeseclassic.com



ထင်မိပေမယ့် မရှူးဘူးဆိုတာကို အုပ်စိုး နားလည်ပါသည်။ ရှူးတယ်ထင်ရလုအောင် ဟိုကောင်ကလေးကို ရုပ်ပျက်ဆင်းပျက် မရှက်နိုင် မကြောက်နိုင် ဖွဲ့လမ်းနေတာကို တဖြည်းဖြည်း သိလာ၍ ရင်ထဲမှာ ပိုမိုနာကျင်လာသည်။

သူက ဒီနေရာမျိုးကနေ ဘာလုပ်ရပါ့။

သူနဲ့ ဇလပ်ဝါ ကြားက အေးတိအေးစက် လျော့တိလျော့ရဲ ဆက်ဆံရေးကို ပြန်ပြီး အဖတ်ဆည် အရောင်တင်မွမ်းမံဖို့အတွက် ဇလပ်ကို ပစ်မထားဘဲ နေ့စဉ်နေ့တိုင်း တွေ့ဖြစ်နေအောင် ရင်နှန်ကြည်နူးမှုလေးတွေ ပြန်တည်ဆောက်လို့ရအောင် ဒီနေ့ မနက်လည်း ဘာကိစ္စမှမရှိဘဲ ဇလပ်မရောက်နိုင်ခင်ကတည်းက ကားပါကင်မှာ ကားလာရပ်စောင့်နေတာပါ။

ဇလပ်ရောက်ပြီး ကားထဲက ထွက်လာမှ သူက သွားနှုတ်ဆက်လိုက်ပြီး "ကိုကို ဘာလာလုပ်တာလဲ"ဆိုတဲ့ အေးစက်စက်အမေးကို "လာလည်တာ"လို့ပဲ ဖြေလိုက်သည်။ သူ့ကို မမျှော်လင့်ဘဲ တွေ့တာတောင် အေးတိအေးစက် ထုံမှိုင်းမှိုင်းမျက်နှာသွင်ပြင်က မပြောင်းလဲဘဲ အခု မြတ်နိုးနှင့် ဓာတ်လှေကားထဲ တွေ့လိုက်တာကိုကျတော့ ဖျပ်ဖျပ်လူးအောင် စိတ်တွေလှုပ်ရှားတုန်ခါနေပုံကြောင့် ရင်နာပါသည်။

"ဒီကောင်လေးမှာ သူ့ကောင်မလေးကို လက်တွဲလို့၊ မင်းမျက်ဝါးထင်ထင် တွေ့နေရက်သားနဲ့"





"အဲဒီကိစ္စက ထည့်ပြောနေဖို့ မလိုပါဘူး"

"ဘာလို့ မလိုရမှာလဲ"

"ဂရုမှမစိုက်တာ"

"ဟာ"

"တစ်နေ့မှာ အဖြေတစ်ခုထွက်မှာပဲလေ၊ သူ နှစ်ယောက်ရွေးလို့မှ မရတာ၊ တစ်ယောက်ရွေးလိမ့်မယ်၊ ဒါ သူ့ကိစ္စ၊ ကိုကို့ကိစ္စမဟုတ်ဘူး၊ ဇလပ်ကိစ္စလည်း မဟုတ်ဘူး၊ ဇလပ်ကိစ္စက သူ့ကို ချစ်နေတယ် ဒါပဲ၊ အဲဒါ ဇလပ်ကိစ္စ၊ ကိုကို့ကိစ္စက ဘာမှ ပြောစရာမရှိဘဲ ပွဲကြည့်ပရိသတ်လိုပဲနေရမှာ"

"အော် ..."

အုပ်စိုးက ငေါ်တော့တော့ ရေရွတ်မိသည်။ ဖူးထွတ်နေအောင်လုပသော မျက်နှာလေးပေါ်က ... အရာရာဟာ သူ့အတွက် ဖြစ်လာလိမ့်မည်လို့ ယုံကြည်ချက်ခိုင်မာနေတဲ့ မာန်ကလေးကိုလည်း အုပ်စိုးက ချစ်ပါသည်။

"မင်းက မြတ်နိုးဟာ မင်းကိုများ ပြောင်းလဲရွေးချယ်လာလိမ့်မယ်လို့ သေချာနေတာလား"

"ဟင့်အင်း ... ဇလပ်ရယ် ခင်ပိုးအိမ်ရယ် နှစ်ယောက်ရှိတော့ တစ်ယောက်ငါးဆယ်ပေါ့၊ ဖစ်ဖတီ ဖစ်ဖတီပဲ ယုံကြည်ထားပါတယ်၊ ဒါက စောင့်ကြည့်ရမှာလေ၊ ခုချက်ချင်း မပြစ်



www.burmeseclassic.com

www.burmeseclassic.com



နိုင်ဘူးလို့ နောက်ဆုတ်စရာလည်း မလိုသလို အပိုင်တွက်စရာလည်း မလိုဘူး”

“သူ့ရည်းစားကောင်မလေးက ဒီတော့ ဘာလုပ်ရမှာလဲ”

“ဘာမှ လုပ်စရာမလိုပါဘူး”

“မင်း မိန်းကလေးချင်း နည်းနည်းလေး ကိုယ်ချင်းစာဦးမှပေါ့ ဇလပ်၊ သူက တစ်ယောက်တည်း လွင့်ကျန်ရစ်ခဲ့ရမှာလား”

“ကိုကိုပြောမှ အကြံရသွားပြီ”

“ဘာလဲ”

“ကိုကို ခင်ပိုးအိမ်ကို သဘောမကျဘူးလား”

“ဘာ ...”

အုပ်စိုးက ခေါင်းကို ဘယ်ပြန်ညာပြန်ယမ်းပစ်ရင်း –

“တောက် ... ကျွတ် ... တကယ်ပဲကွာ”

“ခင်ပိုးအိမ်က မြတ်နိုးနားက လွင့်သွားရရင်တောင် ကိုကို့လို အဘက်ဘက်က အစစအရာရာ ပြည့်စုံတဲ့ ယောကျ်ား တစ်ယောက်ကို တွေ့ခွင့်ရရင် ကံမဆိုးတော့ဘူးပေါ့၊ ကိုကိုက ဘယ်နည်းနဲ့မဆို ကိုယ့်ချစ်သူ ကိုယ့်ဇနီးအပေါ် ကြင်နာပြီး တာဝန်ကျေမယ့် ယောကျ်ားကောင်းတစ်ယောက်လေ”

“ဖြစ်ချင်တာတွေ လျှောက်ပြောရင်းက ဖြစ်နိုင်မဖြစ်နိုင် မစဉ်းစားတော့ဘဲ မင်း တကယ်ရူးလာပြီ ဇလပ်”





“ဟင့်အင်း ... မရူးပါဘူး၊ နည်းနည်းအတွေးကြီးနေတာလောက်ပါ”

“ကိုယ့်အတွေးကြီးနေမှန်း သိရင် ကိုယ့်ဟာကိုယ် လျှော့ပေါ့”

“ကိုကို့မျက်လုံးတွေက ဇလပ်ကို စိတ်ပျက်သလို အထင်သေးသလို အရိပ်အယောင်တွေ ပျော်ဝင်နေတယ်၊ ကိုကို့လို လူကျင့်ဝတ်တို့၊ လူမှုရေးတို့၊ လူကြီးလူကောင်းဖြစ်မှုတို့ကို သိပ်တန်းဖိုးထားတဲ့ လူတစ်ယောက်အဖို့ သတိပြုချင်မှပြုမိမယ်၊ ကိုကို နည်းနည်းတော့ စဉ်းစားကြည့်ပါ ...

လူတိုင်းဟာ အတ္တနဲ့ချည်းပါ၊ အဲဒီအတ္တလေးကို မြှုံထားပြီး လူမသိအောင် ဖုံးဖိထားပြီး ကြားကောင်းမယ့်စကားလေးတွေပဲပြောပြီး လူဆိုတာ နောက်ဆုံးတော့ ကိုယ်လုပ်ချင်ရာကို ဖြစ်အောင်ကျိတ်လုပ်သွားကြတာချည်းပါပဲ၊ ဇလပ်က အဲဒီလူတကာနဲ့စာရင် စိတ်ထဲရှိတာကို အစည်းအတား ကလနားမထားတော့ဘဲ ပြောချင်တိုင်း ဘွင်းဘွင်းထုတ်ပြောပစ်နေတဲ့ ခြားနားမှုပဲ ရှိတာပါ ...

ကြားကောင်းသော စကားဖြစ်စေ ကြားမကောင်းသောစကားဖြစ်စေ တကယ်စိတ်ထဲရှိတဲ့အတိုင်းပြောပစ်နေတာနဲ့ ကြားကောင်းတာပဲပြောပြီး ကြားမကောင်းတာတွေကို ဆင်ခြင်တုံတရားလေးနဲ့ နှုတ်ဆိတ်သိုသိပ်ထားတာပဲကွာ



www.burmeseclassic.com

www.burmeseclassic.com


ခြားပြီး လူတိုင်းဟာ စိတ်ထဲမှာ ကိုယ်ဖြစ်ချင်တာ ကိုယ်လုပ်ချင်တာ၊ ကိုယ့်အတ္တလေးတွေကိုပဲ ဆုပ်ကိုင်သွားကြတဲ့ သူချည်းပဲ ကိုကို ...

အဲဒါကို မြင်အောင်ကြည့်လိုက်ပါ၊ ဇလပ်ကို ဝေဖန်မယ့်အစား လူတွေရဲ့ ဖုံးထားတဲ့ အစိတ်အပိုင်းတွေကို မြင်အောင်ကြည့်လိုက်ပါဦး"

အုပ်စိုးက ခေါင်းကို ယမ်းခါလိုက်ရင်း ...

"အားလုံးမဟုတ်ဘူး ဇလပ်၊ ဥပမာ ကိုယ်ဆိုရင်တော့ ဇလပ် အခုပြောသလောက် အတ္တကြီးတဲ့လူလား"

"အဟင်းဟင်း ... အမှန်ပေါ့၊ အတ္တကြီးတာပေါ့"

"ဘာဖြစ်လို့လဲ"

"ကိုကို့ကို တကယ် မချစ်တော့ဘူး ဟိုကောင်ကလေးကို ချစ်နေမိပြီဆိုတဲ့စကားကို ရင်ထဲက အမှန်ပြောနေတာပါလို့ မယုံကြည်နိုင်ဘဲ ဇလပ် ရူးလို့ပြောတာလို့ ထင်နေတာဟာ ကိုကို့ရဲ့ ကြီးမားတဲ့အတ္တပဲလေ၊ ကိုကို့ကို ချစ်တယ်ဆိုရင် သာ အမှန်တရား၊ မြတ်နိုးကို ချစ်တယ်ဆိုတာ လူပင်ပန်း စိတ်ပင်ပန်း Stressတွေများလို့ ကယောင်ချောက်ချားပြောတဲ့စကား၊ ငွေဆောင်သွားနားဖို့လိုနေပြီလို့ တစ်ယူသန်ထင်နေတာဟာ ကိုကို့အတ္တ"

"မင်း ဖြစ်ချင်နေတာက တရားနည်းလမ်း ကျလို့လား"



"ကိုကို့ဘက်ကကြည့်လို့ လက်ဖမိုးမြင်ရင် ဇလပ်က လက်ဖဝါးပဲ မြင်မှာပေါ့၊ ကိုကို မတရားဘူး ထင်နေတာဟာ ဇလပ်အတွက်တော့ တရားနည်းလမ်းဖြစ်နေမယ်၊ ကိုကိုက ကိုကို့ကို အပြစ်မရှိဘဲ စွန့်ခွာသွားတာ မတရားဘူးထင်တယ်၊ ဇလပ်က ကိုယ်စိတ်ချမ်းသာရာကိုပဲ ရွေးချယ်လုပ်တာ တရားတယ်ထင်တယ်"

"မင်း စိတ်ချမ်းသာပေမယ့် ကိုယ့်ကို ထိခိုက်တယ်လေ"

"ဒါဖြင့် ကိုကို့ကို မထိခိုက်ဘဲ ဇလပ်က ကိုယ့်စိတ်ကို ကိုယ်အထိနိုက်ခံပြီး ကိုကို့ကို ဆက်ချစ်နေရမယ်လို့ ဆိုလိုတာလား"

"တော်ပြီ ဇလပ်ရာ"

"အခု ဇလပ်က မသင့်တော်ပါဘူးလေ ဆိုပြီး ကိုကို့ကိုပဲ ဆက်ပြီး လက်တွဲသွားရင်း ရင်ထဲ အသည်းထဲကတော့ မြတ်နိုးကို ကျိတ်တမ်းတနေတဲ့အဖြစ်မျိုးနဲ့ နေသင့်တာလား၊ တကယ်မချစ်တော့တဲ့ ကိုကို့ကို လမ်းခွဲလိုက်ပြီး ရင်ထဲမှာ ရှိတဲ့သူနဲ့ အပြင်မှာ ဆုံစည်းနိုင်အောင် အခွင့်ရှိသလောက် မျှော်လင့်ကြည့်တဲ့အဖြစ်နဲ့ နေသင့်တာလား ...

ကိုကို အကြံပေးကြည့်ဦးလေ၊ အပြစ်မရှိတဲ့ချစ်သူကို ဖြတ်ပြီး နောက်တစ်ယောက် ပြောင်းချစ်တဲ့အတွက် ဇလပ် မိန်းမကောင်းမဟုတ်ဘူး ဖြစ်သွားလား၊ ဒါမှမဟုတ် အပြစ်မရှိတဲ့ ချစ်သူကိုတော့ မဖြတ်သင့်ပါဘူးလေ ဆိုပြီး


www.burmeseclassic.com

www.burmeseclassic.com



စိတ်ကတော့ နောက်တစ်ယောက်ဆီ ရောက်နေတော့ရင် တစ်မျက်နှာမပြောင်းတဲ့အတွက် မိန်းမကောင်းလား"

"မင်းလို အချက်တွေအလက်တွေ အများကြီး ကိုယ်စဉ်းစား မထားဘူး ဇလပ်၊ တစ်ထိုင်တည်းမဖြေနိုင်ဘူး၊ စီကာပတ်ကုံးလည်း မပြောတတ်ဘူး၊ သေချာတာကတော့ ကိုယ်တို့အတွက်ရော ဟိုစုံတွဲလေးအတွက်ပါ ဒီကိစ္စက မကောင်းဘူး"

"ကိုကို့ကို ဇလပ် လမ်းခွဲတာ မြတ်နိုးကို မမြင်ဖူးခင်ကတည်းကပါ၊ ဒါကိုတော့ ကိုကို ရောချလို့မရဘူး၊ ကိုကို့ကို မချစ်နိုင်တာ တကယ့်အချစ်တစ်ခုကို လိုချင်နေတာက သတ်သတ် ဖြစ်ပျက်ခဲ့ပြီးသားပါ၊ မြတ်နိုးကို နောက်မှတွေ့တာပါ ကိုကို ..."

ခင်ပိုးအိမ်နဲ့ မြတ်နိုး ပေါင်းကြရဖို့ ကံပါရင် ဇလပ် ဖျက်လို့လည်း မရပါဘူး၊ သူတို့ချင်းပေါင်းကြရဖို့ကံက နဂိုကတည်းကမပါရင် ဇလပ် မဖျက်ဘဲနဲ့လည်း တစ်ချိန်မှာ ကွဲသွားကြမှာပဲ မဟုတ်လား"

အုပ်စိုးက ဘာမှ ပြန်မပြောတော့ဘဲ တနုံ့နုံ့ တစစ်စစ် ခံစားလာရတဲ့ ရင်တွင်းကဝေဒနာကို အတတ်နိုင်ဆုံး ကြိတ်မှိတ်မျိုသိပ်ရင်း လည်ချောင်းဝမှာ နင်နေပါသည်။

❖ ❖ ❖



# အခန်း ၉

"တော်ပါသေးရဲ့ ဒီနေ့ မောင်လေး ပြန်လာတာစောလို့"

တံခါးဖွင့်ပေးရင်း ဆီးကြိုပြောလိုက်တဲ့ မရီးဖြစ်သူကို မြတ်နိုးက ပြုံးပြရင်း ...

"အစ်မ သွားစရာရှိလို့လား"

"အေး ... အရင်တစ်ရက်နှစ်ရက်လိုများ နောက်ကျနေမလား လို့ ရုံးကိုတောင် ဖုန်းဆက်မေးရင် ကောင်းမလားတွေးနေတာ"

"အရင်ရက်တွေက သူဌေးမက အနားမှာ ခေါ်ထိုင်ခိုင်းထားပြီး တစ်ခုပြီးတစ်ခု စစ်လိုက်ဆေးလိုက် မေးလိုက်ရစ်လိုက်တွေ ဖြေရှင်းရ လုပ်နေရတာ၊ ဒီနေ့တော့ သူ နေ့လယ်ကတည်းက မရှိတာနဲ့ ရုံးစောဆင်းရတာ အစ်မရေ"

www.burmeseclassic.com

www.burmeseclassic.com



"မောင်လေး နောက်ကျမယ်ဆိုရင်တောင် ဖိုးသားကို ဟိုဘက်ခန်းက မမယုတို့ဆီထားပြီး ပြေးရတော့မှာ မြတ်နိုးရေ"

"ဘာဖြစ်လို့လဲ အစ်မ"

"မင်းအစ်ကိုလေ ဒီနေ့ ကားတိုက်မိတယ်"

"ဟာ ... လူလား ကားချင်းလား၊ ဘာဖြစ်သွားလဲ ခုကော၊ အစ်မကလည်း သိကတည်းက ကျွန်တော့်ရုံးကို ဆက်လိုက်ရောပေါ့၊ ဒီလို အရေးပေါ်ကိစ္စမျိုးဆိုရင် ခွင့်တောင်းပြီး ပြေးလာလို့ရပါတယ်၊ ကိုကိုက အခု ဘယ်မှာလဲ"

"မင်းအစ်ကို ဘာမှ မဖြစ်ဘူး၊ ဟိုဘက်ကဟာက အမျိုးသမီး ဖြစ်နေတော့ ပြောရဆိုရ ကူညီဖေးမရကောင်းအောင် အစ်မကို လှမ်းခေါ်နေတာ"

"လူကိုတိုက်တာလား"

"ကားကိုပါ၊ ဟိုမိန်းမကလည်း ကားပေါ်ကနေပဲ ထိပြီး နာသွားတာလို့ ပြောတာပဲ၊ သေချာတော့ မသိသေးဘူး"

"ဘယ်သူမှားတာလဲ၊ ကိုကိုက ကားမောင်းညင်သာတဲ့သူပဲဟာ"

"မင်းအစ်ကို လိုက်လုပ်ပေးနေရပုံထောက်တော့ သူလည်း အမှားမကင်းဘူးပဲနေမှာပေါ့၊ ဘာမှ သေချာမသိရသေးဘူး၊ ဟိုအမျိုးသမီး ဒဏ်ရာမပြင်းပါစေနဲ့ပဲ ဆုတောင်းနေရတယ် မြတ်နိုးရေ၊ ပြဿနာရှည်လျားနေမှာစိုးလို့လေ"





"ကျွန်တော်ကော လိုက်ဖို့လိုမလား"

"လိုရင် အစ်မ ဖုန်းဆက်မယ်၊ အခုတော့ ဖိုးသားနဲ့ပဲ နေခဲ့ပေးပါဦး၊ မင်းအစ်ကိုကလည်း အစ်မကိုပဲ အမြန်လိုက်ခဲ့ဖို့မှာတော့ အစ်မပဲ လိုက်သွားနှင့်ဦးမယ်"

"ဟုတ်ကဲ့ ... ဟုတ်ကဲ့"

အိမ်စောင့်ရင်း တူကလေး ဖိုးသားကိုလည်း မြတ်နိုးပဲ ထမင်းတွေ ဘာတွေ ကျွေးထားနှင့်ရသည်။ စိတ်ပူနေပေမယ့် ဟဲန်းဒ်ဖုန်းတွေ ဘာတွေလဲ မရှိတော့ ဘယ်ကို ဖုန်းဆက်မေးရမယ်မသိ။ ဟိုဘက်က ဖုန်းလာမှသာ အကျိုးအကြောင်းသိရမှာ။ အိမ်မှာတော့ လိုင်းဖုန်းရှိပါသည်။

သို့ပေမဲ့ ဖုန်းတော့မလာဘဲ ညကိုးနာရီကျော်မှ ကိုကိုတို့လင်မယား ပြန်ရောက်လာပါသည်။ မြတ်နိုးရဲ့အစ်ကို သက်မိုင်က စိတ်တွေရှုပ်ကာ မျက်နှာအပျက်ကြီး ပျက်ကျပြန်လာသည်။

"ကိုကို အဆင်ပြေရဲ့လား"

"မသိပါဘူးကွာ၊ အဲဒီအမျိုးသမီးကလည်း စိတ်ကတစ်မျိုးကြီးထင်တယ်၊ ပြောလို့ဆိုလို့ မကောင်းပါဘူး၊ ဒါကြောင့် နွယ်နွယ်ကို လှမ်းခေါ်ရတာ၊ ဟိုမှာ ခါးကလည်း အရမ်းနာနေတယ် မလှုပ်နိုင်ဘူး ဖြစ်နေတော့ ဆေးရုံမှာ အိတ်စ်ရေး



www.burmeseclassic.com

www.burmeseclassic.com



ရိုက် ဘာရိုက် လိုတာတွေလုပ်တော့ ငါက တွဲရမလိုဖြစ်နေတာပေါ့၊ သူကလည်း အထိအကိုင် မခံချင်သလိုလို ဘာလိုလိုဆိုတော့ တာဝန်မကျေရာလည်းကျမှာစိုးလို့ နွယ်နွယ်အမြန်လာဖို့ခေါ်တာ"

"ဘာဖြစ်သွားတာတဲ့လဲ"

"ဘာမှ မဖြစ်ပါဘူးပြောတာပဲ၊ မိန်းမဆိုတော့ မူယာမာယာများနေလား မသိပါဘူးကွာ"

"အခန့်မသင့်လို့ မျက်သွားတာမျိုး နာသွားတာဖြစ်မှာပါကိုရယ်၊ ဒါမျိုးနာတာကျတော့ အိတ်စ်ရေးထဲလည်း ဘယ်လိုပေါ်ပါ့မလဲ၊ ခုတော့ သက်သာလာပါတယ် ပြောသွားပဲ၊ သူ့ဆေးရုံတက်ရင်တောင်ရနေတာ၊ ဆရာဝန်က နာနေရင်ဆေးရုံမှာ အခြေအနေ တစ်ရက်စောင့်ကြည့်မလားလုပ်နေတာပဲဟာ၊ သူက အိမ်ပဲပြန်မယ်ပြောသွားပဲ၊ သိပ်ပုံကြီးမချဲ့ပါဘူး"

"ဘယ်သူမှားတာလဲ"

"တကယ်အစစ်ကတော့ သူမှားတယ်ပဲ ငါက ပြောမှာ၊ ကိုးလို့ကန့်လန့်ကြီးလုပ်နေတာ၊ သူလုပ်ပုံမဟုတ်လို့ ငါက ချိတ်မိတာ၊ အများအမြင်အရ ယာဉ်စည်းကမ်းအရတော့ ငါမှားတယ်ပြောရမယ် ဖြစ်နေတာပေါ့ကွာ"





"ကားတွေရော"

"ငါ့ကားရော သူ့ကားရော ရှေ့ဘေးတစ်ခြမ်းစီပဲ၊ ကျွတ် သူ့ကားက မှာခ်တူးကြီးကွာ၊ သေပြီပေါ့"

"ကို ပြန်လုပ်ပေးရမှာလား ဟုတ်လား"

"အေးပေါ့ မိန်းမရာ၊ အဲဒီလိုဖြစ်နေတယ်၊ သူကလည်းဖြစ်တာနဲ့တန်းပြီး နာနေတဲ့ကြားက လျော်ဖို့ပဲ တွင်တွင်ပြောနေတာ၊ အစအဆုံး နဂိုပကတိ ပြန်လုပ်ပေးဆိုပြီးပြောနေတာ၊ အခြေအနေအရ အမှုရုံးမရောက်အောင် သူ့ကိုလုပ်ပေးပါ့မယ်ပဲ ပြောခဲ့ရတယ်"

"ဘယ်လောက်တောင်ကျမလဲ ကို !"

မရီးဖြစ်သူရဲ့ မျက်နှာလေးက ငယ်နေသည်။

"ဘယ်နည်းမလဲ မိန်းမရာ၊ မှာခ်တူးကြီး နိုင်းတီးအိတ်နိုင်းလောက်ဖြစ်မယ်၊ စိတ်ဆင်းရဲလိုက်တာကွာ"

"ကိုယ်တွေလည်း သိပ်မတတ်နိုင်ဘူး၊ လက်လုပ်လက်စားတွေပါဆိုတာ သွားတောင်းပန်ရအောင်လေ ကိုရယ်"

"အင်းပေါ့၊ ဘာပဲဖြစ်ဖြစ် နက်ဖြန်တော့ သူ့ကို သွားကိုတွေ့ရမှာပဲလေ၊ သတင်းလည်းမေး လျော်ဖို့လည်းစကားပြော၊ ကိုယ့်ကားကိုယ်လုပ်ဖို့က သိပ်များမယ်မထင်ပါဘူး၊ သူ့ကားသာကျမှာ၊ ပြီးတော့ သူခါးလည်း တော်တော်သက်သာနေပါစေ ဆုတောင်းရမှာပဲ၊ တစ်ရက်စောင့်ကြည့်ပြီး မသက်သာရင် ဆေးရုံတက်မယ်တဲ့"



www.burmeseclassic.com

www.burmeseclassic.com



"သူ ဆေးရုံတက်ရင် ရှယ်ဆေးရုံပဲတက်မှာ မောင်လေးရဲ့၊ သူ့ငွေးမှန်းသိသာတယ်လို့ တွေးနေတာ၊ သူ့အိမ်လည်း ပြန်ပို့ရော အမယ်လေး ... အိမ်က အိမ်လား နန်းတော်လား ဟိုတယ်လား ဆိုသလိုဖြစ်နေတာ"

ကိုသက်ပိုင်ကတော့ သက်ပြင်းတွေချည်း အခါခါချ နေရင်း တောက်လည်း တခတ်ခတ်ဖြစ်နေပါသည်။

"ဖြစ်ဖို့ကို အကြောင်းမရှိဘူးကွ၊ သူ့ကြောင့်ကွ၊ သူ့ကြောင့်၊ ဒါပေမဲ့ ငါက ဒီလို ကိုးလိုးကန့်လန့်လုပ်မယ်မှန်း မသိတာနဲ့ သူ့ကို ပန်းပြီး ကျော်တက်တာ၊ ငါကိုက စောင့်လိုက်ရင်ပြီးရော၊ မိန်းမတွေကားမောင်းရင် ကဂျိုးကကျောင်ဆိုတာလည်း သိတာလည်းသိရက်နဲ့ စိတ်ရှည်ရှည်ထိုင်မစောင့်လိုက်လို့၊ ယာဉ်စည်းကမ်းအရ ငါက သွားငြိတာပေါ့၊ စိတ်ပျက်လိုက်တာကွာ"

"နက်ဖြန် အခြေအနေကြည့်သေးတာပေါ့ ကိုကိုရာ၊ သူလည်း ကိုကိုတို့ပုံစံတွေကြည့်ပြီး သိပ်အတတ်နိုင်ကြီးထဲက မဟုတ်နိုင်တာတော့ သိပါလိမ့်မယ်၊ သိရက်နဲ့ ဖွတ်တရွတ် မတရားတောင်းနေရင်လည်း မပေးနိုင်ရင် သူလည်း အကျိုးမရှိ ကိုယ်လည်းအကျိုးမရှိ သူလည်း နားတော့လည်တတ်ပါလိမ့်မယ်"





"အေးကွာ ... ငါ အစအဆုံး လုပ်ပေးရရင်တော့ကွာ တော်တော်ထိမယ်၊ သူက ဖြစ်ဖြစ်ချင်း ဘာပြောလဲဆိုတော့ ရှင့်အားလုံး အစအဆုံး လုပ်ပေးမလား၊ ကျွန်မ ရှေ့နေနဲ့ စကားပြောမလားတဲ့၊ သူ့ရှေ့နေနဲ့တောင် ပြောခိုင်းမယ်လုပ်တာ၊ ရှေ့နေပါလာရင်တော့ ကိစ္စက အရမ်းပိုကြီးကျယ်သွားဦးမှာ"

"နက်ဖြန်ကျရင် ကို စကားပြောရင် ပြေပြေပြစ်ပြစ်ပြောနော်၊ စိတ်ကို ရှည်ရှည်ထား တောင်းပန်စရာရှိ တောင်းပန်၊ အောက်တယ်တို့ ဂုဏ်ငယ်တယ်တို့မတွေးနဲ့၊ နွယ် လိုက်ခဲ့ရမလား"

"လိုက်မနေပါနဲ့ကွာ၊ ဒီနေ့တောင် ငါ့မိန်းမခေါ်မိတာ မှားသွားတယ်ထင်တယ်၊ နွယ်နွယ်က မင်းသိတဲ့အတိုင်း အလိုက်သိသိအောက်သက်ကြေကြေနဲ့ အဲဒီအမျိုးသမီးကို တွဲဟဲ့ပြုဟဲ့၊ သူ့အိတ်လေးကိုင်ပေး စသဖြင့် လိုက်လုပ်ပေးနေတာကို ဒီမိန်းမ မျက်နှာကြောက တင်းသလားမမေးနဲ့၊ နက်ဖြန်လည်း ငါ့မိန်းမ မျက်နှာငယ်နေရဦးမယ်"

"မျက်နှာကြောတင်းတာတော့လည်း မဟုတ်ပါဘူး ကိုရယ်၊ သူ့ကြည့်ရတာ Shock ဖြစ်နေတာလားမှမသိတာ၊ ကားတိုက်လို့ လန့်ပြီးတော့လေ၊ မျက်နှာက မျက်နှာသေပါ၊ တင်းတာ မဟုတ်ဘူး၊ အေးစက်စက်နဲ့ မျက်နှာသေဖြစ်နေတာ"



www.burmeseclassic.com

www.burmeseclassic.com

"ဘယ်မလဲ သူ့ကဒ်၊ ဗစ်ဖစ်တင်းကစ် သူပေးတာ မင်း ယူလာတာ မဟုတ်လား ပြစမ်း"

နွယ်နွယ်က ပိုက်ဆံအိတ်ထဲက ကတ်လေးထုတ်ပေး လိုက်ပါသည်။ ကိုကိုနှင့် ခေါင်းချင်းပူးကာ ကတ်ကို ကြည့်လိုက်တဲ့ မြတ်နိုးမှာ 'ဟိုက်'ခနဲတောင် နှုတ်ကရွတ်မြည်မိကာ နဖူးကို လက်ဖဝါးနှင့် ရိုက်ပစ်လိုက်မိပါသည်။

"အီး ... အဲဒါ ကျွန်တော့်ဘော့စ်ပဲဗျ ကိုကိုရ ... အား"

❖ ❢ ❖

"ဖေဖေ"

"......"

"သမီးလေ ကိုအုပ်စိုးနဲ့ မယူဖြစ်တော့ဘူး၊ ဖေဖေ စိတ် မဆိုးနဲ့နော်၊ သမီးမှာ သမီးချစ်တဲ့ကောင်လေးတစ်ယောက် အသစ်တွေ့ထားပြီ ဖေဖေ"

ပါးစပ်လေးပိတ်လျက်သားနှင့်ပင် နှုတ်ခမ်းဖျားလေး တွေသာ တရွရွလှုပ်ရုံ ဘယ်သူမှ မကြားရနိုင်တဲ့ စကားကို တီးတိုးပြောရင်း ဖေဖေ့နဖူးပြင်ကို ငုံ့၍တစ်ချက်မွှေးသည်။

"မမ"

"ဘာလဲ မိဖြူ"





"အောက်မှာ ဧည့်သည်ရောက်နေပါပြီ"

"ဘယ်သူလဲ"

"မမပြောတဲ့ ကားကိစ္စ လာမယ်ဆိုတဲ့သူတွေပါ ဲ"

"ဘယ်နှယောက်လဲ ယောကျ်ားလား မိန်းမပါလား"

"ယောကျ်ားနှစ်ယောက်ပါ မမ"

ဇေလပ်ဝါ ခေါင်းတစ်ချက်ညိတ်ကာ ကျေကျေနပ်နပ် ပြုံးလိုက်ပါသည်။

"မိညိုပါ ခေါ်လိုက်၊ ငါ့ကို နှစ်ယောက်လာတွဲ၊ နည်းနည်း သရုပ်ပါပါနဲ့တွဲနော်၊ ငါက နင်တို့ကို တကယ်အားပြုထား မှာ၊ ငါ သိပ်မသက်သာသေးဘူးဆိုတာ ပြနိုင်မှ ဖိဖိစီးစီး အလျော်တောင်းလို့ ကောင်းတာ၊ သဘောပေါက်လား"

"ဟုတ်ကဲ့ မမ"

ထို့နောက်တော့ ဇေလပ်ဝါသည် မိဖြူ မိညိုနှစ်ယောက် ရဲ့အလယ်မှာ သူတို့ကိုအားပြုတွဲ၍ အပေါ်ထပ်လှေကားအတိုင်း တရွေ့ရွေ့ ခရီးဖင့်စွာ ဖြည်းညင်းစွာ ပျင်းရိဖွယ်ကောင်းတဲ့အထိ ခြေတစ်လှမ်းချဖို့အရေး တခက်တခဲလုပ်ပြီး ဆင်းလာပါသည်။

ဇေလပ် ဆင်းလာတာမြင်လျှင် မြတ်နိုးသည် တော် တော် အလန့်တကြား ဖြစ်သွားရပြီး နေရာမှ ထ,ရပ်လိုက်ရင်း ခြေမကိုင်မိ လက်မကိုင်မိဖြစ်နေရပါသည်။ အတော်တွဲဆင်းနေရ ပါလား။ ပြဿနာပါလား။ သူ့ကို ခုလို ဝေဒနာရအောင် ဝင်



www.burmeseclassic.com

www.burmeseclassic.com



ပွတ်သွားတဲ့ ကားပိုင်ရှင်သမားရဲ့ညီအဖြစ် လိုက်ပါလာရတာကို မြတ်နိုး မျက်နှာတွေပုပြီး ကျောတွေတော့ စိမ့်ချမ်းလာပါတော့သည်။

ငါ့ကိုတွေ့ရင်တော့ ဝုန်းခနဲ ဒေါသတကြီး ပိုအော်တော့မယ်ထင်တယ်။ ကိုကို့ကိုတော့ သူ့စိမ်းမို့ အားနာပါးနာသဘောထားပြီး နည်းနည်းပါးပါး ထောက်ထားပြီး ပြောဆိုမည်ဖြစ်တာတောင်မှ ခပ်တင်းတင်းပဲဟာ။ မြတ်နိုးကတော့ သူတပည့်အဆင့်မို့ ဒေါသတကြီးအော်လို့လည်းရနေတာလေ။

မြတ်နိုးက ခုံမှာပြန်မထိုင်ဘဲ လက်နှောက်ပစ်လိုက်၊ လက်ရှေ့ထုတ်လိုက်၊ သက်ပြင်းချလိုက်၊ ခေါင်းကုတ်လိုက် အထော်ရှုံ့မဲ့လိန်ပိန် စိတ်ညစ်နေကာ သူ့ကိုလုံးဝလှမ်းမကြည့်တဲ့ ဇလပ်ကိုလည်း ဘာမှလှမ်းပြောလို့ မရဘဲ ကိုးရိုးကားရား ဖြစ်နေပါသည်။ သူက လှမ်းမကြည့်ဘဲနဲ့ ကိုယ်က "မမ"လို့ လှမ်းအော်ခေါ်ရမှာလား။ သူ လှမ်းကြည့်လိုက်ရင်တော့ ရှုံ့မဲ့သောမျက်နှာလေးနဲ့ "မမ ... သက်သာရဲ့လား"လို့ မေးလို့ရတာပေါ့။

လှေကားခြေရင်း ရောက်လာမှပဲ ဇလပ်ဝါက ဧည့်ခန်းထဲကို လှမ်းကြည့်လိုက်ပါသည်။ မြတ်နိုးရဲ့ပါးစပ်ဟာ တစ်စုံတစ်ခုပြောဖို့ ပွင့်တော့ပွင့်ဟလာပြီး ဘာမှတော့ အသံထွက်မလာ။ နေရထိုင်ရခက် မျက်နှာပူ စိတ်ညစ်နေတဲ့ မြတ်နိုးရဲ့ရုပ်ကို ဇလပ် ရယ်ချင်ချစ်စနိုး ရှိလှပေမယ့် ခပ်တည်တည်လေးသာ။

"မြတ်နိုး ... မင်းက ဘယ်ကပါလာတာလဲ"





"ဟို ... ဟို ... မမ၊ ဒါက ကျွန်တော့်အစ်ကိုပါ၊ ကိုသက်ပိုင်က ကျွန်တော်နဲ့ ညီအစ်ကိုတော်ပါတယ် မမ"

"ဟင် ... အရင်းလား"

"ဟုတ်ကဲ့ခင်ဗျ"

"ဟောတော်"

ဇလပ်က ဆက်တီတစ်ခုမှာ ခက်ခက်ခဲခဲ ဝင်ထိုင်ရင်း မြတ်နိုးဘက်ပါလှည့်ကာ ...

"ထိုင် ... ထိုင်"

မြတ်နိုးက ပြန်ထိုင်လိုက်ရင်း ...

"မမ ... ခါးတော်တော်နာသွားသလားခင်ဗျာ"

အမယ်လေး ... နားဝင်ချိုလိုက်တာ။ သတင်းမေးသံလေးက။

"အခု ပိတ်ရက် နှစ်ရက်ရှိတော့ နားလိုက်ဦးမယ်လေ၊ မန်းအေးကျ ရုံးတက်နိုင် မတက်နိုင် ကြည့်ရမှာပဲ၊ ခုလောက်နာနေရင်တော့ ရုံးသွားဖို့တောင် ခက်ခက်ပဲဟာ"

"အိတ်စ်ရေးကကော ဘာဖြစ်သွားတယ်တဲ့လဲ မမ"

"မဖြစ်ဘူးတဲ့၊ ဘာမှမဖြစ်ဘူး ပြောတာပဲ၊ ဆိုးဆိုးဝါးဝါးဖြစ်မသွားဘူးဆိုတော့ ဘာကြောင့် နာနေလဲ မသိပါဘူး၊ အကြောတွေ ဘာတွေပဲ ညပ်သွားလား ဆိုင်လား မဆိုင်လား‌လည်း မသိဘူး၊ တစ်ခါတလေကျ ခါးဆိုတာမျိုးက



www.burmeseclassic.com

www.burmeseclassic.com



ဘာကြောင့်နာမှန်းမသိ အကြောင်းမရှိ နာရင်လည်း နာနေတတ်တာမျိုး၊ မသိပါဘူးကွာ၊ ဖြစ်ချိန်တန်လို့ပေါ့”

“မနေ့ညကမှ ကိုကို ပြန်ရောက်တော့ အဖြစ်အပျက်တွေနားထောင်ရင်းက မမမှန်းသိတော့ ထူပူသွားတာ”

“ဘာကိုထူပူသွားတာလဲ”

ဇလပ်ဝါရဲ့အကြည့်က စူးစူးရဲရဲ။ နှုတ်ခမ်းများကတည်၍ မျက်လုံးများက ပြုံးနေသည်။

“ဘာကိုလဲတော့ ကျွန်တော် မပြောတတ်ဘူး မမ၊ ဒါပေမဲ့ မမကားနဲ့မှ သွားငြိမိတယ်ဆိုတော့ မမကိုလည်း အားနာ၊ ကိုကို အလျော်ပေးရမယ့် ကားကလည်း မမကားဆိုကတည်းက အကောင်းစားကြီးဆိုတော့ နည်းမှာမဟုတ်ဘူး”

ဇလပ်ဝါက မဲ့ပြုံးတို့နှင့် ...

“မင်းက တို့အတွက် ထူပူတာလား၊ အစ်ကိုအတွက် ထူပူတာလား မြတ်နိုး”

သက်ပိုင်က သက်ပြင်းတစ်ချက်ကို မသိမသာလေး ကျိတ်ချလိုက်ရပါသည်။ မနေ့က အရိပ်အကဲနှင့် တော်တော်လေး ကွာခြားနေတဲ့ အရိပ်အကဲကို သိသိသာသာ သတိပြုမိကာ နည်းနည်းကလေးဖြစ်စေ ရင်ပေါ့သွားရပါသည်။

“ကားက ပြင်နေကျဝပ်ရှော့ရှိတယ်”

“ဟုတ်ကဲ့ ခင်ဗျ”





သက်ပိုင်က ဝင်ခေါင်းညိတ်လိုက်၍ ဇလပ်ဝါက သက်ပိုင်ဘက်လှည့်ရင်း ...

“ကျွန်မ ပြင်နေကျဆိုင်ပဲ အပ်မယ်၊ အဲဒီလက်ရာပဲကြိုက်တယ်၊ ညကဖုန်းဆက်ပြီး ဝပ်ရှော့ပ်ဆရာကို အခြေအနေပြောပြတာတော့ တစ်ဆယ်လောက်တော့ ကျမယ်၊ ဒါ သူ မမြင်ရသေးပဲ အကြားနဲ့ရမ်းခန့်မှန်းရတာလေ”

“ဟုတ် ... ဟုတ်ကဲ့”

သက်ပိုင် လည်ချောင်းတွေပင် ခြောက်ကပ်လာပါသည်။

“မြတ်နိုး”

“ဗျာ ... ဟုတ် မမ”

“အခက်အခဲရှိလား”

“ဗျာ”

“ကားပြင်ဖို့ကိစ္စက မင်းတို့မိသားစုအတွက် ဝန်လေးလား”

“ဟို ... မမ၊ ကျွန်တော်တို့ တတ်တော့မတတ်နိုင်ပါဘူး၊ ဒါပေမဲ့ မမ လုပ်နိုင်းသလိုတော့ လုပ်ပါ့မယ်”

“မင်းက အစ်ကိုနဲ့နေတယ်ပေါ့၊ ဟုတ်လား”

“ဟုတ်ကဲ့”

“အစ်ကိုကျွေးတဲ့ထမင်း စားနေတာပေါ့”

“ဟုတ်ကဲ့”



www.burmeseclassic.com

www.burmeseclassic.com



မြတ်နိုးရဲ့ ဖြူဝင်းသန့်ရှင်းနေသော မျက်နှာကလေးကို စလပ်က ခဏစိုက်ကြည့်နေပါသည်။ စိုက်ပြီးကြည့်နေတာဖြစ်တဲ့အတွက် မြတ်နိုးက ပြိုင်မကြည့်ရဲဘဲ မျက်လွှာချ၍ ငြိမ်နေလိုက်ရပါသည်။ သက်ပိုင်ကတော့ ဘာများပြောလိုက်မလဲလို့ ရင်တမမ ရင်တထိတ်ထိတ် နားစွင့်နေပါသည်။

သွေးရိုးသားရိုး မဟုတ်သော ဤအဖြစ်အပျက်ဟာ အကျိုးဆက်တစ်ခုကို မျှော်လင့်ပြီး ဖြစ်ပျက်ခဲ့ရတဲ့ အဖြစ်အပျက်ပါ။ မြတ်နိုးဟာ အစ်ကိုနဲ့နေတယ်။ အစ်ကိုက ကိုယ်ပိုင်တက္ကစီဆွဲတယ်။ အဲဒီတက္ကစီကို ဘယ်နားတစ်ဝိုက် ဂိတ်ထိုးတတ်တယ်။ စသဖြင့် ... စသဖြင့် အချက်အလက်တွေ စုံစမ်းစနည်းနာပြီးမှ သေသေသပ်သပ် ပိပိရိရိလေး ဖြစ်ပျက်သွားခဲ့တဲ့ အငြိပါ။ ဒီအတွက် လျော်ကြေးကို စိတ်ပူမနေပါနဲ့။

အဲသလို စိတ်ပူနေတဲ့ မျက်နှာမသာမယာလေးကို မျက်လုံးထဲ မကြည့်ရက်လို့ပါကွယ်။

"မြတ်နိုး"

"ခင်ဗျာ"

"ဆံပင်ဘယ်မှာညှပ်လဲ"

"ဗျာ"

"ဆံပင်ဘယ်မှာညှပ်လဲလို့"





"ဩော် ... ဟို ... ဆိုင်စွဲမရှိပါဘူး မမ၊ များသောအားဖြင့်တော့ ရပ်ကွက်ထဲက ခင်နေတဲ့ အစ်ကိုကြီးတစ်ယောက်ဆိုင်မှာညှပ်တာ များပါတယ်၊ ဘာလို့လဲ မသိဘူး မမ၊ ရှည်နေလို့လား"

"အင်း ... နောက်ကရှည်နေပြီ၊ ညှပ်ဦးလေ"

"ဟုတ်"

"မန်းဒေးကျရင်တော့ မနက်ရုံးမလာခင် မင်း ဒီကိုဝင်လာခဲ့လိုက်"

"ဟုတ်"

"တို့အခြေအနေ တစ်ချက်လာကြည့်ပေါ့၊ ရုံးမတက်နိုင်လည်း မှာစရာရှိတာ မှာရအောင်"

"ဟုတ်ကဲ့ မမ"

ကောင်မလေးတစ်ယောက်က ကော်ဖီဗန်းလာချ၍ ဒါမြင်ရင် ဟိုဟာ၊ ကြေးများနေကျ စလပ်က ...

"အအေးတော့ မယူလာဘူး၊ ကော်ဖီက ပူတဲ့ဟာကို၊ အသီးလေး ဘာလေး ခွဲခဲ့ပါလား"

"နေပါစေ မမ မစားပါဘူး၊ မမကို စိတ်ပူတာရော၊ ဟို... ပြီးတော့ ကိုကိုရော၊ ဒီကိစ္စအတွက် ဘယ်လို ..."

သက်ပိုင်က နားစွင့်စိတ်မောနေမိပါသည်။

"အသီးမစားရင် မစားနဲ့တော့၊ ထမင်းစားသွားလိုက်"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ ... နေပါစေတော့ မမ၊ မစားတော့ပါဘူး"

"ကိုသက်ပိုင်"

"ဗျာ"

"ထမင်းစားပါရှင့်၊ ကြုံတုန်းပေါ့၊ ထမင်းစားပြီးမှပြန်ပေါ့"

"ဟို ... အားနာစရာကြီးခမျာ၊ အိမ်ကျမှစားပါ့မယ်"

"ဒီမှာပဲ စားလိုက်ပါ၊ အိမ်ကျမစားနဲ့တော့၊ မိဖြူ ထမင်းပွဲပြင်လိုက်နော်၊ မမရော သုံးယောက်စားမယ်"

သက်ပိုင်နှင့် မြတ်နိုး တစ်ယောက်မျက်နှာ တစ်ယောက် လှမ်းကြည့်မိပါသည်။ စိတ်တွေကျဉ်းကျပ်လှပေမယ့် ဇွတ်ကန်ငြင်းရင်လည်း စိတ်ခုမှာစိုးရ။ သက်ပိုင်က မတင်မကျနှင့် မနေတတ်ပဲ ...

"အစ်မ ... ထမင်းစားဆို စားပါ့မယ် ခင်ဗျ၊ ကျွန်တော့်ကို ကျွန်တော် ဘယ်လောက်ပေးရမယ်ဆိုတာလေး အမိန့်ရှိပါဦး"

"ဘာကိုလဲ"

"ကားပြင်စရိတ်ပါ။ အစ်မကားအတွက် ဘယ်လိုများ"

"သြော် ... ခုန မြတ်နိုးကို မေးပြီးပြီလေ"

"ဗျာ"

"အခက်အခဲရှိလား ဆိုတော့ သူက မတတ်နိုင်ဘူးတဲ့"

"ဟုတ်ကဲ့ အစ်မ၊ အဲဒီတော့ အစ်မ ဘယ်လိုများဆုံးဖြတ်ပါလဲ"





"သြော် ... မတတ်နိုင်ဘူးဆိုတော့ ပြီးပြီလေ၊ နေပါစေတော့၊ ဟုတ်လား၊ ကျွန်မ ကိုယ့်ဘာသာပြင်လိုက်တော့မယ်"

"ဗျာ"

"ကိုသက်ပိုင် မရှင်းဘူးထင်တယ်။ မြတ်နိုးက ကိုယ်ငွေညှာရမယ့်သဘော ရှိတယ်လေ၊ ကျွန်မကားကို နိုက်မိတာ မြတ်နိုးအစ်ကို ဖြစ်နေတဲ့အတွက် ကျွန်မ အလျော်မယူတော့ပါဘူး၊ တချို့တစ်ဝက်လည်း မယူဘူး၊ လုံးဝမယူတော့တာပါ၊ ထိသွားတဲ့ ရှင့်ကားအတွက်ပဲ အာရုံထားလိုက်ပါတော့၊ ဒီဘက်ကိစ္စ ဘာမှခေါင်းထဲမထားနဲ့တော့"

"ခင်ဗျာ၊ ကျေး ... ကျေးဇူးတင်ပါတယ် အစ်မရယ်၊ အဲသလောက်ကြီး ဆိုတော့လည်း အရမ်းအားနာပါတယ်၊ အစ်မ ... ဟို ... ဒဏ်ရာအတွက် ဆေး ... ဆေးခန်းပြဖို့အတွက်ရော"

"လိုရင် ပြမယ်လေ၊ အဲဒါကြောင့် မြတ်နိုးကို မန်းဒေး မနက်တော့ ဒီကိုလာပါလို့"

မြတ်နိုးနှင့် သက်ပိုင် တစ်ယောက်ကိုတစ်ယောက် မယုံနိုင်သလို ကြည့်မိကြပါသည်။

❖❣❖



www.burmeseclassic.com

www.burmeseclassic.com



## ၁၀

"ဒီမနက် အရှမ်းပြန်နာနေတယ် မြတ်နိုးရဲ့၊ သက်သာ မလိုလို့နဲ့"

မြတ်နိုးသည် သူ့ရင်ခွင်ထဲ လုံးလုံးလျားလျားရောက်နေသည့် သင်းပျံ့မွှေးကြိုင် ပူနွေးထွေးအိနေတဲ့ ဧလပ်ဝါရဲ့ခန္ဓာကိုယ်လေးကြောင့် စိတ်တွေ ကယောင်ချောက်ချားနှင့် အားလည်းနာနေမိပါသည်။ သူ့စိတ်တွင် ... ဒုက္ခပဲ ကိုယ့်အလုပ်ရှင်ကို ဒီလောက်ကြီး ပွေ့ပွေ့ကပ်ကပ် ထိထိစပ်စပ် တွဲရ ဖက်ရ ပြုရတာ အားနာလိုက်တာဆိုတဲ့ အသိက ကြီးစိုးနေပါသည်။

ဒီမနက် ဧလပ်ဝါထံ သွားရမည်ဖြစ်၍ ပိုးအိမ်ကို လမ်းထိပ်ဘတ်စ်ကားဂိတ်က မစောင့်နိုင်ပါ။ ကားတိုက်မိတာက စပြီး အဖြစ်အပျက်တွေကိုလည်း သိတဲ့အတွက် ပိုးအိမ်က ...



"နှင် အောက်သက်ကြေကြေလေးနဲ့ သူလိုတာ သွက်သွက်လက်လက် ကူပေးဦး မြတ်နိုးရေ၊ ယောင်တီးယောင်နအတီးအတ လုပ်မနေနဲ့၊ စိတ်ပြန်တိုပြီး အလျော်မယူတော့ဘူးဆိုတာ စိတ်ပြောင်းသွားဦးမယ်၊ အလျော်သာပေးရရင် အစ်ကိုကြီးတို့ သေပြီပေါ့၊ နင့်အပေါ် မူတည်နေတယ် သိရဲ့လား"

"အေးပါဟာ"

"ရုပ်ကြီးက ဘယ်လိုဖြစ်နေတာတုန်း"

"သူ့နားကပ်ရမှာ စိတ်တွေကျဉ်းကျပ်လို့ပါဟ၊ ပြီးတော့ ငါကလည်း သိပ်အလိုက်သိတတ်လှတာ မဟုတ်တော့"

"သိအောင်လုပ်ပေါ့ဟယ်၊ ဒါ သူနဲ့ရင်းနှီးဖို့ အခွင့်အရေးပဲ၊ သူက စကတည်းက ငါ့ဆိုရင် အလိုလို မျက်နှာကြောတည့်ပုံ မရပေမယ့် နင့်ဆိုရင် အမြင်ကိုကောင်းတယ်၊ နင့်ကိုဆို သူ နှစ်လိုမှုရှိတယ်၊ အဲဒါ ပေါ်လွင်တယ်၊ နင် အဲဒါလေးကို ထိန်းထားဦး၊ အနီးကပ်လည်း လုပ်ကိုင်ပေးရရော အော့ကြောလန်သွားတာ မဖြစ်စေနဲ့"

"အင်းပါ"

"အမယ်လေး မြတ်နိုးရယ်၊ ဒေါ်ဧလပ်ဝါကို နင်ဒီလောက်လည်း ကြောက်နေစရာ မလိုပါဘူးဟယ်၊ လူကရုံ့မဲပြီးဖြစ်နေလိုက်တာ"

www.burmeseclassic.com

www.burmeseclassic.com



မနက်စောစော ဇလပ်ဝါရဲ့အိမ်ကို ရောက်လာကတည်းက ဧည့်ခန်းမှာ ထိုင်စောင့်နေရှူး အတော်ကြာလျှင် ...

"အစ်ကို ခဏလိုက်ခဲ့ပေးပါရှင့်"

အိမ်အကူ ကောင်မလေးတစ်ယောက် ယို့ယို့လေးလာခေါ်၍ ...

"ဗျာ ... ဘယ် ... ဘယ်ကို ..."

"မမ ခေါ်ခိုင်းလို့ပါ၊ မမကို တွဲဖို့ပါ"

"ဩော် ... ဟုတ်"

ထိုအမျိုးသမီးလေးက အပေါ်ထပ် ကျွန်းလှေကားကွေ့ကွေ့ကြီးကို တက်သွား၍ သူ့မှာ ရင်တမမနှင့် နောက်ကပါလာရသည်။ သူတစ်ပါးအိမ်ထဲ အိမ်ပေါ်ထပ်ထိ လိုက်ပါနေရတာကို စိတ်ထဲ မသိုးမသန့် ဖြစ်နေပါသည်။ တော်ကြာ ငါ့ကို ထောင်ချောက်ဆင်ပြီးတော့များ အိမ်ထဲကျူးကျော်ပါတယ် အမှုဆင်ရင် ...။

တွေးမိပြီးမှ ကိုယ့်ဟာကိုယ် ကျိတ်ရယ်ရသည်။ သူလိုလူစားဆီက ဘာများညစ်လို့ရနိုင်မှာမို့ အမှုဆင်နေရမှာလဲ။ သူက ဘာမို့လို့လဲရယ်လို့ ကိုယ့်ကိုယ်ကိုယ်တောင် သရော်မိတဲ့အထိ။ စိတ်က အလိုလိုပင် တစ်စုံတစ်ရာအတွက် တထင့်ထင့်နှင့် ချောက်ချားသလို ဖြစ်နေတာကို ဖျောက်ဖျက်မရပါ။





ရှေ့က မိန်းကလေးက တစ်နေရာအရောက် ဟဟကလေးသာရှိနေတဲ့ တံခါးချပ်ကြီးကို တွန်းအဖွင့်တွင် အတွင်း၌မြင်လိုက်ရတဲ့ အခန်းရဲ့ခမ်းနားတောက်ပမှုက မြတ်နိုးကို မှင်သက်မိစေပါသည်။ မင်းသမီးတစ်ပါးရဲ့ အဆောင်ခန်းလို ပန်းနုရောင်ကြီးစိုးပြီး အကောင်းစား အပျံစား အခမ်းနားဆုံး ဆင်ယင်ထားသမျှက သူတကယ်ကို မြင်တောင်မမြင်ဖူးတဲ့ ပြင်ဆင်မှုမျိုးပင်။

မြတ်နိုးမှာ ငေးမောကြည့်မနေမိအောင် ကိုယ့်ကိုယ်ကိုယ် သတိထားရသည်။ အဲဒီအခန်းထဲက လှပသော မှန်တင်ခုံကြီးတစ်ခုရှေ့က ဆိုဖာခုံပုလေးမှာ ဇလပ်ဝါက ထိုင်နေပါသည်။ ရုံးသွားဖို့ အသင့်ပြုပြင်ပြီး ပုံစံနှင့်။

"အားနာလိုက်တာ မြတ်နိုးရယ်၊ တွဲရမှာမို့ ခေါ်ခိုင်းလိုက်တာ၊ ရုံးသွားဖို့လည်း မြတ်နိုးကိုပဲ ကားမောင်းခိုင်းရမှာပဲ"

"ဟုတ်ကဲ့ ... ရပါတယ် မမ၊ အားမနာပါနဲ့ခင်ဗျာ"

"သူတို့နဲ့ တွဲရတာလည်း လူကောင်သေးသေးတွေနဲ့ အားပြုလို့ မရပါဘူး မြတ်နိုးရယ်"

"ဟုတ်ကဲ့"

ဇလပ်ဝါရဲ့မျက်နှာဟာ သူ အလုပ်ဝင်ပြီး တစ်လကျော် နှစ်လအတွင်း နေ့စဉ်မြင်တွေ့နေရသလို ကျောက်ဖြူပြားတစ်ချပ်နှယ် တင်းပြန့်အေးစက်နေတဲ့ မျက်နှာထားမျိုးမဟုတ်တော့။ နူးညံ့၍ ကြည်လင်ရွှန်းလဲ့နေပါသည်။



www.burmeseclassic.com

www.burmeseclassic.com



မြတ်နိုး တစ်ဖက်၊ မိဖြူဆိုတဲ့ ကောင်မလေးတစ်ဖက် တွဲရသည်။ ပထမတော့ သူ့မှာ မရဲတရဲ မထိခလုတ် ထိခလုတ်နှင့်မို့ အရာမရောက်။ အားနာစိတ်ကိုလျှော့ပြီး ထိထိမိမိ ဖက်တွေးမေးထူမှ ဇလပ်ချိုကအလိုက်သင့်ပါလာသည်။ သုံးယောက်တွဲရင်း တဖြည်းဖြည်း တရွေ့ရွေ့ လှုပ်ရှားနေရတဲ့ ဇလပ်ဝါကို ကြည့်ကာ ဒီပိတ်ရက်တွေအတွင်း ဒီလိုကြီးပဲ လှုပ်ရှားနေရတာလားရယ်လို့ အံ့အားတသင့် အပြစ်မကင်း ခံစားရသည်။

နာကျင်နေတဲ့ ဝေဒနာ ခံစားနေရသူကလည်း အမြှုတော့ မပျက်ပင်။ မျက်နှာက မမြင်စဖူး နူးညံ့ဝင်းအိနေတာပါ။

"ဒီမနက် အရမ်းပြုံးနေတယ် မြတ်နိုးရဲ့၊ သက်သာမလိုလိုနဲ့"

"မမ ... ဒီတိုင်းဆို ဖြစ်ပါ့မလား ခင်ဗျ၊ ဆေးခန်းသွားထပ်ပြရလိမ့်မယ် ထင်တယ်၊ ခါးတို့ ဘာတို့က အခန့်မသင့်ရင် ဒဏ်ဖြစ်တတ်တော့ ပေါ့ဆလို့ မကောင်းဘူးထင်တယ် မမ"

"အင်း ... ပြန်တော့ပြမယ်၊ ဒါပေမဲ့ ဖြစ်ဖြစ်ချင်း ဓာတ်မှန်ရိုက်တာ ဘာမှမဖြစ်ဘူး ဆိုတော့လည်း ခက်တာပေါ့ မြတ်နိုးရယ်၊ ဘာမှမှ မပေါ်တာ"

"အရိုးတွေ အဆစ်တွေနဲ့ မဆိုင်ရင် အကြောတို့ အရွတ်တို့နဲ့ ဆိုင်များဆိုင်မလား မမ၊ ဒါတွေကျတော့ ဓာတ်မှန်ထဲ မြင်ရမှာမှ မဟုတ်ဘဲ"





"အင်း ... အရွတ်ရောင်သွားတာတို့ အကြောညပ်တာတို့တော့ ကြားဖူးတယ်"

"မမ လျှောက်ရတာ အဆင်ပြေရဲ့လား၊ လှေကားဆင်းမယ်နော်"

"အဆင်မပြေဘူး"

ဇလပ်က မြတ်နိုး ခါးကိုဖက်ပြီး အင်္ကျီနောက်စကို ဆုပ်ဆွဲထားတဲ့ပုံစံမှ မလွှတ်ပဲ လှေကားထိပ် ရပ်လိုက်ပါသည်။ ဘယ်အဆင်ပြေပါ့မလဲ၊ ဘာမှမဖြစ်တဲ့ခါးကို နာနေသယောင်ဟန်ဆောင်ရတာ ခက်သလား မမေးနဲ့။ လူကို ထောင့်တောင့်တောင့် ကုပ်ချိုချို လုပ်ထားရတာ။

"ဘယ်လိုတွဲရမလဲ မမ"

"မိဖြူ ဖယ်လိုက်"

"ဟုတ်"

"မြတ်နိုးအရပ်နဲ့ မိဖြူအရပ်က တခြားစီဆိုတော့ တစ်ဖက်မြင့် တစ်ဖက်နိမ့် မမတွဲနေရတာ ပိုပြီးကိုးလိုးကန့်လန့်ဖြစ်နေတယ်၊ ခါးပိုတင်းချင်သလို ဖြစ်နေတယ်၊ မြတ်နိုးတစ်ယောက်ပဲ တွဲတော့"

မြတ်နိုးကတွဲတော့ ဇလပ်ဝါကို ပခုံးတစ်ဖက်ကျော်က်ထားနိုင်ရုံသာ။ ဇလပ်ဝါက ခါးကိုတစ်ဖက်,ဖက်၊ ပခုံးပေါ်



www.burmeseclassic.com

www.burmeseclassic.com



က ကျော်ကျလာတဲ့ မြတ်နိုးလက်ကို တစ်ဖက်က ပြန်ဆုပ်ကိုင်။ ဇလပ်ဝါရဲ့ အရပ်ကလေးဟာ မြတ်နိုး ပခုံးနားတစ်ဝိုက်လေးမှာ။ မျက်နှာကြီးကို ဟိုဘက်လှည့် လွဲထားလို့မဖြစ်၍ ဒီဘက်ကိုပဲ ငုံ့ကြည့်နေရရာ ဇလပ်ဝါရဲ့ဆံပင်မွေးမွေးပွဲ့ပွဲ့ကလေးတွေက သူ့နှာဝ၌ ကလူကျီစယ် နေပါသည်။

"ကန်တော့နော် မမ"

"ရတယ် ... ရတယ်"

နှစ်ယောက်သား တွဲကာ ဖက်ကာ ဆင်းနေတာ ခရီးမတွင်။ ဒါ့အပြင် ဇလပ်ဝါကဆင်းနေရင်းက ... "ကျွတ် ... ကျွတ် ... ကျွတ်"နှင့် ညည်းညူလိုက်ပြန်ရာ ...

"အဆင်မပြေဘူးထင်တယ် မမ၊ အရမ်းနာလား"

"ကျွတ် ... ကျွတ်"

"ဟိုလေ ... ကျွန်တော် မ,ချီသွားရမလား"

"ဘယ်လိုလဲ"

"ဟိုလေ ... ဒူးမှာတစ်ချက်၊ ပခုံးနားက ကျောဘက်က တစ်ချက် ပွေ့ချီတာမျိုးလေ"

"နိုင်လို့လား"

"အာ ... ဘာလို့မနိုင်ရမှာလဲ၊ ချီလိုက်ရမလား မမ၊ အဲဒါဆို မြန်မယ်"





"အင်း ... မြတ်နိုး ချီကြည့်လေ"

အပြောနှင့်တင် ဇလပ်သည် ရင်တွေခုန်ကာ မျက်နှာတစ်ခုလုံး ရှက်ရိပ်ဖွန်းထင်း ရဲတက်လာပါသည်။ မြတ်နိုးက ဒီတိုင်းက ဘယ်လိုမှ ခရီးမတွင် ဆုံးခန်းမတိုင်တော့သည်ဖြစ်၍ ဇလပ်ကို ဒူးခေါက်ကွေးမှတစ်ချက် ကျောမှသိုင်းကာတစ်ချက် ဆွဲခနဲ ကောက်ယူပွေ့ချီလိုက်ပါသည်။

"အမေ့"

ဇလပ်သည် ရင်ထဲ အေးခနဲ၊ အသည်းထဲ လှပ်ခနဲ လွန့်သွားသလိုဖြစ်ကာ လက်တစ်ဖက်က မြတ်နိုးရဲ့လည်တိုင်ကို အတင်းဖက်တွယ်လိုက်ရပါသည်။ ဒီလိုချီပုံမျိုးကို တစ်ခါမှမှ အချီမခံဖူးတာ။

"ဒီလိုချီတော့ ခါးကနာလား မမ"

မျက်နှာချင်းကလည်း နီးကပ်ကပ်။

"ဟင့်အင်း"

လေကားအဆင်းမို့ ကြောက်လည်းကြောက် ရင်လည်းဖို၊ မြတ်နိုး လည်ပင်းကို လက်နှစ်ဖက်စလုံးနှင့် ဖက်သိုင်းထားလိုက်တဲ့အခါ လူချင်းက ရင်ချင်းအပ်သလို ဖြစ်နေပါသည်။ မြတ်နိုးသည် သူ့ရင်ဘတ်ဆီသို့ သိသိသာသာ လာရောက်ခုန်တိုးနေတဲ့ ဇလပ်ဝါရဲ့ရင်ခုန်သံ စည်းချက်ပြင်းပြင်းကို ထိတွေ့ခံစားနေရပါသည်။



www.burmeseclassic.com

www.burmeseclassic.com



အဲဒီအခါ ဇလပ်ဝါကို သနားကရုဏာသက်သလို စိတ်မျိုးလည်း ဖြစ်ထွန်းမိလျက် သူကိုယ်တိုင်ရဲ့ ရင်ထဲမှာလည်း နည်းနည်းပါးပါး စည်းချက်တွေ လွဲမှားကုန်ပါသည်။ ကိုယ့်လက်ထဲမှာက သူ့ရဲ့ခန္ဓာကိုယ် နွေးနွေးထွေးထွေး အိအိညက်ညက်လေး။ ရင်ခွင်မှာက သူ့ရင်ခုန်သံကို ခံစားသိရတဲ့အထိ ပူးကပ်ထိခတ်မှု။ အဲဒီ ထိစပ်ထားရတဲ့ အရာက သက်မဲ့ပစ္စည်းမဟုတ်၊ သက်ရှိလူသား မိန်းမတစ်ယောက်။ ပြီးတော့ မွှေးရီသင်းပျံ့တဲ့ ရနံ့မွှားမွှားကလေးနဲ့။

လှေကားကဆင်း ညှော်ခန်းကိုဖြတ်၊ အိမ်ပြင်ထွက် ကားထဲရောက်တဲ့အထိ မြတ်နိုးက ခပ်သွက်သွက် လှမ်းလျှောက်လာကာ ဇလပ်ကို ကားရှေ့ခန်း ဘေးထိုင်ခုံဆီ အလိုက်သင့်တင်ပေးလိုက်ပါသည်။ သူ ကားမောင်းရမယ် ဆိုသဖြင့် ဇလပ်က ဘေးကပဲ ထိုင်ရမှာပေါ့။

ကူရှင်ပေါ် လှမ်းတင်လိုက်ပြီးတဲ့တိုင် ဇလပ်က မြတ်နိုး လည်ပင်းကို ဖက်ထားတဲ့ လက်နှစ်ဖက်စလုံးကို မဖြုတ်၍ မြတ်နိုးက ကားတံခါးနားမှာ ကိုင်းကိုင်းကြီး ဖြစ်နေပါသည်။

"မမ"

ဇလပ်က မျက်စိအစုံကို ရင်ခုန်တုန်လှုပ်စွာ စုံမှိတ်ထားရာမှ ...

"မြတ်နိုး"





"ရပြီ မမ၊ လက်လွှတ်လို့ရပြီ"

ဇလပ်သည် ပူထူကျင်ရှနေတဲ့ ရင်ခွင်ထဲက မွှားရီပြင်းပြသော ခံစားချက် ဝေဒနာကြောင့် ခုချက်ချင်း ငိုမိမတတ် တလှုပ်လှုပ် ဖြစ်နေပါသည်။ မှန်တဲ့အတိုင်း ပြောရရင် လုံးဝမဖြေချင် မဖြုတ်ချင်တဲ့ လက်နှစ်ဖက်ကို မြတ်နိုးလည်ပင်းဆီ သိုင်းထားရာက ဖြည်းဖြည်းချင်း ဖြေချလိုက်ရပါသည်။ မျက်စိကိုတော့ စုံမှိတ်ထားမိဆဲ။

"မမ ဘာဖြစ်လို့လဲ၊ နာလို့လား ခင်ဗျ"

"မဟုတ်ပါဘူး မြတ်နိုးရယ်"

ဖြေလိုက်တဲ့ စကားသံကလည်း တုန်ခတ်နေခဲ့ရပါသည်။ ဇလပ်ဝါရဲ့ခံစားချက်ကို လုံးလုံးလျားလျား အမှန်တိုင်း မဟုတ်တောင် မသဲမကွဲ ရိပ်မိတဲ့အထိတော့ မြတ်နိုး မှန်းဆနိုင်သလိုရှိကာ ဘာမှမပြောတော့ဘဲ အိမ်ထဲပြန်လှည့်ဝင်ခဲ့ပါသည်။ ညှော်ခန်းမှာ သူ့ရဲ့ရုံးတက်တဲ့ စလွယ်သိုင်းအိတ်၊ ထမင်းချိုင့်တို့ ကျန်ခဲ့တယ် မဟုတ်လား။

အဲဒါတွေ သူ တက်ယူကာ ကားဆီပြန်လာတဲ့အခါ မိဖြူကလည်း ဇလပ်ဝါရဲ့ လိုအပ်သမျှ ဖိုင်လ်တွေ လက်ဆွဲအိတ်တွေကို ကားနောက်ခန်းထဲ လာထည့်သွားပါသည်။ မြတ်နိုးက ကားပေါ်တက် စက်နှိုးကာ ...

"ရုံးကိုနော် မမ"



www.burmeseclassic.com

www.burmeseclassic.com



“.........”

“ဆေးခန်းဝင်ပြဦးမလား”

“ဟင့်အင်း”

မြတ်နိုးက ကားကို မောင်းထွက်လိုက်ပါသည်။ သူ့စိတ်ထဲမှာလည်း မွန်းကျပ်ကျပ်လိုလို။ နှစ်ယောက်သား စကားတစ်လုံးမှ မဆိုဖြစ်ဘဲ တိတ်ဆိတ်စွာ ကိုယ့်အတွေးနှင့်ကိုယ် ငြိမ်သက်လာကြရာက ရုံးအနား ရောက်လာချိန်မှာတော့ ...

“မြတ်နိုး”

“ရှာ”

“ဆောရီးပါနော်၊ ခုလို ခေါ်ပြီးနိုင်းရသလိုဖြစ်တဲ့အတွက် တောင်းပန်ပါတယ်”

“မဟုတ်တာ မမ၊ မလိုပါဘူး၊ ကျွန်တော့်ကို ခေါ်နိုင်းလို့ရပါတယ်”

“ဒီရက်ပိုင်းအတွင်းတော့ နောက်နေ့တွေလည်း လာပေးပါနော်”

“ဟုတ်ကဲ့ ... ကျွန်တော် လာပေးပါ့မယ်”

“အပြန်တွေလည်း မြတ်နိုးပဲ ပြန်ပို့ပါ”

“.........”

“တို့ ကားပြန်မောင်းနိုင်တဲ့ အထိပါပဲ”

“ဟုတ်ကဲ့”





“အဲဒီအတွက် သူနဲ့အတူတူ မသွားနိုင် မပြန်နိုင်တာကို ခင်ပိုးအိမ်ကို တောင်းပန်လိုက်ပါဦးနော်”

“ဟုတ်ကဲ့ ... ရပါတယ်”

“အဲသလို သိပ်တော့ကြာမယ် မထင်ပါဘူး”

ဇလပ်ဝါ ပြောမှ မြတ်နိုးက ပိုးအိမ်ကို ပိုပြီးသတိရရသည်။ အတူသွားချင် ပြန်ချင်လို့ ဒီအလုပ်ကို ဝင်ခဲ့တာပဲလေ။ ပိုးအိမ်နှင့်သာ ဘတ်စ်ကားတူတူ တိုးစီးပြီး သွားချင်ပြန်ချင်တာ အမှန်ဖြစ်ပေမယ့် ဘယ်လိုလုပ် ငြင်းလို့ရမှာလဲ။ အခြေအနေ အလျှောက်ပေါ့။ သူ့ကားကြီးကို ထိခိုက်မိထားတာကိုတောင် တစ်ပြားအလျော်မယူ လျှော်ပစ်လိုက်တဲ့ဥစ္စာ။

သူ့ရဲ့ ထိခိုက်ဒဏ်ရာ ဝေဒနာအတွက် ကိုယ်က ခုလို အကူအညီ မပေးဘူးဆိုရင် ကောင်းနိုင်ပါ့မလား။ တစ်သက်လုံးမှ မဟုတ်ဘဲ။ လုပ်ပေးရတော့မှာပေါ့။ ဒါပေမဲ့ ဒီအဖြစ်အပျက်အပေါ် ဇလပ်ဝါ ရင်ခုန်ရုက်မော သာယာမှုရှိတယ်လို့ သူရိပ်မိရတဲ့ အပေါ်မှာတော့ အနည်းငယ် မောလျအသက်ရှူကျပ်သည်။

သူလည်းပဲ။ အင်း ...။ မိန်းမတစ်ယောက်ရဲ့ အတွေ့အထိမှာ တုန်လှုပ်နစ်မြောမှုကတော့ အနည်းအကျဉ်းရှိမိတာ ဝန်ခံရမှာပါပဲ။ တကယ်တမ်း ဝန်ခံရရင် ပိုးအိမ်နဲ့ သမီးရည်းစားသက်တမ်း ခြောက်နှစ်ခွဲလောက် ကြာညောင်းသွားခဲ့တဲ့ ကာလအတွင်း ဒီလောက် ပွေးကပ်ထိတွေ့မှုမျိုးမှ လုံးလုံးမရှိခဲ့ပဲ ဟာ။



www.burmeseclassic.com

www.burmeseclassic.com

သို့ပေမဲ့ သူ့မှာ ဇလပ်ဝါကို အားနာစိတ် မျက်နှာမှုစိတ်က ပိုသာပါသည်။ ဒီလောက် မာန်တင်းတဲ့ မိန်းမမျိုးဟာ သူ့ရဲ့လက်အောက်ငယ်သားနေရာမှာရှိတဲ့ (ဘာကောင်မှမဟုတ်တဲ့) ပါမွှားဝန်ထမ်း ယောကျ်ားတစ်ယောက်ရဲ့ အချီအပွေ့ အထိအတွေ့ကို ဘယ်လာခံချင်ပါ့မလဲ။

မတတ်သာလွန်းလို့ လက်ခံ,ခံယူလိုက်ရတဲ့အခါမှာ သူ့စိတ်ကို သူ အဆုံးစွန် မာန်လျှော့ထားရရှာမှာလို့ တွေးကာ ကရုဏာသက်ရပါသည်။ သူ့မာန်မာနကြောင့် သူလည်း ဒီအချိန်ထိ ဒီလိုအတွေ့အထိမျိုး ရှိမှရှိဖူးရဲ့လားမသိ။ ဒါကြောင့်သာ မြတ်နိုးနှင့် ရင်ချင်းအပ်သလို အနေအထားမှာ သူ့ရဲ့ရင်ခုန်သံ ဖရိုဖရဲတွေကို အတိုင်းသား ခံစားသိနေရတာပေါ့။

"မမ"

"........."

"မမ ရောက်ပြီ"

ကားပြတင်းမှ အပြင်ဘက်ကို ငေးနေတဲ့ ဇလပ်ဝါက သူ့အသံကိုပင် ရုတ်တရက် ကြားဟန်မတူဘူး။ နောက်တစ်ခွန်း ကျယ်ကျယ်ထပ်ခေါ်မှ အလန့်တကြား သတိပြုမိကာ ...

"ဟင် ... ရောက်တောင် ရောက်လာပြီ"

"ရုံးခန်းအထိ လျှောက်လို့ရပါ့မလား မမ"

"ရအောင်လျှောက်မယ်၊ ရုံးခန်းကိုတော့ ခုနလို ပွေ့ချီပြီး မဝင်ချင်ဘူး မြတ်နိုး"





ဇလပ်ဝါသည် မြတ်နိုးနှင့် ခါးဖက် ပခုံးဖက် ပုံစံနှင့်ပင် ဓာတ်လှေကားထဲဝင်ကာ အဲဒီအတိုင်းပဲ ဓာတ်လှေကားထဲက ထွက်လာသည်။ စိတ်ထဲကကျိတ်ကာလည်း ပြုံးနေမိပါသည်။ ခင်ပိုးအိမ်ရေ အမြဲတမ်း မင်းမလွှတ်တမ်း တွဲထားတဲ့ လက်တစ်ဖက်က အခု ငါ့ပခုံးကို သိုင်းဖက်နေပြီလေ။ ငါကတော့ လက်ချင်းဆုပ်ကိုင် တွဲမနေတော့ဘဲ ခါးကိုပဲ အားရပါးရ ဖက်ထားခွင့်ရနေတာလေ။ အဟင်း ... ဟင်း။

အဲဒီအချိန်မှာ မြတ်နိုး တစ်ယောက် ဒီမနက် ဇလပ်ဝါကို ရုံးပို့ပေးဖို့ ဇလပ်ဝါအိမ်ကို သွားရတယ်လို့ ကြိုသိထားပြီးသား ခင်ပိုးအိမ်မှာ သူတို့ရုံးခန်းရဲ့အဝင်ဝ မှန်ဆလိုဒ်တံခါးအကျယ်ကြီးထဲသို့ ကိုယ့်စားပွဲကနေ လှမ်းလှမ်းမျှော်ကြည့်နေမိတာပါ။ အပြင်တံခါးမကြီးကို ဖွင့်ထားပြီး ရုံးချိန်မှာ အဲဒီမှန် Slide Door ပဲ ရှိတဲ့အတွက် အပြင်က ဖြတ်သန်းသွားလာမှု ရှိရင် မြင်ရပါသည်။

မြတ်နိုးနဲ့ ဒေါ်ဇလပ်ဝါ ခုထိမလာသေးပါလား၊ မလာသေးပါလားနှင့် အလုပ်ထဲ စိတ်ဖြောင့်လက်ဖြောင့် စိတ်မရောက်ဘဲ လှမ်းလှမ်းကြည့်နေမိတဲ့ ခင်ပိုးအိမ်ဟာ ဒီတစ်ကြိမ် သူတို့အထပ်မှာ တံခါးပွင့်လာတဲ့ ဓာတ်လှေကားသံ "ကလောင်" ခနဲ အကြားမှာလည်း ဒီတစ်ခေါက်တော့ ပါလာပြီလားလို့ လှမ်းကြည့်နေမိတာ။


www.burmeseclassic.com

www.burmeseclassic.com

ဟော ...။"

မှန်ချပ်အပြင်မှာ လှမ်းတွေ့လိုက်ရတဲ့ မြတ်နိုးနှင့် ဒေါ်စလပ်ဝါ။ ဖက်ကာ တွဲကာ မှီကာ ယိုင်ကာ အရမ်းကိုပူးကပ်မှီနိုင်စွာ။ မိုးအိမ်က ဖြည်းဖြည်းချင်း ဖြတ်လျှောက်နေတဲ့ သူတို့နှစ်ယောက်ကို အကြာကြီး မြင်နေရတာမို့ ပါးစပ်အဟောင်းသားလေးနေအောင် ငေးကြည့်မိလျက်သား။

မိုးအိမ်တင်မက ရုံးခန်းထဲက လူအတော်များများဟာ မှန်တံခါးအပြင်က မြင်ကွင်းကို အံ့အားတသင့် လှမ်းကြည့်နေကြပါသည်။ တချို့က မိုးအိမ်ကိုပါ လှမ်းကြည့်ကြသည်။ မိုးအိမ်နှင့် မြတ်နိုး ချစ်သူစုံတွဲဆိုတာ အားလုံးသိကြတာပဲ။ အားလုံးသိလောက်အောင်လည်း သူတို့က ရုံးပြင်ပရောက်တာနှင့် လက်ချင်းပူးယှက်ချိတ်တွယ်ထားလိုက်တာကိုး။ မသိဘဲ မနေပါ။

ခုလို မြင်ကွင်းကို မြင်ကြတော့ အံ့အားသင့်ပြီး မိုးအိမ်ကို သိသိသာသာရော မသိမသာရော ကြည့်ကြပါသည်။ စလပ်ဝါ ဘာဖြစ်ထားမှန်း သူတို့မှ မသိကြတာ။

"ဟိုလေ ... မမက သောကြာနေ့က အက်ဆစ်ဒဲန့်ထိဖြစ်ထားတယ်"

"ဟင် ... ဟုတ်လား၊ ဘာဖြစ်တာလဲ"

"မြတ်နိုးအစ်ကိုရဲ့ တက္ကစီကားနဲ့ မမကားနဲ့ တိုက်မိတာ"

"ဟယ် ... သေပြီပေါ့၊ မမကားတွေက ကားကောင်းကြီးတွေဟာကို၊ ဘယ်သူမှားတာလဲ"





"သူ့အစ်ကိုဘက်က မှားတယ် ပြောတာပဲ"

"သေလိုက်ပါတော့ဟယ်၊ ဘယ်လောက်လျော်ရလဲ"

"မမက မြတ်နိုးအစ်ကိုမို့ အလျော်မယူတော့ဘဲ လျော်ပေးလိုက်တယ်တဲ့"

"ဟင် ... ဟုတ်လား၊ တော်သေးတာပေါ့ဟယ်၊ နောက်မို့ရင် မလွယ်ဘူး၊ လျော်ရရင် နည်းမှာမဟုတ်ဘူး၊ မမ ဘာဖြစ်သွားတာလဲ"

"ဆိုးဆိုးဝါးဝါးတော့ မထိခိုက်ဘူး၊ ဒါပေမဲ့ ခါးတော့ တော်တော်နာသွားတယ်တဲ့"

"သြော် ... ဒါကြောင့် မြတ်နိုး တွဲလာပေးရတာကိုး၊ အေးပေါ့ဟယ်၊ လုပ်ပေးရမှာပေါ့၊ အလျော်မယူဘူး ဆိုတာ နည်းလား၊ ကိုယ်လည်း ကိုယ်တတ်နိုင်တာ လုပ်ပေးရမှာပေါ့"

"မြတ်နိုးက တအားရိုးလွန်းတော့ မမ အကြိုက် အလိုက်မသိဘဲ အဆူတွေ ခံနေရမှာပဲ စိုးရိမ်ရတယ်"

မိုးအိမ်က သူတို့ကိုလည်းပြောရင်း တစ်ယောက်တည်းလည်း တကယ်ပူပူပင်ပင် ညည်းညူမိတာပါ။



www.burmeseclassic.com

www.burmeseclassic.com



## ၁၁

ကုမ္ပဏီကကားနှင့် ဒရိုင်ဘာ ဦးသန်းနှင့် ဆိပ်ကမ်းသွားပြီး ပြန်လာသော မြတ်နိုးသည် မနက်က စလပ်ဝါကို သူ့အိမ်ကို ထုံးစံအတိုင်း သွားကြိုခေါ်ခဲ့ရပြီး ရုံးရောက်တော့ ကားကိုပါကင်ထိုးခဲ့တဲ့ နေရာမှာ စလပ်ဝါရဲ့ကား မတွေ့ရတော့သဖြင့် ဟိုဟိုဒီဒီ ကြည့်နေမိစဉ် ...

"ကိုမြတ်နိုး ဘာရှာတာလဲ"

"မမကား ဒီနားရပ်ခဲ့တာ မရှိတာနဲ့"

"ဟိုမှာ မမကားလေ"

"ဩော် ... အင်း၊ ဟိုဘက်ရောက်နေတာကိုး"

မြတ်နိုးက စာရွက်စာတမ်းအိတ်ကိုင်ကာ ရုံးခန်းပေါ် တက်လာခဲ့ပါသည်။ ထမင်းစားချိန်လည်း ရောက်နေပြီမို့ ပိုးအိမ်ရော စားပြီးပြီလား မေးဖို့ရာ ပိုးအိမ်တို့အခန်းရဲ့ တံခါးမှန်ချပ်ရှေ့မှာ ရပ်လိုက်၍ ပိုးအိမ်က သူ့ကို ချက်ချင်းမြင်ပြီး ပြေးထွက်လာပါသည်။ အပြင်ရောက်လျှင် တံခါးကို ပြန်စေ့လိုက်ရင်း ...



"ဟဲ့ ... မြတ်နိုး"

"အင်း ... နင် ထမင်းစားပြီးပြီလား"

"ထမင်းက နေပါစေဦး၊ နင့်ကို ပြောမလို့"

"ဘာလဲ"

"ခုနက ဒေါ်စလပ်ဝါ သူ့ဟာသူ အောက်ဆင်းသွားတယ်"

"ဟုတ်လား"

"ဟုတ်ပါတော်၊ ဘယ်သူမှလဲ မတွဲပါဘူး"

"တစ်ယောက်တည်းပေါ့"

"အင်း ... တစ်ယောက်တည်း၊ ဒါပေမဲ့ လမ်းလျှောက်တာတော့ ဖြည်းဖြည်းလေးပဲနဲ့ လျှောက်သွားတာပေါ့ဟယ်၊ ဒါပေမဲ့ ဒေါက်ဖိနပ်နဲ့"

"ဟင်"

"အင်းလေ ... ခါးနာတဲ့သူက ဒေါက်ဖိနပ်ကြီးနဲ့၊ ခုလည်း ဖြည်းဖြည်းပဲဖြစ်ဖြစ် လျှောက်တော့ လျှောက်နိုင်နေတာပဲဟာ"

"အေး ... ငါလည်း အခုအောက်မှာ သူ့ကားနေရာရွှေ့နေလို့ ထူးဆန်းနေတာ"

www.burmeseclassic.com

www.burmeseclassic.com



"တွေ့လား ငါထင်သားပဲ၊ နင်ထွက်သွားပြီး မကြာဘူး၊ သူလည်း ထွက်သွားတာပဲ၊ ကိစ္စတစ်ခုခုရှိလို့ နေမှာပေါ့၊ ဖြည်းဖြည်းထွက်သွားပေမယ့် ငါ့စိတ်ထဲ သူ့ကိုကြည့်ရတာ ဒီလောက်ကြီးလည်း ခါးနာနေပုံ မရပါဘူးဟာ၊ သူ အောက်ဆင်းသွားတာ ကားနဲ့ပဲ တစ်နေရာရာကို သွားတာဖြစ်မှာလို့ ထင်နေတာ၊ သူ့ကားကို ဆင်းမကြည့်ရဲလို့သာ ...

တော်ကြာ သူက ငါထင်သလို မသွားဘဲ အောက်မှာပဲ ကိစ္စတစ်ခုခုနဲ့ ရှိနေရင် ငါဆင်းကြည့်ရင် ဘွားခနဲတိုးနေမှာလေ၊ ဘာလာလုပ်တာလဲဆိုရင် ခက်နေမှာစိုးလို့ ဆင်းမကြည့်ရဲရတာ၊ အခု ကားလည်းနေရာရွှေ့နေရင် သူ ကားမောင်းပြီး သွားတာပဲ၊ ပြန်ရောက်တာ တစ်နာရီ မပြည့်သေးဘူး ...

ကားမောင်းလို့ ရနေရက်သားနဲ့ နင့်ကို ဒီနေ့ထိ နေ့တိုင်း ဆက်တိုက် ဆက်ခေါ်ခေါ်နေတာ ဘာလုပ်တာလဲ၊ တမင်သက်သက် ညာဉ်းဆဲနေတာလား"

မြတ်နိုးက မဖြေနိုင်ပါ။

ဖြေချင်တဲ့စကားတော့ ရှိပါသည်။ တကယ်တော့ ညှဉ်းဆဲနေတာ မဟုတ်နိုင်ဘဲ တမင်တကာကို သူ့အနား ခေါ်ထားနေတာဆိုတာကို ရိပ်မိလာစေတဲ့ အချက်တွေ မနည်းတော့ဘူး မဟုတ်လား။ ပိုးအိမ် မသိပေမယ့် မြတ်နိုး စိတ်ထဲမှာတော့ သံသယတွေ များများလာနေပြီပဲလေ။



မနက်တိုင်း သူ့ဆီသွားကြို၊ ညနေတိုင်း သူ့ကိုပြန်ပို့ရတာ ပြီးခဲ့တဲ့ တစ်ပတ်လုံးလုံး တနင်္လာကနေ သောကြာအထိပင်။ စနေ တနင်္ဂနွေ ရုံးပိတ်ပြီး အခု ဒီတစ်ပတ် တနင်္လာနေ့လည်း ခေါ်ပြန်သည်ဖြစ်၍ ဒီနေ့လည်း သွားရတာ။ ပထမတစ်ရက်တုန်းကသာ သူ့ကို သိပ်နာတယ်ထင်ပြီး လှေကားက ချီပွေ့ချခဲ့တဲ့ မြတ်နိုးဟာ နောက်နေ့ကစပြီး မချတော့ပါ။

ဒါကတော့ ချီပွေ့ရတာကို မမအပေါ် အားနာတာလည်း ပါပါသည်။ တွဲရုံနဲ့ပဲလည်း ဆင်းနိုင်မည် ထင်တာလည်း ပါပါသည်။ တွဲပဲချတော့လည်း ဆင်းလို့ရခဲ့တာပဲလေ။ သုံးရက်မြောက်လောက်ကစပြီး မြတ်နိုးရဲ့ သံသယတွေ ပိုမိုကြီးထွားလာတာ။

ဧလပ်ဝါက မြတ်နိုး သူ့ကိုတွဲစေတာ မဟုတ်တော့ဘဲ သူကသာ မြတ်နိုးကို တွဲတော့တာမို့ပင်။ မြတ်နိုးရဲ့လက်မောင်းတစ်ဖက်ကို အားရပါးရ လက်နှစ်ဖက်လုံးနှင့် ဖက်ပိုက် နိုမ်ရင်းလမ်းလျှောက်သည်။ မြတ်နိုးရဲ့လက်မောင်းတစ်ဖက်လုံးလုံးဟာ သူ့ရင်ခွင်ထဲမှာ။ ရုတ်တရက်ကြည့်လျှင် ခါးနာနေတဲ့ ဝေဒနာသည်ကို ဘေးတစ်ယောက်က တွဲလာရတာနှင့် လုံးဝမတူတော့ပါ။

ချစ်သူနှစ်ဦးမှာ မိန်းကလေးဖြစ်သူက ယောကျ်ားလေးကို အတင်းချွဲနွဲ့ အားကိုးမှီခိုပြီး ကယုကယင် တွဲလျှောက်

www.burmeseclassic.com

www.burmeseclassic.com



နေတာနှင့်ပဲ တူနေပါသည်။ အဲသလို တွဲလျှောက်နေရတာကို မြတ်နိုးက မျက်နှာတွေ ပူနေမိသည်။ ဘာကယ်တော့ ဒါကိုမြင်နေကြရတဲ့သူတွေဟာ ဇလပ်ရဲ့အိမ်ကတပည့်တပန်းတွေနှင့် ရုံးကဝန်ထမ်းတွေချည်းသာ။

ဇလပ်ဝါကို ကြောက်ရသူချည်းမို့ ဘယ်သူကမှ စူးစမ်းစပ်စုမျက်ဝန်းနှင့်ပင် မကြည့်ရဲပါ။ မမြင်ချင်ယောင်ဆောင်ပြီး ကိုယ့်အလုပ်ကိုယ်လုပ်နေရတာပင်။ ဒါပေမဲ့ မြတ်နိုး မျက်နှာပူသည်၊ နေရခက်သည်။ အမြင် အကြား အထိအတွေ့ ရနံ့စတဲ့ အာရုံတွေ အားလုံးကို ဖမ်းစားဖြားယောင်းပြီး ကြည်နူးမိန်းမူးမှုကို ဖြစ်စေတဲ့ မိန်းမတစ်ယောက်နှင့်လည်း ဤသို့ လိုအပ်တာထက်ပိုပြီး ပူးကပ်နီးစပ်မနေသင့်ဘူး မဟုတ်လား။

"အေးဟာ ... ညနေကျရင် ငါ သူ့ကိုပြန်မပို့တော့ဘူး"

"ရမလား၊ သူက ခါတိုင်းလိုပဲ ခေါ်ရင်ကော"

"သူ ကားမောင်းနိုင်နေတာ ငါ သိနေပြီဆိုတာ အရိပ်အမြွက် ပြောရမှာပေါ့၊ အဲဒါဆိုရင် သူ မောင်းပို့နိုင်းဖို့ ခက်သွားမှာပေါ့"

"ပြောလို့ ကောင်းပါ့မလား"

"မပြောရင် သူက ဘယ်နှရက်ထိ ခေါ်ထားမလဲကို မသိနိုင်တော့ဘူး"

"ဒါဖြင့် နက်ဖြန် မနက်ကော"



"နှင့်ကိုပဲ လာခေါ်တော့မယ်၊ တော်ပြီဟာ တစ်ပတ်လုံး သူ့ကိုတွဲပို့ ကားမောင်းပို့ လုပ်နေတာပဲဟာ၊ တာဝန်က ကျေရုံထက် ပိုပါပြီ၊ သူ မကျေနပ်ရင်လည်း တကယ်တမ်း သူ့ကားကို တိုက်မိတဲ့ ကာယကံရှင် ကိုကို့ကိုပဲ သွားမောင်းခိုင်း တွဲခိုင်းလိုက်တော့မယ်"

"အဟိ ... လျှောက်ပြောနေတယ်၊ သူလည်း မပြောရဲဘဲနဲ့များ ပိုတယ်"

ပိုးအိမ်က မြတ်နိုးနဖူးကို လက်ဆစ်နှင့် လှမ်းခေါက်ရင်း ...

"နှင့်ကိုတောင် ခေါင်းမခေါက်ရတာ ကြာသွားပြီဟယ်"

လွှမ်းလွှမ်းဆွတ်ဆွတ် ပြောနေ၍ မြတ်နိုးက ပိုးအိမ်ကို သနားသွားကာ သူ့ခေါင်းကို ရှေ့ထိုးပေးရင်း ...

"ကဲ ... ကဲ ... ခေါက်၊ တစ်ဝခေါက်"

"ခေါက်ချင်ပါဘူး၊ အမြင်ကတ်မှ ခေါက်ချင်တာ၊ အခုက အမြင်မှ မကတ်တာ"

"နှင် ငါ့ကို လွှမ်းနေတယ် မဟုတ်လား"

"ဟုတ်တယ် ဘာဖြစ်လဲ၊ ရှက်ပါဘူး၊ ငါက အမှန်ပဲပြောတတ်တယ်၊ ပြီးတော့ အမှန်တိုင်း ထပ်ပြောရရင် သူက နှင်တို့ ငါတို့ထက် အသက်ကြီးတဲ့ မိန်းမတစ်ယောက်ဖြစ်နေလို့သာ၊ ရွယ်တူတန်းတူသာဆိုရင် နှင့်ကို ငါသနား

www.burmeseclassic.com

www.burmeseclassic.com



တွေလည်း တိုလုပြိုဖြစ်မှာ သိလား၊ ခုတော့ ကိုယ့်အလုပ်ရှင်လည်း အလုပ်ရှင်၊ အသက်အရွယ်ကလည်း အစ်မကြီးအရွယ်ပါလေ ဆိုပြီးတော့ နည်းနည်းသဝန်တိုချင်တဲ့စိတ်ကို ဖျောက်ပစ်ရတာ”

မြတ်နိုးက သက်ပြင်းတစ်ချက် ခိုးချမိပါသည်။ ခုလည်း နင် သဝန်တိုမယ်ဆိုရင် တိုသင့်လောက်တဲ့ အနေအထားမျိုးပဲ ပိုးအိမ်ရေ။ သူ့ရဲ့အရေးပေးမှုတွေက လိုတာထက် ပိုနေတယ်။ အကိုင်အတွယ်တွေကလည်း အားပြုမိခိုတာထက် ဖက်တွယ်ထားတဲ့ အနေအထားကိုပဲ ရောက်နေတာ။ ပြီးတော့ အသက်ရွယ်ပိုကြီးတယ် ဆိုပေမယ့် နုနုရွရွနေရတော့ သူ့ဆီမှာ ကြမ်းတမ်းရင့်ထော်မှုဆိုတာ ဘာတစ်ခုမှ မရှိဘူးဟ။

အသားအရေကအစ နုနုနယ်နယ်လေးနဲ့ အသက်အရွယ်ထက် ပိုမိုနုပျိုနေတဲ့ မိန်းမတစ်ယောက်။ တင်းတင်းထန်ထန်နေတော့လည်း မာရေကျောရေရှိသလောက် နူးနူးညံ့ညံ့ဆက်ဆံပြန်တော့လည်း သူ့လောက် သိမ်မွေ့တဲ့သူ မရှိပြန်ဘူး။

“ကဲ ... သွားတော့၊ ငါလည်း ဝင်တော့မယ် မြတ်နိုး”

“အေး”

“ဒါဆို ငါ ညနေစောင့်နေရမှာလား”

“အေး ... စောင့်နေ၊ ကားပါကင် ဝင်ထွက်ပေါက်နား [illegible]နေနော်”





“အင်း ... ပြီးရော”

ပိုးအိမ်က သူ့အခန်းဘက် လှည့်ဝင်သွားကာ မြတ်နိုးက ဟိုဘက်ခန်းကို ဆက်လျှောက်လာပါသည်။ ဒီမြင်ကွင်းအဖြစ်အပျက်တွေအားလုံးကို သူ့ရုံးခန်းထဲက မော်နီတာပေါ်ကတစ်ဆင့် မျက်တောင်မခတ် ထိုင်ကြည့်နေတဲ့ ဇလပ်ဝါက ပြုံးမဲ့မဲ့လေး ပြုနေမိပါသည်။

အရုပ်တင်မက အသံပါ မိတာလေ။ ဒါပေမဲ့ အသံကတော့ အဖြစ်လောက်ပဲ ဖမ်းနိုင်တာမို့ သိပ်မသဲကွဲ။ လုံးစေ့ပတ်စေ့ မကြား။ ဒါပေမဲ့တော့ အရေးကြီးတဲ့ စကားလုံးတွေလေးတွေကိုတော့ အသံအတင်းချဲ့ပြီး နားထောင်တဲ့အတွက် ကြားရပါသည်။ ပြတ်တောက် ပြတ်တောက်နှင့်ပဲလေ။

“ဒေါက်ဖိနပ်နဲ့”

“သူ့ကားနေရာ ရွှေ့နေလို့”

“ဒီလောက်ကြီးလည်း ခါးနာနေတဲ့ပုံ”

“ပြန်ရောက်တာ တစ်နာရီ”

“တမင်သက်သက် ညှဉ်းဆဲနေတာလား”

“ငါ သူ့ကို ပြန်မပို့တော့ဘူး”

“နက်ဖြန်မနက်ကော”

“တာဝန်က ကျေရုံထက်ပို”



www.burmeseclassic.com

www.burmeseclassic.com



အဲသလို အဓိကစကားလုံးတွဲလေးတွကို အပြတ်အတောက်ပဲကြားလိုက်၊ တိုးတိမ်သွားလိုက် ဖြစ်နေပေမယ့် ဒီလောက်ဆိုရင် သူတို့ပြောဆိုနေမယ့် စကားတွေကို ဖြည့်တွေးလို့ ရနေပါသည်။ ဘာတွေပြောနေကြတယ်ဆိုတာ အစအဆုံး မှန်းနိုင်ပါသည်။

ဇလပ်ဝါက စားပွဲပေါ်က လူခေါ်ဘဲလ်ကို နှိပ်လိုက်၍ တံခါးခေါက်သံနှင့်အတူ တံခါးပွင့်ဟကာ ခိုင်ခိုင်က ခေါင်းပြူဝင်လာသည်။

“မြတ်နိုး ပြန်ရောက်လာရင် မဆိုင်းဆီ လွှတ်လိုက်ပါ”

“ပြန်ရောက်နေပါပြီ မမ၊ ခဏလေးပါ”

ခိုင်ခိုင် ပြန်ထွက်သွားပြီး ခဏအကြာမှာ တံခါးကို ခေါက်ပြီး ခဏစောင့်ပြီးမှ မြတ်နိုးက ဝင်လာပါသည်။ လက်နှစ်ဖက် နောက်ပစ်ထားကာ ...

“မမ ... ကျွန်တော် ပြန်ရောက်ပြီ”

“အေး ... မြတ်နိုးရေ၊ ညနေကျရင် မမကို ဆေးခန်းခဏ လိုက်ပို့ပေးပါဦးနော်၊ ရတယ် မဟုတ်လား”

“ဗျာ ... ဆေးခန်း”

ဇလပ်ဝါက ရှုံ့မဲ့မဲ့ မျက်နှာနှင့် ...

“အင်း ... ဖြစ်မလားဟင် မြတ်နိုး၊ တို့က ဒီညနေတော့ ကိုယ်တိုင်မောင်းပြန်မယ် တွေးထားတာ။ မောင်းလို့ရ





ယောက်ပြီပဲ အောက်မေ့နေတာ၊ ခုနပဲ ဒီနားလေးက ဆေးဆိုင်ကို ခဏထွက်သွားသေးတယ်၊ နီးနီးပဲမို့ စမ်းမောင်းကြည့်တာလေ၊ တို့အမေအတွက်လည်း ဆေးဝယ်စရာရှိတာနဲ့ မောင်းသွားလိုက်တာ ...

မရဘူး မြတ်နိုး၊ အခု အရမ်းပြန်နာလာတယ်၊ ညနေကိုတော့ ဆေးခန်းပြန်ပြလိုက်ရင် ကောင်းမယ်၊ အခု တော်တော်နာနေပြီ၊ ညနေမောင်းလို့ ဖြစ်မယ်မထင်ဘူး၊ ပထမတော့ မင်းကိုလည်း အားနာလို့၊ ဦးသန်းပဲ ချောဆွဲရကောင်းမလားလို့၊ နောက်မှ စဉ်းစားမိတယ်၊ ဦးသန်းကို ခိုင်းစရာ သတ်သတ်ရှိသေးတယ် ...

မင်းနဲ့ပဲ ဆေးခန်းသွား၊ အပြန်ကျရင် မှာခ်တူးထိုးထားတဲ့ ဆော်ဒီရုံကိုလည်း ဝင်ကြည့်ရဦးမယ်၊ သွားမကြည့်ဘဲ ပစ်ထားတာ ကြာနေပြီ၊ မင်းကိုလည်း သွားကြည့်ခိုင်းရမှာ အားနာတာနဲ့၊ မင်းအစ်ကို့ကိုလည်း သွားကြည့်ပေးဆိုရင် နိုင့်ထက်စီးနင်း ခိုင်းရာကျမှာစိုးပြီး အကူညီမတောင်းချင်ဘူးလေ ...

ဒီညနေကိုတော့ ဝင်ကြည့်မှ ဖြစ်မယ်”

ဇလပ်ဝါရဲ့စကားတွေကို ဖြတ်ကာ ဖောက်ကာ ဓာဒကတက်ဖို့ ငြင်းဆန်ဖို့က အတော်ခက်သည်။ နောက်ဆုံးမှာ ကားကီးနှင့် ပိတ်ထား၍ ငြင်းဖို့ခက်သည်။ မြတ်နိုးက ခဏတော်



www.burmeseclassic.com

www.burmeseclassic.com



ဆိတ်နေမိပါသည်။ သူ တကယ်ပဲ နာနေလား မနာနေဘူးလား ဆိုတာတော့ သူသာအသိဆုံး ဖြစ်လိမ့်မည်။ ဝေဖန်စွပ်စွဲရခက်ပါသည်။

ကိုယ်က မနာတော့ဘူး ထင်တယ်လို့ အကဲခတ်တွေးမိပေမယ့် ဒါက ရာနှုန်းပြည့် သေချာတာတော့ မဟုတ်ဘူးလေ။ သူ နာနေရင် ကိုယ်သိနိုင်တာမှ မဟုတ်ဘဲ။ လုံးဝမယုံဘူးလို့တော့လည်း မြတ်နိုးက မထင်ရဲ မထင်ရက်ပြန်ပေ။

ဒါပေမဲ့ သူ့မှာ ကျည်းနိုင်းစရာ အပေါင်းအသင်း အသိမိတ်ဆွေ တပည့်တပန်း ဒီလောက်တောင်ပဲ ရှားသလားဆိုတာက အံ့အားသင့်စရာ ဖြစ်နေပါသည်။ မြတ်နိုး ဆိုတဲ့ သူ့ကိုမှပဲ ဘာကြောင့် ရွေးချယ်ပြီး သူ့အနားပဲ ဒလစပ် ခိုင်းထားချင်ပါလိမ့်။ ကိုယ်က ဘာကောင်မို့ ကိုယ့်ကိုမှ သူက အာရုံကျနေပါလိမ့်။

"မြတ်နိုး"

"ခင်ဗျာ"

"ဘာဖြစ်လို့လဲဟင်၊ ညနေကျ မအားလို့လား"

"မဟုတ်ပါဘူး မမ၊ အားပါတယ်"

"မြတ်နိုး မအားရင် မှာခဲ့ဘူးပြင်တဲ့ဆီတော့ ဦးသန်းကိုပဲ အချိန်လုလွှတ်ပြီး တို့ ဆေးခန်းပြဖို့တော့ အင်း ... စဉ်းစားရဦးမှာပေါ့"





သူမရဲ့ကိစ္စနှစ်ခုလုံးဟာ မြတ်နိုးရဲ့အစ်ကို သက်ပိုင်ကြောင့် ဖြစ်လာရတဲ့ ကိစ္စတွေချည်းဖြစ်ရာ မြတ်နိုး ဘယ်လိုမှ ငြင်းဆန်အားမသာ။

"အားပါတယ် မမ၊ ဒီညနေ အတူတူ ပြန်ဖြစ်မယ်ထင်လို့ ခင်ပိုးအိမ်ကို ပြောထားလိုက်တာ ပြန်ဖျက်လိုက်ပါ့မယ်"

"အင်း ... ဒါဆိုရင် ပြန်ဖျက်လိုက်ပေါ့"

"တူတူ ... တူတူ"

စားပွဲပေါ်က ဟဲန်းဒ်ဖုန်းမြည်လာ၍ ဇလပ်ဝါက ကောက်ကိုင်လိုက်ရင်း မြတ်နိုးကို 'နေဦး' ဆိုတဲ့ပုံနှင့် လက်ဝါးထောင်ပြီး ကာပြထားကာ ...

"ဟဲလို"

"ဇလပ် ... နေကောင်းလား"

"ကောင်းပါတယ်"

"ကားအက်ဆစ်ဒဲန့်ထ် ဖြစ်တယ်ဆို၊ ကိုယ်တောင်မှ မသိရပါလား ဇလပ်၊ ဘယ်တုန်းကလဲ"

"ဟိုးတစ်ပတ်ကပါ"

"ဘာမှတောင် မပြောဘူး၊ နေနိုင်လိုက်တာ ဇလပ်ရယ်၊ ဘာတွေဖြစ်သွားလဲ၊ အခု ဘယ်မှာလဲ၊ ရုံးမှာလား၊ အိမ်မှာလား"

"ရုံးမှာ"



www.burmeseclassic.com

www.burmeseclassic.com

"ကိုယ် အခုလာခဲ့မယ်"

"မလာပါနဲ့"

"ဘာဖြစ်လို့ မလာရမှာလဲ"

"အလုပ်တွေ ရှုပ်နေတယ်၊ ကိစ္စရှိသေးတယ်"

"ဘာကိစ္စပဲရှိရှိ ဘာအလုပ်ပဲရှုပ်ရှုပ်၊ လာတော့ လာဦးမယ်၊ ဘာဖြစ်သွားလဲလေး ဘာလေး သိချင်သေးတာပေါ့၊ လူရောကားရော ဘာမှမဖြစ်ဘူးလား"

"ဘာမှမဖြစ်ပါဘူး"

"သူများကပြောတော့ ခါးက နာနေတာ လှုပ်လို့တောင်မရဘူးဆို၊ လူတွဲနဲ့ လျှောက်နေရတာဆို"

"ဘယ်သူက ဒါတွေ သတင်းပို့နေတာလဲ"

"သတင်းပို့တာတော့ ဘယ်ဟုတ်မလဲကွ၊ ဧလပ်ရဲ့ရုံးခန်းက မြင်တဲ့လူကတစ်ဆင့် ပြောမိရာက ဒီလူက ကိုယ်နဲ့လည်းသိလို့ သတင်းရောက်လာတာ၊ ဒီနေ့မှ သိရတယ်၊ တကူးတက သတင်းပို့ရင် ဖြစ်တဲ့နေ့ကတည်းက သိမှာပေါ့၊ သတင်းက မှားနေလို့လား"

"မှားတော့ မမှားပေမယ့် အခု ကောင်းနေပါပြီ"

"ကောင်းနေလည်း လာခဲ့မယ်"

"မလာနေပါနဲ့တော့ ကိုအုပ်စိုး၊ ဒီမှာလည်းမအားလို့"

အုပ်စိုးက "ကိုအုပ်စိုး"ဆိုတဲ့ အခေါ်အဝေါ်ကြောင့် ခဏငြိမ်သွားပြီးမှ ...



"အနားမှာ ဘယ်သူရှိနေလဲ ဧလပ်"

"ဘယ်သူမှ မရှိဘူး"

"ဒါဖြင့် ကိုယ် အခုလာပြီ"

"မလာပါနဲ့ဆို ... ကျွတ် ... ဟယ်လို"

ဧလပ်ဝါက ရှုံ့ရှုံ့မဲ့မဲ့နှင့် ဖုန်းကို ခလုတ်ဖိပိတ်လိုက်ပါသည်။ လေသံခပ်ဆောင့်ဆောင့်နဲ့ ပြောနေပေမယ့် တစ်ဖက်ကို ရင်းနှီးလှမှန်းလည်း သိသာလှကာ ကိုအုပ်စိုး ဆိုတာလည်း ကြားလိုက်ရတော့မှ "ဟိုလူ"ဆိုတာ မြတ်နိုး သိလိုက်ပါသည်။

အဲဒီလူနဲ့ မမဒေါ်ဧလပ်ဝါ အတော်ရင်းနှီးပုံတော့ရသည်။ ဘယ်လိုပတ်သက်ပါလိမ့်။ ချစ်သူတွေများလား။ အဲလိုထင်ရလောက်မယ့် နွေးထွေးမှုလည်း ဧလပ်ဝါထံမှာ မတွေ့ရပါ။ သူ့ဘက်က ခပ်တည်တည် ခပ်တင်းတင်းသာ ဆက်ဆံနေတာ။

"မြတ်နိုး"

"ဟုတ်ကဲ့"

"ရှေ့အပတ် သဘော်တင်စာရင်း တို့နဲ့အတူ ချက်ကက်လုပ်ရအောင် ဒီကိုယူခဲ့ပါ"

"ဟုတ်ကဲ့"

အပြင်ထွက်ကာ စာရင်းဇယားတွေ ပြန်ယူဝင်လာခဲ့ပြီးနောက် မြတ်နိုးသည် ဧလပ်ဝါနှင့်အတူတူ ရုံးခန်းထဲက ဆိုဖာဆက်တီတွေဆီမှာထိုင်ပြီး အလုပ်လုပ်နေရပါတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



"မမစန်း နေကောင်းတယ်နော်"

အသံတစ်ခု ထွက်လာ၍ မြတ်နိုးက ခေါင်းထောင်ကြည့်လိုက်မိသည်။ သူထိုင်နေတဲ့ နေရာကနေ ဇလပ်ဝါရဲ့မယော်ဂနီစားပွဲကြီးပေါ်က မော်နီတာကို လှမ်းမြင်နေရပါသည်။ မော်နီတာပေါ်မှာ မြင်ကွင်းလေးနေရာကို အကွက်လေးကွက်ပိုင်းကာ တစ်ပြိုင်နက် မြင်နေရပြီး အကွက်တစ်ကွက်ထဲမှာတော့ ကိုအုပ်စိုးက ဟိုဘက်ရုံးခန်းတံခါးနားမှာ ဒေါ်စန်းစန်းကို နှုတ်ဆက်နေတာဖြစ်သည်။

အသံပါ ကြားနေရတာပါလား။

"ကောင်းတယ် ကိုအုပ်စိုး၊ ကိုအုပ်စိုး ဘာသောက်မလဲရှင် အပူလား အအေးလား"

"ကော်ဖီပူပူလေးပဲ ယူခဲ့ပါ မမစန်း၊ သဲငှ်ခ်ယူ"

ဇလပ်ဝါက ဆိုဖာတွေမှာ ထိုင်နေရာမှ ဆတ်ခနဲ ထကာ သူ့စားပွဲက မော်နီတာဆီသို့ လျှောက်သွားပြီး အသံကို ပိတ်ပစ်လိုက်ပါသည်။ မြတ်နိုးက စာရင်းတွေဆီ ငိုင်တိုင်တိုင် ကြည့်နေမိပေမယ် စိတ်ပျံ့လွင့်သွားလေပြီ။ သူနဲ့ ပိုးအိမ် ခုနရပ်နေတဲ့ နေရာဟာလည်း မော်နီတာမှာ ပေါ်နေတာပဲ။ ပြောနေတဲ့ စကားများကိုပါ ကြားနေရမှာပဲ။

ကိုယ်တွေက အထိန်းအကွပ်မရှိ ပြောချင်တာပြောနေမိခဲ့၍ မျက်နှာပူသွားမိတဲ့စိတ်က တစ်ဝက်။ ဇလပ်ဝါ အားလုံး





ကြားသွားနိုင်တယ်ဆိုရင် သူတို့နှစ်ယောက် ညနေကို ချိန်းချက်နေကြတာလည်း သိသွားမှာ သေချာတာပဲ။ ဒီကြားထဲက ဆေးခန်းသွားဖို့ သူ့ကို ချောဆွဲလိုက်တဲ့အပေါ် သံသယ ဝင်သွားမိတဲ့ စိတ်က တစ်ဝက်။

ပြီးတော့ ခုနက မော်နီတာဆီထ,ပြီး အသံပိတ်ပစ်လိုက်တဲ့ ခြေလှမ်းတွေက တစ်ဆိတ် သွက်လက်လွန်းလှသလားလို့။ ခါးပြန်နာနေတယ်ဆို။ ညနေတောင် ဆေးခန်းသွားဦးမှာဆို။ ခုနက သူ့စားပွဲကနေ ဒီဘက်ဆိုဖာဆက်တီတွေဆီ လျှောက်လာတာပင် နည်းနည်းတော့ ခါးကယိုင်တိုင်တိုင်၊ ခြေလှမ်းက ထော့နဲ့နဲ့ ဖြစ်နေသေးတာ။ ခုတော့ ဒီလောက် သွက်သွက်လျှောက်နိုင်တာ မနာတော့ပြန်လို့လား။

စိတ်ထဲ မတင်မကျနှင့် မြတ်နိုးက ငေါင်တောင်တောင် ဖြစ်နေပါသည်။

"ဒေါက် ... ဒေါက် ... ဒေါက်"

အခန်းတံခါးခေါက်သံ။ ဇလပ်ဝါက တံခါးဆီမျက်စောင်းတစ်ချက် ထိုးလိုက်ပုံမျိုးပြုကာ မထူးပါ။ တံခါးခေါက်သံက ထ[illegible]ထွက်လာသည်။ ဇလပ်ဝါကတော့ နေနိုင်လွန်းသူပင်။ ဟန်မပျက် မူမပျက် စာရွက်တွေကို ငြိမ်၍ငုံ့ဖတ်မပျက်။

အထဲက ပြန်မထူးတဲ့အတွက် အုပ်စိုးက သူ့ဟာသူပဲ လှည့်ဖွင့်ဝင်လိုက်ပါသည်။ တံခါးဖွင့်ကာ ဝင်လိုက်သည်နှင့်



www.burmeseclassic.com

www.burmeseclassic.com



ဆိုဖာဆက်တီတွေဆီမှာ ဇလပ်ဝါနှင့် မြတ်နိုးကို အတူထိုင်လျက်တွေ့လိုက်ရတာမို့ ခြေလှမ်းတုံ့သွားရလေသည်။ စာရွက်တွေငုံ့ဖတ်နေတဲ့ ဇလပ်ဝါက တစ်ချက်မှကို မော့ကိုမကြည့်ပါ။

မြတ်နိုးသည် ကြားကအနေရခက် ကျဉ်းကျပ်အားနာလာကာ ထ,ရပ်ဦးညွတ်လိုက်မိရင်း ...

"ကြွပါ အစ်ကို၊ လာပါ"

အခြေအနေကို အုပ်စိုး ရိပ်စားမိပါသည်။ မြတ်နိုးကို ပြုံးပြရင်း အထဲဆက်ဝင်လာကာ သူတို့အနား ဆက်တီတစ်ခုမှာပဲ ဝင်ထိုင်လိုက်ရင်း ...

"တကယ် နေနိုင်တာပဲ ဇလပ်၊ ဘာတစ်ခုမှကို အကြောင်းမကြားဘူး"

"ဘာအတွက် အကြောင်းကြားရမှာလဲ"

ဇလပ်အသံက အေးစက်စက်ပင်။ အုပ်စိုးက သက်ပြင်းချရင်း ...

"ဒီလူတွေချင်း ကားတိုက်မှု ဖြစ်တာလောက်တော့ သိရဖို့သင့်တာပေါ့ ဇလပ်ရယ်၊ ကြီးကြီးကျယ်ကျယ် မထိခိုက်တောင် မင်း လမ်းမလျှောက်နိုင်ဘူးဆိုလား သတင်းကြားတာပဲ၊ အခု ဘာဖြစ်သွားလဲ၊ ပြောပါဦး"

"ဘာမှမဖြစ်ဘူး"

မြတ်နိုးက ကြားထဲက မျက်နှာပူလာသည်။





"ကားချင်းတိုးမိပါတယ်ဆိုမှ ပွန်းတယ် ခြစ်တယ် ချိုင့်တယ်၊ တစ်ခုခုတော့ ဖြစ်ကိုဖြစ်တာပေါ့၊ မင်းလည်းတစ်ခုခုမဖြစ်ရင် ဘာဖြစ်လို့ လူတွဲနဲ့ လမ်းလျှောက်နေရတာလဲ၊ အခုကကော ဘာဖြစ်နေတာလဲ ဇလပ်၊ ဘုကန့်လန့်လိုလိုဘာလိုလိုနဲ့ ဘာတွေဖြစ်နေတာလဲ"

မြတ်နိုးသည် ထ,ထွက်သွားချင်ကာ ဖင်တကြွကြွဖြစ်နေပါသည်။

အုပ်စိုး တကယ်လေသံတင်းလာတော့ ဇလပ်ဝါသည် မြတ်နိုးရှေ့ သူ မပြောစေချင်တာမျိုးတွေ အုပ်စိုး ချပြောလိုက်မှာကို စိုးရိမ်သွားတာ တစ်ထစ်လျှော့ချရင်း ...

"သူ့ကိုမေးကြည့်"

အုပ်စိုးက မျက်မှောင်ကုတ်ရင်း ...

"သူ့ကို ဘာကိစ္စ မေးကြည့်ရမှာလဲ၊ သူနဲ့ဘာဆိုင်လို့လဲ"

"သူ့အစ်ကိုနဲ့ တိုက်တာလေ"

"ဩော် ... ဟုတ်လား"

အုပ်စိုးက မြတ်နိုးကို ကြည့်လိုက်ပါသည်။ မြတ်နိုးက အုပ်စိုးကို ရိုကျိုးတဲ့ အမူအရာနှင့်ပင် ယဉ်ကျေးတည်ငြိမ်စွာ ...

"ကျွန်တော့်အစ်ကိုက တက္ကစီမောင်းတာပါ အစ်ကို၊ ကားချင်း မတော်တဆ ပွတ်မိသွားခဲ့တာပါ၊ ကိုကို့[illegible]

www.burmeseclassic.com



မမရဲ့ကားရော ဝပ်ရှော့ပို့ပြီး ပြန်တော့ထုကြရပါတယ်၊ လူကတော့ မမက ခါးနည်းနည်းနာသွားပါတယ်၊ ဒဏ်ရာဒဏ်ချက်တော့ မဖြစ်ကြပါဘူး ခင်ဗျာ”

“ဪ … ဒီတော့ မင်းလည်း ကားကိစ္စရော၊ ခါးနာကိစ္စရော ချောဆွဲခံနေရပြီထင်တယ်”

အုပ်စိုးက အခြေအနေတွေကို အတပ်ရိပ်မိပါသည်။ မြိုးတုံ့တုံ့ပြောကာ ဇလပ်ဝါကို စိတ်ပျက်လက်ပျက် ကြည့်နေမိပါသည်။

“ဟို … ကျွန်တော် အပြင်ကို ခဏ …”

“မင်း သွားဖို့မလိုပါဘူး ရပါတယ်၊ အလုပ်လုပ်နေတာပဲဟာ”

“ဟို … မမ၊ ဒီစာရင်းတွေ ခဏနေမှ လုပ်လို့ရရင် ကျွန်တော် ထမင်းမစားရသေးလို့ ထမင်းစားလိုက်ချင်လို့ပါ”

“ဪ … ထမင်းမစားရသေးဘူးလား”

“ဟုတ်ကဲ့”

“ဒါဖြင့် သွားစားလေ၊ စားပြီးရင် ပြန်လာခဲ့”

မြတ်နိုးက အုပ်စိုးကိုပါ အပြုံးနှင့် နှုတ်ဆက်ကာ ထွက်သွားပါသည်။ အုပ်စိုးက မြတ်နိုး အခန်းထဲ မရှိတော့မှ ခေါင်းကို အကြိမ်ကြိမ် ယမ်းခါကာ …





“ကားတိုက်မှုကကော တမင်တကာများ ဖန်တီးလိုက်လေရောသလား ဇလပ်၊ မင်းလည်း မျက်ကန်းတောတိုးကို ဖြစ်နေပြီပဲ”

ဇလပ်က နှုတ်ဆိတ်နေပါသည်။

“ခါးက တကယ်နာနေတာလား”

ဇလပ်က ထိုစကားကြောင့် အုပ်စိုးကို မျက်စောင်းတစ်ချက် ဝင့်ပျံကာထိုးရင်း နှုတ်ခမ်းကို စူပုပ်ပုပ်နှင့် စာရွက်တွေ ဆက်ဖတ်နေသည်။

“တကယ်နာနေရင် ဆရာဝန် သေချာပြဦးလေ”

“ဇလပ်ဘာသာ ဘာလုပ်ရမလဲ သိပါတယ်”

“သိရင် ပြီးတာပဲ၊ ဒါပေမဲ့ မင်း အခုလုပ်နေသမျှ ကြည့်ရတာတော့ ဘယ်ဟာလုပ်သင့်တယ်၊ ဘယ်ဟာမလုပ်သင့်ဘူး၊ ခွဲခြားမသိတဲ့ နလပိန်းတုံး မိန်းမတစ်ယောက် ရမ်းသမ်းလုပ်နေတာနဲ့ပဲ တူတယ်၊ ကုမ္ပဏီတစ်ခုကို အုပ်ချုပ်ထားနိုင်တဲ့ မိန်းမတစ်ယောက်ရဲ့ဦးနှောက်နဲ့ လုပ်နေတာနဲ့ မတူဘူး၊ ဒါကြောင့် ကိုယ်က နားပါ နားပါလို့ တိုက်တွန်းခဲ့တာ …

ကိုယ့်မှာလည်း အတိုင်းအတာဆိုတာတော့ ရှိတယ်နော် ဇလပ်၊ လူသားတစ်ယောက်အနေနဲ့ လူတစ်ယောက်ရဲ့ ခံစားချက်ကို မင်း ကိုယ်ချင်းစာတတ်ဖို့ လိုအပ်တယ်



www.burmeseclassic.com

www.burmeseclassic.com



မင်းက ခုကိစ္စမှာ ကိုယ့် ခံစားချက်၊ မြတ်နိုး ခံစားချက်၊ ဟိုကောင်မလေး ခင်ပိုးအိမ် ခံစားချက် ဘာတစ်ခုကိုမှ ထည့်မတွက် ကိုယ်ချင်းမစာဘူး ဖြစ်နေပြီ ...

ကောင်လေး ကြည့်ရတာလည်း စိတ်တွေကျဉ်းကျပ်ပြီး နေရထိုင်ရကို ခက်နေတာပဲ၊ မင်း တစ်ဖက်သတ် ချစ်နေတယ် ဆိုတာကို အသိအမှတ်ပြု တုံ့ပြန်နိုင်တဲ့အရိပ်အယောင်ကော ရှိလို့လား ဧလပ်”

“အချိန်တန်တော့ နွားပိန်ကန်ပါလိမ့်မယ်”

“နွားပိန်မကန်ဘဲ ဧရာမနွားထွားထွားကျိုင်းကျိုင်းသန်သန်မာမာကြီးက ကန်သွားတာ မခံရပါစေနဲ့”

“ဒီစကားက ခံရစေချင်လို့ မှတ်မှကောင်းတယ်ဆိုတဲ့ သဘောနဲ့ ပြောတဲ့စကား မဟုတ်လား ကိုကို”

ဤခေါ်သံလေး၌ အုပ်စိုး သက်ပြင်းမော ရှိုက်ရပါသည်။

“ဧလပ် ... အိပ်ရာက နိုးပါတော့ ဧလပ်ရယ်၊ မင်းကိုကြည့်ရတာ အိပ်ပျော်နေရင်းက အိပ်မက်ဆိုးမက်ပြီး ယောင်ထ,နေတဲ့သူနဲ့တူတယ်”

“ကိုကို ခဏနေဦး”

စကားပြောရင်းက မော်နီတာကို လှမ်းလှမ်းကြည့်နေတဲ့ ဧလပ်က ဖျတ်ခနဲ နေရာမှထကာ ဒေါက်ဖိနပ်လေး





တကွပ်ကွပ်သံမြည်အောင် ရုံးခန်းကနေ ဟိုဘက်ခန်းရဲ့အစည်းဝေးခန်းဆီ ကူးတဲ့တံခါးမှတစ်ဆင့် ဟိုဘက်ခန်းကို ကူးဝင်သွားပါသည်။

အုပ်စိုး သက်ပြင်းကြီးကြီး မှုတ်ထုတ်ရသည်။ ဒါလား ခါးနာနေတဲ့သူ။ သူထိုင်နေရာကနေ မော်နီတာဆီ လှမ်းကြည့်နေမိစဉ် ဟိုဘက်ရုံးခန်းတွင်း မြင်ကွင်းထဲ ဧလပ် ပေါ်လာပါသည်။

ဧလပ်က ရုံးခန်းလယ်တစ်နေရာ၌ရပ်ပြီး လှမ်းခေါ်လိုက်တဲ့အတွက် ပထမအမျိုးသမီးတစ်ယောက် ထ,လာသည်။ နောက်တော့ ခင်ပိုးအိမ် ထ,လာသည်။ အုပ်စိုးက ဆံပင်ဖြောင့်ဖြောင့်လေးတွေပဲ ဝဲခါခါနှင့် ရုပ်ကလေးက အလှစားမဟုတ်ဘဲ ဖြူစင်ဝင်းဖန့်တဲ့ မျက်နှာပေါ်မှာ နှုတ်ခမ်းနီလေးတောင် မပါတဲ့ ပကတိအရှိတိုင်း ခင်ပိုးအိမ် မျက်နှာကို ကရုဏာနှင့် ကြည့်နေမိသည်။

လှပမှုမှာ မယှဉ်နိုင်သလို ကြွယ်ဝမှုမှာရော ဘယ်ယှဉ်နိုင်မှာတဲ့တုန်း။ ဉာဏ်ရည်အရာမှာရော။ ဘယ်ဘက်ကမှ ဘာကိုမှ မယှဉ်နိုင်မယ့် မိန်းကလေး။

“အခု အသစ်စမ်းသပ်သွင်းတဲ့ Hair care ပစ္စည်းတွေ ဖြန့်ချိဖို့ ကိုယ်စားလှယ်ပေးဖို့ အမြန်ဆုံးလုပ်ဖို့လိုတယ် မမကြူ၊ ဒီနေ့ အဲဒီကိစ္စ အော်ပရေးရှင်း ဆင်းလိုက်ပါ”

“ကျွန်မ ကိုယ်စားလှယ်တချို့နဲ့ချိတ်ပြီးပါပြီ မဧလပ်။ စကား သေချာပြောဖို့ အပွိုင့်မဲန့်တွေ လုပ်ထားပြီးပါပြီ”



www.burmeseclassic.com

www.burmeseclassic.com



"ဒါဖြင့် ဒီနေ့ စူပါမားကက်တွေနဲ့ သွားချိတ်ကြည့်ပါ
စူပါမားကက်တွေမှာတင်ဖို့ ဘယ်လို Term တွေရှိမလဲ
ကျွန်မ လိုချင်တယ်"

"စူပါမားကက်ကို ဖြန့်ဖို့က ကိုယ်စားလှယ်ရွေးလို့ရရင်
အဲဒီဖြန့်ချိတဲ့ ကိုယ်စားလှယ်ကပဲ ဆက်ဆောင်ရွက်သွား
မှာပါ မဇလပ်"

"ကျွန်မ နားလည်ပါတယ်၊ ဒါပေမဲ့ စူပါမားကက်တွေမှာ
ကိုယ်တိုင်လည်း မေးမြန်းစကား ပြောကြည့်တာ မမှားပါ
ဘူး၊ ကျွန်မက ဒီပရောဒတ်ကို ကိုယ်စားလှယ်ပေးကိုင်
မယ်လို့ မဆုံးဖြတ်ထားဘူး၊ ကိုယ်တိုင်လည်း ဖြန့်ချင်ဖြန့်
မှာ၊ ခုလောလောဆယ်ကို သကြိန်ကာလ လာတော့မယ်
ဆိုတော့ စူပါမားကက်တွေ ဈေးဝယ်စင်တာတွေမှာ သကြိန်
ကြိုဈေးရောင်းပွဲတွေ လကုန်ရင် လာတော့မယ်လေ ...

အဲဒီ ဈေးရောင်းပွဲတွေမှာ ကောင်တာတွေ လိုက်ယူ
ပြီး ဒီပစ္စည်းကို ဈေးချိုချိုနဲ့ စ,မိတ်ဆက်ချင်ပြီ၊ အဲဒီကိစ္စ
အတွက် မမကြူ ဒီနေ့ပဲ စ,တော့၊ ခင်ပိုးအိမ်ပါ ခေါ်သွား
ပါ"

"ဒီနေ့တော့ မွန်းတောင်လွဲပြီးနေပြီဆိုတော့ သိပ်မမီတော့
ဘူးမို့ နက်ဖြန်မှထွက်ရင်များ ပိုအဆင်ပြေမလား မဇလပ်"





"ဒီနေ့ အချိန်ရသလောက် လုပ်နှင့်ပါ၊ မပြီးတာ နက်ဖြန်
ဆက်လုပ်ပါ၊ လကုန်ရက် ဈေးပွဲတွေဆိုတော့ ဒီရက်ပိုင်းမှာ
ကိုယ့်အတွက် ကောင်တာတောင် နေရာရပါတော့မလား
မသိဘူး၊ မမကြူနဲ့ ခင်ပိုးအိမ် အခုပဲ ထွက်လိုက်ပါ၊
ဦးသန်းနဲ့ သွားပါ"

"ဟုတ်ကဲ့ ... ဟုတ်ကဲ့ မဇလပ်"

ပြောပြီးတဲ့နောက် ထွက်မသွားသေးဘဲ လက်ပိုက်
ရပ်နေတဲ့ ဇလပ်ဝါကြောင့် ဖြန့်ချိဌာနခွဲတာဝန်ခံ ဒေါ်ကြူကြူခိုင်
က ချက်ချင်းပဲ လိုအပ်တဲ့စာရွက်စာတမ်း ကောက်ယူပြီး ထွက်ဖို့
ပြင်ရပါတော့သည်။ ခင်ပိုးအိမ်လည်း ဟိုဘက်ခန်းကူး၍ မြတ်နိုး
ကို အကျိုးအကြောင်း ပြောချိန်တောင် မရတော့။ ချက်ချင်းထွက်
ဖို့ တာဝန်ပေးပြီ မဟုတ်လား။

ပြီးတော့ ထွက်မသွားဘဲ ရပ်ကြည့်နေတဲ့ အလုပ်ရှင်
သော့စ်ရှေ့မှာ ရည်းစားကို ပြေးပြီးသံတော်ဦးတင် အလွမ်းမသယ်ရဲ။

"မမကြူ ဖုန်းတစ်လုံး ယူသွားပါ၊ အခြေအနေတွေ
ကျွန်မကို ဖုန်းဆက်သတင်းပို့နေပါ"

"ဟုတ်ကဲ့"

ဒေါ်ကြူကြူခိုင်နှင့် ခင်ပိုးအိမ် ထွက်ခွာသွားပြီးမှ
ဇလပ်ဝါက အခန်းကူးတံခါးကပင် ဒီဘက်ကို ပြန်ကူးလာခဲ့ပါ
သည်။



www.burmeseclassic.com

www.burmeseclassic.com



အုပ်စိုးက ဘာမှမသိလိုက်ဘဲ သူ့စားပွဲမှာ ထမင်းဘူး ဖွင့်စားနေတဲ့ပုံ မော်နီတာမှာ မြင်နေရတဲ့ မြတ်နိုးကို လှမ်းကြည့်လိုက်ပြီး ဧလပ်ဝါဘက် မျက်ခုံးပင့်ကာ ...

"ဘာလဲ ... သူတို့နှစ်ယောက် ညနေတူတူပြန်မရအောင်လား"

"ကိုအုပ်စိုး ဘာတွေပြောနေတာလဲ"

"ဧလပ် ... အစိပ္ပာယ်မရှိတဲ့ လုပ်ရပ်တွေ ရပ်တန်းကရပ်လိုက်စမ်းပါ၊ မင်းက လူကြီးတစ်ယောက်ပါ။ ဒီချာတိတ်တွေနဲ့ယှဉ်ရင် အလုပ်ရှင်လည်းဖြစ် ဂုဏ်သိက္ခာအရရော အသက်အရွယ်အရရော ဝါပိုကြီးတဲ့သူပါ၊ ပြီးတော့ ကောင်မလေးကိုလည်း မင်း မိန်းကလေးချင်း ကိုယ်ချင်းစာကြည့်ပါဦး"

"ကောင်မလေးကို ကိုကို တကယ်သနားရင် နည်းနည်းပါးပါး ဖေးမစောင့်ရှောက်ပေးပါလား၊ ဧလပ်ကိုလည်း ကူညီရာကျတယ်"

"ကျွတ် ...၊ ကဲ ... ကဲ ... ဒီကိစ္စ တော်ပြီ၊ ညနေဆေးခန်းတို့ ဘာတို့ သွားချင်လား"

"မြတ်နိုးနဲ့သွားဖို့ ပြောထားပြီ"

"ဩော် ... ဩော်၊ ဒါကြောင့်ကိုး"

အုပ်စိုးက စိတ်ပျက်လက်ပျက် ထ,ပြန်လာခဲ့ပါသည်။





ဤသို့သော မိန်းမတစ်ယောက်ကို သူက စိတ်မကုန်နိုင် မခန်းနိုင် ဘာကြောင့် တန်းတန်းစွဲ ချစ်နေသနည်း။ အချစ်ဆိုတာကိုတော့ ဘာအကြောင်းနှင့်မှ ကိုယ်က ဖျက်ဆီးနိုင်စွမ်း မရှိတာ သေချာသည်။ မုန်းနေ အမြင်ကတ်နေရရင်တောင်မှ အချစ်ကတော့ တစ်ထောင့်တစ်နေရာမှာ အချစ်သတ်သတ် တည်ရှိနေတာပါပဲ။

ခက်နေတာကတော့ သူဟာ ဧလပ်ဝါကို စိတ်နာဖို့ နေနေသာသာ သနားနေမိတာပင်။ ဧလပ်ဝါဟာ လျှပ်ပေါလော်လီ တဲ့ ကြွေရွှေ့မဲ့တဲ့ ယောကျ်ားသားတို့နှင့် အရောတဝင် ပရောပရီနေတဲ့ မိန်းမစားမျိုးထဲက လုံးဝမဟုတ်တာကို သူ အသိဆုံးပဲမဟုတ်လား။ သူနဲ့ ချစ်သူသက်တမ်းတစ်လျှောက် အတွင်းလည်း အနေအထိုင်က ပိရိကြွေရွှေ့ကြီးပါသည်။

ပခုံးလေးဖက်ခွင့်ရဖို့ပင် မနည်းကြိုးပမ်း အားထုတ်ခဲ့ရတဲ့ ဧလပ်ဝါဟာ ခုတော့ မြတ်နိုးကို ဖက်ကာတွဲကာ ကြည်နူးနေမှာကို မြင်ယောင်ကြည့်တော့ ရင်ထဲဆွေးနှင့် မော်ကျပ်လာပါသည်။ တကယ်ပဲ ရူးရူးမူးမူး တန်းတန်းစွဲ ချစ်မြတ်နိုးသွားပုံမျိုးပဲလို့ သဘောပေါက်ကာ ရင်ထဲနာကျင်ရပါသည်။

အဲဒီညနေက အုပ်စိုးက ဧလပ်တို့ ရုံးအဆောက်အအုံကြီးအောက် ရောက်လာပါသေးသည်။ ကားပါကင်ထဲ ဝင်လိုက်တော့ ဧလပ်ဝါရဲ့ကားကို မတွေ့ရတော့ပါ။ ကြည့်ရတာ ခပ်စောစော ရုံးဆင်းထွက်သွားတယ် ထင်ပါရဲ့။ ကားကို တစ်ပတ်ပတ်ပြီး



www.burmeseclassic.com

www.burmeseclassic.com

ပြန်ထွက်တဲ့အပေါက်ဘက်အရောက် တိုင်လုံးကြီးတစ်ခုနှင့် ကွယ်နေတဲ့ အုတ်ခုံတစ်ခုမှာ တစ်ယောက်တည်း ထိုင်နေတဲ့ ခင်ပိုးအိမ်ကို မြင်လိုက်ရ၍ သူ စိတ်မကောင်းဖြစ်ပြီး ကားကို တံ့ရပ်ကာ မှန်လျှော့ချလိုက်သည်။

"ချာတိတ်မ ... မြတ်နိုးကို စောင့်နေတာလား"

ခင်ပိုးအိမ်က မဖြေဘဲ သူ့ကို ဘာဆိုင်လို့လာမေးနေပါသလဲဆိုတဲ့ အူကြောင်ကြောင် အရိုးခံမျက်နှာလေးနှင့် ကြည့်နေသည်။

"မြတ်နိုး မရှိလောက်တော့ဘူး၊ မင်းတို့ ဘော့စ်ကို ဆေးခန်းမောင်းပို့ရတယ် ထင်တယ်၊ ခုဆို သွားရောပေါ့၊ မင်းအပြင်က ပြန်လာတော့ မြတ်နိုး ရှိနေသေးလို့လား"

"ကျွန်မ မသိဘူး၊ ဟိုဘက်ခန်းကိုလည်း သွားမမေးရဲလို့၊ နေ့လယ်ကတော့ ချိန်းထားတာပဲဆိုပြီး စောင့်နေတာ၊ ဪ ... သူတို့က သွားပြီလား၊ ဟုတ်သားပဲလေ၊ ဒေါ်ဇလပ်ဝါကားမှ မတွေ့တော့တာ"

ခင်ပိုးအိမ် မျက်နှာလေးက ဝမ်းနည်းရိပ် သမ်းသွားသည်။ အုပ်စိုးက တရင်းတနှီး ပြုံးပြလိုက်ရင်း ...

"မင်း ဘယ်ပြန်မှာလဲ၊ လိုက်ခဲ့မလား၊ ပို့ပေးမယ်"

"ဟင့်အင်း၊ ရတယ်ရှင့်၊ ကျွန်မ သွားနေကျပါ"

ခင်ပိုးအိမ်က ချာခနဲ ကွေ့ထွက်သွားပါသည်။





၁၂

"နင်နဲ့ ငါနဲ့ ကောင်းကောင်းမတွေ့ရတာတောင် ကြာပြီနော် မြတ်နိုး၊ ပြီးခဲ့တဲ့ စနေ တနင်္ဂနွေကလည်း ကားပြင်တဲ့ကိစ္စ နင် သွားရတယ်ဆိုတော့ အိမ်ကိုတောင် မလာနိုင်ဘူးလေ"

ဖုန်းထဲက ခင်ပိုးအိမ် အသံက တိုးဖျော့နေခဲ့သည်။

"ပိုးအိမ် ... ငါ ... ငါလည်း ဒီအလုပ်ကတောင် ထွက်ချင်နေပြီ"

"ဘာဖြစ်လို့လဲ မြတ်နိုး"

"သူက ဘာဖြစ်လို့ ငါ့ကိုချည်းပဲ တအားချောဆွဲနေရတာလဲ မသိဘူး၊ ငါနဲ့ သူနဲ့လည်း ဒီလောက်ထိ မလိုအပ်ဘဲနဲ့ တရင်းတနှီးကြီး ဖြစ်လာတယ်"



www.burmeseclassic.com

www.burmeseclassic.com

ရုံးကပြန်လာအပြီးတောင် အိမ်ဖုန်းကိုဆက်တဲ့အထိ ဇလပ်ဝါက ရင်းနှီးမှုကို ချည်နှောင်လာသည်။ အရေးတကြီးစကားတွေလည်း မဟုတ်တာကို နှစ်ရက်လောက် ဖုန်းပြောရပြီးတဲ့အခါ မြတ်နိုး စနိုးစနောင့် ဖြစ်ခဲ့သည်။ ဒါကြောင့် သူ မရှိဘူး ပြောပါဆိုပြီး မရီးကို ဖုန်းဧတွကိုင်ခိုင်းရပါသည်။

"မြတ်နိုးက လက်ဖက်ရည်ဆိုင် ခဏသွားပါတယ်ရှင့်"

"သူ့သူငယ်ချင်း လာခေါ်လို့ အောက်ခဏဆင်းသွားပါတယ်မမ"

မရီးက ညာပေးရင်းကပင် ...

"မင်း ဘော့စ်က တစ်ခုခုတော့ တစ်ခုခုပဲ မောင်လေး"

အားလုံး တစ်မျိုးထင်လာပြီ။ ထင်လည်းထင်ချင်စရာ။ တတ်နိုင်သလောက် ဘောင်ထဲက ရှောင်တိမ်းနေရတဲ့အဖြစ်ကို ကိုယ့်ဟာကိုယ်ပင် မောလျစိတ်ရှုပ်လာပါသည်။ အစစအရာရာခပ်သိမ်းကို ပိုးအိမ်ကို မပြောချင်ပါ။ ထိုအခါ မတတ်သာပဲ ထိန်ချန်ထားရတာတွေ ရှိလာသည်။

ဇလပ်ဝါဟာ မြတ်နိုးကို သူ ပိုင်ဆိုင်သူတစ်ယောက်လို ဆက်ဆံနေပြီဆိုတာ ဘယ်လို အသိပေးလို့ ရပါ့မလဲ။ ပိုးအိမ်က စိတ်ရှင်းရှင်း တွေးတတ်သူမို့ ခုချိန်ထိ ရွှပ်ရွှဲသမုတ်တဲ့ သံသယစကားမျိုး ပြောမလာသေးတာ။ မြတ်နိုးကတော့ ဇလပ်ဝါကို ရင်မ,ရှောင်ဖယ်ရတဲ့ အဖြစ်ထိ ဖြစ်နေပါပြီ။





သူ့ရဲ့ရင်ထဲ အသည်းထဲမှာ ပိုးအိမ်ပဲ ရှိတဲ့အတွက် သူ့စိတ်က ပိုးအိမ်ကိုပဲ တစ်သမတ် သစ္စာရှိနေပေမယ့် သူ့ရဲ့ ခန္ဓာကိုယ်က အမှုမဲ့ အမှတ်မဲ့ သာယာလိုက်မိမလို ဖြစ်တာတွေကို သတိနဲ့ ချုပ်ထိန်းနေရတာပါ။ ကြာရင် ခက်ရချည်ရဲ့။ ကိုယ့်ရဲ့သစ္စာတရားကို ကိုယ်ယုံကြည်ပါတယ်လို့ ကြွေးကြော်ချင်ပေမယ့် အတိုင်းအတာဆိုတာရှိသည်။

ယောကျ်ားတစ်ယောက်အတွက် အတွေ့အထိရဲ့ သာယာမှုဟာ ကြီးစွာသော အန္တရာယ်ဆိုတာ သူလည်း အသိသားမဟုတ်လား။

"မြတ်နိုး ... နှင့်ဆီက သူလိုချင်တပ်မက်စရာ ဘာများရှိလို့လဲ၊ ငါတော့ တဖြည်းဖြည်းနဲ့ သံသယဝင်လာပြီသိလား၊ သူ နှင့်ကိုများ အနေနီးဖန်များလို့ သံယောဇဉ်တွယ်လာလား"

နင် သံသယဝင်တာ နောက်ကျတယ် ပိုးအိမ်။

သူ အဲသလို ပြောလိုက်ချင်သည်။ အနေနီးလို့ သံယောဇဉ်တွယ်လာတာ မဟုတ်ဘဲ၊ သံယောဇဉ်ကြောင့် တမင်အနေမနီး နီးအောင်ဖန်တီးယူနေတာလို့ သူ ရိပ်မိနေတာ ကြာပါပကော။ အကြောင်းပြချက်တွေက အမျိုးပေါင်း စုံနေသည်။ အကူအညီတောင်းမှုတွေက တစ်ခုပြီးတစ်ခု စိပ်နေသည်။


www.burmeseclassic.com

www.burmeseclassic.com



Brand အသစ် မိတ်ဆက်တာဆိုပြီး ဈေးကြီးလှတဲ့ သူတင်သွင်းတဲ့ ပြင်သစ်ပြည်လုပ် Hair care product တွေ ဆီးရီးလိုက် စမ်းသုံးကြည့်ပေးပါဆိုပြီး မြတ်နိုးရဲ့မရီး နွယ်နွယ်ထံ တစ်ပုံကြီး ရောက်လာသည်။ စိတ်ရှုပ်သွားတဲ့ မြတ်နိုးကိုကြည့်ရင်း မရီးက ...

"မောင်လေး ... ငါ ဒီဈေးကြီးလက်ဆောင်တွေကို မမက်ဘူးနော်၊ နင် စိတ်ရှုပ်နေတယ် မဟုတ်လား၊ ပြန်ပေးရင် ပေးလိုက်လေ၊ အစ်မ မလိုချင်ပါဘူး"

"ပြန်ပေးတော့လည်း မကောင်းပါဘူး အစ်မရာ၊ သူက စမ်းသုံးကြည့်ပေးပါဆိုပြီး အကူညီတောင်းသလိုလို ပြောတာ၊ မသုံးဘူးဆိုပြီး ပြန်ပေးတော့ ဘယ်ကောင်းပါ့မလဲ"

"ငါ့မောင်လေးလည်း ဒုက္ခပဲ၊ အဲဒါ မင်းအစ်ကိုကြောင့်"

မရီးက အထူးအဆန်း မဟုတ်၍ ဇလပ်ဝါကို သဘောပေါက်နေသည်။ သဘောမပေါက်တာက သူ့ယောက်ျားကြောင့် ကားချင်းထိပွတ်မိရာက လမ်းစပွင့်သွားတယ် ထင်နေတာပင်။ တကယ်က မြတ်နိုးအတွက်ကြောင့်များ ခုလို လမ်းစပွင့်အောင် သူ့အစ်ကိုကားကို ပွတ်မိအောင် တမင်တကာ ကိုးလိုးကန့်လန့် ရှေ့ကလုပ်တာများလားရယ်လို့တောင် မြတ်နိုးက သံသယကြီးထွားနေလေပြီ။



"အင်းလေ ... ငါကိုကလည်း သံသယစိတ်ကြီးမားလွန်းတတ်ပါတယ်"

ပိုးအိမ် ညည်းညူသံလေးကြောင့် မြတ်နိုး ရင်နင့်ရသည်။

"ငါ အလုပ်ထွက်ရမလား ပိုးအိမ်"

"ဘာဖြစ်လို့ ထွက်ရမှာလဲဟဲ့၊ နှစ်ယောက်တူတူ အလုပ်တစ်နေရာတည်းရဖို့ မနည်းကြိုးစားထားရတာ၊ တခြားမှာ ဒီလိုနှစ်ယောက်အတူတူ အလုပ်တွဲပြီး ထပ်ရဖို့က လွယ်တာမဟုတ်ဘူးလေ မြတ်နိုးရဲ့၊ နင် အလုပ်ထွက်ချင်လောက်အောင် ဘာတွေ စိတ်ညစ်နေရလို့လဲ"

"သူ့နား နေရတာကိုက စိတ်ညစ်စရာကြီး"

"ဒါကတော့ သည်းခံပြီး နေပါဟာ၊ နင့်ကို ဆူပူကြိမ်းမောင်းနေတာမှ မဟုတ်တာ၊ သူက တခြားဝန်ထမ်းတွေကို အပြစ်ငါးပြားဖိုးနဲ့လည်း ဆူပေမယ့် နင့်ကိုဆို အပြစ်ငါးမူးဖိုးလောက် ရှိရင်တောင် မသိချင်ယောင် ဆောင်နေတယ်လို့ ဝန်ထမ်းချင်းချင်းတောင် ပြောနေပြီ သိလား၊ သူ့မှာလည်း နင့်ကိုခိုင်းဖို့ ခေါင်းစဉ်တွေက မရှိအောင် ရှိနိုင်လွန်းအားကြီးပါတယ်၊ တကယ်များ နင့်ကို ကြိုက်နေလား မသိဘူး"

"ငါက ဘာများစွဲမက်စရာ ရှိလို့လဲ"

www.burmeseclassic.com

www.burmeseclassic.com



"နင်ကလား၊ နင်က ငါ့အတွက်တော့ ကမ္ဘာပေါ်မှာ စွဲမက်စရာအကောင်းဆုံး ယောကျ်ားတစ်ယောက်ပဲလေဟာ၊ သူ့အတွက်လည်း ဒီလိုပဲ ဖြစ်ချင်ဖြစ်နေမှာပေါ့ မြတ်နိုးရဲ့၊ အချစ်ဆိုတာ ဆင်းရဲချမ်းသာတွေ၊ ဂုဏ်ဒြပ်တွေ၊ အကောင်အကြီးအသေးတွေနဲ့မှ မဆိုင်တာ"

မြတ်နိုးဘက်မှ တိတ်ဆိတ်သွား၍ ပိုးအိမ်က ချက်ချင်းပင် ...

"ငါ လျှောက်ပြောလို့ နင် စိတ်ရှုပ်သွားလား မြတ်နိုး၊ ငါက ဖြစ်နိုင်ချေမှန်သမျှ လျှောက်တွေးနေလို့ပါ၊ နင်ခေါင်းထဲမထားပါနဲ့"

ပိုးအိမ်ကို သနားလှသည်မှာ လွှက ထုံကျင်၍ပင်နေ့သည်။ ရှောင်ဖယ်ဖို့ ကြိုးစားနေရင်းက ငြင်းရခက်သော တစ်ကြောင်းမဟုတ် တစ်ကြောင်း၊ ထောက်ထားသင့်သော အဖြစ်အပျက်မျိုးတွေထဲမှာ ညှပ်ပူးညှပ်ပိတ် ဖြစ်ဖြစ်နေရသည်။

ခုချိန်မှာတော့ ဇလပ်ဝါသည် ဘယ်သွားသွား သူ့ကို ဘေးမှာအပါခေါ်ကာ အတူတွဲလျှောက်တိုင်း လက်ကို မသိမသာကိုင်ရင်း ချိတ်ရင်းက သိသိသာသာ ဖက်တွယ်လိုက်တတ်သည်။ ပင်ပန်းလို့၊ မောလို့ အားပြုရတဲ့ပုံစံကနေတစ်ဆင့် အကျင့်ပဲပါသွားတာလိုလို၊ ဤသို့ လုပ်ထိုက်တဲ့ ပတ်သက်မှုမျိုးကို နားလည်မှုရထားပြီးသားလိုလို။





မြတ်နိုး စိတ်အိုက် စိတ်ကျဉ်းကျပ်လှသည်။ အဲဒီလက်ကို သူ ဘယ်လိုပုတ်ချ ဖြုတ်ချရမလဲ။ အကောင်းဆုံးက အလုပ်ထွက်လိုက်တာသာ အရှင်းဆုံး မဟုတ်လား။ အဲသလိုတွေးနေမိတဲ့ အချိန်တွေအတောအတွင်းမှာပင် သူ့ရဲ့အားနာလိုက်လျှောမိတဲ့ အခြေအနေတွေကို ရပ်မရခဲ့။

"မြတ်နိုး ညနေကျ မ,ရဲ့ဦးလေးဝမ်းကွဲတစ်ယောက် ဆေးရုံတက်ရတာ သတင်းမေးသွားရမယ် သိလား"

"မမ ... ကျွန်တော် ညနေ ပိုးအိမ်နဲ့ သွားစရာတစ်ခု ချိန်းထားပြီးသား ဖြစ်နေတယ်"

"ပိုးအိမ်နဲ့လား၊ ဪ ... ပိုးအိမ်ကို မမ ခေါ်ပြောလိုက်ပါ့မယ်၊ နောက်နေ့မှပဲ သွားလိုက်ပါလို့၊ ဦးလေးက ဆေးရုံတက်နေတာ ကြာပြီ၊ မမ မရောက်ဘဲ ပျက်ကွက်နေလိုက်တာ၊ နက်ဖြန် သန်ဘက်တောင် ဆေးရုံဆင်းတော့မယ်၊ မရောက်လိုက်ရင် မကောင်းတတ်လို့ ဒီညနေ သွားကိုသွားမှ ဖြစ်မှာမို့ပါ၊ နေဦး ... ပိုးအိမ်ကို ခေါ်ပြောလိုက်ဦးမယ်၊ တောင်းပန်ရမှာပေါ့"

ပိုးအိမ်ကို ဇလပ်ဝါ တိုက်ရိုက်ခေါ်ပြောမှာ မြတ်နိုး မကြိုက်ပါ။ စကားလေးတစ်လုံးဟာ လေသံအနိမ့်အမြင့် ကွဲရုံနှင့် ဖြောင့်ဖြောင့်ဆန့်ကျင်တဲ့ သဘောနှစ်မျိုး သက်ရောက်နိုင်တာ။ ဇလပ်ဝါကပြောလျှင် စကားထဲမှာ ပိုးအိမ်အတွက် ပိုပြီးနာကျင်ဖိစီးစရာ ဖြစ်စေမည့် သက်ရောက်မှုမျိုး အဖြစ်မခံနိုင်ပါ။



www.burmeseclassic.com

www.burmeseclassic.com



မျက်နှာအိုအိုနှင့်ပင် ...

"ဟုတ်တယ် မမ၊ မမ မပြောပါနဲ့၊ ကျွန်တော်ပဲ ပြောလိုက်ပါ့မယ်၊ နက်ဖြန် ရွှေ့ခိုင်းလိုက်ပါ့မယ်၊ နက်ဖြန်ကျ ရင်တော့ မမ ကိစ္စတစ်ခုခုရှိရင်လည်း ကျွန်တော်တော့ မလိုက်နိုင်တော့ဘူးပေါ့နော်"

တစ်နေ့ ကိစ္စတစ်မျိုးဆိုသလို အကြောင်းရှာနေတဲ့ ဇလပ်ဝါကို ပိတ်ပြောလိုက်တဲ့အတွက် ဇလပ်ဝါက ပြုံးမဲ့မဲ့လေးနှင့် ...

"နက်ဖြန်ကိစ္စက နက်ဖြန်မှပြောစို့လား မြတ်နိုး၊ မနက်ဖြန်ဆိုတာ ဘာမှ ကြိုပြောလို့မရတဲ့ အရာလေ၊ ခုကတည်းက ဘာမှ ကြိုပြောမထားပါနဲ့"

မြတ်နိုးမှာ အောင့်သက်သက်နှင့် နှုတ်ဆိတ်လိုက်ရပါသည်။

အဲဒီညနေက ဇလပ်ဝါရဲ့အမျိုးတချို့ရှေ့မှာ ဇလပ်ဝါတွဲထားတဲ့လက်ထဲက ဖြုတ်ထွက်လို့ရဖို့ ဒွတ်ပဲရုန်းဖယ်လိုက်ရတဲ့ပုံစံ ဖြစ်သွားခဲ့ပါသည်။ ဇလပ်ဝါရဲ့ဦးလေး၊ အဒေါ်နှင့် ဝမ်းကွဲမောင်နှမတို့က သူ့ကို စူးစူးစမ်းစမ်း ကြည့်ကြ ရှုကြ အကဲခတ်ကြသည်။ သူတို့စိတ်ထဲ သူတို့ သိနှင့်ပြီးသားလူနှင့် နှိုင်းယှဉ်ပုံရကာ ...

"ဒါနဲ့ မောင်အုပ်စိုးရော၊ နေကောင်းလား"





"မသိဘူး အန်တီလေး၊ မတွေ့တာ ကြာလှပြီ"

အလွန်ဆုံးရှိ မတွေ့တာ တစ်ပတ်ထက် မပိုကြောင်း မြတ်နိုး အသိ။ အားလုံးအသိမှာ အုပ်စိုးကို မေးမိုန်ပြည်ဖုံးကားချစေလိုတဲ့ သဘောလို့ မြတ်နိုး နားလည်ရပါသည်။

"ဒါက ရုံးကပဲ၊ ဂျီအမ်မ်အသစ်ပေါ့၊ ကိုမြတ်နိုးတဲ့"

မြတ်နိုးမှာ သူ့မျက်နှာကို ဘယ်လိုထားရမလဲတောင် မသိအောင်ပင်။ ပေါ်တင်ကြီး မမှန်မကန် ဂုဏ်ပုဒ်နှင့် ဖော်ညွှန်းမိတ်ဆက်လိုက်တာ။ မဟုတ်ရပါဘူးခင်ဗျလို့ ဝင်ငြင်းလို့လည်း မရသလို မငြင်းဘဲ ငြိမ်နေရတော့လည်း ကိုယ်ပါရောပြီး လိမ်ညာကြွားဝါရာကျသလို ဖြစ်နေတဲ့အတွက် မျက်နှာတွေ ပူရှိန်လာပါသည်။

လူနှာခန်းထဲက သတင်းမေးပြီး ထွက်အလာမှာတော့ မြတ်နိုးက မအောင့်အည်းနေနိုင်ပဲ ချက်ချင်းပင် ...

"မမ ... ကျွန်တော့်ကို ဘာဖြစ်လို့ မဟုတ်တဲ့ ရာထူးနဲ့ မိတ်ဆက်ပေးရတာလဲ"

သူ့လေသံက နည်းနည်းတင်းနေ၍ ဇလပ်ဝါက ခပ်တည်တည် ခပ်စိမ်းစိမ်းပဲ လှည့်ကြည့်လာသည်။ ရက်ပေါင်းများစွာ နူးညံ့သိမ်မွေ့စွာ ကန့်ကလျ ဆက်ဆံနေခဲ့ပေမယ့် သူ့ကို ဒီလိုမာရေကျောရေ ပြောဆိုမှုမျိုးကို လက်သင့်ခံလိမ့်မည် မဟုတ်ဘူးဆိုတာ သိသာစေသော မျက်နှာအကြောစိမ်းတို့က ထောင်ထနေကာ ...



www.burmeseclassic.com

www.burmeseclassic.com



"တစ်ခုခု နစ်နာသွားလို့လား"

ပြန်မေးတဲ့လေသံက အေးစက် ပြတ်တောက်နေသည်။ မြတ်နိုးက သက်ပြင်းတစ်ချက် ချလိုက်ရင်း ...

"မနစ်နာပါဘူးလို့ပဲ ဖြေရမှာပါ၊ ဒါပေမဲ့ ကျွန်တော်ကိုယ်တိုင်ပါ မမရဲ့မုသားစကားထဲမှာ အလိုတူ အလိုပါ ဖြစ်သွားတာပေါ့"

"အဲဒီတော့ ! "

"မဟုတ်တာတစ်ခုကို လူတွေ ထင်ယောင်ထင်မှား မဖြစ်စေချင်တာပါ"

"ဒါဖြင့်လည်း ဟုတ်သွားအောင် တို့ကုမ္ပဏီမှာ မင်းကိုအမ်လုပ်ပေး။ အခုတည်းက တွဲသင်ထား၊ ဦးစိုးက နောက်နှစ် သူ့သမီးရှိတဲ့ ဩစတြေးလျကို လိုက်သွားတော့မှာ၊ ဦးစိုးနေရာ မင်း အစားဝင်လိုက်ပေါ့ မြတ်နိုး၊ အတွေ့အကြုံလေး နည်းနည်းပဲ လိုတာပါ၊ ခုကတည်းက ဦးစိုးနဲ့ တွဲထားရင် လေ့လာလို့ ရနေပြီ"

"ကျွန်တော်က တကယ်ဖြစ်ချင်တယ်လို့ ပြောမိလို့လား၊ လုံးဝမဆိုလိုဘူး"

"မင်းက ပြောတယ်လို့ ကိုယ်ကကော ပြောလို့လား၊ တစ်ခွန်းချင်း ဖြေရှင်းရတာ လက်ပေါက်ကပ်လိုက်တာ၊ တို့က မင်းကို လုပ်စေချင်တာ၊ ကဲ ... ကျေနပ်ပြီလား"





"ကျွန်တော် လုပ်ဖြစ်မှာ မဟုတ်ဘူး"

"သိပ်ထူးဆန်းပါလား၊ ရာထူးကောင်း တိုးမြှင့်ပေးတာကို လုပ်ဖြစ်မှာ မဟုတ်ဘူးဆိုတော့ ဘာကြောင့်လဲ"

မဖြေတတ်ပါ။ သေချာတာကတော့ သူ့အရည်အချင်းကို သဘောကျ ကျေနပ်ပြီးပေးတဲ့ရာထူး မဟုတ်ဘူးဆိုတာ သိနေတာပင်။ တမင်တကာပေးမှာ။ သူ့ကုမ္ပဏီမှာဝင်တာ လ ပိုင်းသာရှိသေးတဲ့ ဌာနခွဲတာဝန်ခံတစ်ယောက်ကို ဂျုံင်နီယာ မန်နေဂျာတဲ့။ ရှေ့ကပေးသင့်တဲ့လူတွေကို ကျော်ဖြတ်ပြီး မျက်နှာပြောင်ပြောင်နှင့် တက်လုပ်ရဲဖို့ ဘယ်လွယ်ကူပါ့မလဲ။

"ဒီထက်သင့်တော်တဲ့သူတွေ အများကြီးထဲကပဲ ရွေးခန့်ပါ မမ"

"တို့ကုမ္ပဏီမှာ တို့သဘောပါ၊ ဘယ်လိုလူမျိုးကိုမှ ဂျုံင်နီယာမန်နေဂျာ ခန့်ရပါမယ်ဆိုတဲ့ စည်းမျဉ်းလည်း တို့ကုမ္ပဏီမှာ မရှိဘူး၊ လုပ်နိုင်စွမ်းသူ ဘယ်သူ့ကိုမဆို တို့ ခန့်ချင်သလို ခန့်မှာပဲလေ၊ ဒါ အများပိုင်ကုမ္ပဏီမဟုတ်ဘူး မြတ်နိုး၊ တစ်ဦးတည်း ပုဂ္ဂလိကပိုင် စီးပွားရေးလုပ်ငန်းပါ၊ အားလုံး တို့သဘောပါ"

မြတ်နိုးက မျက်နှာမသာမယာနှင့်ပင် ရှေ့က သုတ်သုတ်သွားမိသည်။

"မြတ်နိုး"



www.burmeseclassic.com

www.burmeseclassic.com



“.........”

“မ,ကိုစောင့်ဦး၊ ချော်လဲတော့မယ်၊ ခြေထောက်တွေနာနေပြီ”

ဇလပ်ဝါက မြတ်နိုး၏အကျီစကို လှမ်းဆွဲထားလိုက်ပါသည်။ မြတ်နိုးက ခြေလှမ်းကို တုံ့ပေးထားလိုက်ရရင်း မကြည်မသာ ငုံ့ကြည့်ကာ ...

“ခြေထောက်က ဘာဖြစ်လို့ နာရပြန်တာလဲ မမ”

“ဖိနပ်သစ် စီးလာလို့ ဖိနပ်ပေါက်နေတာ”

ကောင်းတင်းပြော၍ ဇလပ်ဝါက မြတ်နိုးလက်မောင်းတစ်ဖက်ကို ခပ်တည်တည်ပဲ ချိတ်လိုက်ပါသည်။ အင်း... အကြောင်းပြချက်တွေက အများသားပါလား။ ပထမဆုံးက ခါးနာနေလို့ တွဲလျှောက်ရတာ။ နောက်တော့ ပြောင်းလဲလာတဲ့ အကြောင်းပြချက်အမျိုးမျိုးမှာ မောလို့၊ လုံချည်စကဝတ်က တုတ်နေလို့၊ ဖိနပ်ပေါက်လို့၊ ခြေထောက်တွေ ကပ်နေလို့ စသဖြင့် စသဖြင့်။

ဓာတ်လှေကားရှေ့ ရပ်စောင့်နေပြီး အပေါ်ထပ်က ဆင်းလာတဲ့ ဓာတ်လှေကားတံခါးပွင့်လျှင် နှစ်ယောက်သား လှမ်းဝင်လိုက်ကြပါသည်။ ဇလပ်ဝါက မြတ်နိုး လက်မောင်းကို မက်ပိုက်ချိတ်တွဲထားလျက်သားနှင့်ပင်။

“ဟာ”





မြတ်နိုးသည် ရုတ်တရက် အကြီးအကျယ်လန့်ကာ ခပ်တိုးတိုး အာမေဋိတ် ပြုမိသည်။ ဓာတ်လှေကားတွင်းမှာပါလာတဲ့ လူတွေထဲမှာ ဘွားဘွားနှင့် အန်တီသီသီ။ မြတ်နိုးက နောက်မှမြင်ပေမယ့် ဘွားဘွားဒေါ်ရွှေခြည်ရဲ့ မြတ်နိုးနှင့် ဇလပ်ဝါ ဝင်လာကတည်းက စိုက်ကြည့်နေတဲ့ စူးရှုးရဲရဲ မျက်ဝန်းများက စူးစိုက်နက်ရှိုင်းနေသည်။

အန်တီသီသီကတော့ မျက်နှာပျက်ကာ အံ့အားတသင့်။ ဘွားဘွားကတော့ မျက်နှာထားတင်းကာ မယုံကြည်နိုင်သလို စိတ်ပျက်စက်ဆုပ်သလို မျက်လုံးများနှင့်။ မြတ်နိုးက သူ့လက်မောင်းမှ ဇလပ်ဝါရဲ့ချိတ်တွယ်ထားတဲ့လက်ကိုဖြုတ်ဖို့ တစ်ချက်တော့ ကြိုးစားလိုက်မိသည်။ ဇလပ်ဝါက လွှတ်လျှော့မပေးပါ။

ပို၍တင်းကျင်းစွာ ဖက်ချိတ်လိုက်၍ သူ ရှန်းရင်းဆန်ခတ် အဖြစ်မခံတော့ဘဲ စိတ်လျှော့လိုက်ပါသည်။ မျက်နှာချင်းဆိုင်ပြီး ဓာတ်လှေကားတစ်စီးထဲမှာ စီးနင်းလိုက်ပါနေပါလျက် ဘွားဘွားကို နှုတ်မဆက်ဘဲ နေလို့လည်း မဖြစ်လေရာ...

“ဘွားဘွား ... ဘယ်လာတာလဲ”

ဒေါ်ရွှေခြည်က မဖြေပါ။

ခပ်တည်တည်ပဲ မြတ်နိုးကို ဆက်လက်စိုက်ကြည့်နေသည်။ ဒေါ်သီသီက ကြားထဲမှ နေရထိုင်ရခက်သလိုနှင့် ...

“အဘွားမိတ်ဆွေ တစ်ယောက်ကို သတင်းလာမေးတာ မြတ်နိုး”



www.burmeseclassic.com

www.burmeseclassic.com



ခပ်တုံ့တုံ့ ဖြေလိုက်ပြီး ဇလပ်ဝါထံ တစ်ချက်ဖျတ်ခနဲကြည်ကာ ...

"မင်းကော ဘယ်ကိုလာတာလဲ"

"ဟို ... ဒီအစ်မရဲ့ဦးလေး ဆေးရုံတက်တာ"

"………"

"ဒါ ဒေါ်ဇလပ်ဝါ၊ ကျွန်တော်တို့ ဘော့စ်ပါ"

ဇလပ်ဝါက ပြုံးလည်းမပြုံး ရယ်လည်းမရယ်၊ ကြည့်လည်းမကြည့် မလှုပ်မယှက်။ ဒေါ်သီသီကလည်း အကဲခတ်ရုံသာခတ်၍ ဘာမှမပြော။ မြတ်နိုးသည် ဘယ်လိုမှ မဖြေရှင်းနိုင်တဲ့ အနေအထားတစ်ခုမှာ ခေါင်းကိုငိုက်စိုက်ငုံ့ချထား၍သာ ငြိမ်သက်တိတ်ဆိတ်နေလိုက်ရပါတော့သည်။ ဓာတ်လှေကားထဲက အားလုံးထွက်သွားကြတဲ့အခါ ဘွားဘွားနှင့် ဒေါ်သီသီက ငဲ့လည်းမကြည့်၊ နှုတ်လည်းမဆက်ဘဲ ခပ်သုတ်သုတ် သွားနှင့်ကြသည်။

မြတ်နိုးရင်ထဲ တင်းကျပ်ကျပ်နှင့် ငိုတောင်ငိုချင်သလို ခံစားရသည်။ မိဘမရှိတဲ့သူ့မှာ ပိုးအိမ်ရဲ့လူကြီးသူမတွေကိုပဲ သူ့အဘွားတွေ အဒေါ်တွေ မိဘတွေလို သဘောထားဆက်ဆံလာတာ မဟုတ်လား။

ဒီပုံစံ ဒီအနေအထားကြီးကို ကိုယ့်ဘက်က ဘာဆင်ခြေဆင်လက်တွေပဲပေးပေး၊ မြင်တဲ့သူတွေအဖို့ မနှစ်မြို့စရာ အထင်လွဲစရာသာ ဖြစ်နေမယ်ဆိုတာ ပြောစရာမလို။ ဒီမိန်းမက





အတင်းလိုက်ပြီး ချိတ်နေတာပါဆိုရင် ဒါဟာ အမှန်စကားဖြစ်ပေမယ့် ရအောင်မရှောင်ဖယ်တဲ့ သူ့မှာလည်း အပြစ်ကင်းတယ်ယူဆလို့ မရဘူးမို့လား။

အခုပုံစံက ခါးနာတဲ့သူကို တွဲရတာလည်းမဟုတ်။ အလကားသက်သက် တွဲထား ဖက်ထားကြတဲ့ သဘောသာ။ မိန်းမနဲ့ယောကျ်ား သူစိမ်းနှစ်ယောက် ခုလို တရင်းတနီး လက်ချိတ်ဖို့ တွဲဖို့ ဆိုတာဟာ ချက်ချင်းကြီး ဖြန်းဆိုဖြစ်သွားနိုင်တဲ့ အနေအထားမဟုတ်။ ရှေ့မှာ နှစ်ဦးကြား ဆက်ဆံရေးက အခင်းတွေ အပျိုးတွေ ရှိလာပြီးမှသာ ဒီအဆင့် ရောက်နိုင်တာလို့ ယေဘုယျ တွက်ရမည်။

တကယ်တော့ လမ်းမလျှောက်နိုင်လို့ဆိုတဲ့ ဝေဒနာ အကြောင်းပြချက်နှင့် ရှေ့ပြေးအပျိုးတွေ မပါဘဲ ဖေးမဖက်တွယ်မှီတွဲရင်းကကို အစပျိုးခဲ့တာ။ စ,ကတည်းက ဒါနဲ့စတာ၊ အဲဒီနောက် အကျင့်ပါသလို ဆက်လုပ်နေတာ။ ဒါတွေကို ဘယ်လိုရှင်းပြမလဲ။ လိုရင်းကတော့ ဒီပုံစံကို တကယ်ရှောင်ချင်ရင်ရှောင်လို့ရအောင် ရှောင်ဖို့ပင်။

မြတ်နိုးက ကားကိုသာ မောင်းလာရင်း ဘာစကားမှ မဆိုဖြစ်ပါ။ မျက်နှာကသာ ပျက်နေသည်။ အဲကွန်းထဲမှာ စိတ်အိုက်လာ၍ ကိုယ်ပေါ်က ဂျင်းဂျာကင်ပါးပါးတစ်ထပ်ကိုချွတ်ကာ နောက်ခန်းထဲ ပစ်ထည့်လိုက်ရပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"မြတ်နိုး"

"........."

"မြတ်နိုး ... တို့ ခေါ်နေတယ်လေ"

"ဟုတ်ကဲ့ ... ပြောပါ"

"အဲဒါ ဘယ်ကအဘွားကြီးတွေလဲ"

"ပိုးအိမ်ရဲ့ အဘွားနဲ့ အဒေါ်ပါ"

"အခုက ဘာလဲ၊ သူတို့က အထင်လွဲသွားတယ်ဆိုတဲ့ သဘောလား"

"ကျွန်တော်လည်း မသိဘူး"

"မင်းက ဒါကို ဝမ်းနည်းပက်လက် ဖြစ်နေတာလား"

"ဟုတ်တယ် မမ"

"မင်း ယောကျ်ားမဟုတ်ဘူးလား၊ ဒါလေးက ဒီလောက် ဖြစ်စရာလား မြတ်နိုး"

"မမအတွက် ဒါလေးပေမယ့် ကျွန်တော့်အတွက်တော့ ဒီလောက် ဖြစ်စရာပါ၊ ပိုးအိမ်ရဲ့လူကြီးတွေ ကျွန်တော့်ကို အထင်အမြင်လွဲသွားတာဟာ ကျွန်တော့်အတွက် ကောင်းတဲ့ရလဒ်လို့ မမက ထင်နေတာလား"

"မင်းကကော တို့ကို ဘာတွေ ဒီလောက် မကျေမချမ်း ဖြစ်နေတာလဲ"

ဇလပ်ဝါရဲ့အသံက ကတုန်ကယင် ဖြစ်လာလျှင် မြတ်နိုးက သက်ပြင်းတစ်ချက်နှင့် စိတ်လျှော့ချလိုက်ရပါသည်။



"မဟုတ်ပါဘူး မမ၊ ကျွန်တော် တောင်းပန်ပါတယ်၊ သေသံမာသွားတာက စိတ်လှုပ်ရှားသွားလို့ပါ၊ ပိုးအိမ် အဘွား အထင်လွဲသွားမှာကို စိုးရိမ်သွားလို့ပါ"

"အထင်လွဲသွားလို့ ပိုးအိမ်နဲ့ ပြတ်သွားတော့ရော ရည်းစားနဲ့ပြတ်တာ ဘာဆန်းလို့လဲ"

မြတ်နိုးက ဇလပ်ဝါကို စိတ်ရှုပ်ရှုပ်နှင့် လှည့်ကြည့်မိကာ ..."

"တစ်ယောက်နဲ့တစ်ယောက် ဘယ်တူပါ့မလဲ မမ"

"ဘာမတူတာလဲ"

"တန်ဖိုးထားပုံချင်းပေါ့၊ မမအတွက်က အချစ်ဆိုတာ ပေါ့တီးပေါ့ဆ စိတ်ပြေလက်ပျောက် ရှုတ်နောက်နောက် လုပ်စရာ ဖြစ်ရင်ဖြစ်နေနိုင်ပေမယ့် ကျွန်တော့်အတွက်က ဘဝတစ်ဝက်ပါ"

"ဘာဖြစ်လို့ အဲဒီလို ပြောရတာလဲ မြတ်နိုး၊ မင်းတစ်ယောက်ပဲ လောကမှာ သိပ်ချစ်တတ်တာလို့ ဘဝင်မြင့်နေတာလား"

"အဲဒီလို မဆိုလိုပါဘူး မမရယ်"

"တို့အတွက်လည်း အချစ်ဆိုတာ ရူးမတတ်ပါပဲ၊ ပဒိုင်းသီးပဲ၊ လူတွေမေးငေါ့ကဲ့ရဲ့သဂြိုဟ်မှာ၊ ကိုယ်သိက္ခာကျ နိုင်တာတွေကိုတောင် မငဲ့ကွက်နိုင်အောင် ရူးမတတ် ဖြစ်ခဲ့

www.burmeseclassic.com

www.burmeseclassic.com

တာပါ၊ မင်း ဘာဖြစ်လို့ ကိုယ်ချင်းမစာတတ်ရတာလဲ၊ မင်းအချစ်ကမှ ဟိုးကောင်းကင်မှာ နတ်ပြည်မှာ၊ ငါ့အချစ်ကတော့ ခြေနင်းဖတ်မှာ အဝီစိမှာ ဒီလိုလား"

"ကျွန်တော် ဒီသဘောပြောတာ မဟုတ်ပါဘူး မမ၊ မမလို ပြည့်စုံအောင်မြင်ပြီး လိုလေသေးမရှိတဲ့ မိန်းတစ်ယောက်အဖို့ အချစ်ဆိုတာ ဘဝလောက်ချိုပြီး အရေးမပါတော့ဘူး ထင်လို့ ပြောမိတာပါ"

"မင်းက ဘယ်လောက်သိနိုင်လို့လဲ မြတ်နိုး၊ မင်း ငါ့ဆီမှာ ဘာတွေမြင်နေရတာမို့လို့လဲ၊ တို့ဆီမှာတော့ မင်းက အကန်းသာသာပါ။ ဘာမှသိတာ မဟုတ်ဘဲ ရမ်းသမ်းမပြောပါနဲ့၊ မင်း ဘာမှမသိဘူး၊ ဘာကိုမှလဲ မမြင်ဘူး၊ မင်း တို့ကို ဝေဖန်ချင်ရင် တို့ကို မြင်အောင်ကြည့်လိုက်ပါ၊ တို့ရင်ထဲမှာရှိတာကို မြင်အောင်ကြည့်လိုက်စမ်းပါ မြတ်နိုး ..."

အေး ... ဘာမှမမြင်တတ်ဘဲနဲ့တော့ မဝေဖန်နဲ့ သဘောပေါက်တယ်နော်၊ လူက ရှုးချင်သလိုလို၊ သေချင်သလိုလို ဖြစ်နေပြီ သိရဲ့လား၊ တို့ဟာနဲ့တို့ ညစ်နေတယ်နော်၊ နည်းနည်းကလေးတောင် မခံချင်အောင် မဆွမိစေနဲ့၊ ပေါက်ကွဲပွင့်ထွက်ဖို့ အသင့်အနေအထားလောက် ဖြစ်နေတယ်"





ကိုယ်က ပေါက်ကွဲရမလား မှတ်တယ်၊ သူကပေါက်ကွဲဖို့ အသင့်ဖြစ်နေ၍ မြတ်နိုးမှာ သက်ပြင်းတွေသာ ချရသည်။ ခါတိုင်းလိုပဲ သူက ကားကို ဇလပ်ဝါရဲ့ခြံထဲအထိ မောင်းဝင်ခဲ့ပြီးလျှင် ကားပေါ်ကဆင်းပြီး သူ့အိမ်သူပြန်ဖို့ ပြင်ရင်းက ...

"မမ"

"ပြော"

ဇလပ်ဝါက လှေကားထစ် နှစ်ထစ်ပေါ် ရပ်နေ၍ သူက ပေါ်တီကိုအောက် ကွန်ကရိခင်းပေါ်မှ ရပ်နေ၍ မျက်လုံးချင်းက ညီလုလု။

"ကျွန်တော် တစ်ခုပြောချင်လို့ပါ"

"ပြော"

"ကျွန်တော် အလုပ်က ထွက်ချင်ပါတယ်"

"ဘာ"

ဘယ်လိုမှ မျှော်လင့်မထားတဲ့ စကားကို ကြားလိုက်ရ၍ ဇလပ်သည် ပေါက်ပေါက်ကွဲကွဲ အော်ဟစ်လိုက်မိကာ မျက်လုံးတောင်ပြာပြီး လူက ယိုင်လုမတတ် ဖြစ်သွားရပါသည်။

"ဘာပြောတယ် မြတ်နိုး"

"ကျွန်တော် ... ကျွန်တော် အလုပ်က ထွက်ပါရစေ"

"အလုပ်ထွက်မယ် !၊ မင်း အလုပ်ကထွက်ချင်ရလောက်တဲ့အထိတောင် မင်းကို ငါက စိတ်အနှောင့်အယှက်ပေး


www.burmeseclassic.com

www.burmeseclassic.com



နေမိတယ်လို့ ဆိုလိုတာလား၊ ဒီကုမ္ပဏီမှာ အလုပ်လုပ်နေရတာ တော်တော်ကို နစ်နာဆုံးရှုံးနေတဲ့ သဘောလား"

"မဟုတ်ပါဘူး၊ ကျွန်တော် ဆက်လုပ်လို့ မဖြစ်နိုင်လို့ပါ"

"ဘာဖြစ်လို့လဲ၊ ဘာဖြစ်လို့ မဖြစ်နိုင်တာလဲ၊ အလုပ်ဆက်လုပ်ဖို့ မဖြစ်နိုင်လောက်အောင် ဖြစ်နေရတယ်ဆိုတော့ ဒီကုမ္ပဏီရဲ့အလုပ်ရှင် တော်တော်ဆိုးလို့ပေါ့ ... ဟား ဟား၊ အလုပ်တောင် ထွက်ယူရမယ်၊ မင်း တောင်းဆိုမှုက တို့ကို ရက်ရက်စက်စက် ဖြတ်ရိုက်ချလိုက်သလိုပဲ မြတ်နိုး၊ တို့ကို အကြောင်းပြချက်တစ်ခု ပေးစမ်းပါ"

ဇလပ်ဝါရဲ့အသံက တုန်ယင်ကာ မျက်ရည်တွေ လည်တက်လာပါသည်။

"ဘာကြောင့် ဆက်လုပ်ဖို့ မဖြစ်နိုင်ဘူးဆိုတာ မမကို ရှင်းပြဖို့ မဖြစ်နိုင်ပါဘူး၊ ခံစားချက် သက်သက်ပါ မမ၊ ကျွန်တော် ရှင်းမပြပေမယ့် မမလည်း ခံစားချက်နဲ့သိနေမယ် ထင်ပါတယ်၊ အတိုဆုံး တစ်ခွန်းတည်း ပြောရင်တော့ အလုပ်ခွင်မှာ ကျွန်တော် မပျော်လို့ပါ"

"အလုပ်ခွင်မှာ မပျော်ဘူး၊ ဪ ...။ မင်းကို တို့က ပျော်ရွှင်မှု ပျောက်ဆုံးတဲ့အထိ ညှဉ်းပန်းနှိပ်စက်မိပြီပေါ့နော်၊ တို့က အနှောင့်အယှက်ပေါ့"





"အဲသလို မဆိုပါဘူး မမ၊ ကျွန်တော်က မပျော်တာပါ၊ မမက ကျွန်တော် စိတ်ညစ်အောင် လုပ်နေတာ မဟုတ်တာ သေချာပါတယ်၊ ကျွန်တော့်ရဲ့လိုက်လျောညီထွေ မရှိနိုင်တဲ့ အပြစ်သက်သက်ပါ"

ဇလပ်ဝါက လက်ကိုပိုက်ကာ စိတ်ကိုတည်ငြိမ်အောင် ထိန်းနေရပါသည်။ မျက်စိရှေ့က သူ ချစ်မြတ်နိုးမိလေသော ကောင်ကလေးကို နာနာကျင်ကျင် စိုက်ကြည့်နေမိသည်။ ငိုလိုက်လို့ ဘယ်ဖြစ်မလဲ ဇလပ်ဝါရယ်။ သိသာသိစေ မမြင်စေနဲ့ ဆိုတဲ့စကားရှိတာပဲ။ သူလည်း သိတော့သိနေတယ်။ ဒါပေမဲ့တော့ ဒီထက် သိက္ခာကျရအောင် သူမြင်ဖို့လိုလို့လား။

ဇလပ်ဝါ ရင်ထဲမှာ ဆွေးနစ်ခံစားရပါသည်။ အတင်း ဖန်ဆင်းယူလို့မရတဲ့ အရာမှန်းတော့သိပါသည်။ ဒါပေမဲ့ သူဟာ သူ့လောက် ဘယ်ဘက်ကမှ ပြည့်စုံမှုမရှိတဲ့ သာမန်အရပ်သူလေး တစ်ယောက်လောက်တောင် ဘာဖြစ်လို့ ကံမကောင်းနိုင်ရပါလိမ့်။

"ဒီနေရာမှာ မင်း ဆက်ရှိနေရရင် မင်းမပျော်နိုင်ဘူးပေါ့ ဟုတ်လား မြတ်နိုး၊ ရှင်းရှင်းပြောရရင် ဒီနေရာမှာ မင်း ဆက်မရှိနေတော့ဘူးဆိုရင် တို့ မပျော်နိုင်ဘူး"

မြတ်နိုးက ခေါင်းကို အသာခါယမ်းမိကာ ကတုန်ကယင် ရှိနေတဲ့ ဇလပ်ဝါရှေ့မှ ဖြည်းညင်းစွာ လှည့်ထွက်ခဲ့ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



## ၁၃

တင်းပြန့်အေးစက်နေတဲ့ ပိုးအိမ် မျက်နှာလေးကို သူ ခခယယ ကြည့်နေမိပါသည်။

"နောက်ကျနေပြီ၊ ဒီကား ရအောင်တက်မယ်"

ပိုးအိမ်က တစ်ယောက်တည်း ရေရွတ်သလို တီးတိုး ပြောလိုက်ပါသည်။ ဆိုက်လာတဲ့ ဘတ်စ်ကားပေါ် နှစ်ယောက်လုံး ရအောင်တိုးဝှေ့တက်လိုက်ပြီးလျှင် နောက်ဖက်နားထောင့်လေးမှာ နီးနီးကပ်ကပ် ရပ်မိကြပါသည်။ ခုလို ပိုးအိမ်တို့လမ်းထိပ် ကားမှတ်တိုင်က လာစောင့်ပြီး ဘတ်စ်ကားတူတူစီးကာ ရုံးမလာရတာ ပင် ကြာခဲ့ပြီပဲ။

"ပိုးအိမ် ... နင် ငါ့ကို နားလည်တယ် မဟုတ်လား၊ စိတ် မဆိုးဘူးနော်"

"စိတ်တော့ မဆိုးပါဘူး မြတ်နိုး၊ ဒါပေမဲ့ ပဟေဠိတွေ ဖြစ်နေတဲ့အတွက် လုံးလုံးတော့ နားမလည်ဘူး"





"ဘွားဘွားကတော့ စိတ်ဆိုးနေတာလား"

"အဲဒါတော့ ငါ မသိဘူး၊ ငါ့ကိုတော့ မေးခွန်းတွေတအား ထုတ်တယ်၊ ဒီအလုပ်ရှင်မက ဘာဖြစ်လို့ မြတ်နိုး လက်ကို ဒီလောက်ထိဖက်ပြီး လက်တွဲထားရတာလဲ ဆိုတာ"

"ဒီအဖြစ်အပျက်တွေ အဆင့်ဆင့် နင် အကုန်သိတာပဲ"

"အင်း ... သူ ခါးနာနေတုန်း နင့်လက်မောင်းကို တွဲရုံ မကပဲ ခိုပြီးအားပြုမှီတွယ်လိုက်လာတာကို ငါ့မျက်စိနဲ့မြင် ပေမယ့် ငါ ဘာမှမဖြစ်ပါဘူး၊ ဒါပေမဲ့ နင်တို့နှစ်ယောက် တည်း အပြင်မှာ လျှောက်သွားနေတဲ့ ကိစ္စဝိစ္စတွေမှာ သူ ဘာဝေဒနာမှ မဖြစ်ဘဲ လူကောင်းပကတိ ဖြစ်နေတဲ့အနေ အထားမှာ နင့်လက်ကိုဖက်ပြီး လျှောက်သွားနေတယ် ဆို တာတော့ ငါ မသိဘူးလေ မြတ်နိုး ...

နင်နဲ့ သူနဲ့ လမ်းမှာ မြို့ထဲမှာ ဆေးခန်းမှာ ဟိုမှာ ဒီမှာ တစ်ချိန်လုံး လက်ချိတ်ဖက်တွဲပြီး သွားလာနေကြ တယ်လို့တော့ ငါ နားလည်မထားခဲ့ပါဘူး"

ပိုးအိမ် အသံက သနားစဖွယ် တိုးတိုးလေး။

"သူ ... သူက အကျင့်ပါသွားသလိုပဲ အမြဲလက်လာတွဲ ထားတော့တာပဲဟ"

ပိုးအိမ်က မြတ်နိုးကို ခပ်စိမ်းစိမ်း ခပ်လှောင်လှောင် ကြည့်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



"နင်ကလည်း အမြဲပဲ အတွဲခံနေတော့တာပေါ့နော်၊ သူက ဟိုသွားရအောင် ဒီသွားရအောင်နဲ့ခေါ်ရင် သူ့ရဲ့လက်အတွဲ လက်မောင်းအဖက်ကို ခံရတော့မယ်ဆိုတာ နင် ကြိုသိနေမှာပေါ့နော်၊ နင်တို့နှစ်ယောက်အတွက် လက်ချင်းတွဲထားခြင်းဆိုတဲ့ ကိစ္စက အပရိက လုပ်နေကျ ဖြစ်ခဲ့တာပေါ့နော်"

"ပိုးအိမ် … ငါ ဘယ်လိုငြင်းမလဲဟ၊ ကျွန်တော့်လက်ကို လာမတွဲပါနဲ့လို့ ငါက ပြောရမှာလား၊ အကြိမ်ပေါင်းများစွာ သူ့လက်ကို ဖြုတ်ချဖူးပါတယ်၊ ဖြုတ်ချလည်း သူက ရအောင် ပြန်တွဲတယ်၊ ပါးစပ်ကနေတော့ ခင်ဗျား ကျွန်တော့်လက်ကို မတွဲပါနဲ့လို့ ငါ ပြောမထွက်တာ အမှန်ပဲ ပိုးအိမ်"

"………"

"ပိုးအိမ် … နင် အခု ဘာဖြစ်နေတာလဲ၊ ငါ့ကို စိတ်မဆိုးဘူးဆို"

"ငါနဲ့ နင်နဲ့က ခြောက်နှစ်ခွဲ ချစ်ခဲ့ပေမယ့် အရမ်းဖြူဖြူစင်စင် သန့်သန့်ရှင်းရှင်း နေခဲ့ကြတော့ ငါတို့ လက်ဖျားချင်း ချိတ်ကိုင်ထားတယ်ဆိုတဲ့ အပြုအမူက ငါ့တို့အတွက် အဆုံးစွန် အရင်းနှီးဆုံး အပြုအမူပါဟာ၊ နင့်လက်ကို ငါ တွဲထားရတာလေးကိုပဲ မက်လို့မပြေအောင် ငါက တန်ဖိုးထားတာပါ"



မြတ်နိုးသည် ရင်ထဲနင့်သွားပြီး ကားပေါ်မှာပင် ပိုးအိမ်ရဲ့လက်ဖျားလေးကို လှမ်းဆုပ်ကိုင်လိုက်ပါသည်။ ပိုးအိမ်က လက်ကိုရုန်းကာ လျှော့ထွ … လိုက်သည်။

"ပိုးအိမ်"

"………"

"ပိုးအိမ် … ဘာလဲ၊ နင့်လက်ကို ငါမတွဲရတော့ဘူးလား"

"မသိဘူး မြတ်နိုး၊ ငါ မပြောတတ်ဘူး၊ နင့်လက်ကို သူ ဖက်ပြီး တွဲထားတာကို ငါ အရမ်းနာမြောတယ်၊ တွဲဖက်ထားတာချင်းတူတူ သူ နေမကောင်းလို့ လမ်းမလျှောက်နိုင်လို့ တွဲပေးရတာကို ဘယ်လိုမှ မနေပါဘူး၊ ငါမထင်မှတ်တဲ့ အခြေအနေတွေမှာပါ လက်တွဲချိတ်ဖက်ပြီး သွားလာနေကျလို့ စဉ်းစားလိုက်မိတိုင်း ရင်ထဲမှာ ကျင်သွားတယ် မြတ်နိုး …

နင် အခု ငါ့လက်ကို လာတွဲလိုက်တော့ မနေ့ကပဲ နင့်လက်ထဲမှာ သူ့လက်ကို ဆုပ်ကိုင်တွဲခဲ့သေးတာ ချက်ချင်း သတိရပြီး ငါ့စိတ်က လက်သင့်မခံနိုင်ဘူး"

"ငါ့လက်ထဲမှာ သူ့လက်ကို ဆုပ်ကိုင်တွဲခဲ့တာ မဟုတ်ဘူး၊ သူကသာ ငါ့လက်ဖျားကိုလည်း ဆုပ်ကိုင်၊ ငါ့လက်မောင်းကိုလည်း ဖက်တာ"

"တော်ပါတော့ဟာ"

www.burmeseclassic.com

www.burmeseclassic.com



ပိုးအိမ်အသံက တိုးတုန်ပြီး ခြောက်အက်နေသည်။

"ငါလေ သံသယဝင်သလိုလိုတော့ ဖြစ်ဖြစ်လာသား၊ ဒါပေမဲ့ သံသယစိတ်ထားမိရင် နင့်မှာ လုပ်စရာကိုင်စရာ ရှိတာတောင် မလုပ်ရဲ မကိုင်ရဲ အနေကျဉ်းကျပ်တော့မှာ ဆိုပြီး ငါ့သံသယကို ငါဖျောက်ခဲ့တယ် ...

ပြန်စဉ်းစားကြည့်တော့ ဒေါ်ဇလပ်ဝါက နင့်ကို အလုပ်လာလျှောက်ကတည်းက သဘောကျတာ၊ နင့်ကို စိုက်ကြည့်တဲ့ မျက်လုံးတွေကို ငါ မှတ်မိလာပြီ၊ နင့်ကို သူ ကြည့်တိုင်း ကျဆုံးတဲ့ ပျော်ဝင်တဲ့ အကြည့်တွေချည်းပဲ။ အေးစက်စက် မျက်နှာပေါ်မှာ အဲဒီမျက်လုံးတွေက သိပ်ပေါ်လွင်တာပဲ၊ ငါ့စိတ်ထဲမှာ သူ့မျက်လုံးတွေက စကားပြောတယ်၊ ကြည့်ကောင်းတယ်ပဲ ယေဘုယျ တွေးခဲ့မိတယ် ...

အဲဒီစကားလုံးတွေက နင့်အတွက်ပဲလို့တော့ အဲဒီအချိန်က ဘယ်ရိပ်မိမလဲ၊ ထင်လည်း ဘယ်ထင်ပါ့မလဲ၊ သူ နင့်ကို အမြဲအနားခေါ်ထားတယ်၊ အမြဲဖေဘာတွေပေးတယ်၊ ခုဆိုရင် ဝန်ထမ်းတွေကြားထဲမှာ ကောလာဟလ တစ်ခု ပျံ့နေတယ်၊ ငါကတော့ သူ ခါးနာတုန်း နင်ကားမောင်းပေးရတဲ့ တွဲပေးရတဲ့ တရင်းတနှီး ရှိလာမှုအပေါ် အခြေခံပြီး ဖြစ်လာတဲ့ ကောလာဟလလို့ပဲ ထင်ခဲ့တာ၊ အခြေအမြစ် မရှိဘူး ထင်တာ ...





ဘာလဲ ... သိလား၊ နင်က ဒီကုမ္ပဏီရဲ့ အထွေထွေ မန်နေဂျာ ဖြစ်တော့မယ်တဲ့၊ နင့်အထက်မှာ သူပဲရှိတော့မယ့် သဘောပေါ့၊ နောက်နှစ်မှာနားမယ့် ဦးစိုးတောင် ခုကတည်းက ခုံခပ်လှုပ်လှုပ်ဆိုပြီး အသံတွေ ထွက်နေတာ၊ ပါးစပ်အားလို့ ထင်ရာပြောနေကြတဲ့ အခြေအမြစ်မရှိတဲ့ ကောလာဟလလို့ ယူဆလို့ ငါ ပြန်တောင်မပြောတာ၊ ခုအတိုင်းဆို ဖြစ်တောင် ဖြစ်နိုင်တယ်၊ ဦးစိုးကိုများ သူ ခေါ်ပြောလို့လား၊ တွေးလာမိပြီ၊ နင် မသိဘူး မဟုတ်လား"

" ......... "

"ဟင် ... မြတ်နိုး၊ နင် သိလား"

"သူ ငါ့ကိုပြောတယ်"

"ဘာ ... တကယ်ပေါ့"

"ဦးစိုးဆီ ခုကတည်းက သင်ယူဖို့"

"ဘာရယ် ...၊ နင်က ! ၊ ရှေ့က နင့်ထက်အများကြီး အတွေ့အကြုံရင့်ကျက် လုပ်သက်ရင့်ကျက်တဲ့ ယောကျ်ား မိန်းမများစွာကို ဖြတ်ကျော်ပြီး ဂျင်နရယ်လ်မန်နေဂျာဖြစ်မယ်၊ ဟား ဟား ဟား၊ အဲဒါ နင့်ကို ကြောင်ပြီးပေးမလို့ ဆိုတာ နင် သဘောမပေါက်ဘူးလား၊ နင်က ဒီစကားကို သဘောကျနေတာပေါ့ ဟုတ်လား၊ ငါးစာတုံးကြီးကို ဝမ်းသာအားရ ဟပ်တော့မယ့်ဆဲဆဲပေါ့ ဟုတ်လား မြတ်နိုး၊ ဒီလိုပြောတာတောင်မှ ဒီမိန်းမ ငါ့ကို ကြောင်နေပြီဆိုတော



www.burmeseclassic.com

www.burmeseclassic.com

သိပြီး ရှောင်ဖို့လေး ဘာလေး နင် စိတ်မကူးတဲ့အပြင် ရရင်အမြတ်ပေါ့ဆိုပြီး နင် မေ့ပြီးတော့ ပူးကပ်နေတာပေါ့လေ”

“ပိုးအိမ် … ငါ့ကို အဲသလောက် မရိုနဲ့၊ ငါ ငြင်းထားတယ်”

“ငြင်းထားတယ် ! ၊ ဟုတ်လား”

“ဒီရာထူးကို လက်မခံနိုင်ဘူးလို့ ငြင်းထားတဲ့အပြင် ငါ ဒီအလုပ်ကလည်း ထွက်မယ်လို့ သူ့ကို ပြောထားပြီးပြီ”

ပိုးအိမ်က အနည်းငယ် တွေဝေသွားရင်း …

“နင် တကယ်ထွက်မှာလား”

“အေးပေါ့”

“သူက ဘာပြောလဲ”

“သူက ငါ့ရဲ့အကြောင်းပြချက်ကို မေးတယ်၊ ငါက ငါ မပျော်လို့လို့ ပြောလိုက်တယ်”

“အဲဒီတော့ !! ”

“သူကတော့ ထွက်လောက်စရာ အကြောင်းမရှိဘူး ပြောတာပေါ့ဟာ၊ ဒီစကားက သူ့ဂုဏ်သိက္ခာကို ထိခိုက်တယ်လေ၊ ဝန်ထမ်းတစ်ပြုကြီးကို အလုပ်က တစ်ပြိုင်နက်ထုတ်ထားတဲ့ မိန်းမလေ၊ သူ့ဝန်ထမ်းက စ,ပြီးထွက်မယ်ပြောတာက သူ့စိတ်ကို မာန်မာနကို အတွက်ကို အရမ်းထိပါးမှာပေါ့”





“အင်း … သူ ဆတ်ဆတ်ခါနေမှာပဲ”

မြတ်နိုးသည် သူနှင့် ဇလပ်ဝါ “အချစ်”ဆိုတာနဲ့ ပတ်သက်ပြီး အငြင်းအခုန် အခြေအတင် ဖြစ်တာကိုလည်း ပိုးအိမ်ကို မပြောချင်။ ဒါပေမဲ့ သူ့နားထဲမှာ ထပ်ပြန်တလဲလဲ ပဲ့တင်ထပ်နေတဲ့ စကားတစ်ခွန်းကိုတော့ ခုထိမေ့လို့မရ။ နားထဲ ဦးနှောက်ထဲ ရင်ထဲ ဒီစကားကို အခါခါ ပြန်ကြားနေမိတာပါ။

“ဒီနေရာမှာ မင်း ဆက်မရှိနေတော့ဘူးဆိုရင် တို့ မပျော်နိုင်ဘူး”

တကယ်တော့ ဒီစကားဟာ သူ့ရင်ထဲမှာ ရှိနေတာတွေ တစွန်းတစ အန်ကျလာတဲ့ ဝန်ခံချက်တစ်ခုပဲ မဟုတ်လား။ ခည်းလွတ်ဆောင်ကျော်တဲ့ စကားမျိုးတော့ မဟုတ်ဘူးလို့ ငြင်းချင်ရင်လည်း ရပေမယ့် ဟုတ်တယ်လို့ စွပ်စွဲရင်ကော ငြင်းလို့ ရပါ့မလား။

ဒေါ်ဇလပ်ဝါရဲ့ သူ့အပေါ် ငြိတွယ်စွဲလမ်းမှုကို သူ ရိပ်မိလာတာနဲ့အမျှ အံ့လည်းဩ စိတ်မကောင်းလည်း ဖြစ်မိသည်။

“နင့်ကို ငါမေးရဦးမယ်”

“မေးလေ ပိုးအိမ်”

“အမှန်အတိုင်း သိချင်တယ်နော်”

“ငါ အမှန်အတိုင်း ပြောမှာပါဟာ”

“နင်တို့နှစ်ယောက်ကြားက လောလောဆယ် ပတ်သက်မှုက ဘာလဲ”



www.burmeseclassic.com

www.burmeseclassic.com



"ဘာမှ ... ..."

"နေဦး၊ မြန်မြန်မဖြေနဲ့၊ နင်နဲ့သူ ရည်းစားမဖြစ်ဘူးလို့ ငါ ယုံတယ်၊ မေးစရာ မလိုဘူး၊ နင်က အဲသလောက် အဖြစ်ခံမယ့်သူ မဟုတ်ဘူး၊ ဒါပေမဲ့ တရားမဝင်တဲ့ စိတ်ခံစားမှုဆိုတာ ရှိတယ် မြတ်နိုး၊ ငါ့စိတ်ထဲမှာ ခံစားနေရတာ အဲဒါပဲ၊ မတင်ကျနိုင်တာ အဲဒါပဲ၊ စိတ်ဆိုတာကို ဘယ်သူမှ ချုပ်ထားလို့မရဘူး၊ နင်က သစ္စာမဲ့မယ်လူတစ်ယောက် လုံးဝမဟုတ်ပေမယ့် နင့်စိတ်ထဲ ဖြစ်ပျက်နေမယ့် အရာတွေကိုတော့ နင် ဘယ်လောက် သစ္စာရှိရှိ တွန်းလှန်လို့ အံတုလို့ မရဘူးလေ ...

ဒေါ်ဧလပ်ဝါကလည်း နင့်ကို ရည်းစားစကား စ, ပြောမယ့် မိန်းမမျိုး မဖြစ်နိုင်ပါဘူး၊ ဒါပေမဲ့ သူ့ရင်ထဲမှာလည်း သူ့ရဲ့စိတ်ခံစားချက်ရှိတယ်၊ နင်တို့ချင်း စကားအဖြစ် ပြောမနေကြပေမယ့် သူ့ကို လက်တွဲထားတဲ့အချိန်မှာ နင့်စိတ်ခံစားမှု၊ သူ့စိတ်ခံစားမှု၊ သူနဲ့အတူတူ သွားလာနေတဲ့အချိန် သူ့ဝေယျာဝစ္စတွေ အနီးကပ် ကူညီဖြေရှင်းပေးနေချိန်၊ နင်တို့ချင်း မျက်လုံးချင်းဆုံတဲ့ အချိန်မျိုးမှာ နင့်စိတ်ထဲ ဘယ်လိုဖြစ်နေလဲ၊ သူ့စိတ်ထဲ ဘယ်လိုဖြစ်နေလဲ ...





ဒါတွေကို ငါ သိချင်တာ၊ အမှန်တိုင်း သိခွင့်ရဖို့ ခက်တယ်ဆိုတာ သိသိနဲ့ ငါ အဲဒါကိုပဲ တွေးတွေးနေမိတာ"

မြတ်နိုး အဖြေရခက်လှပါသည်။ သူ ဘယ်လိုပြောရပါ့မလဲ။

တစ်ခုသောဥပမာ အသေးကလေး ပေးရလျှင် ဧလပ်ဝါထက် အများကြီး ငယ်ရွယ်နုနယ်တဲ့ ပိုးအိမ်ဟာ အိမ်မှာ အဝတ်လျှော် ကြမ်းတိုက်၊ ပန်းကန်ဆေး ဆိုတာမျိုးတွေ အိမ်မှုကိစ္စ လုပ်ရမြဲဖြစ်၍ ပိုးအိမ်ရဲ့ လက်ဖဝါးလေးတွေဟာ ကြမ်းမနေသော်လည်း နုမနေပါ။ အဲဒီလက်ကလေးကို ငယ်ငယ်ကပင် ကိုင်ဆုပ်တွဲခဲ့၍ လက်တွဲထားရတိုင်း အဖော်ဆိုတဲ့ အားတစ်မျိုး နှစ်သိမ့်မှုတစ်မျိုးကို သူ ရနေကျ။

မမရဲ့လက်ဖဝါးတွေက တိမ်ငွမ်းစိုင်တစ်စကဲ့သို့ အိထွေးနုလျနေပါသည်။ သူ့လက်နဲ့ တွဲကိုင်လိုက်တဲ့ အခါတိုင်း သူ့လက်ရဲ့ ကြမ်းရှမှုကြောင့် မမလက်တောင် နာကျင်သွားလောက်ပါရဲ့လို့ တွေးမိပါသည်။ ဤသို့ နုဖတ်နွေးအိနေတဲ့ လက်ဖဝါးကလေးရဲ့ ထိကိုင်ခြင်းကို ခံနေရချိန်မှာ သူ့ရင်ထဲတွင် ဖောက်ပြန်ခြင်း မမည်သော မဖော်ပြတတ်သည့် ခံစားချက်တစ်ခုက ရှိန်းခနဲ လည်ကုပ်ထိ ကြက်သီးမွေးညင်း ထ,သွားရတဲ့အခါ ...



www.burmeseclassic.com

www.burmeseclassic.com



ဒါကို ဘာလို့ခေါ်ပါသနည်း။

သူ့စိတ်တို့ ဖြူစင်ပါသည်။ မညစ်ပုပ်ပါ။ ဇလပ်ဝါအပေါ်၌ မရိုးသားသော အခွင့်အရေးယူသောစိတ်မျိုး လုံးဝမရှေးပါ။ ပိုးအိမ်ထက် ဘယ်နေရာတွေပဲ သာသာ မသာသာ ပိုးအိမ်ကိုသာ သူက ချစ်မြတ်နိုးပြီး ပိုးအိမ်ကို ထားရစ်ဖို့ဝေးလို့ ဇလပ်ဝါနှင့်တောင် ချိန်ထိုးနှိုင်းယှဉ် မစဉ်းစားဖူးပါ။

ဒါပေမဲ့ ခါးကို သူ့လက်နုနုလေးနဲ့ ဖက်လာတဲ့အခါ လက်မောင်းကို ဖက်ပိုက်လာတဲ့အခါ သူ့ရင်ထဲ၌ သိမ့်ခနဲ ဖိုမသွားဘူးလို့ သူကငြင်းလျှင် သူလိမ်တာသာ ဖြစ်ပါလိမ့်မည်။ ပြီးတော့ သနားကရုဏာသက်ခြင်း ခံစားချက်။

ဇလပ်ဝါနှား နေနေရသည့်အတွက် စိတ်ကျဉ်းကျပ် ကိုယ်ကျဉ်းကျပ် အသက်ရှူမဝသလို မွန်းနေကာ စိတ်ထဲအနှောင့်အယှက်ဖြစ်သလိုလို စိတ်ရှုပ်သလိုလို နေမထိ ထိုင်မသာ ခံစားနေရပေမယ့် သူ့ကို လိုအပ်သလို ဖြစ်နေတဲ့ သူမအပေါ် ကြင်နာသနားနေမိတာပင်။ သူ့ထက် အဆတစ်ရာသာတဲ့ ယောက်ျားမျိုးလည်း ရချင်လျှင် ရနိုင်စွမ်းရှိပါလျက် ဘာတွေ မျက်စိလည်လမ်းမှား ကံဆိုးလို့ သူ့ကိုလာငြိတွယ်ရှာရတာပါလိမ့်ဆိုတဲ့ သနားကရုဏာသက်တဲ့ ခံစားချက်။

အဲဒီခံစားချက်ကြောင့်လည်း သူဟာ စိတ်ညစ်ညစ်ကြားက သည်းခံပြီး ဇလပ်ဝါ ခိုင်းတာ လုပ်ပေးနေမိတာပင်။





သူ့မှာ စေတနာလည်း ပေါက်နေမိတာပင်။ စိတ်ခံစားချက်တွေကို သိချင်ပါတယ်ဆိုတဲ့ ပိုးအိမ်ကို ဒီစိတ်ခံစားချက်တွေအားလုံး ဝန်ခံဖွင့်ပြောပြနေဖို့ လိုအပ်လို့လား။

"နင်ပြောရခက်နေလား မြတ်နိုး"

"မခက်ပါဘူး၊ ဘာခံစားချက်မှ မရှိဘူး"

"နင် လိမ်တာပါ၊ ဖြစ်နိုင်လို့လား"

ပိုးအိမ် မျက်နှာက အေးစိမ့်နေပါသည်။

"ငါ့စိတ်ထဲမှာ ဘာဆိုဘာမှ မရှိဘူး"

"အရမ်းလှပြီး နင့်ကိုငြိနေတဲ့ မိန်းမတစ်ယောက်က နင့်လက်မောင်းကို ဖက်ထားတဲ့အချိန်မှာလေ စိတ်ထဲ ဘာမှ မဖြစ်နေဘူးလား"

"အင်း ... ဒီတိုင်းပဲ"

"ဒါဖြင့် မကြိုက်ခြင်း၊ စိတ်အနှောင့်အယှက်ဖြစ်ခြင်းလည်း မရှိဘူးပေါ့"

မြတ်နိုး ချောင်ပိတ်မိကာ စိတ်ညစ်ညစ်နှင့် မျက်နှာပျက်လာပါသည်။ ပိုးအိမ်က ဘတ်စ်ကားပေါ်က တိုးဆင်းလိုက်သည်။ ပိုးအိမ်ဆင်းမှပဲ ဆင်းရမယ့်နေရာရောက်ပြီဆိုတာ မြတ်နိုးသိတော့သည်။ သူ ထူပူစိတ်ရှုပ်နေပါသည်။

"မြတ်နိုး"

"ဟင်"



www.burmeseclassic.com

www.burmeseclassic.com



"ဆောရီးပါဟာ၊ နင့်မှာ တကယ်တော့ ဘာအပြစ်မှ မရှိပါဘူး"

"………"

"ငါသာ စိတ်တွေ ထွေကုန် ဝေကုန်တာပါ၊ နင့်နေရာမှာ ရွေးချယ်စရာ တခြားလမ်း မရှိဘူးဆိုတာ ငါနားလည်ပါတယ်ဟာ၊ သူပြောတဲ့အတိုင်း နင် လုပ်ဖို့ပဲရှိတာပဲလေ၊ ဒီလိုမှ မဟုတ်ရင်လည်း နင် ခုနပြောသလို အလုပ်ထွက်ဖို့ပဲ ရှိတာ"

မြတ်နိုးက အရဲစွန့်ကာ ပိုးအိမ်ရဲ့လက်များလေးကို လှမ်းဆုပ်ကိုင်လိုက်ပါသည်။ ငယ်ငယ်ကတည်းက ဆုပ်ကိုင်နေကျ ဒီလက်လေးကို တွဲကိုင်ရတိုင်း တရင်းတနှီးနှင့် ရှိနေကာ ရင်ခုန်သွားတာမျိုး မဖြစ်တော့တာ ဘယ်လောက်ကြာပြီလဲ။ အခုတစ်ကြိမ်မှာတော့ သူ့မှာ အပြစ်ပဲရှိနေသလိုလို၊ ပိုးအိမ် ရုန်းထွက်လိုက်ဦးလားလို့ စိုးရိမ်ပူပန်ခြင်းကြောင့် သူ့ရဲ့ရင်ထဲ ခုန်လာခဲ့ပါသည်။

ပိုးအိမ်က မရုန်းတော့ပါ။ ခေါင်းငုံ့ဆက်လျှောက်နေရင်း …

"မြတ်နိုး"

"ဟင်"





"ပြီးလိုက်ကြစို့ဟာ၊ နင့်ကို ငါ ယုံပါတယ်၊ နင်ပြောသလို ဆို မနေ့က နင်ထွက်မယ်ပြောတဲ့အတွက် သူလည်း နည်းနည်းတော့ ရှိန်သွားမှာပါ၊ လောလောဆယ် နင်လည်း အလုပ်မထွက်ပါနဲ့ဦး၊ အခြေအနေ ကြည့်လိုက်တာပေါ့၊ နင့်ဘက်က ရှောင်တိမ်းတဲ့သဘော ရှိနေရက်နဲ့မှ သူက ခုလိုပဲ ဆက်ဆံနေဦးမယ် ဆိုရင်တော့ အဲဒီကျထွက်ပေါ့"

"………"

"နင် ငါ့ကို ကတိပေး"

"ဘာလဲ"

"သူ့ကို ရုံးစတပ်ဖ်တစ်ယောက်ထက်ပိုတဲ့ ဆက်ဆံမှုမလုပ်နဲ့တော့၊ သူ့အိမ်လည်း မဝင်ထွက်နဲ့တော့၊ သူ့ကားလည်း မောင်းမပေးနဲ့တော့၊ သူ လက်တွဲတာလည်း မခံနဲ့တော့၊ အဲဒီလို အဖြစ်အပျက်တစ်ခုခု ရှိခဲ့ရင်လည်း ငါ့ကို ချက်ချင်းပြော"

❖ ❣ ❖



www.burmeseclassic.com

www.burmeseclassic.com



## ၁၄

လေးငါးရက် မေ့လျော့နေပြီးမှ အနည်းငယ် မြူဆိုင်းပြီး အေးတဲ့နံနက်ခင်းတစ်ခုမှာ အပေါ်က ထပ်ဝတ်ဖို့ ဂျင်းဂျာကင် ပါးပါးလေးကို ရှာမတွေ့တော့မှ နောက်ဆုံး ဧလပ်ဝါနှင့် ဆေးခန်းသွားခဲ့တဲ့နေ့က ချွတ်ပြီး ကားပေါ်ကျန်ရစ်ခဲ့တာကို သတိရပါသည်။

ဒီကြားထဲ သူ့ကို ကားမောင်းဖို့လည်းမခေါ်၊ ဘယ်ကိုမှလဲ ချောမဆွဲပဲ ငြိမ်သက်နေတဲ့ ဧလပ်ဝါ ပုံစံကလည်း သွေးအေးသွားပြီလား ထင်ရတာမို့ မြတ်နိုးက ထိုနေ့လယ်မှာ ဧလပ်ဝါ ထံ တင်စရာရှိတဲ့ စာရွက်စာတမ်းတချို့ ဝင်တင်ရင်း ...

"မမ ... မရှိမသေ တစ်ခုလောက်"

"ဘာလဲ"

မြတ်နိုးက ရယ်ကျဲကျဲနှင့် ...

"ဟိုတစ်ရက်က မမ ကားပေါ် ကျွန်တော့်ဂျာကင်တစ်ထည် ကျန်ခဲ့မိတာ မမ တွေ့မိလားလို့ပါ"





ရယ်ကျဲကျဲနှင့် ချစ်စဖွယ်ကောင်းလှတဲ့ မြတ်နိုးရဲ့ မျက်နှာကို စိုက်ကြည့်နေမိရင်း ...

"အင်း ... တွေ့တယ်"

လူကို ခြိမ်းခြောက်ထားတဲ့အတွက် စိတ်မကောင်းလှပဲ ကိုယ့်ဟာနှင့်ကိုယ် ခပ်အေးအေး နေနေရတာပါ။ သင်းကို အလုပ်တော့ မထွက်စေချင်ဘူးလေ။ ဒါကြောင့်လည်း ဒီရက်တွေအတွင်း သူ့ကို အနားတောင် မခေါ်ဖြစ်ခဲ့ပါ။ ကားပေါ်ကျန်ခဲ့တဲ့ ဂျာကင်လေးကိုလည်း မလျှော်ဘဲ အခန်းထဲမှာ အကျီချိတ်နှင့် ချိတ်ဆွဲထားဖြစ်ခဲ့ပါသည်။

"ဒါဖြင့် ကျွန်တော့်ဂျာကင်လေး ကျေးဇူးပြုပြီး မမ ပြန်ယူလာခဲ့ပေးနိုင်မလားလို့"

"ဟင့်အင်း ... မယူခဲ့ပေးနိုင်ဘူး"

"ဗျာ"

"ဂျာကင်က ဟောင်းနေပြီ၊ အသစ်ဝယ်လိုက်တော့ တို့ဝယ်ပေးမယ်"

"အာ ... မဝယ်ဘူး၊ မလိုချင်ဘူး၊ ကျွန်တော့်ဂျာကင်ပဲ ကျွန်တော် လိုချင်တာ"

မြတ်နိုး စိတ်ရှုပ်ရပြန်ပါသည်။ သူနဲ့စကားပြောရရင် အဲလိုပဲ။ စိတ်ကို ရှုပ်ရသည်။ ဂျာကင်ကျန်ခဲ့လို့ ပြန်တောင်းတာကို အဓိပ္ပာယ်မရှိတာတွေ အပိုစကားတွေ လျှောက်ပြောနေတယ် လို့ပဲ စိတ်ပျက်လာပါသည်။



www.burmeseclassic.com

www.burmeseclassic.com



လေးငါးရက် ခပ်တန်းတန်း နေပြီးမှ အခုစပြီး အလုပ်ကိစ္စမဟုတ်တဲ့စကား ပြောဖြစ်တာ။ ပြောလိုက်တာနှင့် ကိုယ် မလိုချင်တဲ့ ပြဿနာက လာပြီလေ။

"ဂျာကင်က တော်တော်ဟောင်းနေပါပြီ"

"ဟောင်းလည်း ဘာဖြစ်လဲဗျာ၊ ကိစ္စမရှိပါဘူး၊ ကိုယ်မြတ်နိုး တဲ့ဂျာကင်ပဲဟာ"

"ဘာလို့ မြတ်နိုးတာလဲ"

"ဒါ လွန်ခဲ့တဲ့ နှစ်ပေါင်းများစွာကတည်းက ပိုးအိမ်က သူ ပထမဆုံး အလုပ်ကရတဲ့လခနဲ့ ဝယ်ထားပေးတာ"

"သြော်"

တမင်တကာ ပြောလိုက်တဲ့ မြတ်နိုးက ဧလပ်ဝါ မျက်နှာပျက်သွားတာမြင်လျှင် သက်ပြင်းတစ်ချက် ခိုးရှိုက်ရင်း ...

"နောက်နေ့ ယူခဲ့ပေးပါလား မမ"

"မယူခဲ့ပေးဘူးလို့ ပြောပြီးပြီလေ၊ လွှင့်ပစ်လိုက်တော့မယ်"

"ကျွတ်"

"တို့ ဝယ်ပေးတာမို့ မလိုချင်လည်း ကိုယ့်ဟာကိုယ်ပဲ အသစ်ဝယ်လိုက်တော့"

"မမ ... ဒီကိစ္စက ဘာမဟုတ်တဲ့ ရိုးရိုးသားသား အသေး အဖွဲ ကိစ္စလေးတစ်ခုပါ၊ ကျွန်တော်မေ့ကျန်ခဲ့တဲ့ ပစ္စည်း ပြန်တောင်းတာပါ၊ ဂျာကင်ရယ် မဟုတ်ဘူး၊ စာအုပ်လေး





တစ်အုပ်၊ ဘောလ်ပင်လေးတစ်ချောင်းဆိုလည်း ပိုင်ရှင်က ပြန်တောင်း၊ လက်ခံရထားတဲ့သူက ပြန်ပေး၊ ရှင်းရှင်းလေး ပါ၊ အရေးမပါတဲ့ ကိစ္စလေးပါ၊ ဘာဖြစ်လို့ ဒီလောက် တောင် ခက်ခက်ခဲခဲ ပြောစရာ လိုနေရတာလဲဗျာ"

အမြင်ကတ်လို့။ ပြောလိုက်ရင် ကလေးကလား ဆန်သွားမှာစိုးလို့ မပြောပေမယ့် အမြင်ကတ်လို့ကို မပေးချင်တာ ဟော့။ ပထမတော့ သူ့ဂျာကင်ကို သူ မေ့ခဲ့တာ အခွင့်ကောင်းယူ ပြီး တမြတ်တနိုး ကောက်သိမ်း ချိတ်ဆွဲထားမိတာပါ။ အလွယ် တကူသာ အသစ်တစ်ထည် ဝယ်ပေးခွင့်ရရင် ပြန်မပေးချင်တာ လည်း အမှန်။

ဒါပေမဲ့ သွေးတိုးစမ်း သဘောသာ မပေးချင်တဲ့ သဘော စကားတောက်ကြည့်တာ။ ပိုးအိမ် ပထမဆုံးလခနဲ့ ဝယ်ပေးတာ ဘာညာဆိုတော့ အမြင်က ကတ်လာပါသည်။ အတွင်းမှာ အောင်းနေတဲ့ မနာလိုဝန်တိုမစ္ဆရိယစိတ်ပုပ်လေးက လှစ်ခနဲပြူကာ ...

"မသိဘူး၊ အိမ်ကလူတွေ လွှင့်တောင်ပစ်ချင် ပစ်လိုက်မှာ၊ ဘယ်သူ့ဟာမှန်း မသိလို့"

မြတ်နိုးက တစ်ခဏတော့ ဧလပ်ဝါကို စိုက်ကြည့် နေမိပါသည်။ ရူးများနေသလားလို့ပင်။ သူ့အပြုအမူကို စိတ်ပဲ တိုရမလို သနားပဲ သနားရမလို ဝေခွဲမရအောင် စိတ်အနှောင့်



www.burmeseclassic.com

www.burmeseclassic.com



အယုက် ဖြစ်ရသည်။ ဒီလိုအဖြစ်အပျက်မျိုးတွေက ဆုံးခန်းတိုင်နိုင်မယ် မထင်။ ရှေ့ဆက်ပြောနေလည်း ထူးခြားမယ်မထင်။ ဇလပ်ဝါကိုလည်း အပြစ်တင်မနေလို။ သူလည်း သူ့ဂုဏ် သူ့ဒြပ်နှင့် ဒီလိုမျိုး တမင်တကာတော့ ဘယ်အဖြစ်ခံချင်မှာလဲ။

ဘယ်လိုပဲဖြစ်ဖြစ် ဒီအဖြစ်အပျက်တွေဟာ ဟိုတစ်ကွေ့မပေါ် ဒီတစ်ကွေ့ပေါ်၊ ဆက်ဖြစ်နေဦးမှာပဲဆိုတာ မြတ်နိုး သဘောပေါက်သည်။ ဒီကုမ္ပဏီမှာ သူရှိနေသရွေ့က ဖြစ်နေဦးမှာပါ။

"ခွင့်ပြုပါဦး"

မြတ်နိုးက ရတ်တရက် နှုတ်ဆက်ပြီး အခန်းထဲက ထွက်လာခဲ့ပါသည်။ ကိုယ့်စားပွဲမှာ ကိုယ်ခဏငြိမ်ထိုင် စဉ်းစားနေပြီးချိန်မှာတော့ မြတ်နိုးက ဖြစ်ချင်ရာဖြစ် စာတစ်စောင်ကို ကွန်ပျူတာထဲ မြန်မြန်ကောက်ရိုက်ကာ ပရင်တာနှင့် ထုတ်လိုက်ပါသည်။ စာရွက်ခေါက်လေးကိုင်၍ ဇလပ်ဝါ အခန်းကို တံခါးခေါက် နောက်တစ်ကြိမ် ဝင်သွားလိုက်ရာ ...

"ဆို ... မြတ်နိုး၊ ဘာလဲ"

"ဒါလေး မမကို လာတင်တာပါ"

"ဘာလဲ"

မြတ်နိုးက စာရွက်ခေါက်ကို ဇလပ်ဝါရှေ့ စားပွဲပေါ် ခါးကိုင်း၍ တင်ပေးလိုက်ပါသည်။ ဇလပ်ဝါခ ဖျတ်ခနဲ ဖွင့်





ဖတ်လိုက်ရင်း မျက်နှာတစ်ပြင်လုံးက နီမြန်းတင်းပြန့်သွားပါသည်။ သုံးလေးကြောင်းသော စာကလေးကို လေးငါးခေါက်ခါ ပြန်ဖတ်နေမိရင်း ဒေါသနှင့် အသက်ရှူသံ ပြင်းလာမိသည်။ ရှက်လည်း ရှက်သွားမိတာ အမှန်ပါ။

"ဒါ ဘာသဘောလဲ"

"ဘယ်လိုမှ သဘောမထားပါနဲ့ မမ၊ ကျွန်တော့်ကို ထွက်ခွင့်ပြုပါ"

ဇလပ်ဝါက လျှောက်လွှာစာရွက်ကို တဖြိုဖြိုနှင့် လေးငါးချက် ဆက်တိုက်ဆွဲဆုတ်ပစ်လိုက်ပါသည်။

"မင်းကို အလုပ်ထွက်ခွင့် မပြုဘူး၊ သွားတော့"

မြတ်နိုးက ဘာမှမပြောတော့ဘဲ ရုံးခန်းထဲက ပြန်ထွက်လာသည်။ အခြေအနေတွေက တဖြည်းဖြည်း ဆိုးဝါးတင်းမာလာသလိုပင်။ နေမြင့်လေ အရှုးရင့်လေ ဆိုတာမျိုးပင်။ သူရှောင်လိုက်ဖို့ကလွဲပြီး တခြားလုပ်စရာ ရှိကိုမရှိတော့တာပါ။ သူ့စားပွဲက ပစ္စည်းလေးတစ်ချို့ ကောက်သိမ်းပြီး စားပွဲအံဆွဲသော့တွေကို ဒေါ်စန်းစန်းထံ အပ်လိုက်ပါသည်။ ဒေါ်စန်းစန်းက ဘာလုပ်တာလဲ နားမလည်၍ မေးနေပေမယ့် မြတ်နိုးက ရှည်လျားစွာ ပြောမနေချင်။

"မမကို ပေးလိုက်ပါ၊ ပိုးအိမ်ကိုလည်း ကိုယ့်ဘာသာပြန်ဖို့ ပြောပေးပါ အန်တီစန်း"



www.burmeseclassic.com

www.burmeseclassic.com



သူ ကုမ္ပဏီရုံးခန်းထဲက ထွက်လာကာ အိမ်ကိုပဲ ထန်းပြန်လာခဲ့ပြီး အခန်းထဲ စိတ်ညစ်ညစ်နှင့် ဝင်ခွေနေမိသည်။ နောက်နေ့ကစ, အလုပ်အသစ်တစ်ခု ရှာရတော့မယ်ပေါ့။

❖ ❢ ❖

မနေ့ညနေကလည်း ဒေါ်စန်းစန်းက ...

"ခင်ပိုးအိမ် ... ကိုယ့်ဟာကိုယ်ပြန်ဖို့ မြတ်နိုးက မှာသွားတယ်"

"သူက ဘယ်သွားတာလဲ အန်တီစန်း"

"အန်တီလည်း မသိဘူး သမီး"

အောက်က ကားပါကင်ရောက်လို့ ဒေါ်ဇလပ်ဝါ ကားကိုရှာတော့လည်း မတွေ့ပါ။ ထိုအခါ ပိုးအိမ် စိတ်ထဲ စနိုးစနောင့် ဖြစ်ရပါသည်။ ဒေါ်ဇလပ်ဝါနဲ့များ သွားတာလားလို့ပင်။ တစ်နေ့ကနဲ့ ရှေ့တစ်နေ့ကလည်း ရုံးဆင်းချိန်တွေ မြတ်နိုး မရှိခဲ့။ ဒါပေမဲ့ ပိုးအိမ်ကို ဝင်တော့ပြောသွားသည်။ အလုပ်ကိစ္စ ပြန်တာ နောက်ကျမှာမို့ ပြန်နှင့်ဖို့။

မနေ့ကတော့ ဝင်တောင်ပြောမသွားတော့။ ညဘက်မှာလည်း ဖုန်းမဆက်ဖြစ်ကြပါ။ ဒီနေ့မနက် လမ်းထိပ်က ဘတ်စ်





ကားမှတ်တိုင်ကို ရောက်တော့လည်း ခါတိုင်းလို မြတ်နိုး ရှိမနေ။ ပိုးအိမ်ကလည်း ကိုယ့်ဟာကိုယ် တက်စီးကာ ရုံးရောက်လာပါသည်။

ရုံးရောက်ပြီး သိပ်မကြာခင် ...

"ခင်ပိုးအိမ်၊ ဘော့စ်က ရုံးခန်းကို လာခဲ့ဖို့ခေါ်တယ်"

ခါတိုင်း ခေါ်စရာလိုလျှင် ခင်ပိုးအိမ် အထက်က မမကြူကိုပဲ ခေါ်နေကျဖြစ်၍ စိတ်ထင့်ထင့်နှင့်ပင် ဒေါ်ဇလပ်ဝါ အခန်းသို့ ဝင်လာခဲ့ပါသည်။ လက်ပိုက်၍ ခပ်မတ်မတ် ထိုင်နေသော ဒေါ်ဇလပ်ဝါက ခင်ပိုးအိမ်ကို ခပ်စိမ်းစိမ်းကြည့်ရင်း ...

"မြတ်နိုးက အလုပ်ထွက်တာ သေချာလား"

"ရှင်"

"မင်း မသိဘူးလား"

"ကျွန်မ မသိဘူး မမ"

"အင်း ... မနေ့ကတော့ တို့ကို စိတ်ဆိုးသွားတယ် ထင်ပါရဲ့၊ ထားလိုက်ပါတော့၊ ရော့ ... မင်းကိုခေါ်တာက ဒါပေးဖို့"

ဒေါ်ဇလပ်ဝါက သူ့စားပွဲပေါ်က ကိုင်းတပ်ကတ်ထူ အိတ်တစ်ခုကို ပိုးအိမ်ထံ ထိုးပေးလိုက်ပါသည်။

"သူ့အကျႌ"

"ရှင်"



www.burmeseclassic.com

www.burmeseclassic.com

"သူ့ဂျင်းဂျာကင်၊ ဟိုတစ်နေ့က မေ့ကျန်ခဲ့တာ၊ မင်းပဲ ပြန်ယူသွားပြီး ပေးလိုက်ပါ၊ ဒါကို ပြန်မပေးဘူးဆိုလို့ စိတ်တိုသွားတာလေ"

ပိုးအိမ်က ယောင်ယောင်ကန်းကန်းနှင့် ကတ်တူ အိတ်ကို ဟ,ကြည့်လိုက်လျှင် ဟိုးရှေးပဝေသဏီက ပထမဆုံးရတဲ့ လခထဲက ပိုးအိမ် လက်ဆောင်ဝယ်ပေးထားသော ဂျင်းဂျာကင် လေးကို အံ့အားတသင့် တွေ့လိုက်ရပါသည်။ ဒီအကျႌက သူ့ဆီ ကို ဘယ်လို ...။

"အဲဒါ ယူသွားပြီး မင်း သွားလို့ရပြီ ခင်ပိုးအိမ်"

ပိုးအိမ်သည် တင်းကျပ်သောရင်နှင့် အိတ်ကိုကောက် ယူကာ ချာခနဲ လှည့်ထွက်လာခဲ့ပါသည်။ ဘာမှန်းမသိဘဲ ဝမ်း ပန်းတနည်း ငိုချင်စိတ်က ရင်ထဲမှာ လှိုက်လှဲလာသည်။ ကိုယ့် နေရာမှာ ကိုယ်ပြန်ထိုင်မိချိန်မှာတော့ ဝမ်းနည်းခြင်းနေရာမှာ ဒေါသက တစိမ့်စိမ့် တိုးဝင်အစားထိုးစပြုပြီ။

သူတို့က ဘာတွေလဲ၊ ဘာဇာတ်လမ်းတွေလဲ။ ဘယ် လိုအပေးအယူတွေ နားလည်မှုတွေလဲ။ စိတ်ဆိုး စိတ်ကောက်ကြ ဖြေရှင်းကြ ချော့ကြနဲ့လား။ သူတို့ရဲ့စိတ်ဆိုးစိတ်ကောက်ဇာတ် လမ်းထဲ ပိုးအိမ်ကိုပါ ဆွဲခေါ်ထည့် အသုံးချလိုက်သေးသည်။ သူတို့ချင်း အပေးအယူ မကျေမချမ်း စိတ်ဝမ်းကွဲတာနဲ့ပဲ ပိုးအိမ် က ဒီအကျႌကို ကြားကဆောင်ယူပြီး မြတ်နိုးထံ သွားပါးရဦးမည်။





ထပ်မတွေ့ပါနဲ့၊ ထပ်မပတ်သက်ပါနဲ့၊ အလုပ်ကိစ္စ ကလွဲလို့ ဘာမှ မဆက်ဆံပါနဲ့လို့ ပြောထားပါလျက်နဲ့ ဘာတွေ ရှိတ်ဆက်နေကြသေးတာလဲ။ ဒီလို အပတ်အသက် အသွားအလာ တွေ ထပ်ရှိလာရင်လည်း ပြောပါ၊ အသိပေးပါ ပြောထားရက်နဲ့ မြတ်နိုးက မပြောဘဲ မြှိုထားသည်။

ဒေါ်စလပ်ဝါကို ကိုယ်မပိုင်။ ကိုယ် ပြောအားမရှိ။ သူ့ဟာသူ ဘာသဘောထားတွေရှိရှိ ပိုးအိမ် ဘာမှမပြောလို။ မြတ်နိုးကတော့ ကိုယ်နဲ့ဆိုင်တဲ့သူ။ ကိုယ် ပြောအားရှိကိုရှိရမည်။ ပိုးအိမ် မနှစ်မြို့နိုင်တဲ့ ဒီလိုကိစ္စမျိုး သူ လုပ်ပိုင်ခွင့်မရှိ။

အဆုံးမတော့ သူဟာ ဒေါ်စလပ်ဝါကို ကင်းကင်း မရှောင်နိုင်ဘူး ထင်ပါရဲ့။

❖ ❣ ❖

တစ်နေကုန် အလုပ်ရှုနိုင်မယ်ထင်တဲ့ ကုမ္ပဏီတွေ၊ သတင်းကြားထားတဲ့ အလုပ်ခေါ်တဲ့ နေရာတွေ ခြေတိုအောင် လျှောက်စုံစမ်း။ အပေါင်းအသင်းတစ်ချို့ထံမှာ မေးမြန်းသတင်းရယူ။ မောမောပန်းပန်းနှင့် ပြန်ရောက်လာသော မြတ်နိုးသည် ...

"မောင်လေး ... ခုနပဲ ပိုးအိမ် လာသွားတယ်၊ မင်း ဘယ် သွားလဲဆိုတော့ အစ်မကလည်း မသိတော့ မသိဘူးပဲ ပြောရတာပေါ့၊ မင်းရဲ့အကျႌတဲ့ လာပေးသွားတယ်၊ မင်း ကို ပြောစရာရှိတယ်လို့ ပြောလိုက်ပါတဲ့"



www.burmeseclassic.com

www.burmeseclassic.com



သူ ဂျင်းဂျာကင်ကိုကြည့်ကာ မျက်မှောင်ကုတ်သွားရပြီး ချက်ချင်းပဲ ပိုးအိမ်တို့အိမ်ကို ဖုန်းခေါ်လိုက်ပါသည်။ လာကိုင်တဲ့သူက ဘွားဘွား ဒေါ်ရွှေခြည် ဖြစ်နေရာ သူ့ကို ခပ်တင်းတင်း လေသံနှင့်ပင် ...

"အေး ... ခဏကိုင်ထားဦး၊ ပိုးအိမ်က မင်းဖုန်းလာရင် ခေါ်ပေးပါ ပြောထားတယ်၊ နို့မို့ရင်တော့ ငါ့မြေး စိတ်ဆင်းရဲအောင် လုပ်လိုက်ပုံရတဲ့ မင်းကို သိပ်ခေါ်ပေးချင်တာ မဟုတ်ဘူး မြတ်နိုး၊ ကဲ ... ကိုင်ထား"

မြတ်နိုး စိတ်ရှုပ်ရှုပ်နှင့် ခေါင်းကို ယမ်းခါကာ စောင့်လိုက်ရတာ သိပ်တော့ မကြာပါ။

"မြတ်နိုး"

"ပိုးအိမ် ... ငါ"

"နင် မပြောနဲ့၊ ငါပဲပြောမယ် မြတ်နိုး၊ နင့်ကို ငါအယုံအကြည် မရှိတော့ဘူး မြတ်နိုး၊ ဒေါ်ဓလပ်ဝါကို အလုပ်ကိစ္စမဟုတ်တဲ့ တွေ့ဆုံခြင်းတွေနဲ့ ထပ်မပတ်သက်ပါနဲ့လို့ဟိုနေ့က ပြောလိုက်ပြီးသားနော်။ ငါ နင့်ကို တောက်လျှောက် ယုံထားတာ၊ ဖြစ်လာတဲ့ အဖြစ်အပျက်တွေကိုပဲ မခံစားနိုင်တာ၊ ခုတော့ နင်က ငါနားလည်မှုပေးလွန်းလို့ ခြေလှမ်းကျဲလာပြီ၊ လွန်လာပြီ မြတ်နိုး၊ နင် ဘာလို့ သူ့အိမ်ကို သွားထပ်တွေ့ရတာလဲ"



"ငါ ဘယ်မှာတွေ့လို့လဲ ပိုးအိမ်"

"ဒါဖြင့် နင့်ဂျာကင်က ဘယ်မှာကျန်ခဲ့တာလဲ"

"သူ့ကားပေါ်မှာလေ"

"ဩော် ... နင်ဟာလေ၊ လက်တစ်လုံးခြားပေါ့ ဟုတ်လား၊ အိမ်မှာကျန်တာ မဟုတ်ဘူး၊ ကားပေါ်မှာ ကျန်တာဆိုရင် နင် အပြစ်မရှိတော့တာမို့လို့လား"

"နင့်ကို သူက ဒီဂျာကင်ပေးလိုက်တယ်၊ ဟုတ်လား"

"ဟုတ်တယ်"

"ငါ့ဂျာကင်က သူ့အိမ်မှာ ကျန်ခဲ့တယ်လို့ သူကပြောတာလား"

"သူက အိမ်မှာ ကားပေါ်မှာ ခွဲမပြောပါဘူးဟာ၊ ဒါပေမဲ့ သူ ပြောပုံကို နားထောင်ရင် အသိသာကြီးပါ မြတ်နိုး၊ နင်နဲ့ သူနဲ့ကြားမှာ ဂျာကင်ပြန်ပေးမယ် မပေးဘူးနဲ့ စိတ်ဆိုး စိတ်ကောက်နေကြတဲ့ ဇာတ်လမ်းတွေကကော ဘာတွေလဲ၊ အချစ်စမ်းနေကြတာလား၊ နင်က အခုစိတ်ကောက်ပြီး ရုံးမတက်တာပေါ့လေ၊ နင်တို့နှစ်ယောက်က ဘာတွေလဲ၊ ဘယ်လိုတွေလဲ မြတ်နိုး၊ ငါက ကြားထဲကနေ ဒီဂျာကင်ကို ပြန်ယူလာရတယ်၊ ငါက ဘာလဲ၊ ငါ တော်တော် စိတ်ပျက်တယ်ဟာ၊ နင့်ကိုလည်း ငါ မတွေ့ချင်ဘူး၊ နင် ငါ့ဆီ မလာနဲ့၊ ငါ့ကို လာမဆက်သွယ်နဲ့"

www.burmeseclassic.com

www.burmeseclassic.com



"ဟာ ... ငါဘာလုပ်လို့လဲ၊ ငါနဲ့ဘာဆိုင်လို့ နင်နဲ့ငါက မတွေ့ရမှာလဲ၊ အဓိပ္ပာယ်မရှိတာ၊ နင့်ကို သူ ဘာတွေ လျှောက်ပြောလဲ၊ သူနဲ့ ငါနဲ့ အပြင်မှာ ထပ်တွေ့ကြတယ် လို့ ပြောလား"

"အဲဒီသဘောပဲ"

"ဟာ ... တွေ့မှ မတွေ့တာ၊ သူ လိမ်တာပေါ့"

"ဒါဖြင့် ပြီးခဲ့တဲ့ တစ်နေ့က နှစ်ရက်ဆက်တိုက် နင် ငါ နဲ့မပြန်တာ ဘာလဲ"

"ငါ့အလုပ်ကိစ္စနဲ့ငါ အပြင်ရောက်နေတာလေ၊ အလုပ်ကိစ္စ အရေးကြီးလို့ ရုံးဆင်းချိန်ကို အချိန်မှီ မပြန်နိုင်ဘူး၊ ဘာ လဲ သူက ငါနဲ့သူ ဆက်တွေ့နေကြတယ်၊ တွဲသွားလာနေ တယ်လို့ ပြောလား၊ ဟုတ်လား"

"သူ ဘာတွေပြောလဲ၊ နင် ငါ့ကို လာမမေးနဲ့၊ သူ ဘာ တွေပြောမှန်း ငါလည်း လုံးစေ့ပတ်စေ့ မမှတ်မိဘူး၊ ငါ နားလည်တာတော့ အဲသလိုပဲ၊ တော်ပြီဟာ၊ နင်နဲ့ ငါ စကားပြောချင်စိတ် မရှိဘူး၊ ငါ့မျက်စိရှေ့လည်း နင် ရောက်မလာနဲ့"

"ဟာ ... မရဘူးလေ၊ ပိုးအိမ် နေဦး၊ ပိုးအိမ်"

တစ်ဖက်က ပိုးအိမ်က ကောက်ကာငင်ကာနှင့်ပင် ဖုန်းချသွားပါသည်။ မြတ်နိုးသည် ဖုန်းကိုဆောင့်မချမဖူး ဆောင့် ချလိုက်မိကာ တောက်တစ်ချက် ပြင်းပြင်းခေါက်လိုက်မိပါသည်။





တစ်နေကုန် စိတ်မောလူမော ရှိခဲ့၍ စိတ်က အလွယ်တကူ တိုမိ ဖို့ အသင့်ဖြစ်နေပါသည်။ တစ်ခဏ ခါးထောက်ရပ်ကာ ဘာလုပ် လို့ ဘာကိုင်ရမှန်းမသိ ထူထူပူပူ ဖြစ်နေပြီးလျှင် သူ့ဒေါသသူ မချုပ်ထိန်းနိုင်ဘဲ အိမ်ကနေ တစ်ခေါက်ပြန်ထွက်လာခဲ့ပါသည်။

"မောင်လေး ... ဟဲ့ ... ဘယ်လဲ"

"မကြာပါဘူး အစ်မ၊ ဒေါ်ဇလပ်ဝါဆီ ခဏပါ၊ ဒီမိန်းမ ကြီး ပိုးအိမ်ကို ဘာတွေလျှောက်ပြောမှန်း မသိဘူး၊ သွား ရှင်းမလို့၊ ခဏပဲ"

မြတ်နိုးသည် ဖြည်းဖြည်းချင်း အချိန်ယူကာ အသိ ဉာဏ်နှင့် ဆင်ခြင်စဉ်းစားနေလျှင် ဒေါ်ဇလပ်ဝါကို ဒေါသလျော့ သွားမည်စိုး၍ အချိန်မဆွဲ ထွက်လာတာပင်။ သူ့ကို စိတ်ဆိုးမနေ ရင် ပြတ်ပြတ်သားသားစကားတွေ ပြောထွက်မှာမဟုတ်။ ခုတော့ တူထူပူပူနှင့် သူတို့နှစ်ယောက်ကို မနှောင့်ယှက်ဖို့အထိ ပြောပစ် မည်လို့ တစ်လမ်းလုံး စဉ်းစားသွားပါသည်။ ဇလပ်ဝါတို့အိမ်ဟာ ဘတ်စ်ကားဂိတ်မှ အတော်လျှောက်ဝင်ရသော်လည်း မောတယ် တောင် သတိမရ။

ဖွင့်ဟထားတဲ့ ခြံတံခါးမှ ရောရောရှုရှု ဝင်ခဲ့ကာ အိမ်ရှေ့ဘဲလ်ကို တီးလိုက်ပါသည်။ ပြေးထွက်လာတဲ့ ကောင်မ လေးက ရက်ပေါင်းများစွာ ဇလပ်ဝါကိုလာပြီး တွဲဖက်ပေးမ ခေါ်သွားတာ မြင်ဖူးပြီးသား မြတ်နိုးကို တံခါးဖွင့်ပေးပါသည်။

"မမ ရှိလား"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ် ... အပေါ်မှာပါရှင့်"

"ခေါ်လိုက်၊ မြတ်နိုး လာတယ်လို့"

"ဟို"

"ခေါ်လိုက် ... အခု"

"ဟို ... အပေါ်မှာ ဆရာဝန်ကြီးလည်း ရောက်နေလို့"

"ဘာဆရာဝန်ကြီးလဲ"

"ဟို ... ဘဘကြီးရဲ့"

"မိညို"

နောက်ဘက်က ထွက်လာတဲ့ ခေါ်သံကြောင့် ကောင်မလေးက လှည့်ကြည့်လိုက်ပါသည်။ မြတ်နိုး၏ အသံလာရာ လှေကားထိပ်ဆီသို့ လှမ်းကြည့်လိုက်လျှင် ဇလပ်ဝါကို လှမ်းတွေ့လိုက်ရပါသည်။ ဇလပ်ဝါက ခုမှပဲ မြတ်နိုးကို တွေ့သွားကာ ခပ်စိမ်းစိမ်း ခပ်စိုက်စိုက် လှမ်းကြည့်နေလိုက်ပြီးလျှင် တစ်လှမ်းချင်း အောက်ကို ဖြည်းဖြည်းဆင်းလာပါသည်။

မြတ်နိုးက ဝင်မထိုင်ဘဲ မတ်တတ်ရပ်နေလျက်သား နှင့်ပင် လှေကားပေါ်က ဆင်းလာသော ဇလပ်ဝါကို မော့၍ရင်ဆိုင်လိုက်ပါသည်။

"ဘာများလဲ မြတ်နိုး"

"မမ ဒီနေ့ ပိုးအိမ်ကို ကျွန်တော့်ဂျာကင်ပေးပြီး ဟိုပြော ဒီပြော လျှောက်ပြောလိုက်တာ ဘာသဘောလဲ"





"မင်းဂျာကင်ကို မင်း မလာလို့ သူနဲ့လူကြုံပါးတာလေ"

"အိမ်မှာ ကျန်ခဲ့တဲ့ သဘောမျိုး ဘာဖြစ်လို့ ပြောရတာလဲ မမ"

"အိမ်မှာကျန်ခဲ့တယ်လို့တို့ တစ်ခွန်းမှ မပြောမိပါဘူး"

"ပိုးအိမ်က ဒီကြားထဲ ခုရက်ပိုင်းမှာ ကျွန်တော်တို့ ထပ်တွေ့ကြ ထပ်သွားလာကြတယ်၊ ဒီအိမ်ကိုတောင် ကျွန်တော်က ရောက်လို့ ဂျာကင်ကျန်ခဲ့တယ်လို့ ထင်နေပြီ၊ ကျွန်တော့်ကို စိတ်ဆိုးသွားပြီဗျ"

ဇလပ်ဝါက မျက်မှောင်ကုတ်မိရင်း ...

"ထပ်တွေ့တယ် ထင်တာကို သူက စိတ်ဆိုးတယ်ဆိုတော့ မင်းက ထပ်မတွေ့ပါဘူးလို့ ပြောထားတာလား၊ ဒါမှမဟုတ် သူက ထပ်မတွေ့ရဘူးလို့ တားထားတာလား"

"ကျွန်တော်တို့ နှစ်ယောက်လုံး နားလည်မှု ယူထားတာ"

"ဩော် ... ဩော်"

ဇလပ်ဝါက ပြုံးမဲ့မဲ့ လက်ပိုက်ခေါင်းညိတ်လိုက်ပါသည်။ ကြည့်ပါဦး။ အလုပ်ရှင်ကိုတောင် "ဘာသဘောလဲ" ဘာညာနှင့် ပြဿနာလာရှာရဲလောက်အောင်အထိ သူ့ကောင်မလေးရဲ့ငြိုငြင်မှုကို မခံယူနိုင်တဲ့သဘော။ နားနားကြည်းကြည်း ပေါက်ပေါက်ကွဲကွဲ ရောက်လာတာ။



www.burmeseclassic.com

"ဒီတော့ မင်း အခုရောက်လာတာက တို့က မင်းတို့နှစ်ယောက်ကြားထဲမှာ သပ်လျှိုသွေးခွဲ ကုန်းတိုးနေတယ်လို့ လာစွပ်စွဲနေတာလား"

ဇလပ်ဝါက နာနာကျင်ကျင်ပဲ မေးမိသည်။ မြတ်နိုး ရောက်မလာခင်ကတည်းက ဝမ်းနည်းအားငယ်နေတဲ့ စိတ်ဓာတ်တွေ ချုံးချုံးကျနေတဲ့ အချိန်မို့ မျက်ရည်က အလွယ်တကူ ဝဲလာပါသည်။ ကိုယ်ကမှ ကိုယ့်အဆင့် ကိုယ့်ဣန္ဒြေနဲ့ မနေခဲ့မိပဲလေ။ ဒီလိုလာပြောတာကို အပြစ်တင်မနေချင်တော့ပါ။

"ကျွန်တော်ကတော့ မမဘာသာ ထွက်စာကို ဆွဲဆုတ်ဆုတ် အလုပ်ထွက်ပြီးသားပါ၊ ဒါပေမဲ့ မမ ပိုးအိမ်ကို မဟုတ်တဲ့ မမှန်တဲ့ စကားတွေပြောပြီး စိတ်အနှောင့်အယှက် မပေးပါနဲ့၊ သူက ရှိနေဦးမှာ၊ သူ့ကို နေရင်းထိုင်ရင်း စိတ်ဒုက္ခ မပေးပါနဲ့ဗျာ"

"တို့ ဒီနေ့အဖို့ သူ့ကို မမှန်ကန်တဲ့စကား တစ်ခွန်းမှ မပြောလိုက်ဘူး မြတ်နိုး"

"ဒါဖြင့် သူ့ကို ကျွန်တော့်ဂျာကင် ခေါ်ပေးတာက ဘာသဘောနဲ့လဲ"

"မင်းမှ မလာတာ၊ မနေ့က မင်းက စိတ်ဆိုး၊ မာန်ဆိုးနဲ့ ထွက်စာပေးတာတွေ ဘာတွေအထိ လုပ်ခဲ့တဲ့အတွက် အဲဒီဂျာကင်ကို ပြန်ပေးမယ်လို့ ဆုံးဖြတ်ပြီးသား၊ အဲဒါ





ကြောင့် ယူလာတာ။ မင်း တကယ် ရုံးမလာပဲနေမယ်လည်း မထင်မိခဲ့ဘူး၊ မင်း မလာတာ သေချာသွားတော့ ပိုးအိမ်ကိုပဲ ခေါ်ပေးလိုက်တာပေါ့ ...

မဟုတ်မမှန်တဲ့ ပြဿနာရှာတဲ့ ဘယ်လိုစကားမျိုးမှ ခင်ပိုးအိမ်ကို မပြောဘူး၊ ဘာဖြစ်လို့လဲ သိလား၊ ဒီနေ့ မနက် ရုံးကိုမလာခင်ကတည်းက ငါ့အဖေ အခြေအနေ မကောင်းဘူး မြတ်နိုး၊ ရုံးမသွားတော့ဘူးတောင် စဉ်းစားပေမယ့် မင်းကို ဒီအကျီတော့ သွားပြန်ပေးလိုက်ဦးမယ်ဆိုပြီး ရုံးကိုလာခဲ့တာ၊ အစောကြီးလည်း ပြန်လာခဲ့တယ်၊ မင်းမလာတော့ အိမ်ကိုလည်း ပြန်သယ်မလာချင်တာနဲ့ ပိုးအိမ်ကို ခေါ်ပေးလိုက်တယ်၊ အဲဒါပဲ"

ဇလပ်ဝါက စို့ဝဲလာတဲ့ မျက်ရည်ကို မျက်တောင် ပုတ်ခတ် သိမ်းလိုက်ပါသည်။ ခုတလောမှာ အခြေအနေ အရပ်ရပ်က သူ့ရဲ့စိတ်ကို ထုထောင်းရိုက်ပုတ်ပါသည်။ နဂိုကပင် စိတ်ဓာတ်ပြင်းထန်တဲ့သူမို့ တစ်နှစ်ပြီးတစ်နှစ် ကြုံတွေ့ရသော ဆုံးရှုံးမှုတို့က လူကို ဒဏ်ရာဒဏ်ချက်တွေလို နှိပ်စက်တာတော့ ကြာခဲ့ပြီပဲ။

ဖေဖေ့ကို ဒီလိုအခြေအနေမျိုးကြီးနဲ့ပဲ ဘာမှမတတ်မသာ မဖြေနိုင် မသိမ့်နိုင် အားတင်းလက်သင့်ခံထားရတာ။ နောက်တစ်ခါ စီးပွားရေးအရ မှားယွင်းဆုံးရှုံးမှု။ ပြီးတော့ ကိုကို့

www.burmeseclassic.com



ကို လက်ထပ်လိုစိတ် မရှိတော့တဲ့ စိတ်အပြောင်းအလဲ။ နောက်ဆုံးမှာ မမျှော်လင့်ဘဲ ဖျိုးခနဲ ဖျတ်ခနဲ ငယ်ရွယ်သော ကောင်ကလေးတစ်ယောက်ကို ကိုယ့်ကိုယ်ကိုယ် အံ့အားသင့်ရလောက်အောင် မြတ်နိုးငြိတွယ်သွားမိတာ။

ဒါတွေအားလုံးဟာ တစ်ခုပြီးတစ်ခု ကြုံလာရတဲ့ ဇလပ်ဝါရဲ့ အနုတ်လက္ခဏာတွေလို့ပဲ သတ်မှတ်ရပါမည်။ ဒီကောင်လေးကို ချစ်မိတယ်ဆိုတဲ့ အဖြစ်အပျက်တစ်ခုထဲမှာတင် ဇလပ်ဝါရင်ထဲမှာ တစ်ကိုယ်တည်း ပဋိပက္ခများစွာ ရှိခဲ့ပါသည်။ ချစ်မိတာကသတ်သတ်။ မြတ်နိုးလောက် အနေအထား အဆင့်အတန်းကို ဘယ်တုန်းကမှ ကိုယ့်အဖော်နေရာလောက်မှာ ရွေးဖို့လုံလောက်တယ် မမြင်ခဲ့တဲ့အတွက် ကိုယ့်ကိုယ်ကိုယ် မကျေနပ်တာကသတ်သတ်။

တစ်ခါ သူ့မှာက ချစ်သူတန်းလန်းနဲ့မို့ ထွေးရခက်မျိုရခက် ကသိကအောက် ရှိရတာကသတ်သတ်။ သေသေချာချာလည်း မလှပ၊ ငွေကြေးလည်း မပြည့်စုံလှ၊ ထက်မြက်ထူးချွန်သော တစ်စုံတစ်ရာ ရှိတယ်လို့လည်း ရည်ညွှန်းမရတဲ့ "ပျှမ်းမျှစံ"တစ်ခုရဲ့အောက်နားလောက်မှာရှိတဲ့ မိန်းကလေးတစ်ယောက်ကို သဲသဲလှုပ် သစ္စာရှိ မြတ်နိုးချစ်ခင်နေပြီး ကိုယ့်အရှိန်အဝါက သူတို့ရဲ့ အချစ်ကြားမှာ တိုးမပေါက်နိုင်ခြင်းအပေါ် အခံရခက်လှတာကသတ်သတ်။





ဒီမနက် ရုံးမတက်တော့ပါဘူး စိတ်ကူးပြီးမှ မြတ်နိုးရဲ့အကျီကို ပြန်ပေးလိုက်ဦးမည်လို့တွေးပြီး ရုံးကိုသွားခဲ့တာပင်။ ကလေးကလား ရူးသွပ်ပြရတာကိုလည်း အနည်းငယ် ရှက်စိတ်ဝင်ခဲ့ရလို့ပင်။ သင်းက တကယ်ကို ရုံးတက်မလာတော့လည်း အကျီကို ပြန်သယ်မသွားချင်တော့ဘဲ ခင်ပိုးအိမ်ကိုပဲ ခေါ်ပေးလိုက်မိခြင်း၌ စိတ်ပုပ် စိတ်ယုတ် ကလိမ်ကကျစ် သဘောထားမပါ။

ဒါကို ခုလို သက်ဘ်ရှင်းနေရတဲ့ အဖြစ်ကလည်း ကိုယ့်အတွက် အောက်လှသည်။ ကိုအုပ်စိုးကိုတောင်မှ ဒီလောက် ဖြေရှင်းပြခဲ့ရဖူးတာမျိုး ရှိလို့လား။ ကိုအုပ်စိုးက ကိုယ့်အပေါ် သူ့ဘက်ကချည်း ဖြေရှင်းဆွေးနွေး ပျောင်းဖျခဲ့သူမို့ ကိုယ်က ဖြေစင်ပေါ်ကနေခဲ့တာ။ အခု ဒီ မြတ်နိုးနဲ့ကျမှပဲ ကိုယ့်ဘက်က ဖြေရှင်းရ ချော့မော့ရ မြှောက်စားရ ဖြစ်နေတဲ့ အနေအထားကိုလည်း ဆင်ခြင် တရားကျလာမိတော့တာပင်။

"ညီမလေး"

လှေကားထိပ်က အသံကြောင့် ဇလပ်ဝါက လှည့်ကြည့်လိုက်ပါသည်။ မြတ်နိုးလည်း ဘာများပါလိမ့်ဟု လှမ်းမော့စူးစမ်းမိသည်။

"လာပါဦး ညီမလေး၊ အန်ကယ် အခြေအနေမကောင်းဘူးကွယ်"



www.burmeseclassic.com

www.burmeseclassic.com



နာ့စ်ဒေါ်ချိုချိုရဲ့ အသံက ကတုန်ကယင် ရှိနေပါသည်။ ဒေါ်ချိုချိုကိုတောင် ဒေးပါမက နိုက်ပါဆက်ခေါ် အိပ်ခိုင်းထားရတာ နှစ်ညရှိပြီ။

ဇလပ်က ဖျော့ဖွေးသွေးဆုတ်သော မျက်နှာလေးနှင့် မြတ်နိုးကို တစ်ချက်လှမ်းကြည့်လိုက်ပါသည်။ အနည်းငယ် မူးသွားသလို ဖြစ်သွားသေးတာမို့ လှေကားလက်ရန်းကို ကမန်းကတန်း ဆုပ်ကိုင်လိုက်တာမြင်လျှင် ...

"မမ"

မြတ်နိုးက ရက်အတန်ကြာအကျင့်ရခဲ့သလို ဇလပ်ဝါကို ဖေးမထိန်းကူရတော့မလား၊ လက်နှစ်ဖက် ဝဲခနဲ မြောက်တက်လာပါသည်။

"ညီမ ... လာ ... လာ ... မြန်မြန်လာ"

ဆရာမက ခပ်သုတ်သုတ် ပြန်လှည့်သွားချိန်မှာတော့ မြတ်နိုးက ဇလပ်ဝါကို အလိုအလျောက်ပင် လက်မောင်းတစ်ဖက် ဆုပ်ကိုင်တွဲလိုက်မိသည်။ အခြေအနေကို ရိပ်စားမိကာ ဒီအချိန်မှာ ငေါက်ခနဲ လှည့်ပြန်ထွက်သွားရလောက်အောင်ထိတော့လည်း သူက အကြင်နာမမဲ့နိုင်ချေ။ လူလူချင်း စာနာ ကရုဏာသက်လိုက်မိတာအပြင် ကိုယ့်အလုပ်ရှင်ဆိုတဲ့ ရိုကျိုးစိတ်ကိုလည်း မဖျောက်နိုင်သေးပါ။





ဇလပ်ဝါကိုတွဲကာ အပေါ်ထပ် တက်ခဲ့ပါသည်။ ဒီအပေါ်ထပ်ကို သူကိုယ်တိုင်လည်း ရောက်ဖူးပြီးသားပဲ၊ ဇလပ်ဝါရဲ့ခန္ဓာကိုယ်က ယိမ်းယိုင်ချည့်နဲ့နေသည်။ သူ့ဟာသူ မဟန်မတ်နိုင်ပဲ မြတ်နိုး ဆွဲတင်၍ ပါနေရသလိုဖြစ်ရာ တွဲခေါ်ရတာပင် လေးလံလှပါသည်။

မြတ်နိုး တစ်ခါမှ မဝင်ဖူးတဲ့ အခန်းတစ်ခုထဲ ဘံခါးဖွင့်ကာ ဆရာဝန်ကြီးတစ်ယောက်ရော ဆရာမကိုပါ လှမ်းမြင်နေရပါသည်။ အဲဒီအခန်းထဲ လှမ်းဝင်လိုက်ချိန်မှာတော့ ရိုးရိုးလူအိပ်တဲ့ခုတင် မဟုတ်ဘဲ မတ်နိုင် ချနိုင်တဲ့ လူနာခုတင်တစ်ခုဆက်မှာ ဖြူဖွေးပိန်လှီဖျော့တော့နေသော အဘိုးအိုကြီးတစ်ယောက်ကို ကြိုးတွေ ပိုက်တွေ မျိုးစုံချိတ်သွယ်လျက် လှမ်းတွေ့လိုက်ရပါသည်။

မမျှော်လင့်ဘဲ တွေ့လိုက်ရတဲ့ မြင်ကွင်းကြောင့် မြတ်နိုး ရင်ထဲ လှပ်ခနဲနေအောင် ဖြစ်သွားကာ ဘာမှမဆိုမဆိုင် သူ့စိတ်ပါ လှုပ်ရှားဝမ်းနည်းလာသည်။

"ဆရာကြီး"

"သမီး ... စိတ်လေးတည်တည်ငြိမ်ငြိမ်ထားပြီး လက်ခံရင်ဆိုင်နိုင်အောင် ကြိုးစားကြစို့"

"ဖေ ... ဖေဖေ ... ရှိ ... ရှိသေးလားဟင် ဆရာကြီး"

"အင်း ...၊ နောက်ဆုံးမိနစ်ပိုင်းတွေပေါ့ သမီး"



www.burmeseclassic.com

www.burmeseclassic.com

ဆရာဝန်ကြီးက လူနာအဘိုးကြီးရဲ့လက်ကောက်ဝတ်ကို ဆက်တိုက်စမ်းထားကာ သွေးခုန်တိုးမှုကို မှတ်နေရင်း ဇလပ်ကို ကြင်ကြင်နာနာ လှည့်ပြောလိုက်ပါသည်။ သူ့လက်ထဲမှ ရုန်းထွက်ကာ ခုတင်ဘေး ဒူးထောက်ထိုင်ချလျက် ဖခင်ဖြစ်သူရဲ့လက်တစ်ဖက်ကို ဆွဲယူမျက်နှာအပ် မှောက်ချရင်း သိမ့်သိမ့်တုန်ရှိုက်နေတဲ့ ဇလပ်ဝါကို မြတ်နိုး ရင်တွေတအားနင့်ပြီး ငေးစိုက်ကြည့်နေမိသည်။

သူလည်း မိဘမရှိတော့တဲ့သူလေ။ ဤအဖြစ်မျိုးက သူ့ရင်ကို အလွန်ကြေကွဲထိခိုက်စေပါသည်။ သူ တိတ်ဆိတ်ငြိမ်သက်စွာ နောက်ဆုတ်ရပ်နေမိသည်။

"ဖေဖေ ... ခဏနေပါဦး"

လေသံဖျဖျဖွဖွကလေး တောင်းပန်နေသံဟာ အားလုံးရင်ကို နာကျင်စေပါသည်။ ဆရာဝန်ကြီးက လက်ကောက်ဝတ်ကို ကိုင်ထားရာမှ နာရီတစ်ချက်ကြည့် လက်ကောက်ဝတ်ကိုလွှတ်ကာ လည်ပင်းနံဘေး တစ်ချက်ထောက်စမ်း၊ ထို့နောက် လူနာရဲ့မျက်ခွံကိုဆွဲဖွင့်လှန်ပြီး သူငယ်အိမ်ကို ကြည့်လိုက်ပါသည်။

"ဖေဖေ"

ဆရာဝန်ကြီးက သူနာပြုကို ခေါင်းဆတ် အချက်ပေးရင်း လူနာ Expired ဖြစ်တာကို သိစေရာ ဆရာမက မြတ်နိုးထံ တိုးကပ်လာပြီးလျှင် ...





"မဇလပ်ကို ခဏထိန်းပြီး ခေါ်ထုတ်သွားပါလား၊ ကျွန်မဒီမှာ ဖြုတ်စရာရှိတာ ဖြုတ်ရ သိမ်းရ ပြင်ဆင်ရမယ်မို့လို့ပါ"

မြတ်နိုးက ရင်ထဲ တော်တော်ကို နာကျင်ကြေကွဲမိကာ ဇလပ်နားကို တိုးကပ်သွားလိုက်ပါသည်။

"မမ"

"........."

"မမ ... ခဏထ,ပါနော်၊ မမ နေမကောင်းဖြစ်မယ်၊ ခဏနားရအောင်"

"ဟင့်အင်း ... ရတယ်"

"မဟုတ်ဘူးလေ မမ၊ အပြင်ခဏလေး ထွက်ရအောင်နော်"

"ဟင့်အင်း၊ ဒါ ... ဒါ ဖေဖေ့နောက်ဆုံးအချိန်လေ မြတ်နိုး၊ တို့ ဒီနားမှာပဲ ဖေဖေ့ကို စောင့်နေပါမယ်"

သူတို့သုံးယောက် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ကာ ပြောရခက်နေပါသည်။ မြတ်နိုးက ဇလပ်ဝါအနားကပ်ထိုင်ချကာ ပခုံးကို ဆုပ်ညှစ်ဆွဲထူရင်း ...

"မမ ... လာပါ၊ အပြင်ခဏ ထွက်ရအောင်"

"ဟင့်အင်း ... ဘာဖြစ်လို့လဲ"

"သမီး ... စိတ်အေးအေးချမ်းချမ်း ထားနော်၊ သမီးအဖေနှစ်နဲ့ချီပြီး ဝဋ်ဒုက္ခလို ခံစားနေခဲ့ရတာ မဟုတ်လား၊ သူ့



www.burmeseclassic.com

www.burmeseclassic.com



"မိဖြူ ... မမ အမျိုးတွေ ဘာတွေ အကြောင်းကြားစရာ ရှိလား"

"မရှိဘူးရှင့်၊ မမအမျိုးတွေက နိုင်ငံခြားမှာတွေ နေကြတာ ပါ၊ ဒီမှာတော့ တော်တော်ဝမ်းကွဲတာမျိုးပဲရှိတယ်၊ မမနဲ့ အရမ်းခင်မင် ရင်းနှီးတဲ့ထဲကတော့ မရှိဘူး"

"ဒါဖြင့်"

မြတ်နိုးက မမထံ ဝင်ထွက်နေတာ သူ မကြာခဏ ဆုံဖူးတဲ့ ကိုအုပ်စိုးကိုပဲ သတိရမိကာ ...

"ကိုအုပ်စိုးကရော အမျိုးမဟုတ်ဘူးလား"

"မဟုတ်ဘူး၊ အစ်ကိုကြီးက မမ ခင်ပွန်းလောင်းပါ"

"ဟင်"

သူ့မှာ အံ့အားတသင့်။

ခင်ပွန်းလောင်းတဲ့။

ဒီခင်ပွန်းလောင်း ရှေ့မှာပဲ ဇလပ်ဝါဟာ သူ့ကို အရေးပေးပေးနှင့် အသည်းအသန် အရူးဆန်ဆန်တွေ ပြုမူပြောဆို နေကျပါလား။

"ကိုအုပ်စိုး ဖုန်း သိလား"

"ဟုတ်ကဲ့ ... စာအုပ်ထဲမှာ ရှိပါတယ်"

"ဖုန်းခေါ်လိုက်ပါဗျာ၊ ကျွန်တော်ပြောမယ်"





ခမျာ ခုမှ အေးအေးချမ်းချမ်း အနားယူလို့ ရသွားတာပါ၊ ဟုတ်တယ်မို့လား"

"ရှင် ... ဆရာကြီး"

"သမီးအဖေ အသက်မရှိတော့ဘူး သမီး၊ ငြိမ်းငြိမ်းချမ်းချမ်း ညင်ညင်သာသာလေး ထွက်သွားတာပါ သမီး၊ သူ ဘာမှလဲ မခံစားလိုက်ရပါဘူး"

"ဖေဖေ ... ဖေဖေ"

အသံတိမ်တိမ်ကလေးဟာ ရှုတအက်ကွဲ မြုပ်ဝင်သွားလျက် ဇလပ်ဝါရဲ့ခန္ဓာကိုယ်လေးက ပျော့ခွေသွားပါသည်။

"မမ ... မမ"

"မဇလပ် ... ညီမ"

အခန်းဝမှ ရပ်ကြည့်နေသော မိဖြူတို့ညီအစ်မက လည်း ကမန်းကတန်း ပြေးဝင်လာကာ ဝိုင်းဝန်းထူမလျက် နောက်ဆုံးတော့ မြတ်နိုးပဲ မိမိရရ ပွေ့ချီသယ်ထုတ်လာကာ မိဖြူတို့ ဦးဆောင်လာရာ ဇလပ်ရဲ့အခန်းဆီ သယ်ပို့ရပါသည်။ ခုတင်ပေါ်ချမိပြီးလျှင် နောက်ကပါလာသော ဆရာဝန်ကြီးက ဇလပ်ဝါကို စမ်းသပ်၊ ပရက်ရှာချိန် စသဖြင့် လိုအပ်တာဆောင်ရွက်ပေးနေဆဲ မြတ်နိုးက နာရီတစ်ချက် ကြည့်မိသည်။

မိုးကလည်းချုပ်နေ။ သူ ဒီအချိန်မှာ ထားခဲ့ပြီး အိမ်လည်းမပြန်ရက်ပါ။ မိဖြူကိုသာ ...



www.burmeseclassic.com

www.burmeseclassic.com



မြတ်နိုးသည် အနားကဖုန်းမှာ မိဖြူ ဖုန်းခေါ်နေတာကို ရပ်စောင့်ရင်း ဖွင့်ထားတဲ့ အခန်းအတွင်းမှ ဇလပ်ဝါရဲ့ အသွင်သဏ္ဌာန်လေးကို ကြေကြေကွဲကွဲ လှမ်းကြည့်နေမိသည်။ မမအဖေဟာ ဘယ်တုန်းကတည်းက "မမာသည်"ဖြစ်နေပါလိမ့်။ ဆရာဝန်ကြီး စကားအရ နှစ်နဲ့ချီပြီး ဝဋ်ဒုက္ခလို ခံစားနေရတာဆိုတော့ ဒီပုံစံအတိုင်း မလှုပ်နိုင် မယှက်နိုင် မသွားနိုင် မလာနိုင်ဖြစ်နေတာ ထင်သည်။

"အစ်ကို ... ရပါပြီ"

မြတ်နိုးက ဖုန်းကိုယူကာ ...

"ဟယ်လို ... အစ်ကို၊ ကိုအုပ်စိုးပါလားခင်ဗျာ"

"အင်း ... ဟုတ်ပါတယ်၊ ဘယ်သူပါလဲ"

"အစ်ကို ... ကျွန်တော်ပါ၊ ဟို ... ဒေါ်ဇလပ်ဝါရုံးက မြတ်နိုးပါ"

"သြော် ... အေး ... ပြော၊ ဘာကိစ္စရှိလဲ ညီလေး"

"အစ်ကို မမရဲ့အိမ် ခဏလာခဲ့နိုင်မလားလို့ပါ"

"ဇလပ် ဘာဖြစ်လဲ"

အုပ်စိုးအသံက ဟိန်းခနဲပင်။ စိတ်လှုပ်ရှားသွားပုံပေါ်သည်။

"မင်း အခု ဇလပ်အိမ်မှာလား"

"ဟုတ်ကဲ့"





"ညကြီးမင်းကြီး ဘာကိစ္စ ရောက်နေတာလဲ"

"ဒီလိုပါ အစ်ကို၊ ကျွန်တော်ရောက်တုန်းကတော့ ညကြီးမင်းကြီး မဟုတ်သေးပါဘူး၊ တခြားအလုပ်ကိစ္စတစ်ခုနဲ့ လာတာပါ၊ ဒီရောက်မှ မမရဲ့အဖေလည်း အခြေအနေဆိုးနေတာနဲ့ အချိန်လင့်သွားတာပါ၊ အခု ... အခုကတော့ မမအဖေ ဆုံးသွားပါပြီ"

"ဘာ"

"မမက မူးလဲပြီး သတိလစ်နေလို့၊ ဆရာဝန်တော့ ရှိနေပါတယ်ခင်ဗျ၊ ကျွန်တော် မေးကြည့်တော့ ခေါ်စရာဆွေမျိုးလည်း မရှိဘူး ဆိုတာနဲ့"

"ကိုယ်လာခဲ့မယ် မြတ်နိုး"

"ဟုတ်ကဲ့"

"အာ ... ဒါပေမဲ့ ကိုယ် ကားမောင်းလို့ မရသေးဘူး၊ အဲဒီမှာ ဦးဘို ရှိလား၊ ဒရိုင်ဘာ ဦးဘိုလေ"

မြတ်နိုးက မိဖြူဘက်လှည့်ပြီး ...

"မိဖြူ ... ကိုအုပ်စိုးက ဦးဘို ရှိလားတဲ့"

"ဦးလေးဘိုက သူ့ညီမဆီ ခဏပြန်တယ်၊ နယ်ပြန်တယ်"

"ဦးဘိုက နယ်ပြန်နေတယ်တဲ့ ကိုအုပ်စိုး"

www.burmeseclassic.com

www.burmeseclassic.com



"အား ... ဒါဆိုရင် မြတ်နိုးရာ၊ ကူညီလက်စနဲ့ မင်းကိုယ့်ကို လာခေါ်ပေးနိုင်မလား၊ ခုချက်ချင်း လာချင်ပေမယ့် ကိုယ်တို့အိမ်က မေမေ့ဒရိုင်ဘာကလည်း မနက်မှလာမှာ၊ ကိုယ်က မိုက်ခွဲထားလို့ ကားမောင်းဖို့မသင့်သေးလို့ပါ၊ ဒီနေ့မှ ကိုယ် ဆေးရုံကဆင်းလာတာ၊ မိုက်ခွဲထားတာ ငါးရက်ပဲ ရှိသေးလို့ပါ"

"ဩော် ... ဟုတ်ကဲ့၊ ကျွန်တော် လာကြိုပေးပါမယ် အစ်ကို"

သူ သွားကြိုပေးရမှာပေါ့။ ဒီမှာ စောင့်ရှောက်နိုင်တဲ့ လူခွဲမရှိ။ ဆရာဝန်ကတော့ ခဏနေ ပြန်မှာပင်။ မမ နေကောင်းလာပစေဦး နာရေးအတွက် ကိစ္စ ဝိစ္စတွေက ရှိသေးသည်။ သူ့ ဒီတိုင်းပစ်ထားရစ်ခဲ့ဖို့မှ မဖြစ်တာ။ သူ ဒီမှာရှိနေဖို့ကလည်း သူ တစ်ယောက်တည်းဆိုရင် ဘယ်လိုမှ မသင့်တော်ပြန်။

ကိုအုပ်စိုး ရှိနေမှ သင့်တော်ပါမည်။ ဒါကြောင့် သူ သွားကိုခေါ်ပေးရမှာပင်။

"ဇလပ်တို့အိမ်ကကားကို မောင်းခဲ့။ ခုချက်ချင်း လာခေါ်လိုက် မြတ်နိုး"

"ဟုတ်ကဲ့ ... အစ်ကို၊ လိပ်စာပေး"

မြတ်နိုး ကမန်းကတန်းဖုန်းချ။ နာ့စ်နဲ့ ကောင်မလေးတွေကိုပြောပြီး ကားသော့ယူ။ အနည်းငယ် သတိလည်လာပြီ





ဖြစ်တဲ့ ဇလပ်ဝါကို ဝင်တွေ့မနေတော့ဘဲ အုပ်စိုးကိုပဲ အရင်ကြို ဖို့ ထွက်သွားခဲ့ပါသည်။ အခြေအနေ အဖြစ်အပျက်တွေကို တနံ့နံ့ ပြန်စဉ်းစားကြည့်မိရင်း သူ စိတ်မကောင်းမိ။

ဘယ်လိုပင်ဖြစ်စေ ဇလပ်ဝါကို သူ သနားတော့ သနားနေမိပါသည်။

❖ ❦ ❖



www.burmeseclassic.com

www.burmeseclassic.com



## ၁၅

ဖုန်းမြည်သံ ပေါ်လာပြန်တဲ့အခါ ပိုးအိမ်က စိတ်တိုတိုနှင့် ဝုန်းခနဲ ထရုပ်လိုက်ပါသည်။

"ညလုံးပေါက် ဆက်နေတော့မှာလား၊ ညဆယ့်တစ်နာရီထိုးနေပြီ၊ အားလုံး အိပ်တော့မှာလို့ ပြောလိုက်၊ ထပ်ဆက်မနေနဲ့လို့ တကတဲတော်၊ အပြတ်ပြောလိုက်၊ လုံးဝဖုန်းထပ်မခေါ်နဲ့၊ နောက်တစ်ကြိမ်ဆို ငါ ဝင်အော်တော့မယ်လို့"

ဘွားဘွားက ပြောလိုက်တာမို့ ပိုးအိမ်က မြတ်နိုးကိုသူသာလျှင် စိတ်ဆိုးချင်သလောက် ဆိုးဖို့ဝန်မလေးသော်လည်း ဘွားဘွား အမြင်မကြည်တာ၊ အပြစ်ဆိုတာတော့ မကြိုက်တဲ့သူပီပီ ...

"သူ ပြောစရာ အရေးကြီးလို့ ဆက်နေတာ ဖြစ်မှာပေါ့ ဘွားဘွားရဲ့၊ မြတ်နိုးက အလကားနေ အဲလို နှောင့်ယှက်တတ်တဲ့သူမှ မဟုတ်ဘဲ"





"ညည်း ... သင်းကို စိတ်ဆိုးနေတာ မဟုတ်လား၊ သင်း အခု ဘာလုပ်ထားလဲ ပြောစမ်း"

"စိတ်ဆိုး မနေပါဘူး၊ စိတ်ကောက်နေတာပါ၊ သူဘာမှ မလုပ်ဘူး"

"ဟွန်း ... ဟို ... အလုပ်ရှင်မကြီးနဲ့ ဒီလောက်လက်ချိတ်ထားတာတောင် အပြစ်မရှိဘူးလား"

"အပြစ်မရှိဘူး၊ ဟိုကချိတ်တာပဲဟာ၊ အဲဒီအလုပ်ရှင်က ဓါက်နေတာ၊ သူ့ဘက်က လက်ကိုဖြုတ်ချဖို့ ဘယ်လောက်ခက်လဲ၊ ဘွားဘွားတို့က ဘွားဘွားတို့ ပြောသမျှ ဆိုသမျှ ငုံ့ခံတဲ့ မြတ်နိုးကိုများ သိပ်နိုင်တာပဲ၊ မြတ်နိုးကလည်း လိမ္မာလွန်းပါတယ်၊ အကျင့်ကို ပါတယ်၊ ဘွားဘွားတို့က ကိုင်ပါ သူ့ကိုဝင်ပြီး ပြဿနာရှာနေရင် သမီး သူ့ကို ကိုယ်တွယ်ရ ဆက်ဆံရခက်တာပေါ့၊ ကိုယ်က တကယ့်ကိစ္စနဲ့ စိတ်ဆိုးမယ်ကြံရင် ဘွားဘွားတို့က အရေးမပါတာနဲ့ စိတ်ဆိုးထားနှင့်တော့ သူ့ကိုဗိစီးတာ တအားများမှာစိုးပြီး ခွင့်လွှတ်လိုက်ရရော၊ လူဆိုတာ အကျဉ်းအကျပ်ထဲ ချောင်ပိတ်ရင် ပေါက်ကရတွေ လုပ်တတ်တယ်၊ မြတ်နိုးကို သမီးမဖြတ်နိုင်ဘူးဆိုတာ ဘွားဘွားတို့ အသိပဲ၊ အခြေအနေတွေ ဒီထက်ဆိုးအောင် မလုပ်ပါနဲ့၊ သမီးဘာသာဆုံးဖြတ်ပါရစေ"



www.burmeseclassic.com

www.burmeseclassic.com



"အလိုတော် ... ဘုရား ... ဘုရား ... ဘုရား ... စွာလိုက်တာ၊ စွာလိုက်တာ၊ သူ့ရည်းစားထိတာနဲ့ ကက်ကက်ကို လန်နေအောင် အဘွားကို ရန်လုပ်တာ၊ အမယ်လေး"

ပိုးအိမ်သည် ဘွားဘွားကိုလည်း စိတ်တို၊ မြတ်နိုးကိုလည်း စိတ်တိုမို့ ဖုန်းကောက်ကိုင်ကာ ...

"ကဲ ... ဘာလဲ၊ နင် တစ်ညလုံး ဆက်နေမှာလားဟင်"

"ဟယ် ... ပိုးအိမ်၊ အစ်မပါ ... မမနွယ်ပါ"

"ဩော် ... မမနွယ်"

"မြတ်နိုးက သူ ဖုန်းဆက်နေတာ ပိုးအိမ်က မဆက်နဲ့ဆိုပြီး ချချည်းပစ်နေလို့တဲ့၊ အစ်မကို လှမ်းဆက်ခိုင်းလို့ပါ ညီမရယ်"

"ကျွတ် ... ဟိုလူဒီလူလည်း မနေရဘူး၊ ဆောရီးပါ မမနွယ်ရယ်၊ လှမ်းဆက်ခိုင်းတယ်ဆိုတော့ သူက ဘယ်ရောက်နေလို့လဲ"

"သူက အခု ဒေါ်ဇလပ်ဝါအိမ်မှာ ညီမလေး"

"ဟင်"

"သူ အဲဒီအိမ်မှာ ညအိပ်ရမှာမို့ ညီမလေးကို အကြောင်းမကြားရပဲ အိပ်ဖြစ်သွားမှာစိုးလို့၊ အိပ်မယ်ဆိုဘာ ပြောဖြစ်အောင် လှမ်းပြောပါဆိုလို့ ညီမလေးရယ်"

ပိုးအိမ်သည် ဒေါသတွေ သီးမွန်ကာ ...





"ဟိုမှာ ဘာဖြစ်ပြန်လို့ သူက အိပ်ရမှာလဲ၊ ကျွတ် ...၊ ဒေါ်ဇလပ်ဝါအိမ်ကို ဘယ်လိုရောက်သွားပြန်တာလဲ၊ မမနွယ်မောင်က အဲဒီကိုမသွားဘဲကို မနေနိုင်တာတွေ့လား၊ ဟိုက ကြိမ်စကြာရိုက်ခေါ်သလိုပဲ၊ ခေါ်ရင်မသွားပဲ မနေနိုင်အောင် ဖြစ်နေလို့ ပိုးအိမ်နဲ့ ပြဿနာတက်နေရတာ"

"ကြိမ်စကြာ ရိုက်ခေါ်တာ မဟုတ်ဘူး ညီမ၊ ညီမလေးကို ဂျာကင်ပေးပြီး ဘာတွေလျှောက်ပြောမှန်း မသိဘူးဆိုပြီး ဒေါ်ကန်ပြီး ထွက်သွားတာ ပိုးအိမ်ရဲ့"

"ဒေါ်ကန်တဲ့လူက ဟိုအိမ်မှာ အိပ်ဖို့အထိ ဘာလို့ဖြစ်ရတာလဲ၊ ကျွတ် ... အဓိပ္ပာယ်မရှိတာ၊ အိပ်ရတဲ့အကြောင်းက ဘာလဲ"

"ဒေါ်ဇလပ်ဝါ အဖေက သူ ဟိုရောက်နေတုန်း ခဏနေတော့ ဆုံးသွားတယ်တဲ့"

"ဟင်"

"အဘိုးကြီးက ကိုမာရပြီး အိပ်ရာပေါ်မှာ တစ်နှစ်လောက်ရှိပြီတဲ့၊ မနက်ဖြန်ပဲ ချက်ချင်းအသုဘချမယ်တဲ့၊ သူဟိုမှာ အိပ်မယ်သာဆိုတာ အိပ်ချိန်ရလိုက်မှာ မဟုတ်ပါဘူး၊ နက်ဖြန်ချဖို့ ဘုန်းကြီးချက်ချင်းပင့်ဖို့ သုသာန်ကိစ္စ၊ နာရေးကြော်ငြာကိစ္စ အားလုံး တစ်ခုပြီးတစ်ခု ပြေးရမှာပဲလေ၊



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ဇလပ်ဝါက မူးလဲသတိလစ်သွားတာ အခု သတိရပေမယ့် နာ့စ်က ကြည့်နေရတယ်တဲ့၊ ဟို ... ကိုအုပ်စိုးဆိုလား၊ အဲဒီလူက ဇလပ်ဝါရဲ့သတို့သားလောင်းတဲ့"

"ဟင်"

"ခုလည်း ရောက်နေတယ်၊ သူလည်း အဲဒီအိမ်မှာပဲ ရှိနေမှာ၊ ညလုံးပေါက် ရှိမှာပါတဲ့၊ အဲဒီ ကိုအုပ်စိုးက အူအတက်ရောင်လို့ အရေးပေါ် ခွဲစိတ်ထားတာ ငါးရက်ပဲ ရှိသေးလို့ ကားတောင်မမောင်းနိုင်သေးဘူး ဖြစ်နေတာ၊ ဟိုအိမ်မှာ လုပ်ကိုင်မယ့်သူ လောက်လောက်လားလားလည်း မရှိ၊ ဆွေမျိုးရင်းချာတွေလည်း ဒီမှာမရှိဘူးတဲ့၊ သူ ဘယ်လိုမှ မကူညီလို့ မဖြစ်တာကို ကူညီခွင့်ပေးပါ ဆိုတာ ဖုန်းဆက်နိုင်းတာပါ ညီမလေးရယ်"

"ဩော်"

ဟွန်း။ မကူညီလို့ မဖြစ်ဘူးဆိုပဲ။ ဒီအခြေအနေကြီးကျတော့လည်း ပိုးအိမ်က မကူညီရဘူးလို့စိတ်ပုပ်လို့ ဖြစ်ပါ့မလား။ အကျိုးအကြောင်းတွေ တိုက်ဆိုင်နိုင်လှံနေတဲ့ ဥစ္စာ။ သူနဲ့ကြုံကြုံ ကိုယ်နဲ့ကြုံကြုံ ဘယ်သူကြုံကြုံ ကူညီရတော့မှာပဲလေ။

"မနက်ကျ ရုံးသွားပြီး ရုံးကိုအကြောင်းကြား၊ ရုံးကနေ လူတချို့ လိုက်ပို့ဖို့ စီစဉ်ပေးပါဦးလို့လည်း ပြောတယ်"





"ဟုတ်ကဲ့ မမနွယ်၊ ပိုးအိမ် သဘောပေါက်ပါပြီ၊ သူထပ်ဆက်မေးရင် ပြောလိုက်ပါ၊ အိမ်သာအိပ်ပါလို့၊ အကျိုးတော်ဆောင်လိုက်ပါလို့၊ ပိုးအိမ်လည်း နက်ဖြန်လာခဲ့မယ်လို့"

❖ ❣ ❖



www.burmeseclassic.com

www.burmeseclassic.com

မုန့်ဟင်းခါး ဟင်းရည်ချိုင့်လေးဆွဲကာ ဟင်းရည် လိုက်ဖြည့်နေတဲ့ ခင်ပိုးအိမ်ကို ဇလပ်ဝါက လိုက်ကြည့်နေမိပါသည်။ ခင်ပိုးအိမ်ခမျာလည်း မြတ်နိုးကို ခိုးကြည့်လိုက်၊ သူ့ကို ခိုးကြည့်လိုက် အကဲခတ်နေလိုက်ရတာအမော။

ခင်ပိုးအိမ်ကတစ်ဆင့် လူကြီးသူမ ဝိုင်းတစ်ဝိုင်းမှာ ညှော်ခံစကားပြောနေတဲ့ အုပ်စိုးထံ လှမ်းကြည့်လိုက်မိပြန်သည်။ အုပ်စိုးဟာလည်း ညှော်သာခံနေသည်။ မျက်လုံးတွေက မကြာမကြာ ဇလပ်ဝါထံလှမ်း၍ စိုးရိမ်မကင်း အကဲခတ်တတ်သည်။

ဩော် ... ကိုကို ... ကိုကို။

အဖေ Coma ရဲ့ ငွေသိန်းပေါင်းများစွာ ဆုံးရှုံးရ စသဖြင့် ပြဿနာစိတ်ဆင်းရဲစရာတွေ တွေ့ကြုံရတာကြောင့် စိတ်ရှုပ်ပေါက်ကာ ဂေါက်တောက်တောက် ထင်ရာတွေ လုပ်နေတာပဲ အမြဲထင်နေတဲ့ ကိုအုပ်စိုး။ စိတ်ပင်ပန်းဒဏ်နဲ့ ကြောင်တောင်





တောင်တွေ ဖြစ်နေတာလို့သာ ဇလပ်ဝါအပေါ် သတ်မှတ်လက်ခံထားတာ။ ပြင်းထန်ခက်မာတဲ့ ဇွတ်ခေါင်းမာရှင် ဇလပ်ဝါကို စိတ်နာဖို့ထက် စိတ်ပူဖို့ပဲ သူ ... ာ်သန်နေတာ။

အခု ဖေဖေက ဆုံးသွားခဲ့ပြန်တာမို့ ဇလပ်ဝါ ရူးသွားမလား ကိုယ့်ကိုယ်ကိုယ် တစ်ခုခု လုပ်သွားမလားတောင် စိုးရိမ်မကင်း ဖြစ်နေပြန်ကာ အနားက တစ်စက္ကန့်တောင် မခွာ၊ အိမ်တောင်မပြန်ဘဲ အရေးပေါ် ဗိုက်ခွဲထားတာကြီး တစ်ဖက်နဲ့ ဇလပ်ဝါအိမ်မှာ ဇလပ်ဝါကို လှမ်းမြင်ရနိုင်တဲ့ တစ်နေရာရာမှာပဲ သတိဝီရိယအပြည့်နဲ့ မျက်ခြည်မပြတ် စောင့်ရှောက်နေတဲ့ သူ့ရဲ့အချစ် ...။

ဇလပ်ဝါရဲ့မျက်လုံးများက ခင်ပိုးအိမ်လိုပဲ မုန့်လိုက်ပွဲ၊ အကြော်၊ ဟင်းရည် စသဖြင့် ပန်းကန်တွေသယ်ချ၊ ညှော်ခံနေတဲ့ မြတ်နိုးထံသို့ ရောက်သွားရပါသည်။

အချစ်ဆိုတဲ့ အရာဟာ အဆန်းသားကလား မြတ်နိုးရေ။ ဘာမဟုတ်တဲ့ ကိုယ်တိုင်လည်း အယင်ကြီး မလေးစားလှတဲ့ တပည့်တပန်း အဆင့်နေရာက ကောင်လေးတစ်ယောက်ကို ဖြုန်းစားဒိုင်းစား လျှပ်တစ်ပြက်အတွင်း အစွဲအလမ်းကြီးကြီး ရူးရူးမိုက်မိုက် ကောက်ကောင်ကာ ချစ်မိခဲ့တာများ မယုံကြည်နိုင်စရာတောင် ကောင်းလွန်းပါတယ်။



www.burmeseclassic.com

www.burmeseclassic.com

ကိုယ်က ဘယ်လောက်ပဲ မရှက်မကြောက် ချစ်ခဲ့မိတယ် ဖြစ်ပါစေ အချစ်ဆိုတာ အရှိန်အဝါနဲ့လည်း ဖန်တီးသိမ်းပိုက်ယူလို့ မရနိုင်တာမျိုး မဟုတ်လား။ ကိုယ် ဘာမှမတတ်နိုင်တဲ့အဆုံး ပိုနေမြဲ ကျားနေမြဲ ဆိုတဲ့ အနေအထားလေးနဲ့ပဲ ဟန်မပျက် ရပ်တည်လိုက်တာက သိက္ခာရှိရှိလေး ဖြစ်ပါလိမ့်ဦးမည်။

တကယ်တော့ ကိုယ်လိုချင်တဲ့ အချစ်တစ်ခုကို မရနိုင်တဲ့အဆုံးမှ ကိုကို့ဘက် ခြေဦးပြန်လှည့်ပြန်တယ် ဆိုတာမျိုး မဖြစ်သင့် မဖြစ်ချင်ပေမယ့် ကိုယ့်အပေါ်မှာ ခွင့်လွှတ်နားလည် ကြည်ဖြူနိုင်လွန်းတဲ့ ကိုကို့ကိုင့်ညှာချင်လိုက်တာ တစ်ခုနဲ့တင် ဇလပ်ဝါက ချော်လဲရောထိုင် ရှူးချင်ယောင် ဆောင်လိုက်ရတော့မှာမို့သာ။

ဒီလကုန်ရက်လောက်ပဲ အကျဉ်းရုံး လက်မှတ်ထိုးလက်ထပ်ပြီး စိတ်ရောကိုယ်ပါ အနားယူတဲ့ ဟန်းနီးမွန်းခရီးကို ကိုကိုဦးဆောင်ခေါ်တဲ့ အရပ်ဒေသသို့ လိုက်ပါပြီး ချွေးသိပ်အပန်းဖြေဖို့ရာ အားတင်းဆုံးဖြတ်နေမိတာပါ။

❖ ❢ ❖

လမင်းမိုမို

BURMESE CLASSIC .com
www.burmeseclassic.com